# ဒိဋ္ဌဓမ္မဝိပဿနာ ဉာဏဒဿန ဖြတ်လမ်းပြကျမ်း

ကမ္မဋ္ဌာန်းနည်းပေါင်းစုံကို အဆီညှစ်ရုပ်

အကုန်ထုတ်လျက် ကိုယ်တိုင်အားထုတ်၍ သိရသော

တရားနှင့် တိုက် ပိဋကတ် နှင့် ကိုက်ပြီးလျှင်

သိုက်မြိုက်စွာ စီမံ၍

ရေးသားစီရင်အပ်သည့်

ဝိပဿနာဉာဏ် အလင်းပေါက်စေနိုင်သော

ဒိဋ္ဌဓမ္မ ဝိပဿနာ ဉာဏဒဿန

# ဖြတ်လမ်းပြကျမ်း

နှင့်

သံဖြူ လယ်တီ ဆရာတော် ရေးသော

ဝိပဿနာ လက်ခွဲကျမ်း

[illegible]ာထနုခ ရေးဦးစီး၍

သာသနာ- ၂၅၃၀၊ ကောဇာ-[illegible] စဝကြည့်တိုက်

ကမ္ဘာအေး၊ ရန်ကုန်

ပထမအကြိမ်

၁၉၈၆-ခု၊ မေလ။

အုပ်ရေ- ၁၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊
နေလင်းပုံနှိပ်တိုက် (၀၂၀၃၀)တွင် ဒေါ်တင်လှက ပုံနှိပ်၍

ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။



ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးပုံ။
လက်ပံတန်းမြို့



သဒ္ဓမ္မပါလ ကမ္မဋ္ဌာန်းဆရာတော်၏ ပုံတော်။



ရန်ကုန်မြို့၊ ဒလဘက်-ပျော်ဘွယ်ကြီးရွာ
ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်၏ပုံ။

# မာတိကာ

အကြောင်းအရာ ... စာမျက်နှာနံပါတ်


ကျမ်းဦးအမှာ .... ဆ
နိဒါန်း .... ဋ
တရားအားထုတ်လိုသူများ အထူးသတိပြုရန် တောင်းပန်ချက် .... ၁
ကျမ်းပြုဆရာ၏ ရည်ရွယ်ချက် .... ၃
ဝိပဿနာတရားအကြောင်း .... ၅
ဆရာရှာအပ်ခြင်းကြောင်း .... ၁၀
ဥဒယနှင့် ဝယအကြောင်း .... ၁၃
ဝိပဿနာရှုနည်း .... ၁၄
ကမ္မဋ္ဌာန်းခွင် ဝင်သောအခါ ပြုဖွယ်ကိစ္စများနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းထိုင်ပုံ .... ၁၅
စားသောအခါရှုနည်း .... ၁၈
သွားသောအခါရှုနည်း .... ၁၉
အိပ်သောအခါရှုနည်း .... ၂၀
ကြားပျက်ရှုနည်း .... ၂၁
နံပျက်ရှုနည်း .... ၂၁
အရသာကို ရှုနည်း .... ၂၁
ပရမတ်နှင့် ပညတ်အကြောင်း .... ၂၃
ကမ္မဋ္ဌာန်းဆရာကြီး-ဆရာသက်၏ အာနာပါန သမထရှုနည်း .... ၂၆
နိမိတ်ထင်မြင်တတ်ပုံ — ၂၇


ဖြတ်လမ်းပြ-[က]

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| နတ်တွေနှင့် တွေ့၍ စိတ်ဖောက်ပြန်လာတတ်ပုံ | .... | ၂၉ |
| ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်နှင့် ပဌမဈာန်အကြောင်း | .... | ၃၀ |
| ဈာန်အင်္ဂါ ငါးပါးအကြောင်း | .... | ၃၀ |
| ကမ္မဋ္ဌာန်းဆရာကြီး-ဆရာသက်၏ ဝိပဿနာအား ထုတ်နည်း | .... | ၃၂ |
| ဝိပဿနာစ၍ရှုပုံ | .... | ၃၂ |
| မျက်မြင်မဟုတ် ကိုယ်တွေ့ဘာသာများဖြစ်ကြောင်း | .... | ၃၃ |
| ခန္ဓာငါးပါးနှင့် ရုပ်နာမ်အကြောင်း | .... | ၄၂ |
| ရုပ်ဓာတ် ၄-ပါး ဥပမာနှင့်ပြပုံ | .... | ၄၃ |
| နာမက္ခန္ဓာ ၄-ပါးအကြောင်း | .... | ၄၃ |
| လက္ခဏာရေး သုံးပါးအကြောင်း | .... | ၄၈ |
| ခဏိကနှင့် သန္တတိ အကြောင်း ရှင်းလင်းချက် | — | ၄၉ |
| သန္တတိ အနိစ္စအကြောင်း | .... | ၅၁ |
| တီရဏပရိညာအကြောင်း | .... | ၅၂ |
| ဝိသုဒ္ဓိခုနစ်ပါးအကြောင်း | .... | ၅၃ |
| ပီတိအကြောင်း | .... | ၅၆ |
| ပါမောဇ္ဇအကြောင်း | .... | ၆၃ |
| ဝိပဿနာအန္တရာယ် ၁၀-ပါး | .... | ၆၄ |
| ပဿဒ္ဓိအကြောင်း | .... | ၆၆ |
| ဝိပဿနာဉာဏ် ၁၆-ပါး | .... | ၆၈ |
| နာမရူပပရိစ္ဆေဒဉာဏ် | .... | ၆၉ |
| ပစ္စယပရိဂ္ဂဟဉာဏ် | .... | ၆၉ |
| သမ္မသနဉာဏ် | — | ၇၀ |
| ဥဒယဗ္ဗယဉာဏ် | .... | ၇၄ |
| ဘင်္ဂဉာဏ် | .... | ၇၈ |
| ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်များ ဘင်္ဂဉာဏ်နှင့် တူပုံ | — | ၇၉ |

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| ဝိပဿနာဉာဏ်ပေါ်ပုံအကြောင်း | .... | ၈၃ |
| မုစ္စိတုကမျတာဉာဏ်နှင့် ပဋိသင်္ခါဉာဏ် ဖြစ်ပုံ | .... | ၈၄ |
| သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ | .... | ၈၄ |
| လောကုတ္တရာစိတ်ဖြင့် နိဗ္ဗာန်ကို မြင်ပုံ | .... | ၈၆ |
| အနုလောမဉာဏ်မှစ၍ မဂ်ဉာဏ်ဖြစ်ပုံ | .... | ၈၉ |
| ဖိုလ်ဉာဏ်ခေါ်ကြောင်းနှင့် ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပုံ | .... | ၉၀ |
| သုခပဋိပဒါ ဒန္ဓာဘိညခေါ် ခြင်းအကြောင်း | .... | ၉၁ |
| ဝေဒယိတသုခ နှင့် သန္တိသုခနှဲပုံ | .... | ၉၄ |
| မဂ်အပ္ပနာနှင့် ဖိုလ်အပ္ပနာအကြောင်း | .... | ၉၆ |
| နိယျာနဋ္ဌစသော အကျိုးများ | .... | ၁၀၀ |
| ကိုလေသာ ၁၀-ပါးနှင့် မဂ်တို့၏ပယ်ပုံများ | .... | ၁၀၃ |
| စိန္တာမယဉာဏ်နှင့် ဘာဝနာမယဉာဏ် ခြားနားပုံ | .... | ၁၀၆ |
| တရားအားထုတ်မိက ဗဟုသုတရှိထားလျှင် ဘာဝနာ<br>မယဉာဏ် ထင်နိုင်ခဲ့ကြောင်း | .... | ၁၁၀ |
| ဆရာကြီး ဆရာသက် တရားရှာရပုံ | — | ၁၁၂ |
| စတုသစ္စဒီပနီလာ ဖေဏပိဏ္ဍောပမသုတ် | .... | ၁၁၇ |
| မြို့မိကိုယ်တော်ကြီး၏ ဖြစ်ပျက်သံပေါက် | .... | ၁၁၉ |
| သိ-ပယ်-ဆိုက်-ပွား၊ လေးပါးကိစ္စ အပိုင်ရ ဟူသော<br>အကြောင်း | .... | ၁၂၀ |
| လက္ခဏာရေးသုံးပါးကို သမ္မုတိသစ္စာနှင့် ပရမတ္ထ<br>သစ္စာ ခွဲခြား၍ပြပုံ | — | ၁၂၂ |
| ဝိမောက္ခသုံးပါး အမည်တပ်ပုံ | .... | ၁၂၆ |
| သက္ကာယပြုတ်အောင် အရေးတကြီးအားထုတ်<br>အပ်ကြောင်း | .... | ၁၃၀ |
| သာသနာ ငါးထောင်တည်လတ္တံ့အကြောင်း | .... | ၁၃၄ |
| တိဟိတ်ပေါ်ကြောင်း | .... | ၁၃၅ |

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| ပဓာနိယင် အင်္ဂါ ငါးပါး | .... | ၁၃၆ |
| မဂ်၏ အန္တရာယ်ငါးပါး | .... | ၁၃၇ |
| ရွှေဥဒေါင်း ဆရာတော်ဘုရား၏ ဝိပဿနာရှုနည်း | .... | ၁၃၇ |
| ဝိသုဒ္ဓိမဂ်လာ ဒေသနာအတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကူးပုံ | .... | ၁၃၄ |
| မြို့မိဆရာတော်၏ မိန့်ခွန်း | .... | ၁၄၆ |
| ရဝံ့စွာ အာမခံချက် | .... | ၁၅၂ |
| ဝိပဿနာလက်စွဲကျမ်း | .... | ၁၅၄ |
| ရုပ်အခန်း ဆောင်ပုဒ် | .... | ၁၅၅ |
| နာမ်အခန်း-ဆောင်ပုဒ် | .... | ၁၅၆ |
| အဓိပ္ပာယ် ရှင်းလင်းချက် | .... | ၁၅၈ |
| ကမ္မဇရုပ်ကို ပြဆိုချက် | .... | ၁၆၂ |
| စိတ္တဇရုပ်ကို ပြဆိုချက် | .... | ၁၆၅ |
| ဥတုဇရုပ်ကို ပြဆိုချက် | .... | ၁၆၇ |
| အာဟာရဇရုပ်ကို ပြဆိုချက် | .... | ၁၆၇ |
| ရုပ်ကို ပြဆိုခန်း | .... | ၁၆၈ |
| နာမ်ကို ပြဆိုခန်း | .... | ၁၆၉ |
| ရှုကြည့်ရန် သဲလွန်စ ပြပုံ | .... | ၁၈၃ |
| ဝိညာဏ် ခြောက်ပါး ဖမ်း၍ရှုရန် သဲလွန်စပြပုံ | .... | ၁၈၅ |
| ပညာရှိသူ သတိမူရန် အချက် | .... | ၁၈၈ |

မာတိကာ ပြီး၏။

# ကျမ်းဦး အမှာ

ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက် ဆိုလျှင် ယခုခေတ် ဘာသာတရား လိုက်စားကြည်ညိုသူများ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်သူများ အဖို့ အများအားဖြင့် သိရှိကြပါသည်။

ကျွန်တော်၏ မိဘများသည် ဘာသာတရားလေးစားကြည်ညိုသူများ ဖြစ်၍ ဆရာကြီး ဆရာသက်ကို သိမှီ လိုက်ကြသူများ ဖြစ်သည်သာ မက ဆရာကြီး၏အနီးကပ် ကြီးကြပ် လမ်းညွှန်ပြသမှုဖြင့် ကမ္မဋ္ဌာန်း ဝိပဿနာ တရားများကို အားထုတ်ခဲ့ကြသည်။ ကျွန်တော်သည်လည်း ဆရာကြီး ၏ကမ္မဋ္ဌာန်းတရားများနှင့် ယယ်စဉ်ကပင် ထိတွေ့မှု ရှိခဲ့ဖူး ပါသည်။ မိဘများက သူတို့ အားထုတ်သည့် ဝိပဿနာ တရား၏ ကြီးမားသော အကျိုးအာနိသင် ဖြိမ်းချမ်းမှုကို ကိုယ်တိုင် သိရှိကြသည့်အတိုင်း သား ဖြစ်သူ ကျွန်တော့အား တရားအမွေ ပေးလိုလှသဖြင့် ကျွန်တော်ပါ အားထုတ်နိုင်အောင် စီစဉ်ကြသည်။

မိဘများ၏ တိုက်တွန်း အားပေးမှုကြောင့် တွံတေးမြို့နယ်၊ ပျော် ဘွယ်ကြီးတွင် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်စအချိန် ၁၉၄၂-ခုနှစ်၊ နှစ်ဦး ပိုင်းတွင် ဆရာကြီး ဆရာသက်၏ ဝိပဿနာတရားကို စတင် အားထုတ် ခွင့် ရရှိခဲ့သည်။ ထိုအချိန်တွင် ဆရာကြီး၏ ကိုယ်တိုင် အနီးကပ် ကြီး ကြပ်မှုကို ခံယူရရှိခြင်း၊ ပူပင်ကြောင့်ကြ သောက ကင်းသည့် ငယ်ရွယ် သူဖြစ်သည့်အပြင် သဒ္ဓါတရား စိတ်အား ထက်သန်မှုရှိခြင်း၊ ပြသသည့် နည်းစနစ်ကို ရိုသေစွာ လိုက်နာခြင်း၊ ဆရာကြီး၏မေတ္တာဟိတ်ကြီးမား ခြင်းတို့ကြောင့် ဝိပဿနာတရား၏ ကြီးမား ထူးခြားသော အကျိုး တရားများကို ပထမဆုံးအကြိမ် လက်တွေ့ခံစားသိရှိခဲ့ရသည်။

၁၉၄၂-ခုနှစ်တွင် ဖခင်ကြီး ကွယ်လွန်ပြီးနောက် ဖခင်ကြီးအား ရည်စူး၍ ဗဟန်း အလယ်တောရ ကျောင်းတိုက်တွင် မိခင်ကြီး၏ကုသိုလ် ဒါနဖြင့် ကျွန်တော်အပါအဝင် သား မြေးတစုတို့ ရဟန်းခံ ရှင်ပြုကြ သည်။ ထိုစဉ် ဖခင်ကြီး ပျိုးထောင်၍ပေးခဲ့သော ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊ ဝိပဿနာ အားထုတ်ခြင်းများကို ဆရာကြီး ဆရာသက်၏

နည်းစနစ်များ အတိုင်းပင် ဒုတိယအကြိမ် ပြုလုပ်ခဲ့ရာ များစွာ အောင်မြင်မှု အကျိုးတရားများ ရရှိခဲ့ပါသည်။

ရဟန်းခံရှင်ပြု ဒုလ္လဘအမှုကို အားရတင်းတိမ်မှုမရှိ၊ မြင်လိုတွေ့လိုသော မိခင်ကြီး၏ ဆန္ဒအတိုင်း(၁၉၇၁)ခုနှစ် မိခင်ကြီး ကွယ်လွန် ခဲ့ပြီးသည့်အခါ သားမြေးများသည် ပျော်ဘွယ်ကြီးရွာ အနောက်ကျောင်းတွင် ရဟန်းခံရှင်ပြုကုသိုလ်ကောင်းမှုကို ပြုကြပြန်သည်။ ထိုအချိန်တွင် တတိယအကြိမ်အဖြစ် ဆရာကြီး၏ ဝိပဿနာ နည်းကိုပင် အားထားလျက် ပွားများအားထုတ်ခဲ့သည်။ ယခင်အခါများကလည်း လေ့ကျင့်အားထုတ်မှုများရှိခဲ့သဖြင့် တွေ့ထိမှုအားဖြင့် အထိုက်အလျောက် ရင့်ကျက်လာခဲ့ပြီး ဖြစ်ရာ ဖော်မပြနိုင်သည့် အလွန်ထူးခြားသော ငြိမ်းချမ်းမှုတမျိုးကို ရရှိခဲ့လေသည်။

မိခင်ကြီး မကွယ်လွန်မီ အချိန်ကာလေးတွင် မိခင်ကြီး၏အနီးတွင် ပဋ္ဌာန်းတရားတော်ဖြင့် မြတ်စွာဘုရားအား ရှိခိုးပူဇော်ခြင်းဖြင့် မိခင်ကြီးအား ကျေးဇူးပြုခဲ့ရာ မိခင်ကြီးမှာ တရားတော်၌ ကြည်ညိုခြင်းပီတိများစွာ ဖြစ်ခဲ့ပေသည်။

ယခုအခါ ကျေးဇူးရှင်မိဘနှစ်ပါးသည်း မရှိတော့ပြီ၊ ပဋ္ဌာန်းဒေသနာတော်သည် တာဝတိံသာနတ်ပြည်၌ အမိနှိုးဖိုးဆပ်ရန်အတွက် မြတ်စွာဘုရားဟောကြားခဲ့သော အဘိဓမ္မာခုနစ်ကျမ်း တရားတော်တွင်ပါဝင်ခဲ့သည်။ မိဘများကို ကျေးဇူးဆပ်ရာ၌ တရားဖြင့် ကျေးဇူးဆပ်ခြင်းသည် အထူးမြတ်ဆုံးဖြစ်သည်ဟူသော ခံယူချက် ကျွန်တော်တွင် ရှိခဲ့ပေသည်။ သို့ဖြစ်၍ မိဘများနှင့် ဆရာကြီး ဆရာသက်ကို ကျေးဇူးဆပ်သည့်သဘောဖြင့် ဆရာကြီး၏ ဝိပဿနာကမ္မဋ္ဌာန်းများ၊ တရားအားထုတ် နည်းများပါရှိသော ကျမ်းတစောင်ကို ထုတ်ဝေလိုသော ဆန္ဒ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ဆန္ဒဖြစ်ပေါ်နေစဉ် ဆရာကြီး ဆရာသက်၏ တပည့်ရင်းတဦးဖြစ်သော ဦးမျိုးမြင့်(အငြိမ်းစားသံအမတ်ကြီး)နှင့် တွေ့ဆုံကြပါသည်။ သူသည် ကျွန်တော်နှင့် အလွန်ရင်းနှီးသော ယော်ပေါင်းမိတ်ဆွေ ဖြစ်၍ ဆရာကြီး ဆရာသက်၏ ဂုဏ်ကျေးဇူးကို ဆပ်သောအနေဖြင့် ဆရာကြီး၏ "ဒိဋ္ဌဓမ္မဝိပဿနာ ဉာဏဒဿန ဖြတ်လမ်းပြကျမ်း" စာအုပ်ကို ဓမ္မဒါန

အဖြစ် ထုတ်ဝေရန်တိုင်ပင် ဆွေးနွေးခဲ့ကြသည်။ ကျွန်တော်တို့နှစ်ဦးဆန္ဒ သဘောသဘား တူညီမှုရရှိခဲ့ပြီး ငွေအား လုပ်အားတို့ဖြင့် ကြိုးစားအား ထုတ် ဆောင်ရွက်ခဲ့ကြရာ ဆရာကြီး၏"ဒိဋ္ဌဓမ္မ ဝိပဿနာဉာဏဒဿန ဖြတ် လမ်းပြကျမ်း(ဓမ္မဒါန)စာအုပ်မှာ အောင်မြင်စွာ ဖြစ်မြောက်ခဲ့ပါသည်။

မဂ်ပေါက် ဖိုလ်မြင် နိဗ္ဗာန်ဝင်နိုင်အောင် ကမ္မဋ္ဌာန်းတရား၊ ဝိပဿနာ တရားများအားထုတ်ရာ၌လည်း စနစ်တကျ ယထာဘူတကျစွာ ကျင့်ကြံ အားထုတ်နိုင်ရန် ဆရာကောင်း လိုအပ်လှပေသည်။

"ရဟန်းပုဂ္ဂိုလ်၊ လူထိုထို၊ စာကိုကျင့်သုံး၏။"
စာကားမှန်၏၊ ဉာဏ်မမီ၊ ထိအောင် သူမသိ။
ယထာဘူတ၊ ကျဖို့ရာ၊ ဆရာရှာလေဘိ။
တိမ်လျက်နက်တယ်၊ ကျဉ်းလျက်ကျယ်၊ တကယ်ကျမ်းမှာရှိ။
လွယ်လျက်ခက်တယ်၊ သိနိုင်ဖွယ်၊ တကယ်ဆရာရှိ—

ဟူ၍ ပညာရှိတို့ မိန့်ဆိုခဲ့သည့်အတိုင်း တကယ်တမ်းပေါက်မြောက်အောင် ကျင့်ကြံအားထုတ်ရာ၌ ဆရာကောင်း၏ နည်းစနစ်မှာ တကယ်ပင် လိုအပ်ပေသည်။

ဆရာကြီး ဆရာသက်သည် အဘိဓမ္မာ ဗဟုသုတများ ပြည့်ဝသည်သာ မက မိမိကိုယ်တိုင် ယထာဘူတကျ၍ စနစ်မှန်သော ကျင့်ကြံအားထုတ် မှုများကို ရရှိနိုင်ရန်အတွက် (၁၄)နှစ်ကြာမျှ လက်တွေ့ဆည်းပူး ရှာဖွေ အားထုတ်ခဲ့ရသည်။ (၁၄)နှစ်ကြာပြီးမှပင် ဤစာအုပ်တွင် ဖော်ပြ သော ဝိပဿနာတရားပွားများအားထုတ်နည်းများကို ယထာဘူတကျစွာ ကိုယ်တိုင် သိရှိ ခံစားချက်ကို တင်ပြနိုင်ခဲ့ပါသည်။ ဆရာကြီး၏ ဆရာဘော် များဖြစ်ကြသော လယ်တီဆရာဘော် ဘုရားကြီးနှင့် သောက္ခတောင်ဦး တိလောက ဆရာတော်ဘုရားကြီးများက ဆရာကြီးဆရာသက်၏ တရား ကျင့်ကြံအားထုတ်မှုများမှာ မှန်ကန်ကြောင်း တိုက်တွန်းအားပေးခြင်းကို ရရှိခဲ့ပေသည်။

ဤကျမ်းတွင် သဲဖြူဆရာတော်ဘုရားကြီးသည် ဆရာကြီးဆရာသက်ထံ မှ ကိုယ်တွေ့လက်တွေ့ လက်ထပ်သင်ယူခဲ့သော ဝိပဿနာကျင့်ကြံ အား ထုတ်နည်းများကို စာတတ်သူ စာမတတ်သူ အားလုံး နားလည်လွယ်

အောင် ရှင်းလင်းရေးသားထားပေရာ လူပြိန်းများပင် အခက်အခဲမရှိ လိုက်နာကျင့်ကြံ အားထုတ်နိုင်ကြပေသည်။

"ဝိပဿနာဖြတ်လမ်းပြကျမ်း" ဟူသော အမည်နှင့် လိုက်လျောစွာပင် ကျင့်ကြံအားထုတ်နည်းများကို ရှည်ရှည်ဝေးဝေး လေ့လာရှာဖွေနေစရာ မလိုပဲ တိုတိုရှင်းရှင်းနှင့် ဖြတ်လမ်းသဘော လိုရင်းရောက်အောင် ဥပမာ သာဓကများနှင့် ရေးသားထားပေသည်။ ရေးနည်းရေးဟန်မှာလည်း၊ မိမိအနားတွင် ပြောပြနေသကဲ့သို့ ဖော်ပြရေးသားထားခြင်း၊ဖြစ်ရာ ဖတ်ရှုနှင့်ပင် ရုပ်နာမ်ခန္ဓာ၏ ဖြစ်ပျက်သဘောကို ချက်ချင်း မြင်မိသလို ခံစားမိကြရပေသည်။

ဤ"ဒိဋ္ဌဓမ္မ ဝိပဿနာဉာဏဒဿန ဖြတ်လမ်းပြကျမ်း"တွင် ဆရာကြီး ဆရာသက်၏ ကမ္မဋ္ဌာန်းနှင့် ဝိပဿနာအားထုတ်နည်းများအပြင် မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ တပည့် သဒ္ဓမ္မပါလ ကမ္မဋ္ဌာန်းဆရာ တော်ဘုရားကြီး၏ ဝိပဿနာနည်းများ၊ သဲပြွဆရာတော် ဘုရားကြီး၏ ပိုဒ်ရေ(၃၀)ပါသော ဝိပဿနာလက်စွဲ ဆောင်ပုဒ်နှင့် အမေး အဖြေ ရှင်းလင်းချက်များလည်း ပါရှိသဖြင့် လေ့လာဖတ်ရှု အားထုတ်သူများ အတွက် များစွာ အကျိုးထူးတရား ဖြစ်ပေါ်ရရှိလိမ့်မည်ဟု မျှော်လင့်မိ ပါသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် စာအုပ်ထုတ်ဝေခွင့်ပြုကြသော နိုင်ငံ တော် သံဃမဟာနာယကအဖွဲ့ကိုလည်းကောင်း၊ စာမူကို ဂရုတစိုက်ကူညီ စိစစ်ပေးသော ဦးထွန်းလွင် (မွော်စရိယ၊ သိရောမဏ်)နှင့် အဖွဲ့အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရန် အဓိကကူညီဆောင်ရွက်ပေးသော ဦးမျိုးမြင့် (အငြိမ်းစား သံအမတ်ကြီး)နှင့် အလှူရှင်များအားလည်း ကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။

၄-၃-၈၆-
၁၃၄၇၊တပို့တွဲလဆုတ်-၈-ရက် အင်္ဂါနေ့။

ဦးတင်ဦး
တွဲဖက်ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန

# နိဒါန်း

လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တွက်ကိန်းများလှ ဒါနပါရမီ စသည် ဆယ်ပါး အပြားသုံးဆယ် အသွယ်သွယ် အနည်းနည်း ဖြည့်ကျင့်တော်မူပြီးလျှင် သဒ္ဓါဓိက၊ ဝီရိယာဓိက၊ ပညာဓိက အဝဝဖြင့် ပွင့်တော်မူကုန်သော မြတ်စွာ ဘုရားသခင်တို့ ဟောဖော်မြွက်ဟ ဆိုဆုံးမတော်မူခဲ့ကြသော တရားတော် အပေါင်းသည် မြားမြောင်နက်နဲ ခက်ခဲလှသည် ဖြစ်သောကြောင့် အင်္ဂုတ္တရ မဟာသာဂဏ စသည် တို့လည်း ကရုဏာတရား ရှေ့ထားပြီးလျှင် လွယ်လင့်တကူ သိရှိနားလည်စေခြင်းငှာ တဆင့်ယပ်မံ ဟောကြား ကြပြန်ပေ၏။ ထိုကဲ့သို့ပင် တဆင့်ထက်တဆင့် ကဲတင့်ကျယ်စွာခေတ်အခါနှင့်လျော်ရာ လျော်ကြောင်း အမိပ္ပာယ်အနက် ဖုံးဝှက်၍ မနေရအောင် သေချာစွာ ဉာဏ်မီသမျှ ရှေး‌ဆရာရေးသွားကြသော ဆရာကောင်းတို့သည် များလှစွာရှိခဲ့ကြပေပြီ။

သို့ပါသော်လည်း သီဟိုဠ်ကျွန်း၌ ပဋိပတ္တိ သာသနာ ဟိုရှေးခါက လွန်စွာထွန်းပပြီးနောက် ပြတ်တောက်၍သွားရာ နောက်ထပ်တဖန် ပွင့်ထွန်း၍ လာပြန်သောကြောင့် များလှ စွာသော သမထ ဝိပဿနာ ယောဂီသူမြတ်တို့သည် ဒေသနာက္ကမနည်း၌ အချို့မှာ အတော် ကျွမ်းကျင်ကြသည် ဆိုသော်လည်း ပဝတ္တိက္ကမနည်း ပဋိပတ္တိက္ကမနည်း တို့၌ ကောင်းမွန်စွာနားလည်၍ ဒိဋ္ဌကိုယ်တွေ့ဖြစ်ရန် ခဲယဉ်းလှ၏။

ထို့ကြောင့် ခရီးရောက်ထိုက်သလောက် မရောက်ပဲ နေကြသူများကို သနားကရုဏာ ကိုယ်ချင်းစာလျက် ပါရမီ ဘမ္ဘာရ ပြည့်ဝစုံညီ ရှိကြသည်ကြောင့် ဤသာသနာ ဤအခါမှာ ဒုလ္လဘတရား ရကြသားလျက် တရားကိုမျှ မသိရ မတွေ့ရ သက္ကာယတရား ကွာမသွားပဲ အပါယ်တံခါး

ပွင့်လျက်သားနှင့် ဘဝတပါး ပြောင်းရွှေ့၍ မသွားကြရလေအောင် စိတ်ရည်ဆောင်၍ မှီခွာမြို့၊ လယ်တီ ဆရာတော်ဘုရား၊ မိုးညှင်း ဆရာတော်ဘုရား၊ သေကျွတောင် ဦးတိလောက ဆရာတော်အစရှိသောဆရာတော်ဘုရားကြီးများ ရေးသားစီရင်တော်မူသော အစောင်စောင် သောကျမ်းဂန်တို့နှင့် ရှေးဦးပဌမ ညှိနှိုင်း၏။

ထိုသို့ ညှိနှိုင်းပြီးမှ မိမိကိုယ်တိုင် အားထုတ်၍ သိရသောတရားတို့ကို အကျဉ်းချုံး၍ တတ်အားသမျှ သဘာဝမွေ ယထာဘူတ ကျသည်ထက်ကျသည်ဟု ယူဆမှတ်သားထားသော တရားများမှ တစိတ်တဒေသ လူပြိန်း သက်သက်သော်မှ အဓိပ္ပာယ်နားလည်ရအောင် သမထ ဝိပဿနာတရား အားထုတ်ပုံ အားထုတ်နည်းနှင့်တကွ တနေ့ တရက်မျှ သော်ပင် ပါရမီရှင်များ သက္ကာယတရား လွှင့်စဉ် ရှားအောင် လုံ့လ ကြိုးကုတ်အားထုတ်နိုင်ကြပါစေကြောင်း စေတနာကောင်းနှင့် ရေးသား လိုက်ပါသည်။

ဤကဲ့သို့ စေတနာသဒ္ဓါတရား ထက်သန်ပွားများလှ၍ အထူးသဖြင့် ဉာဏ်မီသမျှ အမှားအယွင်းမပါရအောင် စေ့ငှ သေချာစွာ ဂရုတစိုက် ရေးသားရပါသော်လည်း (၁) မိမိတို့ဉာဏ်နှင့် မတိုက်ဆိုင် မညီညွတ်သောအရာကို တွေ့ရှိပါက နှိုင်းချိန်စဉ်းစား သတိထား၍ ယူတော်မူကြပါရန်။ (၂)ပညာရှိ အပေါင်းတို့အား တောင်းပန် အပ်ပါကြောင်း။

## အဌမအကြိမ် ပုံနှိပ်လှူဒါန်းခြင်းအကြောင်း

ရခဲ တွေ့ခဲ ကြုံကြိုက်ရခဲလှစွာသော ဤ သာသနာတော်ကြီး အတွင်း ဝယ် ဝိဇ္ဇာတရား စရဏတရားဟူ၍ နှစ်မျိုးနှစ်စား ရှိသည့်အနက် ဒါန သီလ အစရှိသော အခြေပါဒ စရဏတရားမျိုးတို့မှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးမှန်လျှင် ကောန်စင်စစ် ပြည့်စုံပြီးဖြစ်ကြသော်လည်း အသိ အလိမ္မာ ဉာဏ်ပညာဟူသော ဝိဇ္ဇာတရားမျိုးနှင့် ပြည့်စုံသောသူကား လွန်စွာ နည်းပါးကြသေးသည် ဖြစ်သောကြောင့် ဤသာသနာတော်ကြီးနှင့် တွေ့

ရကျိုးနှပ်၍ အသိအလိမ္မာ ဉာဏ်ပညာ တည်းဟူသော ဝိဇ္ဇာတရားမျိုးနှင့် ပြည့်ဝ စုံလင်ကြစေရန် ရည်သန် တောင့်တ ထက်သန်သောစေတနာ သမ္မာဆန္ဒဖြင့် စာရင်းပါ သူတော်စင်များတို့က ရန်ကုန်မြို့ သုဓမ္မဝတီ စာပုံနှိပ်တိုက်၌ သတ္တမ အကြိမ် သိုက်မြိုက်စွာပုံရိုက်ပြီးလျှင် စာအုပ်ရေ (၃၀၀၀) ဓမ္မဒါန အဖြစ်ဖြင့် လှူဒါန်းခြင်း ပြုကြပါသည်။

## အကျဉ်းချုပ် မှာထားချက်

ဝိပဿနာအားထုတ်မည့် လူယောဂီပုဂ္ဂိုလ်သည် အာဇီဝဋ္ဌမက သီလဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ၊ ဆယ်ပါးသီလဖြစ်စေ ကြိုက်နှစ်သက်ရာ သီလကိုဆောက်တည်ထားရမည်။ ရဟန်းတော်များကား ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်ထိန်းသိမ်းတော်မူ နေသည်ဖြစ်၍ အထူး စောင့်ရှောက်ရန် မလိုပါဘုရား။ ထို့နောက် နံပါတ်(၁၁၂) "ဘာဝနာမယဉာဏ်ဖြင့်" ကစ၍(၁၂၆)အထိ ပထမဖတ်ရပါမည်။ ဒုတိယ (၁၁၁)မှ(၁၉၀)အထိ ဖတ်ပြီးလျှင် အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ခါနီး၌ မြတ်စွာဘုရားအား လျှောက်ထားရမည်မှာ [အဟံ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ သမထ ကမ္မဋ္ဌာနံ ယာစာမိ။ ဒုတိယမ္ပိ အဟံ ဘန္တေ....လ....ယာစာမိ။ တတိယမ္ပိ အဟံဘန္တေ....လ.... ယာစာမိ။ ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ပါရခြင်း အကျိုးငှာ၊ သမထ ကမ္မဋ္ဌာနံ၊ သမထကမ္မဋ္ဌာန်းကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဒုတိယမ္ပိ၊ နှစ်ကြိမ်တိုင်တိုင်လည်း။ ဘန္တေ၊ အရှင် ဘုရား....လ....ယာစာမိ၊ တောင်းပန်ပါ၏။ တတိယမ္ပိ၊ သုံးကြိမ်တိုင်တိုင် လည်း။ ဘန္တေ၊ အရှင်ဘုရား....လ....ယာစာမိ၊ တောင်းပန်ပါ၏။] ဤသို့ လျှောက်ထားပြီးလျှင် လုံသော မှောင်သောနေရာတခု၌ အာနာပါန အလုပ်ကို အားထုတ်ရပါမည်။ တရက်၌(၂၄)နာရီရှိရာ (၁၂)နာရီ ထက်မများ(၆)နာရီထက်မနည်း နှာသီးဖျားမှာ စိတ်ကိုအမြဲစိုက်ထား ပြီးလျှင် ထွက်လေဝင်လေ ကိုသိရှိသာသိနေပါ၊ လေနောက်သို့ စိတ်လိုက်

မသွားရန် အထူးသတိပြုရပါမည်။ လေနောက်သို့ စိတ်လိုက်နေပါက နိမိတ်ရဖို့ကြာတတ်ပါသည်။ နိမိတ်ရ၍ ဝိပဿနာ တက်လိုသောအခါ နံပါတ်(၃၃)(၃၄)ကိုမှတ်မိအောင်ဖတ်ပါ။ ရှင်းပြစ် နံပါတ်(၅၁)အထိ လည်း ဖတ်ထားရမည်။ ထို့နောက် ဘုရားရှေ့တော်မှာ ထိုင်၍ မြတ်စွာ ဘုရားအား လျှောက်ထားရမည်မှာ[တုမှာကံ ဘန္တေ ဩဝါဒါယ ဇီဝိတံ ပရိစ္စဇာမိ။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဩဝါဒါယ၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားရှိတော်မူစဉ်ကမ္မဋ္ဌာန်းဝင်သူကဲ့သို့ဆိုဆုံးမနိုင်စေခြင်းငှာ။ ဇီဝိတံ၊ ဇီဝိတ်ဖြေတည်း ဟူသော အသက်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ်လှူဒါန်း ပါ၏။ အဟံ ဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဝိပဿနာ ကမ္မဋ္ဌာနံ ယာစာမိ၊ ဒုတိယမ္ပိ အဟံ ဘန္တေ....လ....ယာစာမိ၊ တတိယမ္ပိ အဟံ ဘန္တေ....လ....ယာစာမိ။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့် တော်သည်။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ ခန္ဓာ, အာယတန, ဓာတ်, တို့၏ မပြတ်ဖြစ်ရာ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော အားဖြင့် ထွက်မြောက် ပါရခြင်းအကျိုးငှာ။ ဝိပဿနာ ကမ္မဋ္ဌာနံ၊ အနိစ္စ အစရှိသော အထူး ထူး အပြားပြားသော အခြင်းအရာအားဖြင့် ရှုကြည့်တတ်သော အနက် သဘောကြောင့် ဝိပဿနာဟုဆိုအပ်သော ဘာဝနာ၏ ကမ္မဋ္ဌာန်းကို။ ယာစာမိ၊ တောင်းပန်ပါ၏။] ထို့နောက်(သူတော်ကောင်း အပေါင်း တို့အား ကျွန်ုပ်က ကာယကံ ဝစီကံ မနောကံ အားဖြင့် ပြစ်မှားမိသည် ရှိသော် သည်းခံတော်မူကြပါ။ အကျွန်ုပ်အား ပြစ်မှားမိသော ကာ ယကံ ဝစီကံ မနောကံ တို့ကိုလည်း ကျွန်ုပ်က သည်းခံပါ၏ဟု) သည်းခံ ကျေနပ်ပြီးမှ ဝိပဿနာတက်ရပါမည်။ ငယ်ထိပ်နေရာကို စိုက်ကြည့် သောအခါလည်း (၅) မိနစ်ထက်မနည်း စိုက်ကြည့်ရပါမည်။ ကိုယ်တိုင် လာ၍ ပြသ, သကဲ့သို့ သေချာကျနစေလိုသော သဘောဖြင့် ဤအစီ အစဉ် အကျဉ်းချုပ်ကို မှာထားရပါသည်။ အပါယ်တံခါး ပိတ်သော တရားဖြစ်၍ သမ္မပ္ပဓာန် အချိုးကျအောင် အားထုတ်နိုင်ပါစေသတည်း။



# ဒိဋ္ဌဓမ္မဝိပဿနာ ဉာဏဒဿန

## ဖြတ်လမ်းပြကျမ်း

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

**တရားအားထုတ်လိုသော ပညာရှိသူတော်**
**ကောင်းများအား ရှေးဦးစွာ အထူးသတိပြုရန်**
**တောင်းပန်ချက်**

ဤကျမ်းသည် ဝိပဿနာ ယောဂီများနှင့်တကွ မည်သူမဆို သိနားလည် လွယ်၍ တရားကို လျင်မြန်စွာ ထင်မြင် ပေါက်မြောက်အောင် အားထုတ်လွယ်ကူနိုင်ကြပါစေရန်ကိုသာလျှင် အဓိကထား၍ ရေးရသော ပဋိပတ္တိက္ကမနည်း ဖြစ်ပါသည်။ ဒေသနာက္ကမနည်းမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟာကရုဏာတော်ဖြင့် ပဋိသမ္ဘိဒါဉာဏ် ထက်သန်ကြီးပွားဖို့ရာ အဘိဓမ္မာသဘောတွေကို အနုစိတ်၍ အစီအစဉ်အတိုင်း ဟောတော်မူပါသည်။ ဟောတော်မူသည့်အတိုင်း သိနားလည်ဖို့ရန်မှာ သင်အံလေ့ကျက် ယူရပါသည်။ သင်အံလေ့ကျက်ယူရသည်ကို ပရိယတ်

ခေါ်ပါသည်။ ပရိယတ်အတိုင်း အဘိဓမ္မာသဘောတွေကို အသေးစိတ်၍ လိုက်နေမည်ဆိုလျှင် ဝိပဿနာယောဂီများ၏ ဉာဏ်၌ မထင်မမြင်နိုင်သောတရားများ များစွာပါရှိသည်ဖြစ်၍ အချို့နေရာ၌ ဘုရားသခင်၏ ရွှေဉာဏ်တော်အရာသာဖြစ်သဖြင့် လူများ မထင်မြင်နိုင်ချေ။ မထင်မြင်နိုင်သော တရားကို အားထုတ်သော်လည်း အတတ်ဒိဋ္ဌမသိနိုင်။ အတတ်ဒိဋ္ဌ မသိမမြင်နိုင်လျှင်လည်း ဘာဝနာအစစ် မဖြစ်နိုင်။ တရားအချက်တို့ကို အတတ်ဒိဋ္ဌ သိမြင်မှသာလျှင် ဘာဝနာအစစ် ဖြစ်နိုင်သည်။ ဘာဝနာအစစ်ဖြစ်မှ ဘာဝနာမယ ဉာဏ်ရနိုင်သည်၊ ဘာဝနာမယဉာဏ်ရမှ ယထာဘူတဉာဏ်စွာ လက္ခဏာရေးထင်ပြီး မဂ်ဖိုလ် နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရနိုင်သည်။ ထို့ကြောင့် ဝိပဿနာယောဂီများသည် ဝိပဿနာအရာ၌ လိုအပ်သလောက်ကို မိမိတို့၏ဉာဏ်ဖြင့် အမှီလိုက်နိုင်အောင် အတတ်သိမြင်အောင် အားထုတ်နိုင်လျှင် ဘာဝနာကိစ္စပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါတော့သည်။ ဘုရားသခင်၏ ရွှေဉာဏ်တော်ကို ဒေသနာနည်းအတိုင်း အမှီလိုက်၍ သိရရန် မလိုပါ။ ဥပမာမှာ အနောတတ္တရေအိုင်မှ ရေကိုသောက်ချိုး သုံးဆောင်လိုသောသူသည် ရေအိုင်သို့ဆင်း၍ မိမိမှီနိုင်သော ကမ်းစပ်ရေတိမ်ရာ၌ နေ၍ မိမိအလိုရှိသလောက် တင်းတိမ်အောင် သောက်ချိုး သုံးဆောင်ရလျှင် ပြီးပါတော့သည်။ ဤသည်ကိုပင်အနောတတ္တရေအိုင်အစစ်ကရေအစစ်ကို ဝအောင် သောက်ချိုး သုံးဆောင်ရသည်ဟူ၍ ခေါ်ပါသည်။ ရေအိုင်၏ အထွာပွတ္တိ၊ အတိမ်အနက်၊ အကျယ်အဝန်း အတိုင်းအထွာ အစရှိသော အလုံးစုံသော အကြောင်းတို့ကို အကုန်လိုက်၍ သိရရန် မလိုပါ။ ဤကဲ့သို့ လိုက်နေခြင်းသည် မိမိဝအောင် သောက်ချိုး သုံးဆောင်လိုသော သူ၏ အလုပ်တာဝန် ဝတ္တရားမဟုတ်ပါ။

ရင်းပြင် အထူးသတိပြုကြစေလိုသေးသည်မှာ ရုပ်နာမ်တို့၏ သဘော၊ အနိစ္စ ဒုက္ခ အနတ္တ သဘော၊ မဂ်ဖိုလ်နိဗ္ဗာန်တို့၏ သဘောတို့ကို အတတ်ဒိဋ္ဌသိမြင်အောင် အားထုတ်ရမည်၊ သိမြင်နိုင်သည်ဟူ၍ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူသည်ဖြစ်စေ၊ ရဟန္တာ အရှင်မြတ်များက ဟောတော်မူသည်ဖြစ်စေ၊ အဋ္ဌကထာဋီကာကျမ်းများ၌ ရေး

သည်ဖြစ်စေ၊ ယခုရှိကြသော သံဃာတော်များက ဟောသည်ဖြစ်စေ၊ ယခု ဤကျမ်း၌ ရေးသည်ဖြစ်စေ ဤစကားမျိုးများ ပါလာလျှင် ပဋိပတ်နည်းအတိုင်းသာလျှင် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်မီနိုင်သမျှ သိနိုင် မြင်နိုင်ကြရခြင်းကိုသာ ဆိုလိုသည်ဖြစ်ပါသည်။ ပရိယတ်နည်း အတိုင်း ဘုရားသခင်၏ ရွှေဉာဏ်တော်ကို အမီလိုက်ပြီး အနုစိတ်၍သိမြင်ရမည်ဟု ဆိုလိုသည်မဟုတ်ပါ။ ပရိယတ်အတိုင်း ဘုရားသခင်၏ ရွှေဉာဏ်တော်ကိုမူ ဘုရားသခင်သာလျှင် အမီလိုက်နိုင်ပါသည်။ ဝိပဿနာယောဂီများမှာမူ ပဋိပတ်နည်းအတိုင်း သိကြမြင်ကြရသည်ကိုပင် ခန္ဓာ နာမ်ရုပ်တို့ကို သိသည်၊ မြင်သည်၊ လက္ခဏာရေးသုံးပါးကို သိသည်၊ မြင်သည်ဟု ဆိုပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ရွှေဉာဏ်တော်သည် မဟာသမုဒ္ဒရာနှင့် တူကြောင်း၊ ကိုယ်မှီသလောက်သာ ကိုယ်ထောက်နိုင်မည်ဖြစ်ကြောင်း ပညာရှိသူတော်ကောင်းများ ဟောလေ့ဟောထ ရှိကြပါသည်။

သို့ဖြစ်သောကြောင့် ဤကျမ်းတွင် ပါသမျှသော တရားအချက်တို့သည် ကျမ်းဂန်၏ လိုရင်းမူလ တရားသဘောအတိုင်း ကိုက် မကိုက်နှင့် တရားအားထုတ်သူများ ယထာဘူတ ကျနစွာ ထင်နိုင် မြင်နိုင်သော တရားများကို ထင်လွယ် မြင်လွယ်အောင် ရေးသော ဥတ္တာနီကရဏသခေ်ပနည်းမျှသာ ဖြစ်ပါသည်။ ထိုဥတ္တာနီကရဏသခေ်ပ နည်းသည်လည်း ဒေသနာတော်၏ အဆီအနှစ်တို့ကို ပေါ်လွင်ထင်ရှားစွာ လိုရင်းရောက်လွယ်အောင် အကျဉ်းချုံး၍ ရေးရသောနည်း ဖြစ်ကြောင်း သတိပြုတော်မူကြစေလိုပါသည်။

ဝင်းပြင် ဤကျမ်းကိုရေးသားသောသူ၏ ရည်ရွယ်ရင်းကား ကျမ်းဂန် တတ်မတတ် ပုဂ္ဂိုလ်အမျိုးမျိုးတို့ကိုပင် သဘောမကျေနပ်တဲ့နေရာရှိလျှင် ကျေနပ်ကြပါစေ၊ ကျေနပ်ပြီးလျှင် တရားကို အားထုတ်၍ ရလွယ်ကြပါစေဟူသော စေတနာထားခြင်း ဖြစ်ပါသည်။ ထားသည့် အတိုင်းလည်း နည်းအမျိုးမျိုး စကားအမျိုးမျိုး ဥပမာအမျိုးမျိုးတို့နှင့် တန်ဆာဆင်၍ ဤကျမ်းကို ရေးရပါသည်။ ရေးရာတွင်လည်း ဖြတ်လမ်း

အတိုနည်းဖြစ်သောကြောင့် အချို့နေရာ၌ သဒ္ဒါဂနစ္စာ အကျယ်မရေးနိုင်ပါ။ မရေးနိုင်သည့်အတွက် စကားကျန်နေသည်၊ လိုနေသည်တို့ ရှိတတ်ပါသည်။ ရှိရှိဒေသနာအတိုင်း အစဉ်လိုက် မဟုတ်သော်လည်း သဘောဟုတ်လျှင် ကျေနပ်တော်မူကြ စေလိုပါသည်။ အချို့နေရာများ၌ စကားအသုံးအနှုန်း ချွတ်ယွင်းခဲ့သို့ ရှိလျှင်လည်း သည်းခံကြစေလိုပါသည်။ ငှင်းပြင် ကျမ်းဂန်နှင့်ကိုက်၍ သဘာဝ ဆိုက်သော်လည်း မကြိုက်တာကို ဖယ်ပြီးလျှင် ကြိုက်တာကိုသာ ရွေး၍ ယူနိုင်ကြပါသည်။ ဥပမာမှာ အလှူအိမ်၌ ဆွမ်းကျွေးသောအခါ အမျိုးမျိုးသောဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ် ရသာအမျိုးမျိုးတို့ဖြင့် ကပ်လှူလတ္တံ့၊ ကပ်လှူသောအခါ မိမိကြိုက်နှစ်သက်ဘာလည်း ပါတတ်၏။ မကြိုက်တာလည်း ပါတတ်၏။ ပါသော်လည်း မကြိုက်တာကို သုံးဆောင်ဖို့မလို၊ ကြိုက်တာကိုသာ သုံးဆောင်၍ အာဟာရကိစ္စပြည့်ဝလျှင် ပြီးပါတော့သည်။ ဤကဲ့သို့ သဘောထားတော်မူကြပါ။ မှားတာ မတော်တာများ ပါသွားလို့ ရှိလျှင်လည်း သတိပေးတော်မူကြပါ။ ဝိပဿနာအရာတွင် အလွန်ခက်ခဲ နက်နဲလှသဖြင့် အချို့နေရာ၌ အချို့ပုဂ္ဂိုလ်များ နားမရှင်းတာ ရှိတတ်ကြပါသည်။ နားမရှင်းသောကြောင့် အချို့ပုဂ္ဂိုလ်များ၏ စောဒကဝင်စရာ ရှိပေလိမ့်မည်။ သို့ရာတွင် ဘုရားသခင် ကိုယ်တော်တိုင် ဟောတော်မူတာတောင်မှ စောဒကဝင်ခြင်းနှင့် မကင်းနိုင်ရကား ယထာဘူတကျဖို့သာလျှင် အရေးကြီးသည်ဟု သဘောထားရပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် များလှစွာသော ဝေနေယျတို့အား ယထာဘူတကျနစွာ တရားကိုရကြစေရန် အထူးသဖြင့် ရည်သန်သောကြောင့် ဖြစ်ပါသည်။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ နည်းပေးလမ်းပြ ပြုလုပ်သော ပညာရှင်များက အထူးကျေးဇူးတင်မည် ဖြစ်ပါသည်။

ထို့ပြင် ဤကျမ်းသည် လူပြိန်းသက်သက်များကိုပင် နားလည်စေချင်လှလွန်း၍ ရေးယင်း ရေးယင်း စေတနာ တက်တက်လာပြီးလျှင် ယောဂီများနှင့် မျက်နှာချင်း ဆိုင်၍ ပြောနေရဘိသကဲ့သို့ ရေးသောစကားများ များစွာ ပါရှိသွားကြောင်း။

## ဝိပဿနာတရား အကြောင်း

**ဝိပဿနာတရား** ဆိုတာ သင်္ခါရတရားကို အနိစ္စအစရှိသော အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် ရှုကြည့်တတ်သောကြောင့် နိဗ္ဗာန် ထုတ်ချောက် ရောက်ကြောင်းတရားဖြစ်၏။ ဝိပဿနာ တရားကို ပေါက်မြောက်အောင် အားမထုတ်ဖူးသေး၍ နိဗ္ဗာန် မဂ်ဖိုလ် မရသေးပဲ သံသရာ၌ တစဲလည်လည် နေရ၏။ ပေါက်မြောက်အောင် ဆိုတာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်အောင်ဟု ဆိုလိုသည်။ ဤကဲ့သို့ အရိယသစ္စာကို ပေါက်မြောက်အောင် မရှုရဖူးသေး၍ သာမန်လူကို မဆိုထားနှင့်၊ မြတ်စွာဘုရားသော်မှ ဟိုတုန်းက သံသရာ၌ ပြေးလွှား၍ နေရသေးသည်ဟု ဟောတော်မူသည်။ ဟောဟန်ကား—

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

ဘိက္ခဝေ၊ ချစ်သားတို့။ စတုန္နံ၊ လေးပါး ကုန်သော။ အရိယသစ္စာနံ၊ သစ္စာလေးပါးတရားတို့ကို။ ယထာဘူတံ- ယထာသဘာဝံ၊ သဘောမှန်အတိုင်း။ ပညာစက္ခုနာ၊ ဝိပဿနာပညာစက္ခုဖြင့်။ အဒဿနာ၊ မမြင်ခြင်းကြောင့်။ အနနုဗောဓာ၊ လျော်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်လျားစွာ။ ဣဒံ အဒ္ဓါနံ- ဣဒံကာလံ၊ ဤသို့ကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်လည်းကောင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်လည်းကောင်း။ သန္ဓာဝိတံ၊ ပဋိသန္ဓေနေအံ့သောငှာ ပြေးသွား၍နေရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သံသရိတံ၊ ထိုထိုဘဝမှ ထိုထိုဘဝသို့ အတန့်တန် ကျင်လည် ပြေးသွားရခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ အရိယသစ္စာ လေးပါးကို မသိရသေး၍သာ သံသရာ၌ ပဋိသန္ဓေနေခြင်းစသည်တို့ဖြင့် လှည့်လည် မျောပါး၍ နေရသေးသည်

ဆိုသောကြောင့် သံသရာဝဲသြဃမှ လွတ်မြောက်အောင် သစ္စာလေးပါးကို ထိုးထွင်း၍ သိအောင်လုပ်မှ သံသရာဝဋ္ဋဒုက္ခမှ လွတ်မည်ဖြစ်၏။ သစ္စာလေးပါးဟူသည်ကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူ၍ လေးပါးရှိ၏။ ထိုလေးပါးသော သစ္စာတို့ကို သိရ တွေ့ရအောင် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုရှာမလဲဆိုလျှင် မိမိကိုယ်မှာ ရှာရမယ်တဲ့။ ဘာ့ကြောင့်လဲဆိုလျှင် မြတ်ဘုရားက ဟောတော်မူထားတယ်၊ ဘယ်လို ဟောပါသလဲလို့ဆိုဘော့ (သေသေချာချာ ဖတ်ပါ။)

(ပါဠိ) အပိစာဟံ အာဝုသော ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ။ (သဂါထာဝဂ္ဂသံယုတ် ပါဠိတော်။)

အနက်မှာ— အာဝုသော၊ ရောဟိတဿနတ်သား။ အပိစ၊စင်စစ်ကား။ အဟံ၊ ငါဘုရားသည်။ သသညိမှိ၊ သညာရှိသော။ သမနကေ၊ စိတ်ရှိသော။ ဗျာမမတ္တေ၊ တလံမျှသော။ ကဠေဝရေ၊ ကိုယ်ကိုယ်၌သာလျှင်။ လောကဉ္စ၊ ဒုက္ခသစ္စာဟူသော သံသရာလောကကိုလည်းကောင်း။ ပညပေမိ၊ သိစေတော်မူ၏။ လောကသမုဒယဉ္စ၊ ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း ဖြစ်သော သမုဒယ သစ္စာကို လည်းကောင်း။ လောကနိရောဓဉ္စ၊ ဒုက္ခသစ္စာ၏ ကုန်ရာဖြစ်သော နိရောဓသစ္စာကို လည်းကောင်း။ လောကနိရောဓဂါမိနိ ပဋိပဒဉ္စ၊ ဒုက္ခသစ္စာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း ဖြစ်သော မဂ္ဂသစ္စာကို လည်းကောင်း။ ပညပေမိ၊ သိစေတော်မူ၏။

ဤကဲ့သို့ ရောဟိတဿ နတ်သားအား ဒုက္ခသစ္စာဆိုတဲ့ သံသာရလောကကြီးဟာ ဤကိုယ်ထဲမှာ ရှိတယ်တဲ့။ သမုဒယ၊ မဂ္ဂ၊ သစ္စာဆိုတာလဲ ဤသံသာရလောကဆိုတဲ့ ကိုယ်ကောင်ကြီးထဲမှာပဲ ရှိတာပဲတဲ့။ နိရောဓသစ္စာကိုလဲ ကိုယ်ကောင်ကြီးမှာ ရှာလျှင် တွေ့မည်တဲ့။ ဒါကြောင့်မို့လို့ ကိုယ်ကောင်ကြီးထဲမှာသာ ရှာရမယ်၊ တခြားမှာ မရှာရဟူ၍ ဘုရားသခင်ဟောတော်မူသည်။

ဤကိုယ်ကောင်ကြီးထဲမှာ ရှာရမည်ဆိုလျှင် ရှာလို့ဘယ်လိုဟာကို တွေ့မှာလဲဆိုတော့ ဤကိုယ်ကောင်ကြီး၌ သေသေချာချာ စေ့စေ့စပ်စပ်ရှာလျှင် ခန္ဓာ အာယတန ဓာတ်ကို တွေ့မည်။ ဘယ်လိုတွေ့မလဲ ဆိုလျှင် ခန္ဓာငါးပါး၊ ဓာတ် ၁၈-ပါး၊ အာယတန ၁၂-ပါးတို့၏ အစဉ်မပြတ်ဖြစ်ချုပ် ဖြစ်ချုပ်နေသည်ကို တွေ့ရမည်၊ ဒါကြောင့်မို့လို့—

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ—

ဟူ၍ မိန့်တော်မူသည်။

ခန္ဓာနဉ္စ၊ ခန္ဓာငါးပါးတို့၏လည်းကောင်း။ ဓာတုအာယတနာနဉ္စ၊ ဓာတ် ၁၈-ပါး အာယတန ၁၂-ပါးတို့၏လည်းကောင်း။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်။ ပဋိပါဋိ၊ အစဉ်အဆက်။ ဝတ္တမာနာ၊ ဖြစ်ခြင်းကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဤခန္ဓာငါးပါး၊ ဓာတ် ၁၈-ပါး၊ အာယတန ၁၂-ပါးတို့၏ အစဉ်မပြတ် ဖြစ်ချုပ်ဖြစ်ချုပ် နေတာကိုသာလျှင် ဤကိုယ်ကောင်ကြီး၌ ရှိသည်ဖြစ်၍ ဤဖြစ်ချုပ်နေတာကိုပဲ တွေ့မှာပဲတဲ့။ ဤဖြစ်ချုပ်ကိုမှပဲ သံသရာ ခေါ်တယ်တဲ့။ ဤဖြစ်ချုပ်ဖြစ်ချုပ်နှင့် အစဉ်မပြတ် ဖြစ်ချုပ်နေတဲ့ သံသရာသည် အလွန် ပါရမီကလည်း ထူး၊ မိမိကလည်း လိုလိုချင်ချင်နှင့်အားထုတ်၊ ပြသသော ဆရာကလည်း ကျကျနနပြတတ်မှ သိရ တွေ့ရသော ပရမတ် သံသရာဖြစ်တယ်။ ၃၁-ဘုံဆိုတဲ့ သံသရာက ပညတ်သံသရာတွေ။ ပရမတ်သံသရာကို မတွေ့သောကြောင့် သစ္စာလေးပါး မတွေ့ရဘာ၊ သစ္စာလေးပါးမတွေ့ရ၍ ပညတ်သံသရာ ၃၁-ဘုံမှာ လည်နေရတာ၊ ပရမတ်သံသရာ ဆိုတာလဲ ခန္ဓာ အာယတန ဓာတ် သစ္စာပဲ။ ခန္ဓာ အာယတန ဓာတ် သစ္စာဆိုတာလဲ အစဉ်မပြတ် ဖြစ်ချုပ် ဖြစ်ပျက်နေတာပဲ။ သဘောလက္ခဏာတွေ များလို့သာ အမည်တွေ များနေတာ၊ တရားကိုယ်ကတော့ ဧကော ဓမ္မောဆိုသည့်အတိုင်း တပါးတည်းပဲ၊ (ဤနေရာ၌ ဉာဏ်စူးရှဖို့ လိုလှသည်။

လယ်တီဆရာတော်ဘုရား၏ အလိုတော်ကား [လက္ခဏာရေး သုံးပါးကို ရှုလိုမြင်လိုသော သူသည် ထိုလက္ခဏာရေး သုံးပါး၏ ခိုရာမှီရာဖြစ်သော ရုပ်ဓာတ် နာမ်ဓာတ်တို့ကို တကိုယ်ကောင်လုံး အုန်းအုန်း ဆူကြွ အကုန်ထအောင် ဆွရသည်။ တကိုယ်ကောင်လုံး အုန်းအုန်းဆူကြွ အကုန်ထမှ မြင်ရသည်။ ဆွနည်းများလည်း ဤခန္ဓာကိုယ်ကို နှစ်ပုံခွဲ၍ ဆွနည်း၊ သုံးပုံခွဲ၍ ဆွနည်း၊ လေးပုံခွဲ၍ ဆွနည်း၊ ငါးပုံခွဲ၍ ဆွနည်း၊ ခြောက်ပုံခွဲ၍ ဆွနည်းစသည်ဖြင့် များသောအပြားရှိ၏။

ရုပ်တစု နာမ်တစုပြု၍ ဆွနည်းသည် နှစ်ပုံခွဲ၍ဆွနည်းမည်၏။ ဝေဒနာသုံးပါးနှင့် သုံးပုံခွဲ၍ ဆွနည်းသည် သုံးပုံခွဲ၍ဆွနည်းမည်၏။ အာဟာရလေးပါးပြု၍ ဆွနည်းသည် လေးပုံခွဲ၍ ဆွနည်းမည်၏။ ခန္ဓာငါးစုပြု၍ ဆွနည်းသည် ငါးပုံခွဲ၍ ဆွနည်းမည်၏။ မြေတစု ရေတစု လေတစု မီးတစု ဝိညာဏ်တစု အာကာသတစုပြု၍ ဆွနည်းသည် ခြောက်ပုံခွဲ၍ ဆွနည်းမည်၏။ ပက္ကုသာတိ မင်းကြီးသည် ဤခြောက်ပုံခွဲနှင့် ကျွတ်သည်။ အာယတနနှင့်ခွဲလျှင် ဆယ့်နှစ်ပုံဖြစ်၏။ ဓာတ်နှင့် ပုံလျှင် တဆယ့်ရှစ်ပုံ ဖြစ်၏။ ကောဋ္ဌာသနှင့်ခွဲလျှင် သုံးဆယ့်နှစ်ပုံဖြစ်၏ အဘိဓမ္မာနည်းနှင့် ခွဲမှုကား တရားသရုပ် အလွန်များပြား၏။

ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသူမှာ အဘိဓမ္မာနည်းမလို၊ ပညာပါရမီပွားများဖို့ ပဋိသမ္ဘိဒါဉာဏ်ပွား များဖို့အရာ၌သာ အဘိဓမ္မာနည်း လိုသည်။ တရားကိုယ် အစိတ်အလီ များပြားလွန်းလျှင် ခွဲမှုခြမ်းမှု ဝန်ကြီး၍ ခရီးမတွင်ရှိတတ်သည်။ အစိတ်များလျှင် မမြင်နိုင် မထင်နိုင်သော တရားစုအများ ပါရှိသည်။ မမြင်သော တရားကို လက္ခဏာရေး တင်၍ဘာဝနာအစစ်မဖြစ်။ တရားကိုယ် တရားချက်ကို အတတ် မြင်၍ တင်မှသာ ဘာဝနာအစစ် ဖြစ်သည်။

မြတ်စွာဘုရားသည်လည်း အဘိဓမ္မာ နည်းကို တာဝတိံသာ၌ တခါ၊ စန္ဒကူးတောတွင် ရှင်သာရိပုတ္တရာကို တခါသာ ဟောလေသည်။ သည့်ပြင် ဘယ်သတ္တဝါကို အဘိဓမ္မာနည်းနှင့် ဟော၍ ချွတ်သည်ဟု မရှိ။

တာဝတိံသာတွင် အဘိဓမ္မာဟောစဉ် အခါမှာလည်း နတ်ဗြဟ္မာတို့ကို သုတ္တန်နည်းညှပ်၍ ညှပ်၍ ချွတ်ရသည်။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော သူသည် ကျယ်ဝန်း နက်နဲလှ၍ ဈာန်မရ။ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် သိမ်မွေ့ နက်နဲလှ၍ ဈာန်မရ၊ ဤအတူမှတ်၊ (လယ်တီ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော လက္ခဏာဒီပနီကျမ်း စာမျက်နှာနံပါတ် ၁၀၁-တွင် ကြည့်ပါ။)

ဤခန္ဓာကိုယ်ကောင်ကြီး၌ရှာ၍ ခန္ဓာ အာယတန ဓာတ်တို့၏ဖြစ်ပျက်ကို တွေ့ပါပြီတဲ့၊ တွေ့တော့ ဘာဖြစ်ဦးမှာလဲဟု မေးဖွယ်ရှိ၏။ မေးသော် ခန္ဓာ အာယတန ဓာတ်တို့၏ ဖြစ်ပျက်ကို တွေ့မှ များများကြီး ကျကျနနကြီး တွေ့မှ သစ္စာလေးပါးကို မြင်တယ်၊ သစ္စာလေးပါးကို မြင်မှ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်ဟု ဘုရားဟော ပါဠိတော်ရှိ၏။ ရှိပုံမှာ—

ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ
ဝဒါမိ၊ နော အဇာနတော နော အပဿတော။

(မူလ ပဏ္ဏာသပါဠိတော်)။

ဘိက္ခဝေ၊ ချစ်သား တို့။ ဇာနတော - ဇာနန္တဿ၊ ခန္ဓာ အာယတန - ဓာတ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိသော သူအားသာလျှင်။ ပဿတော-ပဿန္တဿ၊ ဖြစ်ခြင်းပျက်ခြင်းကို မြင်သော သူအားသာလျှင်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အဇာနတော၊ မသိသောသူအား။ အဟံ၊ ငါဘုရားသည်။ နော ဝဒါမိ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို မဟော။ အပဿတော၊ မမြင်သောသူအား။ အဟံ၊ ငါဘုရားသည်။ နော ဝဒါမိ၊ အာသဝေါတရားတို့၏ကုန်ခြင်းကို မဟော။

ဤကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရရန် သစ္စာလေးပါးကို တွေ့အောင်ရှာရမည်။ သစ္စာလေးပါးကိုရှာသောအခါ ဒုက္ခသစ္စာခေါ်တဲ့ ခန္ဓာငါးပါးတို့၏ ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်ကို တွေ့မယ်။ ဘယ်

မှာတွေ့မလဲဆို ဤကိုယ်ကောင်ကြီးထဲမှာတွေ့ရမည်။ ဤကိုယ်ကောင်ကြီးသည် ပဋိသန္ဓေနေတုန်းက တခါဖြစ်ပြီး ယခုထက်ထိ ရှိနေသေးတာကပဲ။ တသက်လုံးကြည့်လာတာပဲ။ ဘယ်တော့ကမျှ ဖြစ်ပျက်ကို မတွေ့ရပါက လားဟုဆိုလျှင် မရှာတတ်လို့ မတွေ့တာ၊ ရှာတတ်လျှင် တွေ့ရမည်ဟု ပြောရမည်။ ရှာတတ်အောင် ဘယ်လိုလုပ်ရမလဲ ဆိုလျှင် "ဆရာမပြ ငါးပိဖုတ်တောင် နည်းမကျ"ဆိုသည့်အတိုင်း ပြတတ်သော ဆရာကို ရှာ၍ ဆည်းကပ်ကိုးကွယ်ရမည်။ ဆရာကို ရှာရဦးမှာလား၊ ပိဋကသုံးပုံ အရှိသားပဲ ဆိုလျှင် ရှိသည်ကား မှန်၏။ မှန်သော်လည်း ပိဋကသုံးပုံ၌ ရေးထားသည့်အတိုင်း တိတိကျကျယူဆတတ်သော ပုဂ္ဂိုလ်က ယခုအခါ အလွန်ရှား၏။ပို၍ ခေါင်၍ဖြစ်စေ၊လို၍ဖြစ်စေ ယူဆတွေးတောနေတတ်သော ပညာရှိတို့သာများသောကြောင့် ပိဋကသုံးပုံရှိလျက် ပြတတ်သော ရဟန်းဆရာ၊ လူဆရာကို ရှာရမည်ဟူလို။

ထို့ကြောင့် သံယုတ်ပါဠိတော်၌—

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော—

ဟူ၍ ဟောတော်မူသည်။ ။ယထာဘူတံ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်ကို မဖောက်မပြန်ဟုတ်မှန်တိုင်း မှန်စွာ။ ဉာဏာယ၊ သိခြင်းငှာ။ သတ္ထာ၊ ပြတတ်သော ဆရာကို။ ပရိယေ- တဗ္ဗော၊ ရှာမှီးအပ်၏။

ဤကား ဘုရားဟောဖြစ်ပါသည်၊ ဆရာအရေးကြီးပါသည်။

တရားရှာသော လိုချင်သောသူက ဆရာရှာပါသော်လည်း ဆရာလုပ်၍ ပြမည့်သူက စာတတ်ရုံနှင့် တရားပြလို့ ပုဂ္ဂိုလ်တိုင်းဖြစ်သည်မဟုတ်။ မိမိကိုယ်တိုင်က အားထုတ်ကျင့်ကြံ၍ နေရာတကျ အစစ၌ ကျနသေချာ တတ်မြောက်နားလည်ပြီးမှ အဘိဓမ္မာ ဗဟုသုတကလည်း များများ ရှိမှ သူတပါးကို ပြသင့်သည်။ သို့မဟုတ်လျှင် တပည့်က တရားအား ထုတ်စဉ် "ဆရာရယ်၊ ကျွန်တော် ဘယ်လိုထင်မြင်လာပါသည်"ဆိုလျှင်

ဆရာက ကိုယ်တိုင်မှ မတွေ့ဖူးတော့ နားမလည် မဆုံးဖြတ်တတ် ဖြစ်နေတတ်သည်။ နားမလည်ဘူး ဆိုရမှာကလည်း ရှက်တော့ကာ မိမိထင်တာတွေ ရှောက်ပြောတော့ တပည့်လည်းနစ်နာ၊ ဆရာလည်း စိတ်မချမ်းသာ ဖြစ်တတ်သည်။ ထို့ကြောင့်—

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော—

ဟု ဓမ္မပဒ ပါဠိတော်၌ လာသည်။

အနက်။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပတိရူပေ၊ သင့်လျော် လျောက်ပတ် မြင့်မြတ်သော သမထ ဝိပဿနာ၌။ နိဝေသယေ၊ အခါခါ ပွားများယုံကြည်စွာ သွင်းထားရာ၏။ အထ၊ ထိုသို့ မိမိကိုယ်ကို သင်ဆိုဆုံးမ လိမ္မာလုပ်ပြီးသည့်နောက်မှ။ အညံ၊ လိမ္မာလိုတိ တပည့်များကို။ အနုသာသေယျ၊ သွန်သင်ဆုံးမ နိုင်နိုင်နင်းနင်းကြီး ပြသရာ၏။ န ကိလိဿေယျ၊ သို့မှသာလျှင် မိမိ သူတပါးများအတွက် စိတ်ပျက် နောက်မူး ညစ်ညူး ပင်ပန်းခြင်းသို့ မရောက်ရာ။

ဆရာကလည်း ဆရာအင်္ဂါနှင့်ညီ၊ တပည့်ကလည်း တပည့်အင်္ဂါနှင့် ညီကြမည် ဆိုလျှင် လျင်မြန်စွာ ခရီး ရောက်တတ်၏။ ဆရာကတပည့်ကို သားသမီးနှင့်မခြား ကရုဏာထားရမည်။ တပည့်ကလည်း ဆရာမျိုးဆိုတာ အနန္တငါးပါး ဘုရားနှင့် တဂိုဏ်းတည်း ပြထားသည်ဖြစ်သောကြောင့် အထူးချစ်ကြောက် ရှိသောရမည်။ မိဖုရားကြီး ဖြစ်သော သာမာဝတီသည် ဥင်း၏ကျွန်မအား ပလ္လင်ထက်တင်၍ ရှိခိုးလျက် တရားနာ၏။ ကျွန်မက တရားဟောရ၏။ ဘုရားဟောမှ သာမာဝတီ မိဖုရားကြီး သောတာပန်တည်ရ၏၊ မဟာနာဂနှင့်ပေါဋ္ဌိလမထေရ်ကြီး၊ တို့သည် တပည့်ကို အရှိအသေပြု၍ တရား တောင်းကြရ၏။ ဥင်းပြင် ဘုရားလောင်း ရွှေဉဒေါင်းမင်းသည် မုဆိုးကို တရားဟောရာ မုဆိုးသည် ပစ္စေကဗုဒ္ဓါ

ဖြစ်၏။ မစွေ့ကဗုဒ္ဓါဖြစ်ပြီးမှတောင် တိရစ္ဆာန်ဖြစ်သော ဆရာရှေ့ဥဒေါင်း မင်းအားကျေးဇူးတင်၍ရှိခိုး ကန်တော့ ပြီးမှစျာန်ကြွ၍သွား၏။ ဤသည် ကို ထောက်၍ ဆရာကို ရိုသေရာ၌ ရှက်ကြောက်ခြင်း မရှိသင့်ကြပေ။ ဆရာကလည်း တပည့်အတွက် ပင်ပန်းသည်ဟု မထင်အပ်ပေ။ ချစ်လှစွာ သော သားသမီးရင်းများကဲ့သို့ သည်းခံရမည်။ စိတ်ရှည်ရှည်နှင့် မထင် ထင်အောင် တနည်း မရလျှင် တနည်းနှင့်လှည့်၍ အောင်မြင်သည် တိုင် အောင် သည်းခံ၍ ပြရမည်ဟူလို။

တရားအားထုတ်လိုသော သူတော်ကောင်းများသည် ဖော်ပြခဲ့ပြီး သော ဆရာ ကောင်း များနှင့် တွေ့ပြီး ၍ ဖြစ်စေ၊ မတွေ့ရပဲ နှင့် ဤ စာအုပ်ကို ကြည့်၍ ဖြစ်စေ အားထုတ်လိုသော ယောဂီ သူမြတ် များ အထူး သတိပြုဖွယ် တရပ်မှာ မြတ်စွာဘုရား သခင် ကိုယ်တော် တိုင် ဟောတော်မူသည့်အတိုင်း ဤတလံမျှလောက်သော ခန္ဓာကိုယ် ၌ ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို တွေ့အောင် ရှာရမည်ဆို ရာ၌ ခန္ဓာ ငါးပါး တို့၏ ဖြစ်ခြင်းပျက်ခြင်းကိုသာ အတတ်ဒိဋ္ဌသိမြင် အောင်ရှာရမည်ဖြစ်သောကြောင့်၁ကြောင်းသိမြင်လွယ်အောင်ပြတော့ မည်ဖြစ်သောကြောင့်တကြောင်း၊ လျင်မြန်သောနည်းကိုတွေ့ပြီဖြစ်သော ကြောင့် တကြောင်း၊ မိမိတို့ရှေးက သင်ကြား နာယူဖူးသော တရား သဘောတွေကို တွေးတောခြင်း၊ ကြံစည်ခြင်း၊ စိတ်ကူးခြင်း၊ အနုမာန အားဖြင့် မှန်းဆ၍ နေခြင်းတို့ကို မပြုရပါ။ ပြုလျှင် ယခုအခိုက်အတန့်၌ တကယ်ဖြစ်ပျက်၍နေသော ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို အတတ်ဒိဋ္ဌ မသိ မမြင်ရတတ်ပဲ ဖြစ်နေတတ်ကြပါသည်။ ယခုဖြစ်နေသော ပစ္စုပ္ပန်ခန္ဓာ ငါးပါးတို့၏ ဖြစ်ပျက်ခြင်းကို အတတ်ဒိဋ္ဌ တွေ့မြင်မှလည်း ဘာဝနာ အစစ်ဖြစ်နိုင်ကြောင်း လယ်တီဆရာတော် ဘုရားကြီးက အထင်အရှား မိန့်တော်မူပါသည်။ အတတ်ဒိဋ္ဌ မြင်မှလည်း သမ္မဒဿနဉာဏ်မြင် ဥဒ- ယဗ္ဗယ ခေါ်ပါသည်။

ထို့ကြောင့်—ဧတာနံ၊ ဖြစ်ဆဲဖြစ်ကုန်သော။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိဗ္ဗတ္တိလက္ခဏံ၊ ပေါ်စ

လက္ခဏာသည်။ ဇာတိ၊ ဖြစ်သည်။ ဥပ္ပာဒေါ၊ ဥပါဒ်သည်။ အဘိနိ–ဝါကာရော၊ အသစ်သော အခြင်းအရာသည်။ ဥဒယော နာမ၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ယိုညွတ်ခြင်း လက္ခဏာသည်။ ခယော၊ ကုန်ခြင်းသည်။ ဘင်္ဂေါ၊ ပျက်ခြင်းသည်။ ဝယော နာမ၊ ဝယမည်၏။

ဤကဲ့သို့ တွေးတော ကြံစည်စိတ်ကူး ဆင်ခြင်ခြင်းတို့မပါပဲနှင့် ယခုဖြစ်ပျက်နေသော ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို ဒိဋ္ဌဓမ္မသိမြင်နေရုံတွင် သိမြင်နေခြင်းသည်သာလျှင် ဥဒယဗ္ဗယဉာဏ် ခေါ်ပါသည်။ ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဝါ ဆိုတဲ့ ဥဒါန်းနှင့်လည်း တထပ်ထည်း ကိုက်ညီနေပါသည်။ မြင်ကာ ကြားကာ နံကာ လျက်ကာ ထိကာ သိကာ မတ္တသာလျှင် ဖြစ်သော ခန္ဓာနာမ်ရုပ်တို့၏ ဖြစ်ပျက်ကိုသာ ရှုလျက် နေရမည် ဖြစ်ပါသည်။ နိဗ္ဗာန်မဂ်ဖိုလ်ကို ရဖို့ရာလည်း ဖြစ်ပျက်နေသော ရုပ်နာမ်တို့ကို သိမြင်နေရုံသာ သိမြင်နေရမည်ဟု ဘုရားသခင် ဟောတော်မူပါသည်။ သို့ဖြစ်၍ အနုစိတ်၍ ဝေဖန်နေရန် မလိုပါ။ ဝေဖန်နေလျှင် ဝိပဿနာအန္တရာယ် ဖြစ်တတ်ပါသည်။ ဝေဖန်သင့်တဲ့နေရာကျမှ ဝေဖန်ရပါသည်။

ထို့ကြောင့် ယခုဖြစ်နေသော ခန္ဓာရုပ်နာမ်တို့ကိုသာ ရှုမြင်ပွားများရမည်ဟူ၍ ဘုရားသခင် ကိုယ်တော်တိုင် ဥပရိပဏ္ဏာသ ပါဠိတော် ၌ အထင်အရှား ဟောတော်မူပါသည်။

### ဟောတော်မူပုံမှာ

အတီတံ နာနွာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနန္တံ၊ အပ္ပတ္တဉ္စ အနာဂတံ။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။

အနက်မှာ – အတီတံ၊ အတိတ်ကို။ န နွာဂမေယျ၊ မလိုက်ရာ။ အနာဂတံ၊ ကို။ န ပဋိကင်္ခေ၊ အလိုမရှိရာ။ ယံ အတီတံ၊ အကြင် အတိတ်။ တံ၊ ထိုအတိတ်သည်။ ပဟီနံ၊ ပျောက်ပြီ။ ယံ အနာဂတံ၊ အကြင်အနာဂတ်။ တဉ္စ၊ ထိုအနာဂတ်သည်လည်း။ အပ္ပတ္တံ၊ မရောက် သေး။ တတ္ထတတ္ထ ခဏေခဏေ၊ ထိုထိုခဏခဏ၌။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်အခိုက် အတန့်ဖြစ်သော။ ယဉ္စဓမ္မံ၊ အကြင်ရုပ်နာမ် ဖြစ်ခိုက်ပျက်ခိုက် အာရုံကို လည်း။ ယော၊ အကြင်သူသည်။ အသံဟီရံ၊ မပြောင်းရွေ့မီ၊ အသင်္ကုပ္ပံ၊ မပျောက်ပျက်မီ၊ ဝိပဿတိ၊ ရှုမြင်၏။ တံ ဓမ္မံ၊ ထိုရုပ်နာမ် ဖြစ်ခိုက် ပျက်ခိုက်အာရုံကို။ ဝိဒွါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ ပွားများရာ၏။

မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ တပည့် လက်ပံတန်းမြို့ ၁–သမ်း၊ မြောက်ပိုင်း၊ သဒ္ဓမ္မပါလ ကမ္မဋ္ဌာန်း ဆရာတော်ဘုရားထံမှ ရသော တရားအတွင်း ဝိပဿနာဉာဏ် အလင်းပေါက်နိုင်သည့် နည်းကို ပဌမစ၍ပြပါအံ့။ ။ဤနည်းမှာ ပဋိသမ္ဘိဒါမဂ်၊ မဟာဝဂ္ဂ ၃၊ အာနာ ပါနကထာတွင်ပါသော နည်းနှင့် တိုက်ဆိုင်ပါသည်။

ဝိပဿနာရှုနည်း

(ကမ္မဋ္ဌာန်းခွင် ဝင်မည် ကြံလျှင် ရှေးဦးစွာ ဘုရား အစရှိသော အနန္တ ငါးပါးကို ရှိခိုးကန်တော့၊ အာဇီဝဋ္ဌမကသီလ ဖြစ်စေ၊ အခြား ကြိုက်နှစ်သက်ရာ သီလဖြစ်စေ ခံ၊ သိကြားမင်းမှစ၍ သာသနာတော် စောင့် နတ်မင်းအစရှိသည် တို့ကို အမျှဝေ၊ မေတ္တာပို့၊ စောင့်ရှောက် ရန် တောင်းပန်၊ ၃၁–ဘုံရှိ လူနတ်ပြဟ္မာအပေါင်း အမျှဝေ မေတ္တာ ပို့ပြီးလျှင် မိမိအာဝဇ္ဇန်းရှိသလို ဆို၍ ဘုရားသခင်ထံ ကမ္မဋ္ဌာန်းပေးတော် မူပါဘုရားဟု တောင်း။ ၎င်းနောက် အစမထင် သံသရာအတွင်း ကျင် လည်လာရာ မပြစ်မှား မကျူးလွန်အပ်သော သူများအား သုံးပါး သောကတို့တွင် တပါးပါးသောကဖြင့် ပြစ်မှား ကျူးလွန်ခဲ့သည်ရှိ သော် အပြစ်မှ ချမ်းသာပေးတော်မူကြပါ၊ အပြစ်အကုန်အစင် ပြေပါ စေသတည်းဟု ရိုသေစွာ ရှိခိုး၍ တောင်းပန်။ မိမိကိုပြစ်မှားကျူးလွန်

သောသူများရှိကလည်း မေတ္တာ ကရုဏာတရားရှေ့ထား၍ သည်းခံပါ၏၊ အပြစ်မရကြစေရန် ခွင့်လွှတ်ပါ၏ဟုဆို။)ထို့နောက် သင့်လျော်မည်ထင်သော နေရာအရပ်၌ မိမိကြာကြာထိုင်နိုင်မည့် ဣရိယာပုထ်အတိုင်း ထိုင်၊ ယောကျ်ားမှာ တင်ပျဉ်ခွေ၊ မိန်းမမှာ ကျုံ့ကျုံ့ ထိုင်နိုင်လျှင် သာ၍ကောင်း၏။ ထိုင်သောအခါ တဘက်ဖြူတခုကို သိုင်းထားလျှင် သာ၍ကောင်း၏။ ပြီးလျှင် လက်ဝါးနှစ်ခုရှေ့မှာ ထပ်၍ထား။ ထိုင်သောအခါ တောင့်၍ မထိုင်နှင့်၊ အားမစိုက်နှင့်၊ စိတ်ကို တင်းမထားနှင့်၊ အသာကလေး အလိုက်သင့် စိတ်ကိုလျော့၍ထိုင်၊ တနာရီခန့် မလှုပ်မရှားပဲ နေရာမပြင်ပဲ ထိုင်နိုင်အောင် ခြေသလုံးချင်းထပ်၍ ဖိမထားနှင့်၊ ထိုင်ပြီးလျှင် မိမိစိတ်က ယုံယုံကြည်ကြည် လိုလိုချင်ချင် ရှိစေရမည်။ ပြီးလျှင် မျက်စိမှိတ်၊ မိမိ၏ ရင်ချိုင့်ကို စိတ်နှင့်ကြည့်၊ ရင်ချိုင့်ဆိုတာ ဘဝင်နေရာကို ခေါ်သည်။ အဲဒီရင်ချိုင့်၌ စိတ်ကိုထား၊ ဘာမျှမတွေးနှင့်၊ မကြံစည်နှင့်၊ အယင်က ကြားဖူးနားဝရှိတာတွေကို အကုန်လုံးပယ်လိုက်ပါ၊ မပယ်လျှင် တရားမှန်ကို တွေ့ဖို့ရာ အလွန်ဘရာမှ ခဲယဉ်းတတ်ပါသည်။ ဘဝင်မှာပဲ စိတ်ကို မြဲမြဲထားပါ၊ စိတ်သည် တခြားကို အလိုလိုဓမ္မတာအတိုင်း ရောက်သွားတတ်သည်၊အပြင်ကို ထွက်သွားတတ်သည်။ ထွက်သွားမှန်း သိလျှင် ဘဝင်မှာပဲ ပြန်၍ထားပါ၊ ဘဝင်မှာစိတ်ထား၍ ကြာကြာနေလာသောအခါ မိမိ၏ ကိုယ်အတွင်း ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ သဘာဝဓမ္မအတိုင်း ဖြစ်ပေါ်ချုပ်ပျောက် ဖောက်ပြန်မှုတို့ကို အလိုလိုသိ၍လာရပါလိမ့်မည်၊မဖြစ်ပေါ်သေးသော ရုပ်နာမ်တို့ကိုလည်း သိရရန် မကြံစည်ပါနှင့်။ ဖြစ်ပြီးသော ရုပ်နာမ်တို့ကိုလည်း လိုက်၍စဉ်းစားမနေပါနှင့်။ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်တို့ကိုသာ သိ၍ သိ၍ နေရမည် ဖြစ်ပါသည်။ ဥပမာ ကတွတ်ပေါက်တွင် ငါး တည်းဟူသော အစာကို စောင့်နေသည့်ဗျိုင်းသည်မပေါ်လာသေးသော ငါးကိုလည်း ကောက်ရန်စိတ်မကူး၊ ပေါ်ပြီးသော ငါးကိုလည်းကောက်ရန် မကြံစည်၊ ရုတ်တရက် ပေါ်သော ငါးကိုသာလျှင် ပေါ်လျှင်ပေါ်ချင်းမိအောင် ကောက်ယူရသကဲ့သို့ပင် ဖြစ်ပါသည်။ တကြိမ်လျှင် အနည်းဆုံး ဘနာရီ

ခန့်စီ အားထုတ်ပါ၊ ပို၍နေနိုင်လျှင် သာ၍ ကောင်းပါသည်၊ အချိန်စေ့၍ ဆက်ပြီးမထိုင်နိုင်လျှင် အညောင်းဖြေပြီး ထပ်ထိုင်ပါ။

ဤနေရာ၌ သုခပဋိပဒါနှင့် ဒုက္ခပဋိပဒါ နှစ်မျိုးရှိရာ သုခ ပဋိပဒါ ပုဂ္ဂိုလ်မှာ သက်သက်သာသာနှင့် လက္ခဏာရေး သုံးပါး ထင်တတ်၏။ ဒုက္ခပဋိပဒါပုဂ္ဂိုလ်မှာ ဒုက္ခသဘောတွေကိုများစွာထင်မြင်၍လာတတ်၏။ ဒုက္ခသဘောတရားတွေ ပြင်းပြစွာ ထင်မြင်လာသောအခါ နောက်မဆုတ်နှင့်၊ ရှုမြဲတိုင်း ရှုနေ။ ယခုထင်မြင်ရသောဒုက္ခကလေးမှာ သာမညသာဖြစ်သည်။ ဤဒုက္ခကလေးကို သည်းခံ၍ ရှုနိုင်မည်ဆိုလျှင် ဤ ဒုက္ခလေးထက် ဒုက္ခ အပေါင်း အသချေ အနန္တ ကြီးကျယ် လှစွာသော အပါယ ဒုက္ခကြီးမှ လွတ်မြောက် နိုင်သည် ဟု ယုံယုံ ကြည်ကြည် သဘော ထား၍ သည်းခံပြီး ဆက်လက်အားထုတ်ပါ။ ယခု တရားအားထုတ်ရာ၌ ဒုက္ခတရားတို့ကို သည်းမခံနိုင်သောက်အောင် ပိုသည်ထက်ပို၍ ထင်လျှားလာ လေလေ အပါယ်ဘေးမှ လုံးလုံးကြီး လွတ်ဖို့ နီးသည် ထက် နီးလေဟူ၍ သဘောထားပါ။ ဤကဲ့သို့ သည်းခံ၍ရှုမြင်နေယင်း ဒုက္ခ သစ္စာတရားကို ပိုင်းခြား၍ သိလာပြီဆိုလျှင် အပါယ် တံခါး ပိတ်ပါ ဘော့သည်။ ထိုအခါ၌ တရားအားထုတ်ယင်းသိမြင်နေရသော ဒုက္ခတရား တို့သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိသည်နှင့် တပြိုင်နက် သန္တိသုခဖြစ် သွားသည်ကို ယောဂီ သူမြတ် သိပါလိမ့်မည်။ [ဤနေရာ၌ အရေးကြီး သောကြောင့် အထူးသတိပေး လိုက်ရသော အမှာစကား ချပ်တည်း။]

အထက်က ဖော်ပြသည့်အတိုင်း ဘဝင်မှာ စိတ်ထားသော အခါ အတော် ကြာလျှင် ရင်ချိုင့်၌ ထိုးစံအတိုင်း ဝင်သက် ထွက်သက်၏ သတ္တိ ကြောင့် ပူလာလိုက် ပိန်သွားလိုက် နေလတ္တံ့။ နေသော်လည်း ဘာကိုမျှ မတွေးတောနှင့်၊ ရှုမြဲတိုင်း ရှုနေ၊ ဤကဲ့သို့ ရှုနေဖန်များ သောအခါ ရင်ထဲက ဒိတ် ဒိတ် ဒိတ် ဒိတ် နှင့်လည်း ဖြစ်လာတတ်၏။ လုပ် လုပ် လုပ် လုပ်နှင့်လည်း ဖြစ်လာတတ်၏။ ရှိန်ရှိန် ရှိန်ရှိန် နှင့်လည်း ဖြစ်လာတတ် ၏။ ကိုယ်ထဲက ပူ၍လည်း လာတတ်၏။ အေး၍လည်း လာ တတ်၏။ မိမိကိုယ်ကာယ တနေရာရာ၌ ပုရွက်ဆိတ်ကလေးတွေ တက်

နေသကဲ့သို့ ရှရှရှရှ နှင့်လည်း နေတတ်၏။ အပ်ကလေးတွေနှင့် ဆွသကဲ့သို့လည်း နေတတ်၏။ ခန္ဓာကိုယ်အတွင်း၌ တလှုပ်လှုပ်တရွရွ တမွမွ တကြွကြွ ဖြစ်နေတတ်၏။ မနှစ်သက်ဖွယ် စက်ဆုပ်ဖွယ်သော ဝေဒနာ တရားတို့သည် ခန္ဓာကိုယ်ထဲ၌ ဖြူးပေါ်၍နေတတ်၏။ တခါတရံ မိမိ၏ ခန္ဓာကိုယ်ကောင်ကြီး တခုလုံး ဆုပ္ပက်လျက် ရှေ့လာမည့် ဝိပဿနာနည်း၌ ဖော်ပြလတ္တံ့သည့်အတိုင်း ပျက်ပျက်နေတာတွေကိုချည်းပဲတွေ့နေတတ်၏။ တခါတရံ မခံသာအောင် ပြင်းပြလှစွာသော ဝေဒနာ တရားတို့သည် ခန္ဓာကိုယ်အတွင်း၌ဖြစ်ချင်တိုင်းဖြစ်၍ နေရတာကိုလည်း တွေ့တတ်၏။ ဤကဲ့သို့ အမျိုးမျိုး တွေ့လာရသော်လည်း၊ စိတ်ကဘာမျှ မတွေးတော မစဉ်းစားနှင့်။ မမြဲတဲ့ အနိစ္စသဘောတွေ ဆင်းရဲတဲ့ ဒုက္ခသဘောတွေ၊ အစိုးမရတဲ့ အနတ္တ သဘောတွေ ဖြစ်ချင်သလို ဖြစ်နေပေစေဟု စိတ်ကိုသာ ငြိမ်းငွေ့စေလျက် လျှော့၍ထား။ ဤကဲ့သို့နေတာကြာလျှင် တခါတရံ ဤကဲ့သို့ ရုပ်နာမ်နှစ်ပါး သင်္ခါရ တရားတို့၏ ဖြစ်လိုက် ပျက်လိုက်နှင့် တသုတ်သုတ် တသက်သက် ချုပ်ပျက်၍ နေမှုတို့ကို အစဉ်မပြတ် တရစပ် ရှုမြင် ပွားများနေယင်း ရုတ်တရက် ဖြစ်ပျက် သင်္ခါရတရားမှ လွန်မြောက်၍ မဖြစ်သောတရားကို ပါရမီအလျောက် တွေ့မြင်တတ်လေသည်။ သို့ဖြစ်သောကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်တွင်လည်း ဤကဲ့သို့ပင် ဟောတော်မူပါသည်။

ဟောတော်မူပုံမှာ—ပဝတ္တံ၊ ခန္ဓာရုပ်နာမ်တို့၏အစဉ်မပြတ် မရပ်မနား ဖြစ်နေခြင်းကို၊ အဘိဘုယျ တွာ၊ လွန်မြောက်၍။ အပဝတ္တံ၊ ရုပ်နာမ်ခန္ဓာတို့၏ မဖြစ်သော နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။

ရှင်းပြင် ပဝတ္တံ သင်္ခါရာ အပဝတ္တံ နိဗ္ဗာနံ။ သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရ တရားတို့သည်။ ပဝတ္တံ၊ တလှုပ်လှုပ် တရွရွ အစဉ်မပြတ် မရပ်မနား ဖြစ်ခြင်းတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အပဝတ္တံ၊ ရုပ်နာမ်သင်္ခါရတို့၏ မဖြစ်ခြင်းတည်း။

ဤကား ထိုင်၍ ရှုနည်းနှင့် ခန္ဓာငါးပါး အဇ္ဈတ္တတရားတို့၏ဖြစ်ခြင်း ပျက်ခြင်းကို သိရပုံ အကျဉ်းမျှသာတည်း။ အကျယ်ကိုမူ နောက်ထပ်ပြမည့် ဝိပဿနာနည်းနှင့် စုပေါင်း၍ ပြပါမည်။

## လှုပ်ရှားသော ဣရိယာပုထ်၌ ရှုနည်း

## စားသောအခါ ရှုမြင်နည်း အကျဉ်း

စားသောအခါ၌ ထမင်းလုတ်ကို ပြုသောလက်သည် ထမင်းကို ယူသောအခါ ဖြည်းဖြည်း ကလေးယူ၊ ယူသော လက်ချောင်းကို ပဓာန မထားနှင့်။ လက်ချောင်းကြီးအထဲက ပထဝီ အာပေါ တေဇော ဝါယောဓာတ်တို့၏ ဖြစ်ပေါ် ပျောက်ပျက်နေပုံကိုသာ စိတ်ကစိုက်ထား။ ဤကဲ့သို့ပင် စိတ်ကို ထားယင်းနှင့်ပင် ထမင်းကိုယူ၍ ထိုထမင်းလုတ်သည် ပါးစပ်သို့ရောက်အောင် တမိနစ် နှစ်မိနစ်ခန့်ကြာအောင် ဖြည်းဖြည်း ကလေးယူ။ စိတ်ကိုမူ လက်ထဲမှာပဲထား။ ပရမတ် ဆတ်ဆတ်ဖြစ်သော ခက်မာ ဖွဲ့စေး ပူအေး ထောက်ကန်ဆိုတဲ့ သဘောကလေးတွေ သူတို့ဘာသာ သူတို့ဖြစ်နေတာတွေကို အပျောက်မခံနှင့်။ သတိအမြဲရှိစေ။ ထမင်းကို ပါးစပ်၌ ထည့်တုန်းကလဲ သတိမလစ်စေနှင့်။ ဒါကြောင့် သတိပဋ္ဌာန်ခေါ်သည်။ ဤကား ပရမတ္ထသဘာဝ ကျနသော ပရမတ်ကိုမြင်လျက် ရှုနေသော သမ္မာဉာဏ်ပဗ္ဗ သတိပဋ္ဌာန်ပင်ဘည်း။ လက်ချောင်းကြီးကား ပညတ်တည်း။ ခက်မာ ဖွဲ့စေး ပူအေး ထောက်ကန်မှုကား ပရမတ် ရုပ်အစစ်တည်း။ ထိုအခါ လက်ထဲမှာသာ စိတ်ကိုထားသည်ဆိုသော်လည်း တကိုယ်လုံးမှာ ဓာတ်လေးပါးတို့စု၍ နေတာကိုလည်း သိလျက်နေလိမ့်မည်။ ပါးစပ်ထဲ ထမင်းထည့်ပြီးနောက်လည်း လက်ကိုတမိနစ်ထက် မမြန်စေရအောင် ဖြည်းဖြည်းကလေး ချချသွား။ ထမင်းဆီသို့ ရောက်လျှင်လည်း ဟင်းအစရှိသည်တို့ကို ယူက ဤနည်းအတိုင်း ယူလေ။ ဤနည်းအတိုင်း ဝအောင်စားလေ။ ဝအောင်စား ဆိုသော်လည်း အာဟာရကိစ္စ မပြီးမှာစိုးလို့သာ စားရသည်။ မစားချင်တော့ပေ။ ငြီးငွေ့၍နေ

ပေတော့၏။ အနားကလူတယောက်က တလုတ်စာတလုတ်စာထမင်းနှင့် ဟင်းကို ပြုပြင်၍ပေးက သာ၍ကောင်း၏။ ဤကဲ့သို့စားနေယင်း ကွေး သောလက် မဆန့်မိ ဆန့်သောလက် မကွေးမိ ဖြစ်ပျက်တည်း ဟူသော သင်္ခတ ပရမတ်ကို အာရုံပြုရာမှ မဖြစ်တည်းဟူသော အသင်္ခတ ဓာတ် သို့လည်း အာရုံပြု၍ သွားတတ်လေ၏။ ကောင်း၏၊ သာဓု ခေါ်ရ၏၊ တာကြောင့်မို့လို့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ အပ္ပဝတ္တံ နိရောဓံ၊ ခန္ဓာ နာမ်ရုပ်တို့၏ ဖြစ်ပျက်အစဉ်သည် ကင်းပြတ်၍ ထပ်ပြီးမဖြစ်သောနိဗ္ဗာန် သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏-ဟူ၍ ဟောတော်မူ၏။

## သွားသောအခါ ရှုနည်းအကျဉ်း

လမ်းလျှောက်သောအခါ၌လည်း ခြေထောက်ကိုစုံရပ်။ စိတ်ကို ခြေ ထောက်ပြည်ကြီး၌ အာရုံမပြုနှင့်။ ခြေထောက်ပြည်တည်းက ပြဆို ခဲ့ပြီးသော ဓာတ်လေးပါးကလေးတွေ ဖြစ်ပေါ်နေတာကို သိအောင် အာရုံပြုကြည့်လျှင် ပရမတ်ဖြစ်ပျက်တွေခြေထောက်တည်း၌တွေ့ရလတ္တံ့၊ တွေ့သောအခါ ဖြည်းဖြည်းကလေး ညာခြေ ဖနောင့်ကိုကြွ။ ပရမတ်၌ သတိကိုမူ မလစ်စေနှင့်။ ကြွတုန်းကြွဆဲကို ဖြစ်ပျက်နေသော ရုပ်ကလေး တွေကို ထင်အောင်ရှု။ ရှုယင်းပင် ခြေဖျားကိုယပ်၍ကြွ။ ရှေ့သို့ ဖြည်း ဖြည်းကလေး လှမ်းယင်းလှမ်းယင်းပင် ဓာတ်လေးပါး ဖြစ်ပျက်ကို သိနေ ပေစေ၊ မလစ်စေနှင့်။ တလှမ်းတလှမ်းကို နှစ်ပိုနှစ်သုံးမိနစ်ကြာအောင် ဖြည်းသည်ထက် ဖြည်းဖြည်းကလေး လှမ်းနိုင်လျှင် သာ၍ကောင်း၏။ လှမ်းသောခြေကို ချသောအခါ ဖြုန်းကနဲမချနှင့်။ ခြေဖျားကစ၍ဖြည်း ဖြည်းကလေးချ။ ညာဘက်ဖနောင့်ကို ချ၍ မပြီးတပြီး ဗယ်ဘက်ဖနောင့် ကြွ။ ထိုအခါ စိတ်ကို ဗယ်ဘက်ဖနောင့်မှာထား။ အတွင်းသားပရမတ် ကလေးတွေ ထင်ရှားအောင် ပေါ်အောင်အာရုံပြု။ ပြုပြီးလျှင် ခြေ ဖျားထပ်၍ကြွ။ ကြွပြီး ဗယ်ခြေကိုလှမ်း။ သတိမလစ်စေနှင့်၊ လှမ်းယင် လဲ သိနေပေစေ။ ဤကဲ့သို့ သတိမလစ်စေပဲ ညာခြေ ဗယ်ခြေ တလှမ်း ပြီးတလှမ်း လှမ်းနေယင်း သင်္ခါရကို မြင်နေယင်းလဲပဲ ရုပ်နာမ် သင်္ခါရမှ

လှမ်းသောခြေမချမီ ကြွသောခြေ မလှမ်းမီ လွတ်မြောက်သွားတတ်၏။ တာကြောင့်မို့လို့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌– ပဝတ္တံ၊ ခန္ဓာ နာမ် ရုပ်တို့၏ ဖြစ်ခြင်းမှု။ အတိဘုယျတိ၊ လွှမ်းမိုး လွန်မြောက်၏–ဟူ၍ ဟောတော်မူ၏၊ ကောင်း၏၊ သာဓုခေါ်ရ၏။ ဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်၏။ အပါယ်တံခါး ပိတ်တော့၏။

### အိပ်သောဣရိယာပုထ်၌ ရှုမြင်နည်း အကျဉ်း

အိပ်သောအခါ၌မူ ခန္ဓာကိုယ်တခုလုံး အနှံ့လုံးပဒိုလုံ အထက်မှအောက် အောက်မှ အထက် စူးစိုက်ရှုပါလေ။ ပရမတ်တရား ဓာတ် လေးပါးတို့၏ အမျိုးမျိုး ဖြစ်ပေါ် ချုပ်ပျောက်နေမှုတို့ကို တွေ့ရပါ လိမ့်မည်။ နေ့ဆက်ရက်ဆက် များများရှုမှ များများ ဗဟုသုတရှိသည်။ သူတပါး ကိုလည်း ဟောပြောနိုင်သည်၊ စာမတတ်သော်လည်း အဘိဓမ္မာကျမ်းကို ဖတ်ရှုကြည့်ရှုံနှင့် သိနားလည်နိုင်သည်။ ဘယ်လောက်ဝမ်းသာစရာကောင်း တယ်ဆိုတာစဉ်းစားသာ ကြည့်ကြပါတော့၊ ကြိုးစားကြပါ၊ ဤတရားကို အားထုတ်၍မကြည့်ပဲနှင့် အပြစ်တော့မဆိုကြပါနှင့်။ မေမ္မတ္တရာယ်ဖြိုတတ်ပါသည်။ အားထုတ်မိကလည်း အဘိဓမ္မာတရား ဝမ်းထည်း ရောက်လာသကဲ့သို့ လွန်စွာဝမ်းမြောက်၍ သွားတတ်ပါသည်။ ထိုင်၍ ရှုသောအခါ များ၌ ဘဝင်မှာ စိတ်ထားပါ၊ တကိုယ်လုံးဘယ်လိုနေတယ်ဆိုတာကိုလဲ သိရအောင် တကိုယ်လုံး၌ လိုက်၍ စူးစိုက်ရှုပါ၊ တကိုယ်လုံး၏ဖြစ်ပျက်ကို အမျိုးမျိုး တွေ့ရပါလိမ့်မည်။ တကိုယ်လုံးလိုက်သည့်အတွက် ဗဟုသုတ ပို၍ ရပါသည်။

ရင်းပြင် မြင်ပျက်ရှုနည်းမှာ မျက်စေ့ဖွင့်၍ထိုင်၊ မိမိ မျက်မှောက်တွင်ရှိသော သင်ဖြူးကို စိတ်က တနေရာဘည်းမထားပဲ ဖြန့်၍ ကြည့်။ ဘာကိုမျှ စိတ်မကူးနှင့်။ ကြည့်ယင်းကြည့်ယင်း ရိုးတိုး ရှတနှင့် အရောင် အဆင်းမရှိ တံလှပ်ရောင်ကဲ့သို့ ဝဏ္ဏ ဓာတ်ကလေးတွေသည် ဖြစ်ပျက်၍ နေလတ္တံ့။ ဆက်၍ရှု၊ ကြာကြာရှုလေ ဝဏ္ဏဓာတ် ဖြစ်ပျက်ကလေးတွေ များလေပဲ၊ ဤကဲ့သို့ ရှုဖန်များ၍ မြင်ဖန်များလျှင် ဘယ်လိုပဲ ကြည့်

ကြည့် ဖြစ်ပျက်ချည်းသာ တွေ့ရတော့၏။ သစ်ပင်ကိုကြည့်လဲ သစ်ရွက်ကလေးတွေ အငြိမ်မနေ ဖြစ်ပျက်နေသည်ဟု ထင်ရ၏။ စာဖတ်လျှင်လဲ စာဖတ်လို့မရ၊ စာလုံးကလေးတွေ ဖြစ်ပျက် ဖြစ်ပျက်နှင့် နေလေ၏။ လမ်းသွားလျှင်လည်း မျက်စေ့ထဲမှာ ဖြစ်ပျက်ချည်းသာ မြင်နေရ၍ ခြေလှမ်း၍ မဖြစ်သဖြင့် ထိုင်နေရ တော့သည်။ မြင်မြင်သမျှ မြင်ကာ မတ္တသာတည်း၊ ပြီးလျှင် ပျက်ပျက် သွားလေတော့၏။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဝါ ဆိုတဲ့ ဥပရိပဏ္ဏာသပါဠိတော်နှင့် လည်း ကိုက်၏။ သစ်ရွက်ကလေးတွေ ကြွေကြွေကျနေတာကို ရုတ်ရက်ခတ် မြင်နေရသလို ဖြစ်တော့၏။ ထမင်းအိုး ဆူပွက်နေတာကို မြင်ရသလို အစဉ်မပြတ်ပျက်နေတာကို မြင်ရတော့၏။ ထိုအခါ၌ တကိုယ်လုံးလည်း ဆူပွက်၍ ပျက်နေတော့၏။ ဤကား ပရမတ်အစစ်ဖြစ်သော မြင်ပျက်တည်း။ အဓိဋ္ဌာန် ထိပျက်ကို နှိုင်ပြီးသော သူများ ဤနည်းအတိုင်း ရှုမည်ဆိုလျှင် အလွန်လွယ်ကူပါသည်။

ကြားပျက်ရှုလိုလျှင်စိတ်ကို ဘဝင်မှာဖြစ်စေ၊ နားတွင်းမှာဖြစ်စေထား။ အသံကြားရာသို့ စိတ်ကိုမလိုက်စေနှင့်၊ ဘာသံပဲ ညာသံပဲ ဟု သဘောမထားနှင့်၊ ကြားပြီး ပျောက်ပျောက်သွားတာကို အာရုံပြု၊ ဤကဲ့သို့ အာရုံပြုဖန်များသောအခါ စိတ်သည် ထားသောနေရာ၌သာလျှင် နေပြီးလျှင် ကြားသမျှသော အသံတို့သည်ဘာသံ ညာသံဟူ၍ မသိကဲ့တော့ပဲ ကြားရုံတင်ကြားပြီး ပျောက်ပျောက်သွားတာသာ ထင်ရှား၍ လာလိမ့်မည်။ ထိုအခါ၌ သုတေ သုတမတ္တံ ဝါဆိုတဲ့ ပါဠိနှင့် ကိုက်ညီပြီးလျှင် ကြားမှု၌ လက္ခဏာရေး ထင်လာလိမ့်မည်။

အနံ့ကို ရှုရာ၌လည်း ဃာနပသာဒရှိရာ စိတ်ကိုထား၍ရှု၊ အနံ့ကလေးတွေ ပျက်နေတာ သိသာလာလိမ့်မည်။

အရသာကို ရှုလိုလျှင်လည်း လျှာပေါ်ရောက်လာသော အရသာကို မဝါးပဲ ထား၍ရှုက သာ၍ ထင်ရှား၏။

အနံ့နှင့် အရသာကို ရှုနည်းမှာကား ရှု၍ ဖြစ်ကြောင်းကိုသာ ပြရသည်။ မရှုသော်လည်း အရေးမကြီးလှပါ။ အဆင်းနှင့်အသံမှာမူ အရေး

ကြီးပါသည်။ မြင်ရုံနှင့် ကြားရုံနှင့် ဖြစ်ပျက်ကိုမြင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရကြရောက်ကြသော ပုဂ္ဂိုလ်များလည်း အထင်အရှား ရှိကြပါသည်။ သို့ရာတွင် ယေဘုယျအားဖြင့် ယခုခေတ်လူများနှင့်မူကား ကိုယ်တွင်းရှိတရားဖြစ်သော တွေ့ထိ ပျက်နှင့် အလျော်ဆုံးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် တွေ့ထိ ပျက်သည် တခါပိုင်ထားလျှင် စွဲမြဲသွားတတ် သောကြောင့်၏။ တွေ့ထိ ပျက်တမျိုးတည်း သိရုံမျှနှင့် ကျန်ငါးပါးကို သဘောပေါက် လွယ်၏။ အခါခပ်သိမ်း အရှုရလည်း လွယ်၏၊ ခန္ဓာ အာယတန ဓာတ် ပရမတ်တို့၏ အကြောင်းကိုလည်း ပိုင်နိုင် သဘောပေါက်သော့၏။

ဤကဲ့သို့ ဤကိုယ်ကောင်ကြီးကို ပညတ်တုံး ပညတ်ခဲကြီးကို ကြည့်နေတာနှင့် ဘယ့်နှယ်ကြောင့် ပရမတ်အစစ် ဓာတ် အနှစ်ကလေးတွေကို တွေ့ရတယ်ဆိုသလဲ၊ ပရမတ်အစစ် ဆိုတာ ဘယ်လိုနေလို့လဲ၊ ဘယ်ကလာသလဲ၊ ပညတ် ဆိုတာကော ဘယ်လိုနေတယ်ဆိုတာကို ပညတ်ခေါ်သလဲ၊ ဘယ်ကဖြစ်တာလဲဟုဆိုလျှင် ပရမတ်ဆိုတာ ပထဝီ အာပေါ တေဇော ဝါယောပဲ၊ အဲဒီဓာတ်လေးပါးဟာ ဘာ့ကြောင့် ဖြစ်သလဲဆိုလျှင် ကံ စိတ် ဥတု အာဟာရကြောင့်ဖြစ်တယ်လို့ ဖြေ။ ဘယ်လိုဖြစ်သနည်းဟူမူ ခက်မာ ဖွဲ့စေး ပူအေးထောက်ကန် လေးတန်သော လက္ခဏာသဘောဖြစ်၏။ ဖြစ်သော်လည်းဘူတရုပ်မို့ လို့ မျက်စေ့ဖြင့်မမြင်နိုင်။ သိကားသိနိုင်၏။ ဘယ်လိုသိနိုင်ပါသလဲဆိုလျှင်ဘူတရုပ်ဆိုသည့်အတိုင်းကိုယ်အတွင်း၌ မာမှု ပူမှု အေးမှု ထောက်ကန် လှုပ်ရှားမှုတို့ကို တွေ့ရပါသည်။ တွေ့သောအခါ ဓာတ်တို့၏ သဘာဝအတိုင်း အမျိုးမျိုး သူ့သဘောကို သူဆောင်၍ အမျိုးမျိုးပျက်ကြရလေ၏။ ရူပက္ခန္ဓာတရားကို ပြလတ္တံ့သည့် အတိုင်းပင် ဖြစ်၏။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီးလျှင်အကြောင်းအားလျော်စွာ ပျက်ရ၏။ ပျက်တာကိုအနိစ္စခေါ်၏။ ပရမတ္ထသဘာဝဖြစ်သော အနိစ္စတွင်လည်း သန္တတိ အနိစ္စနှင့် ခဏိက အနိစ္စဟူ၍ နှစ်ပါးရှိကြောင်း ရေးပြပါမည်။ သန္တတိဖြစ်စေ၊ ခဏိကဖြစ်စေ ဝိပဿနာရှုရာ၌ မိမိခန္ဓာကိုယ်အတွင်းက ပရမတ် ဓာတ် သဘာဝတို့၏ ဖောက်မဖောက် ပြန်ပြန် ယောက်ယက်ဆန်အောင် ဖြစ်ပျက်နေမှုတို့ကို သိမြင်ရဖို့သာလျှင် လိုရင်း

ဖြစ်ပါသည်။ သိစရိုလာလျှင် ဆက်၍ရှုက သမာဓိအားကောင်း လေလေ ထင်ထင်ရှားရှားပို၍ သိမြင်လာရလေပါပဲ။ ထိုအခါကျမှ ပညတ်၂ရမတ် ကွဲ၍ ဉာဏ်ရှင်းသွားတော့၏။ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာရေးသုံးပါးကို ကောင်းစွာသိရတော့၏။ တကြောင့်မို့ သဲဖြူလယ်တီဆရာတော်ဘုရားက-

"ပညတ်ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက် စခန်းတည်း"-

ဟု ဆိုပါသည်။

ထို့ကြောင့် ပညတ်ပရမတ် အတတ်မသိသမျှ ယထာဘူတ ကျနသည့် ပရမတ် အနိစ္စ ခဏိက အနိစ္စကို မမြင်ဟု မှတ်ပါ။ ပညတ်ဆိုတာကတော့ အပေါင်းအစု အနေနှင့် မြင်ရသော် သမူဟပညတ် ခေါ်၏။ ပရမတ် ရုပ်နာမ် တို့၏ အစွမ်းဖြင့် ဖြစ်ပေါ်နေကြသော ပရမတ်ကို မူလ အစွဲ ပြု၍ ဖြစ်ပေါ်လာသော သက်ရှိ သက်မဲ့ မှန်သမျှကို ဥပါဒါန ပညတ် ခေါ်၏။ ပုံသဏ္ဌာန်အမျိုးမျိုးကို သဏ္ဌာနပညတ် ခေါ်၏။ သန္တတိ ပညတ်မှာ အစဉ်မပြတ် တည်၍နေသည်။ မနေ့ကလဲ ဒီလူပဲ၊ ဒီကနေ့လဲ ဒီလူပဲ၊ သစ်ပင်ကြီးဟာ ခုန မြင်တုန်းကလဲ ရှိတယ်၊ ယခု မြင်တော့လဲ ဒီလိုပဲ ရှိတယ်၊မီးပုံကြီးဟာ ခုနကလဲ ဒီမီးတွေပဲ၊ ယခုလဲ ဒီမီးတွေပဲ ဟု မြင်မှု သိမှုသည် သန္တတိပညတ် ခေါ်၏။ အခြားနည်း ပညတ်တွေ လည်း ရှိသေး၏၊ ရှိသော်လည်း တရားအားထုတ်ရာ၌ အသုံးဝင်သော ပညတ်ကိုသာ ပြလိုက်ပါသည်။ ထိုပညတ်တို့သည် ပရမတ်ကြောင့် ဖြစ် ရ၏။ ပညတ်၌ ပရမတ်ရှိ၏။ ပရမတ်၌ ပညတ်ရှိ၏။ ပရမတ်ကြောင့် ဤလူဖြစ်ရ၏။ ဤလူ၌ပင် ပရမတ်ရှိ၏။ တကြောင့် "တရားရှာ ကိုယ် မှာ" ဆိုသည့်အတိုင်း လူတည်းဟူသော ပညတ်ထည်းမှာ ပရမတ်တည်း ဟူသောတရားကိုရှာရသည်။ လူတည်းမှာ ပရမတ်တကယ်ရှိသောကြောင့် လည်း ရှာတော့ကာ တကယ်တွေ့ရသည်။ တဖြင့် တချို့ပုဂ္ဂိုလ်တွေ ပရမတ်ကိုရှာကြတာပဲ။ ရှာပေမယ့် မတွေ့တာက များတယ်ဟု ပြော လိမ့်မည်။ ပြောသောအခါ မရှာတတ်လို့ ပရမတ်ဆိုတာ ဘယ်လိုနေမှန်း

မသိတတ်လို့ မတွေ့ရတာဟုဖြေ။ သိတတ်သောသူမှာမူကား ပရမတ်ကို ရှောင်လို့တောင်မလွတ်နိုင်ပါ။ ပရမတ်နဲ့လွတ်တဲ့နေရာဟူ၍မရှိပါ။ ဇီဝက ဆရာသည် ဆေးဘက် မဝင်သောအပင်ကိုရှာ၍ မရဘိသကဲ့သို့ ပရမတ် မရှိတဲ့နေရာကို ရှာ၍မရပါ။ ဒါဖြင့်လျှင် ပိဋကသုံးပုံ အာဂုံဆောင် နိုင်သော ပညာရှိသူမြတ်တွေ အများကြီးရှိတယ်။ သူတို့လဲ ရှာကြတာပဲ။ ဒါပေမယ့် နှစ်ပေါင်း နှစ်ဆယ်သုံးဆယ်ကြာတာတောင် တောထဲတောင် ထဲမှာ နေ၍ရှာတာမတွေ့ပါကလား။ ဒီလောက်စာတတ်တဲ့သူတွေမှ မရှာ တတ်လျှင် ဘယ်သူတွေကော ရှာတတ်ဦးမှာလဲဟု မေးလျှင် စာတတ် တာမှန်ရဲ့၊ စာထည်းမှာပါတဲ့အတိုင်း ရှာရတာလဲမှန်ရဲ့၊ စာထည်းမှာ ပါတဲ့အတိုင်း တွေ့ရတာလဲ မှန်ရဲ့၊ မှန်ပေတဲ့ အင်္ဂရိတ်ဆရာဟာ စာကို ကြည့်ပြီးထိုးလို့မဖြစ်တာလိုပဲဟုမှတ်။ ဆေးစာတွေ ကျက်ထားသော ဆေးဆရာသည် လူနာတွေ့တော့ ဘာရောဂါမှန်းလဲမသိ။ မသိတော့ မကုတတ်ဟု မှတ်ပါ။ ပရမတ်ရှာတာလဲ မရှာတတ်လို့ မတွေ့တာဟု မှတ်ပါ။ တောထည်းမှာသွားပြီး ရှာတယ်ဆိုတာ ပလိဗောဓကြောင့် ကြကြီးငယ် ငြိမ်းအောင် ကျကျနန ရှာနိုင်အောင်လို့ သွားရှာကြတာ။ ရှာရမှာကတောထည်းက ပရမတ်ကိုရှာရမှာမဟုတ်၊ မိမိကိုယ်ထည်းက ပရမတ်ကို ရှာရမှာ။ ဒါကြောင့်မို့လို့ ရှာတတ်လျှင် မိမိအိပ်ရာထည်း မှာ ရှာလဲတွေ့တာပဲ။ အစဉ်မပြတ်ရှိနေသော တရား ဖြစ်သောကြောင့် သမာဓိနှင့် ကြည့်လျှင် အစဉ်မပြတ်မြင်နိုင်သော တရားဖြစ်၏။ ရှာတိုင်း တွေ့နိုင်ပါသည်။ ဘယ်လိုရှာရမှာလဲဆိုလျှင် ဤကိုယ်ကောင်ကြီးထည်းမှာ ဤကျမ်း၌ ပါသည့်နည်းတို့တွင် ကြိုက်ရာနည်းနှင့် ရှာပါ။ ရှာလျှင်ပဌမ ကိုယ်ကောင် ပညတ်ကြီးကို တွေ့လိမ့်မည်။ နောက်တော့မှ ကိုယ်ကောင် ပညတ်ကြီး ထည်းက ပရမတ်တရား ဓာတ်အသား ကလေး တွေကို တွေ့လိမ့်မည်။

ဒါကြောင့်မို့လို့ သုတ်ပါဠိယျှ၌—

သစ္စံ ဂယှတိ ပုဗ္ဗာဘာဂေ ဘာဝနာယ ပန ဝစနမာနာယ ပညတ္တိ သမတိက္ကမိတွာ သဘာဝေယေဝ တိဋ္ဌတိ။

အနက်မှာ–ပုဗ္ဗဘာဂေ၊ ကမ္မဋ္ဌာန်း၏ ရှေးအဖို့ကာလ၌။ ဂယှတိ၊ ပညတ်ကိုယ်ကောင်ကြီးကို မြင်သည်။ သစ္စံ၊ မုန်၏။ ဘာဝနာယ၊ ဝိပဿနာကို။ ဝစ္စမာနာ ပန်၊ ယူမှတ်ပွားများနေသည် ရှိသော်ကား။ ပညတ္တိံ၊ ရှေးကယူ၍ မှတ်၍ထားသော စာသိ ငါသိ ပညတ်သိ တည်းဟူသော ဤကိုယ်ကောင် ပညတ်ကြီးကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ သဘာဝေယေဝ၊ သဘာဝဆတ်ဆတ် ပရမတ်ဖြစ်သော ပထဝီ အာပေါ်တေဇော ဝါယောဓာတ်၌သာလျှင်။ ဝါ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရား၌သာလျှင်။ စိတ္တံ၊ စိတ်သည်။ တိဋ္ဌတိ၊ တည်၏။

ရန်ကုန်မြို့ ဒလဘက် ပျော်ဘွယ်ကြီးရွာ

ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်ထံမှ ရသော

# အာနာပါနသမထနည်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ရှေးဦးစွာ သမာဓိရဖို့အတွက် သမထနည်းကို ပြပေအံ့။

သမထနည်း လေးဆယ် ရှိသည်တွင် ယောဂါဝစရအားဖြင့် တွေ့ကြုံရဖူးသည့်အနက် အများနှင့် လျော်သည် ထင်သော ကမ္မဋ္ဌာန်းမှာ အာနာပါနဖြစ်၏။ လွယ်လွယ်ကူကူနှင့်အားထုတ်၍ဖြစ်ကြသည်ကိုသည်း ကြုံတွေ့ရ၏။ ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းကို အဓိကထား၍ ရေးပြပေအံ့၊ အာနာပါနကမ္မဋ္ဌာန်းတွင် အားထုတ်ပုံ နည်းအမျိုးမျိုး ရှိသော်လည်း ဤကျမ်းစာ အုပ်မှာ ဖြတ်လမ်း အတိုနည်းကိုသာ လို သည်ဖြစ်၍ အတိုဆုံး အမြန်ဆုံးနည်းဟု ကျမ်းပြုသူ ယူမှတ်ထားသော နည်းကိုသာ ပြပါမည်။

ကမ္မဋ္ဌာန်းခွင် ဝင်မည်ကြံလျှင် ဘုရားအစရှိသော ရတနာသုံးပါး အနန္တငါးပါးတို့ကို ရှိသေစွာကန်တော့ပြီးလျှင် ဖော်ပြခဲ့ပြီးသော ဝိပဿနာ ရှုနည်းတွင် ကမ္မဋ္ဌာန်း၏ ရှေးအဖို့၌ ပြုရန် ပြုဖွယ်ကိစ္စတို့ကို ရေးထားသည့်အတိုင်း အကုန်လုံးပြုပြီးလျှင် မိမိကြာကြာထိုင်နေမည့် ဣရိယာပုထ်အတိုင်းထိုင်။ ယောကျ်ား ဇက်ပျဉ်ခွေ၊ မိန်းမကျုံ့ကျုံ့ ထိုင်နိုင်လျှင် သာ၍ ကောင်း၏။ ထိုင်သောအခါ တဘက်ဖြူ တခုကို ထိုင်းထားလျှင် သာ၍ ကောင်း၏။ ထိုင်ပြီးလျှင် ထွက်သက်ဝင်သက်ကို

အလိုလိုနေတုန်းအခါက အတိုင်းရှု၍ စိတ်ကို နှာသီးဖျား ထွက်သက်ဝင်သက် တိုး၍တိုး၍ ထိ၍ထိ၍သွားနေသော နေရာမှာထား။ စိတ်ကဘာမျှမကြံ မတွေးနှင့်။ မရွတ်ဆိုနှင့်။ ထွက်လေဝင်လေ ထိတိုင်းထိတိုင်း အစဉ်အတိုင်း သိ၍သိ၍နေအောင်သာ သတိထား၍နေ။ ရံဖန်ရံခါ အသက်ရှူမှားလျှင် မောတတ်၏၊ ပြင်၍ရှူပေး။ တခါတရံ ဖြည်းဖြည်းကလေးရှူပါများလျှင် အိပ်ချင်လာတတ်သည်။ ပြင်၍ရှူပေး။ ရှူဖန်များလျှင် "မုဆိုးစိုင်သင်" ဆိုသကဲ့သို့ မိမိအလုပ်က မိမိကိုယ်ကိုသင်၍ ပြလိမ့်မည်၊ ညောင်းအားကြီးလျှင် နေရာပြင်ရှူမြဲတိုင်းရှူ။ မှတ်မြဲတိုင်းမှတ်။ စိတ်ကဘယ်နည်းနှင့်မဆို ပေါက်မြောက် အောင်မြင်အောင် အားထုတ်မည်၊ ငါပါရမီရှိသည်၊ အောင်လျှင် အပါယ်တံခါး ပိတ်မည်ဟု ယုံယုံကြည်ကြည် လိုလိုချင်ချင်နှင့် အားထုတ်ပါ။ သို့မှမြန်မြန် ခရီးရောက်မည်။ ပေါ့ဆဆ စိတ်ကမယုံ့တယုံ မလိုချင့်လိုချင်နှင့် ဆိုလျှင် အလကားပဲ။ ပင်ပန်းရုံပင်ရှိတတ်သည့်ပြင် နောက်တခါထပ်၍အားထုတ်ပါသော်လည်း ရုတ်တရက် မအောင်မြင်လွယ်ပဲ ရှိတတ်သည်။ ဤကဲ့သို့ ရှူဖန်မှတ်ဖန်များလာသော် တခါတရံ ၁-စက္ကန့်မှစ၍ ၁-မိနစ်၊ ၂-မိနစ်၊ ၅-မိနစ်၊ ၁၀-မိနစ်ခန့်ကြာအောင် နိမိတ်မြင်လာတတ်ကြသည်။ နိမိတ်ဆိုသည်မှာ အာနပါန နိမိတ် ၁၂-ပါးဖြစ်စေ၊ အခြား နိမိတ်များဖြစ်စေ မြင်လာတတ်သည်။ မြင်သော်လည်း မြင်မှန်း သိပြီးသည်နှင့်တပြိုင်နက် နိမိတ်ပျောက်သွားသည်နှင့်တပြိုင်နက် ထွက်လေ ဝင်လေ ထိသောနေရာ နှာသီးဖျားမှာပင် စိတ်ကိုထား။ ဝင်လေ ဝင်တိုင်းဝင်တိုင်း ထိတာကိုသိ။ ထွက်လေထွက်တိုင်းထွက်တိုင်း ထိတာကို သိ၍သာနေ။ ထိုအခါ နိမိတ်အမျိုးမျိုး တွေ့လာတတ်သည်။ တွေ့တတ်ပုံမှာ ထွက်လေဝင်လေတို့သည် လေအမြှောင်းကြီးကဲ့သို့ တင်လာတတ်သည်။ ထွက်လေသည် နှာသီးဝ၏ အပြင်ဘက်သို့ တထွာ တတောင် ရောက်အောင် ထွက်သွား၏သို့၊ ဝင်လေသည် လည်ချောင်း ရင်ဝ ချက်တိုင်အထိ ရောက်သွား၏သို့ အလိုလို ထင်လာတတ်သည်။ ဤနေရာ၌ အချို့က ဝင်လေသည် ချက်ရောက်အောင် အားထုတ်ရမည်ဟု ထင်နေကြသဖြင့် များ

သော ပုဂ္ဂိုလ်များက ဝင်လေကို ချက်ရောက်အောင် တမင်ရှူ၍ သွင်းနေကြ၏။ ဤကား စကားချပ်တည်း]။

ထွက်လေ ဝင်လေတို့သည် အခိုးတွေကဲ့သို့ ထင်လာတတ်သည်။ ဖြူဖြူမီးခိုးကဲ့သို့ ထင်လာတတ်သည်။ နှာသီးဝ၌ ဂွမ်းစတွေအဆင့်ဆင့် ထပ်၍ထပ်၍ ထွက်လေဖြင့် အဆင့်ဆင့် တိုး၍တိုး၍ မြင့်မြင့်လာသကဲ့သို့ ထင်နေတတ်သည်။ အဖြူခိုးတွေ ထွက်သောအခါ အဖြူခိုးနှင့် ရော လျက် လက်လက် လက်လက်နှင့် ရွှေချည်ငွေချည်မှုန့်ကလေးတွေ တောက် ပြောင်လျက် မီးပန်းများကဲ့သို့ ဖွာဖွာ ဖွာဖွာနှင့် ပါသွားတာကိုလည်း တွေ့ရတတ်သည်။ တခါတရံ ပုလဲလုံးတလုံးဖြစ်စေ၊ ပို၍ဖြစ်စေ၊ ကြီး သည်ဖြစ်စေ၊ငယ်သည်ဖြစ်စေ ထွက်လေဝင်လေနှင့် ရော၍ နှာသီးဝ၌ ဝင်လိုက် ထွက်လိုက် ဖြစ်နေတတ်သည်။ ပုလဲသွယ်ကဲ့သို့ သီတန်းလျက် လည်း ထွက်လိုက်ဝင်လိုက် နေတတ်သည်။ သမာဓိပို၍ ရင့်လာလျှင် ဤ ပုလဲလုံးများသည် ခတ်မီးကဲ့သို့ အရောင်လင်းပြီးသကာလ ဝင်လိုက် ထွက်လိုက် နေတတ်သည်။ ထွက်သောအခါ ချက်မှသည် နှာသီးဝ၏ အပြင်ဘက်သို့ ထွက်လေနှင့်တကွ ရောက်သွားတတ်သည်။ ဝင်သော အခါ ချက်အထိ တောက်လျှောက် ဝင်တာသိရသည်။ ထိုအရောင်ဖြင့် ဝမ်းထည်းက ရှိသမျှကိုတောင် မြင်ရတတ်သည်။ ဤကဲ့သို့ နိမိတ်မြင်နေ သောအခါ နိမိတ်ကိုသာ အာရုံပြုလျက် သိလျက် သတိရှိလျက် နေတတ် သည်။ နှာသီးဖျား၌ စိတ်မရှိတော့ပြီ။ နိမိတ်ပျောက်သွားသောအခါ နှာသီးဖျားမှာ စိတ်ရောက်လာပြန်သည်။ မရောက်လျှင်လည်း တမင် ထား၍ ပေးရသည်။

ထို့ပြင် ၃၁-ဘုံ၌ ရှိသော အပွင့်အမျိုးမျိုး၊ အပင်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အဆောက်အအုံအမျိုးမျိုး၊ တော တောင် ရေ မြေ သမုဒ္ဒရာအမျိုးမျိုး၊ဂူကျောင်းဘုရား အမျိုးမျိုး၊ အလွန်သာယာ ပျော် ဖွယ်ကောင်းသော နေရာဌာနန္တရ အမျိုးမျိုး၊ နေလ နက္ခတ်တာရာ အမျိုးမျိုး၊ပတ္တမြားအစရှိသော ကျောက်မျက်ရတနာအမျိုးမျိုး၊ ဥပါ ယျံသကဲ့သို့သော အလင်းရောင်လုံးကြီးမျိုး၊ လက်နှိပ်ခတ်မီးကဲ့သို့သော

အလင်းရောင်အမျိုးမျိုး ပိုးစုန်းကြူးကဲ့သို့၊ မီးပန်းမီးကျည်များကဲ့သို့၊ မီးဖွားကလေးတွေကဲ့သို့၊ အစရှိသော အရာမျိုးများကို ပြော၍ မပြတတ်လောက်အောင်ပင် တွေ့ရတတ်၏။ သမာဓိရင့်လေ တွေ့လေပဲ။ တခါတရံ သမ္မာဒေဝနတ်တွေ၊ ရုက္ခစိုးတွေ၊ ဝိဇ္ဇာ ဇော်ဂျီ တပသီတွေ၊ ဖုတ်ပြိတ္တာတစ္ဆေတွေတို့နှင့် တွေ့ရတတ်၏။ စကားပြောရတတ်၏။ သို့ရာတွင် တွေ့တုန်းအခါက မိမိစိတ်မှာ မထူးဆန်း၊ လူလူချင်းတွေ့ရသကဲ့သို့ပင် ရှိတတ်၏။ သူတို့ကလည်း ကြောက်လန့်အောင် မလုပ်နိုင်။ တချို့ကမူ ကား အားပေး၍ သွား၏။ အချို့မှာ မိမိက အလိုရှိလျှင် လာတတ်၏။ မေးလျှင်လည်း ပြန်ကြားဖြေဆိုတတ်ကြ၏။ ဤအခါ၌ သမထအားထုတ်သော ယောဂီသည် မိမိအလုပ်ကို မိမိကောင်းစွာ ဆက်၍ မလုပ်ပဲ နတ်တွေနှင့်သာ ပျော်မွေ့၍ နေတတ်ကြ၏။ မိမိကိုယ်ကို မိမိအထင်ကြီးပြီး နတ်ယောင်ယောင် ဝိဇ္ဇာယောင်ယောင်နှင့် အတော်ကြာ ပါပဲဖြစ်တော့မလိုလို အတော်ကြာ ပါပဲရတော့မလိုလို ထင်နေတတ်ကြသည်။ ကြာတော့ခါ ပြောပုံဆိုပုံ ရူးသလိုလိုတောင် ဖြစ်လာတတ်ကြသည်။ ဤကဲ့သို့နှင့်ပင် တောင်မရောက် မြောက်မရောက်နှင့် မူလရည်ရွယ်ရင်း ကမ္မဋ္ဌာန်းအလုပ် ပျက်တတ်သည်။ ထို့ကြောင့် သမထကမ္မဋ္ဌာန်းအလုပ်မှာ ဝိပဿနာကို ပြု၍ မြင်လွယ်လောက်တဲ့ သမာဓိအားရှိလျှင် သမထကို ဖြတ်၍ ဝိပဿနာကို ရှုသွားတာ ကောင်းသည်။

ဤနေရာ၌ စောဒကဝင်စရာ ရှိရဲ့။ ဘယ်လို ဝင်မလဲဆိုလျှင် ဒီလိုသာဖြင့် ဈာန်အဘိညာဉ်ရအောင် အားထုတ်တဲ့ သူများ ဒီလိုပဲ ဖြစ်နေရတော့မှာလား၊ ဈာန်အဘိညာဉ် မရ–ရတော့ဘူးလားဟု မေးစရာရှိရဲ့။ ထိုအခါ ဖြေဆိုရမည်မှာ ဈာန်အဘိညာဉ်ရအောင် အားထုတ်သော ပုဂ္ဂိုလ်များက ဤကဲ့သို့ ရုက္ခစိုး အစရှိသော နတ်တွေနှင့်တွေ့ရ မြင်ရ ပြောဆိုနေရတာနှင့် အာရုံမပြေ မနှစ်သက်၊ မိမိတရားကို မိမိဆက်လက်၍သာ အားထုတ် သွားကြပေသောကြောင့် ဈာန် အဘိညာဉ်ရသည်အထိ ပေါက်ရောက် သွားကြပေသည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း တွေ့ခဲ့ဖူးသောနိမိတ် အမျိုးမျိုးကို ဥဂ္ဂဟနိမိတ် ခေါ်သည်။ ထိုဥဂ္ဂဟနိမိတ်များအနက်မှ အလွန်ကြည်လင် တောက်ပသော ဖြူသော လင်းသော မသေးလွန်း မကြီးလွန်းသော ခုန်ညင်းခန့် ဥသျှစ်သီးခန့်ရှိသော နိမိတ်တလုံးလုံးကို မိမိစိတ်က နှာသီးဖျားနှင့် တတောင်ခန့်ကွာသော နေရာမှာမြင်၍ မျက်စေ့မှိတ်လျက် အာနာပါနကိုရှု။ ထိုအခါ မိမိမှတ်ထားသော နိမိတ်လုံးသည် မိမိမြင်လိုသောနေရာ ထားလိုသောနေရာ၌ ရောက်လာသလိုလို ပျောက်သွားသလိုလိုနှင့် နေတတ်သည်။ ကြာသောအခါ မပျောက်တော့ပဲ တကယ်မြင်၍ နေတတ်သည်။ မျက်စေ့ဖွင့်၍ ကြည့်တောင် မြင်၍ပင်နေတတ်သည်။ သို့ရာတွင် မျက်စေ့ကိုမှိတ်ထား၊ စိတ်ဖြင့်မြင်အောင် ကြည့်မြဲတိုင်း ကြည့်။ ကြည့်ဖန်များလျှင် သမာဓိက ပိုသည့်ထက်ပို၍ ခိုင်မြဲသည်ထက် ခိုင်မြဲ၍လာသောအခါ ထိုနိမိတ်လုံးသည် နေရောင်လရောင်ထက် များစွာပို၍ အေးကြည်၍ လင်း၍လာလိမ့်မည်။ ထိုအခါ မိမိရှေ့တွင် ငြိမ်၍တည်နေလိမ့်မည်။ ဤကဲ့သို့နေသောအခါ ပဋိဘာဂနိမိတ်ခေါ်သည်။ ဤပဋိဘာဂနိမိတ်ကို ကြည့်၍ကြည့်၍နေလျှင် ကြာလေငြိမ်လေ၊ ကြာလေ လင်းလေ၊ ကြာလေ အေးကြည်လေ၊ ကြာလေ ငြိမ်သက်လေ ဖြစ်လာပြီးသကာလ နှစ်သက်သော ပီတိဖြစ်၍ ဖြစ်၍ နေလိမ့်မည်။ ထိုနှစ်သက်သော ပီတိဖြစ်တယ်ဆိုလျှင်ပဲ ချမ်းသာသော သုခဖြစ်လာတော့တာပဲ။ ချမ်းသာသော သုခဖြစ်တယ်ဆိုလျှင်ပဲ မတုန်မလှုပ် ငြိမ်သက် တည်ငြိမ်သော ကျောက်စာတိုင်ကဲ့သို့ ခိုင်သော မြဲသော ဧကဂ္ဂတာစိတ် ဖြစ်လာတော့တာပဲ။ ဧကဂ္ဂတာစိတ် ဖြစ်လာသောအခါ မိမိစိတ်သည် ထိုပဋိဘာဂနိမိတ်ထည်းရောက်၍ နေသကဲ့သို့ ပဋိဘာဂနိမိတ်ကို မြင်နေသည်မှတပါး လွဲ၍ ဘာကိုမျှမသိတော့ပေ။ ထိုပဋိဘာဂနိမိတ်သည်ပင်လျှင်မိမိ၊ မိမိသည်ပင်လျှင် ပဋိဘာဂနိမိတ်ဟူသကဲ့သို့ ဖြစ်နေတတ်သည်။ ထိုအခါ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော ဈာနအင်္ဂါ ငါးပါးနှင့်ပြည့်စုံပြီးသကာလ ပဌမဈာန်ဇော ကျသွားတတ်လေ၏။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဟူသော ဈာန်အင်္ဂါငါးပါးတို့တွင် ဝိတက်ဟူသည်ကား မိမိနှင့်တကွ ဖြစ်သော နာမ်တရားတို့ကို

အာရုံတခုခုသို့ ပို့ခြင်းသဘောရှိသော နာမ်တရားတခုပင်တည်း။ ဝိစာရ ဟူသည်ကား မိမိနှင့်အတူတကွဖြစ်သော နာမ်တရားတို့ကို အာရုံ၌ သုံးသပ်စေခြင်း သဘောရှိသော နာမ်တရားတခုပင်တည်း။ ပီတိဟူသည်ကား အာရုံကို နှစ်သက်ခြင်းသဘောရှိသော နာမ်တရားတခုပင်တည်း။ သုခဟူသည်ကား အာရုံကို ချမ်းသာ၏ဟု ခံစားခြင်းသဘောရှိသော နာမ်တရားတခုပင်တည်း။ ဧကဂ္ဂတာဟူသည်ကား အာရုံ၌တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသဘောရှိသော နာမ်တရားတခုပင်တည်း။ ဤကား ယောဂီပုဂ္ဂိုလ်များ နားလည်အောင် ရေးသားသော ဈာန်အင်္ဂါ ငါးပါး၏ အကျဉ်းဆုံးအဓိပ္ပာယ်တည်း။ [ပဋိဘာဂနိမိတ်လုံးကို ကြည့်၍ ကြည့်၍ နေသော ယောဂီပုဂ္ဂိုလ်အား ပြဆိုအပ်ခဲ့ပြီးသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော သဘောတရား ငါးပါးနှင့်တကွ ဖြစ်သော ပဌမဈာန်စိတ် ဖြစ်လာတတ်သည်ဟူလို။]

ဤနေရာ၌ ဤထက်ပို၍ သိချင်ကြပါလျှင် အရှင်ဦးတိလောက ရေးထားသော ပဏ္ဍိတဝေဒနိယကျမ်း၌ ကြည့်ကြပါလေ။ အရှင်ဦးတိလောက ကိုယ်တော်သည် စာလည်းတတ် သမထဝိပဿနာ အလုပ်လည်း ပေါက်ပါသည်။ ပေါက်ကြောင်းကိုသိလိုလျှင် ဤကျမ်းစာအုပ်အတိုင်း အားထုတ်၍ အောင်မြင်လာပါက ထိုအရှင်ရေးသော ပဏ္ဍိတဝေဒနိယကျမ်းကို ဖတ်ကြည့်လျှင် သိလာပါလိမ့်မည်။

ယခုပြဆိုခဲ့ပြီးသော နိမိတ်တွေမှအပ ဖြစ်သော ကမ္မဋ္ဌာန်းလေးဆယ်တို့နှင့် ဆိုင်ရာဖြစ်သော ကသိုဏ်းအသုဘ အနုဿတိ အစရှိသည်တို့၏ နိမိတ်များလည်း ပေါ်လာ တတ်ကြပါသည်။ ရှည်မည်စိုး၍ မဖော်ပြတော့ပေ။ ၎င်းပြင်ဤကျမ်းသည် ဝိပဿနာကို ပြရာပြကြောင်းဖြစ်သော ကျမ်းဖြစ်၍ သမထ၌ အယောင်ယောင် အမှားမှား မဖြစ်နိုင်ရုံလောက် ပြလျှင် တော်ပြီထင်ပါသည်။ အာနာပါနကို မကြိုက်သောသူများမှာ ကြိုက်ရာ သမထကို သမာဓိရအောင် လုပ်နိုင်ပါသည်။ ဤကျမ်းတွင် လိုအပ်သော သမထမှာ ဘယ်သမထမဆို သမာဓိရအောင် လုပ်နိုင်လျှင် ပြီးပါတော့သည်။

သမထစခန်း ပြီး၏။

ရန်ကုန်မြို့ ဒလဘက် ပျော်ဘွယ်ကြီးရွာ

ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်ထံမှ ရသော

# ဝိပဿနာ အားထုတ်နည်း

တရား အားထုတ်လိုသော သူသည် အာနာပါန ကမ္မဋ္ဌာန်းကို ဂရုတစိုက် လိုလိုချင်ချင်နှင့် ဖော်ပြခဲ့သော နည်းအတိုင်း ၃-ရက်လောက် အားထုတ်မိသောအခါ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့ကို ရတတ်ကြလေသည်။ ထိုအခါကျလျှင် ဝိပဿနာကိုပြု၍ ရနိုင် ပါတော့ပြီ။ ဤနိမိတ်မျိုးကို တိဟိတ်မှ မြင်နိုင်သည်။ ထိုနိမိတ်တို့ကို တွေ့သောအခါ အရောင်အလင်းနှင့်တကွ ဖြစ်သောနိမိတ်ကို ခပ်ကြာကြာ မြင်ရလျှင် သမာဓိ တော်တော် ကောင်းလှပြီဟု မှတ်ပါ။ ထိုအခါ ပဌမက အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ခါနီး၌ ပြုအပ်သော ကိစ္စဟူသမျှ ဘုရားရှိခိုးခြင်း၊ ကမ္မဋ္ဌာန်းတောင်းခြင်းစသည်တို့ကို တခုမကျန် စုံအောင် ထပ်၍ပြု။ ဝိပဿနာတရားကိုရမှာပဲဟု ယုံယုံကြည်ကြည်ရှိစေရမည်။ အလွန်လိုချင်သောစိတ်လည်းရှိရမည်။ လောကကြီး၌ ဒုက္ခ အပေါင်းကိုလည်း ကြောက်၍ လွတ်မြောက် လိုသောစိတ်ဖြင့် မာန်မာနကို ချ၍ စိတ်ကို ပျော့ပျော့ ထားရမည်။ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ နူးညံ့သိမ်မွေ့စေရမည်။ ထို့နောက် မိမိ ထိုင်တတ်သလိုထိုင်။ ထိုင်ပြီးလျှင် ၁၀-မိနစ်ခန့်ကြာအောင် နှာသီးဖျား၌ ထွက်လေဝင်လေထိသည်ကို ရိပ်ရိပ် ရိပ်ရိပ်နှင့် တိုး၍သွားသော အတွေ့ သဘောကလေးကို ရိပ်ရိပ် ရိပ်ရိပ်နှင့် တိုး၍တိုး၍ ဖြစ်၍ ဖြစ်၍ ပျောက်ပျောက် သွားသော သဘော ကလေးတွေကို မမြဲခြင်း သဘော ပါကလားဟု နှလုံးသွင်းလျက် အနိစ္စ အနိစ္စ ဟူ၍ရှု။ ရှု၍ ၁၀-မိနစ်ခန့် ၁၅-မိနစ်ကြာသောအခါ မိမိ၏ ငယ်ထိပ်ကို အာရုံပြု၊ ငယ်ထိပ်မှာစိတ်ထား၊ စိတ်တခြား မသွားစေနှင့်၊ ကြပ်ကြပ်သတိထား။

ဤနေရာ၌ ဆရာရှိမှ သာ၍ကောင်းသည်။ ငယ်ထိပ်နေရာ၌ ငါးမူးစေ့ခန့် ကျပ်ပြားခန့် ဝိုင်းဝိုင်းကလေး တနေရာစာတွင် နဲနဲအေး၍ဖြစ်စေ၊ ပူနွေးနွေးဖြစ်စေ တွေ့ရတတ်သည်။ တွေ့ရဆိုတာ မျက်စေ့ဖြင့် မြင်ရတာမျိုးမဟုတ်။ တစုံတခုနှင့်ထိ၍ ထားသကဲ့သို့ တွေ့ရ တတ်သည်။ တွေ့သောအခါ စိတ်ကို တခြားမရောက်စေနှင့်။ သိ၍သာ နေရမည်။ အတော်ကြာလျှင် နွေးသော အေးသော နေရာကလေးသည် လှုပ်လှုပ် လှုပ်လှုပ်နှင့် လည်၍နေသကဲ့သို့ တွေ့တတ်သည်။ ဘာပဲဖြစ်ဖြစ် စိတ်ကို ဤနေရာမှာပဲထား။ ငယ်ထိပ်ကအဝိုင်းကလေးသည်ကျယ်ပြန့်၍ ခေါင်းကို ခြုံပြီးသကာလ အောက်သို့ဖြာ၍ ဆင်းကျလာတတ်သည်။ ကျလာပေစေ၊ ကျလာတဲ့အတိုင်းပင်သိ၍လိုက်။ ဤကဲ့သို့နှင့်ပင် တဖြည်းဖြည်း တကိုယ်လုံးခြုံ၍ သွားတတ်သည်။ ဤကဲ့သို့ တကိုယ်လုံး ခြုံမိမှ ဖြစ်စေ၊ ခြုံမိခင်ဖြစ်စေ၊ ပူရှိန်ပူငွေ့ဖြစ်စေ၊ အေးရှိန်အေးငွေ့ဖြစ်စေ၊ မိမိခန္ဓာကိုယ် တနေရာရာ၌ လှုပ်ရှားလျက် တရွေ့ရွေ့တိမ်တိုက်များ သွားနေသကဲ့သို့ နေတတ်၏။

တခါတရံ ဝမ်းထည်း ကျောသည်း၌ ရှိန်ရှိန် ရှိန် ရှိန် နှင့် လျှမ်းလျှမ်း လျှမ်းလျှမ်းနှင့် တေဇောဓာတ်တို့ မငြိမ်မသက် ဖြစ်နေသည်ကို တွေ့တတ်သည်။ တခါတရံ ခန္ဓာကိုယ်တနေရာရာ၌ ရိုးတိုးရွတနှင့် ပရွက်ဆိတ်ကလေးတွေ တရွေ့ရွေ့ သွားနေသကဲ့သို့ ထင်တတ်၏။ ဖန်ခွက်၌ထည့်သော ဘိလပ်ရည်တွင် အမြှုပ်ကလေးတွေဆူ၍ တက်နေသကဲ့သို့လည်း ဖြစ်တတ်၏။ မီးပန်းကို ရှို့လိုက်သောအခါ ဖွာဖွာ ဖွာဖွာ နှင့် ပန်းနေသကဲ့သို့လည်း ခန္ဓာကိုယ်၌ ဖွာဖွာ ဖွာဖွာနှင့် နေတတ်သည်။ တခါတရံ ခြေဖျားကျင်၍နေသကဲ့သို့လည်း ဖြန်းဖြန်း ဖြန်းဖြန်းနှင့် နေတတ်၏။ ဤကဲ့သို့ ရှုဖန်များလတ်သော် သမာဓိအရှိန် ကောင်းလာပြီးသကာလ တကိုယ်လုံး၌ အပ်ဖျား တခုစာမျှမကျန်ရအောင် တဖွာဖွာ ဖြစ်၍ဖြစ်၍ ချုပ်၍ ချုပ်၍ သွားသည်ကို တွေ့ရတတ်၏။ ဤကဲ့သို့ တဖွာဖွာ တဖြုတ်ဖြုတ်ဖြစ်နေခြင်းကို မျက်စေ့နှင့်မြင်ရတာလားဆိုလျှင် မဟုတ်၊ ကိုယ်တွေ့တရားပင်ဖြစ်၏။

ထို့ကြောင့်ပင် သံယုတ် ပါဠိတော်၌—

**ကာယဉ္စ၊ ကာယအကြည်ကိုလည်းကောင်း၊၊ ဖောဋ္ဌဗ္ဗေ စ၊ ဖောဋ္ဌဗ္ဗ အတွေ့ခံတတ်တို့ကိုလည်းကောင်း။** ပဋိစ္စ၊ နှစ်ပါးစုံကို စွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏—

ဟူ၍ ဟောတော်မူသည်။ ထိုအတွေ့ခံတတ်သည် မျက်စေ့ဖြင့်မြင်ကောင်းသော တရားမဟုတ်။ ကိုယ်ဖြင့် တွေ့ကောင်းသော တရားဖြစ်၏။ ဘာ့ကြောင့် ကိုယ်ဖြင့် တွေ့ရသလဲ ဆိုလျှင် ကိုယ်ထည်း၌သာ ဖြစ်သော တရားကို ရှုသောကြောင့်တည်း။

ဤကဲ့သို့ ရှုဖန်များလာသော် သမာဓိကလည်း ရင့်သန်၍ ကောင်းလာတော့၏။ သမာဓိ ပို၍ကောင်းလာသောအခါ ရုပ်တရား နာမ်တရားတို့၏ ဖြစ်ပေါ်မှု ချုပ်ပျောက်မှု တို့ကိုလည်း ပိုသည်ထက်ပို၍ များသည်ထက်များ၍ သိလာတော့၏။ ဘယ်လို သိလာတတ်ပါသနည်းဆိုလျှင် နှမ်းဆီအစင်ကို ဒယ်အိုးကြီးနှင့် တယ်၍ထားသောအခါ ဒယ်အိုး မျက်နှာပြင်နှင့်အမျှ ပြည့်တက်လျက် အမြှုပ်တွေ တက်၍ တက်၍လာတတ်၏။ ထိုအခါ မီးကို မလျှော့ပဲထား။ အသာကလေး ကြည့်နေမယ် ဆိုလျှင် လက်ဦးဖြစ်ပြီးသော အမြှုပ်ဟောင်းတွေက ပေါက်ကွဲ၍ဖြုတ် ဖြုတ်မြည်၍ ချုပ်ပျက်ကုန်တာကိုလည်း မြင်ရလိမ့်မည်။ ချုပ်ပျောက်ပြီး သောနေရာ၌ နောက်ထပ် အမြှုပ်သစ်ကလေးတွေ စီစီ စီစီနှင့် လာ၍ ဖြစ်နေကြသည်ကိုလည်း မြင်လာရလိမ့်မည်။ ထိုအခါ စီစီ စီစီ ဖြုတ် ဖြုတ် ဖြုတ်ဖြုတ်နှင့်ဖြစ်ချုပ်နေတာကိုချည်းမြင်ရလိမ့်မည်။ ဤဆီပူအိုးနှင့်တပ်တူ မိမိ ခန္ဓာကိုယ်အတွင်းက ရုပ်ကလေးတွေသည် စီစီ စီစီ နှင့် ဖြစ်၍ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ချုပ်ပျောက်နေသည်ကိုလည်း သိ၍ နေလိမ့်မည်။ စီစီ ဖြုတ်ဖြုတ်ဆိုတဲ့ အသံတွေကိုလည်း တကယ် ကြား၍ လာလိမ့်မည်။

ထိုအခါ ကျသောအခါ တစီစီ တဖြုတ်ဖြုတ်တို့သည် ဆီချက်အိုးက အမြှုပ်တွေထက် အဆပေါင်းများစွာ လျင်မြန်၍ လျင်မြန်၍ ဖြစ်ချုပ်

နေတာတွေကို တွေ့ရလိမ့်မည်။ ဤအခါ၌ မိမိခန္ဓာကိုယ်ကြီးတခုလုံး ဆီပူအိုးဆူသကဲ့သို့ ဆူ၍ဆူ၍ လျှင်မြန်စွာဆူ၍ အမြုပ်တွေ ပြည့်ကြပ်၍ ပြွံပျက်နေသည်ကိုသာ တွေ့၍နေရလိမ့်မည်။ တခါတရံ ရုပ်ကလာပ်ကလေးတွေသည် ဖွာဖွာ ဖွာဖွာနှင့် ကြွေ၍ကျနေဘိသကဲ့သို့ တကိုယ်လုံး၌ တွေ့၍နေတတ်သည်။ တာကြောင့်ပဲ ကမ်းပါးများ ပြိုသကဲ့သို့ဟု ဥပမာ ပေးခြင်း ဖြစ်သည်။ တခါတရံ မိမိခန္ဓာကိုယ်ပေါ်၌ မိုးရွာချသကဲ့သို့ ထင်ရတတ်သည်။ တခါတရံ တံလျှပ်စိုင်ကြီးသည် မိမိခန္ဓာကိုယ် အတွင်းဝင်ပြီး သကာလ ရိပ်ရိပ် ရိပ်ရိပ်နှင့် တကယ့်တံလျှပ်ကဲ့သို့ လျှင်မြန်စွာဖြစ်၍ ချုပ်၍လည်း နေတတ်ပါသည်။

အနာအို အနာဆွေးများ၌ ပိုးလောက်များ ကျ၍ အပုပ်အစပ်တွေကို စားကာ တလှုပ်လှုပ် တရွရွနေသကဲ့သို့လည်း နေတတ်၏။ တကိုယ်လုံး အတွင်းရော အပြင်ပါ မစင်တွင်းက လောက်တွေကဲ့သို့ ပိုးလောက်တွေ ထိုး၍ တိုး၍ နေသကဲ့သို့လည်း ထင်ရတတ်၏။ ဆောင်းအခါ နှင်းများ ကျသကဲ့သို့ မိမိတို့ကိုယ်၌ အတွင်းရောအပြင်ပါ နှင်းပေါက်ကလေးတွေ တကိုယ်လုံးကျ၍ နေသကဲ့သို့ အေးလျက် ဖွာဖွာ ဖွာဖွာကျနေသလိုလည်း ဖြစ်တတ်၏။ အပ်ကလေးတွေနှင့် ထိုးဆွသကဲ့သို့လည်းဖြစ်တတ်၏။ ခန္ဓာကိုယ်ကြီးဟာ လှုပ်မရ ကြွမရ ခြေလက်တွေ သေသကဲ့သို့ လေးပြီးလျှင် အတွင်းသားတွေကတော့ ဆူပွက်၍နေတာကိုလည်းတွေ့တတ်၏။ နေ့ရော ညဉ့်ပါ ဆက်လက်၍ ရှုဖန်များလာသော် ခန္ဓာကိုယ်ကြီး တခုလုံး ဘယ်အခါမဆို ဆူပွက်၍ ပျက်စီး ချုပ်ပျောက် ဖောက်ပြန်နေတာကိုချည်း တွေ့နေရတော့၏။ တုံးလုံးလှည်း၍ရှုနေမည်ဆိုလျှင်ဦးခေါင်းမှ ခြေဖျား၊ ခြေဖျားမှ ဦးခေါင်းသို့ ဆင်းလိုက် တက်လိုက်နှင့် ရေမြှုပ် ရေပွက်ကလေးတွေကဲ့သို့ ကိုယ်နှင့်အပြည့်ဆင်းသက်သွားလာ နေသလို ဖြစ်နေတော့၏။

ဥပမာ ဖန်မှုးကို လူရုပ်သဏ္ဍာန်လုပ်။ အတွင်းကခြေလက် ဦးခေါင်း ရင် ဝမ်းမှစ၍ အခေါင်းကြီးဖြစ်စေ၍ ရေထည့်ချက်စေ။ ပူလွန်း၍ ဆူလွန်းသောအခါ တကိုယ်တကောင်လုံးအတွင်း အဆူတွေ ဆူ၍တက်

၍ ပျံ့နှံ့ပြီးလျှင် ရံဖန်ရံခါ ဦးခေါင်းဘက်သို့ လည်းကောင်း၊ ရံဖန်ရံခါ ခြေလက်သို့လည်းကောင်း၊ ရံဖန်ရံခါ တကိုယ်လုံး တပြိုင်တည်း လည်းကောင်း ဆူပွက်ပျံ့နှံ့ သွားလာ၍ နေသကဲ့သို့ မိမိကိုယ်ထည်း၌ ဆူပွက်နေတတ်၏။ သမာဓိကောင်းလွန်းလာလျှင် ဆူသံ ပွက်သံ တက်သံ တွေကိုပင် ကြား၍ လာရတတ်တော့၏။ ဤကဲ့သို့ ခန္ဓာကိုယ်အတွင်း ဖြစ်ခြင်း ပျက်ခြင်းချုပ် ပျောက်ခြင်းတို့ဖြင့် နေ့မစဲ ညဥ့်မစဲ နာရီမစဲ မိနစ်မစဲ စက္ကန့်မစဲ တသဲသဲ တဖြုတ်ဖြုတ် ချုပ်ပျောက် ဖောက်ပြန်နေပြီဆိုမှဖြင့် ငိုက်မျဉ်းတွေဝေခြင်း၊ အိပ်ချင်ခြင်း၊ ပူပင်သောကများခြင်း၊ တောင်တွေး မြောက်တွေး တွေးခြင်း၊ သူတပါး တရားစကားမှတပါး လွဲ၍ပြောတာ နားထောင်ချင်ခြင်း၊ လောကီကိစ္စဟူသမျှ ဂရုစိုက်ချင်ခြင်း၊ သတင်းစာဖတ်ချင်ခြင်း၊ လော့ဘကြီးခြင်း၊ ဒေါသကြီးခြင်း ရယ်စရာပြောခြင်း၊ စီးပွားရေးအတွက် ဂရုစိုက်ချင်ခြင်း တို့လွန်စွာပါးရှား၍ သွားလေတော့၏၊ သည်းခံနိုင်တော့၏။ မိမိအသက်ကိုပင် သေရမှာ မကြောက်တော့ပေ။ အလွန်ချစ်လှစွာသော သူများ သေဘေးနှင့် တွေ့တာတောင် တယ်၍ မပူကြတော့ပေ။ [တာဖြင့်လျှင် ဝိသာခါ သောတာပန်သည် သူ၏ မြေးသေတုန်းက ပူသောက ဖိစီးပြီး သိပ်ပြီးငိုတာ ဘာကြောင့်တုန်းဟု ဆိုစရာရှိ၏။ ငိုမှာပေါ့ တရားကို ဤကဲ့သို့ မြင်နေအောင်ရှုမြင်တုန်းအခါသာ မပူပဲနေနိုင်တာကလား၊ ကမ္မဋ္ဌာန်းတရားကို အားမထုတ်ပဲ ပေါ့၍နေတဲ့ အခါကျတော့ သောတာပန်လဲ ဒိဋ္ဌာနုသယနှင့် ငိစိကိစ္ဆာ နုသယသာ ကုန်သေးတာကလား။ ကျန်ငါးပါးသော အနုသယကုန်တာမှ မဟုတ်သေးပဲ ပုထုဇဉ်လိုပေါ့ဟုဖြေ။ ဤကား ကျမ်းဂန် အတိုင်းပင်တည်း။] ထိုကဲ့သို့ တရားကို ကောင်းကောင်းကြီး ရှုမြင်နေတုန်း အခါ၌ မိမိကိုယ်ကိုယ်မိမိ ဤကဲ့သို့ခေတ်ဆိုးကြီးအတွင်း၌ အသက်ရှည်၍ နေရခြင်းကိုပင် လောကီမှု ကိစ္စဆောင်ရွက်ခြင်းမှ မကင်းနိုင်သည်ကိုပင် မနှစ်မြို့နိုင် ဖြစ်လာတတ်တော့၏။ ဤမျှလောက် သမာဓိကောင်းလာလျှင် တကိုယ်လုံး၌ နာကျင်လှစွာ မခံသာသော ဝေဒနာများလည်း တွေ့ရတတ်၏။ ခန္ဓာကိုယ်ကြီး ပူပြင်းလှစွာ တကိုယ်လုံး

အကွင်း သံပူခရဘွော့ သွင်းထားသလိုလည်း ဖြစ်တတ်၏။ ဝေဒနာတရား တွေ အစဉ်မပြတ် ဖြစ်ပျက်နေတော့၏။

ဤကဲ့သို့ ရှုမြင် ပွားများထင်မြင်လာကြသည်ကို ကျမ်းဂန်နှင့် ညှိ၍ ဘယ်လိုနားလည်ရ သိရ မှတ်ရ ပါမည်လဲဟုဆိုလျှင် ယခုတွေ့ရတဲ့ သဘောဟာ မိမိအဇ္ဈတ္တ သန္တာန်တွင် ဖြစ်ပေါ်ချုပ်ပျောက် နေသော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ လက္ခဏာ ရေးသုံးပါး ပရမတ္ထသဘာဝ ကျနတဲ့ တီရဏ ပညာစခန်း ကင်္ခါဝိတရဏ ဝိသုဒ္ဓိခေါ်တယ်။

ရှင်း၍ပြပါမည်။ သေသေချာချာ စူးစိုက်၍ကြည့်ကြပါ။ ဤနေရာ၌ ဘုရားဟောကျမ်းဂန်နှင့် တကိုက်တည်း တသားတည်းနေတာပင် ဖြစ် သော်လည်း စာသာတတ်၍ အလုပ်မတတ်သေးသော ပညာရှင် သူတော် မြတ်များနှင့် ဆန့်ကျင်ဘက်လိုလို ဖြစ်ဘတ်ပါသည်။ တရားက မဆန့်ကျင် ပါ။ အဓိပ္ပာယ်က မဆန့်ကျင်ပါ။ သဘာဝဓမ္မက မဆန့်ကျင်ပါ။ ပညာ ရှင်များက အားမထုတ်ဖူးသေး၍ အတွေ့နှင့် အယူအဆ ပိုလျှင်လည်း ပို၍နေတတ်ပါသည်။ လိုလျှင်လည်း လို၍နေတတ်ပါသည်။ ပညာရှိ သူမြတ်များကို ရှုတ်ချ၍ပြောသည် မဟုတ်ပါ။ သဘောပေါက်စေလို၍ ပြောရခြင်းဖြစ်ပါသည်။ (ဤကား ဓမ္မတာပင်တည်း)။

ခန္ဓာငါးပါးဆိုတာ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရ က္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူ၍ ငါးပါးအပြားရှိတယ်။ ရူပက္ခန္ဓာ၌ ပထဝီ အာပေါ တေဇော ဝါယောဟူ၍ ဘူတရုပ်လေးပါးရှိတယ်။ ဤကျမ်းတွင် ဝိပဿနာအရာ၌ ဘူတရုပ်လေးပါးသည် အရေးအကြီးဆုံးဖြစ်၍ ဤလေး ပါးကို အဓိကထား၍ ဖော်ပြတော့မည်။ ထိုဘူတရုပ် လေးပါးတို့တွင် ပထဝီဓာတ်သည် မာမှုဖြစ်၏။ တေဇောကား ပူမှု အေးမှုဖြစ်၏။ ဝါယော ကား တွန်းကန်မှုဖြစ်၏။ အာပေါဓာတ်ကား ပထဝီ တေဇော ဝါယော ဓာတ်သုံးပါးကို ဖွဲ့စေးပေါင်းစု၍ မကွဲမကွာအောင် ထားခြင်းသဘော ရှိ၏။ အာပေါဓာတ်သည်မတွေ့ထိနိုင်ကောင်းဘူး ဆိုသော်လည်း သဘော

လက္ခဏာအားဖြင့် သိနိုင်ပါသည်။ ဤခေတ်ကြီးလေးပါးကို ရုပ်တရားဟု ခေါ်သည်။ သိတတ်သော သဘောကို နာမ်တရား ခေါ်သည်။ ရုပ်တရားသည် ဗဟိဒ္ဓ၌ ရှိသမျှ သက်ရှိ သက်မဲ့၊ ရှိသမျှ စကြဝဠာနှင့်အပြည့် ရှိပါသည်။ မိမိ၏ခန္ဓာကိုယ်ခေါ် ဤကိုယ်ကောင်ကြီးသည်လည်း ရုပ်ပင် ဖြစ်ပါသည်။ ဗဟိဒ္ဓကရှိသော ရုပ်များသည်လည်း သူ့သဘောကို သူဆောင်၍ ဖြစ်ပျက်နေကြပါသည်။ မိမိအဇ္ဈတ္တရှိ ရုပ်ကလာပ်များကလည်း သူ့သဘောကို သူဆောင်၍ ဖြစ်ပျက်နေကြပါသည်။ မိမိအဇ္ဈတ္တရှိ ရုပ်ကလာပ်များဖြစ်ပျက်နေမှုကိုမူ မိမိနှင့်ဆိုင်ရာ ကာယပသာဒရုပ် တည်ရာဌာနဖြစ်၍ ကိုယ်အကြည်ခေတ် တကိုယ်လုံး၌ ပျံ့နှံ့လျက် တည်သောကြောင့် တကိုယ်လုံး၌ အစဉ်မပြတ် တရစပ်ဖြစ်ချုပ်နေသော သဘောတရားတို့ကို သမာဓိမှန်ပြောင်းနှင့် စောင်းငဲ့၍ကြည့်လိုက်လျှင် အသာတကြည် သိမြင်နိုင်ပါသည်။

ထိုသို့ ဖြစ်ပေါ် ချုပ်ပျောက်နေသည်ကို သိသိနေတတ်သော သဘောသည် နာမ်တရားမည်၏။ ရုပ်ဖြစ်တိုင်း ချုပ်တိုင်း နာမ်တရားကလည်း ဖြစ်လိုက် ချုပ်လိုက်နှင့် နေပါသည်။ ရုပ်ဆိုတဲ့ပထဝီခေတ် ဖြစ်ပေါ်လာလျှင် ကိုယ်ခန္ဓာတွင် ထိုပထဝီခေတ်ပေါ်ရာ ဌာန၌ မာမှုကလေး တခုပေါ်လာတာတွေ့ရ၏။ မာလွန်းအားကြီးလျှင် နာ၍ တောင်လာ၏။ မာမှုပေါ်လာသည်ဆိုရာ၌ နားရှင်းအောင် ဥပမာပြမည်။ မိမိကိုယ်ကို အင်္ကျီမဝတ်ပဲ ထိုင်နေ၍ ကျောတွင် တစုံတယောက်သောသူက နှမ်းစေ့ခန့် သေးငယ်သောအရာနှင့်ချ။ ကျောတွင်ထိမှန်လတ္တံ့။ ထိမှန်သောအခါ ရှေးဦးစွာ ကာယနှင့် ဖောဋ္ဌဗ္ဗတွေ့သဖြင့် ကိုယ်၌ သေးငယ်သောအတွေ့ခေတ်တခုဖြစ်ပေါ်လာ၏။ ထိုသို့ဖြစ်ပေါ်လာသော သဘောသည် ပထဝီ အာပေါ တေဇော ဝါယော ခေတ်လေးပါးအနက် ဘယ်ခေတ်လဲဟု စဉ်းစားကြည့်။ လွန်ကဲရာခေတ်၏ လက္ခဏာပေါ်လာလိမ့်မည်။ ဘယ်လိုပေါ်မလဲဟူမူ မာမှုလက္ခဏာ ရှေးဦးစွာ ထင်ရှားသိသာလိမ့်မည်။ ထိုမာမှုသည် ဘာလဲဟုကြည့်၊ ပထဝီခေတ်ဖြစ်၏။ ဤသေးငယ်သော အရာတခုနှင့် ပဋ္ဌမကျောတွင် ချတုန်းက မာမှုဖြစ်ခြင်းသည် ပထဝီခေတ် ဖြစ်ပေါ်တာဟု မှတ်။ ထိုပြီးသည်နှင့်တပြိုင်နက် အပ်ဖျားပေါ် မုန်ညင်း

စေ့ချသကဲ့သို့ ထိုမှာမူ ပျောက်ကွယ်သွားခြင်းသည် ပထဝီဓာတ် ချုပ် ပျောက်သည်ဟု မှတ်။ ဤကဲ့သို့ သေးငယ်သောအရာကလေးမျိုး ကျော ပေါ်တွင် တခုပြီးတခု ချချနေမည်ဆိုလျှင် ပထဝီဓာတ် တခုပြီးတခု ပေါ် ပေါ်နေသည်ဟု မှတ်။ ထိထိပြီး ပျောက်ပျောက် သွားတာကိုလည်း ပထဝီဓာတ် တခုပြီးတခု ချုပ်ချုပ်သွားသည်ဟု မှတ်။

ဤကဲ့သို့ ထိမှန်း သိလေသမျှ မှာမူ ပထဝီဓာတ်သဘော ချည်းဟု မှတ်။ တာ့ဖြင့်လျှင် ခန္ဓာကိုယ်အတွင်း၌ ရေပွက်ကလေးတွေကဲ့သို့ ဆူဘက် ၍ ဆူတက်၍ ထစီစီ တဖြုတ်ဖြုတ် ဖြစ်ချုပ် နေတာတွေကော ကိုယ် နှင့်ထိပြီး သိရတာတွေ မဟုတ်လား။ ကိုယ်နှင့်ထိ၍ သိရသမျှ ပထဝီ ဓာတ်ပဲ ဆိုလျှင် တကိုယ်လုံး၌ ဖြစ်ပေါ်လာသမျှသော သဘောတရား တို့သည် ပထဝီဓာတ်ချည်းပေါ့။ ပထဝီဓာတ်ဖြစ်သောအခါ ကျန်သော အာပေါ တေဇော ဝါယော ဓာတ်များလည်း တပြိုင်နက် မကွေမကွာ တပါတည်း ပထဝီဓာတ်နှင့် ဖြစ်အတူ ချုပ်အတူ ဖြစ်ချုပ် နေကြတာ ပင်ဟု သိကြပါ။ ဘယ်လို သိရပါမည်လဲဆိုလျှင် ထို ဓာတ်ကြီးလေးပါး သည် အဝိနိဗ္ဘောဂရုပ် မကွဲမကွာကောင်းသော ရုပ်ဟုခေါ်သည်။ တခြား စီခွဲထား၍မရ။ မရသော်လည်း ခက်မာ ဖွဲစေး ပူအေး ထောက်ကန် ဟူသော သူတို့၏ သဘောကို သူတို့ဆောင်၍ နေကြသည် ဖြစ်သော ကြောင့် သူတို့ လက္ခဏာကို သူတို့ ပြ၍သိရသည်။ ဘယ်လို ပြသလဲ ဟူ မူ ဓာတ်လေးပါး အနက် ပထဝီ ဓာတ်က ထက်သောအခါ သူ၏ လက္ခဏာ မာတာကို ရှေးဦးစွာ သိရ၏။ တေဇောဓာတ်က ထက်သည့် အခါ ပူသာ အေးတာကို ရှေးဦးစွာ သိရ၏။ ဝါယော ဓာတ် က ထက်သောအခါ တွန်းကန် လှုပ်ရှားတာကို ရှေးဦးစွာ သိရ၏။ အာပေါ ဓာတ်မှာမူ မတွေ့ထိ ကောင်းသောကြောင့် ထိခြင်းဖြင့် မသိနိုင်သော် လည်း ပထဝီ တေဇော ဝါယောဓာတ်တို့ကို တပေါင်းတည်း မကွဲ မကွာ တပြိုင်နက်သာလျှင် ဖြစ်ပေါ်မူ ဖြစ်စေရန် ဖွဲ့စည်းထားသော သဘောသတ္တိကို အာပေါဓာတ် ဟု သိရပါသည်။

ထို့ကြောင့် သဲဗြူလယ်တီ ဆရာတော်ဘုရားက– ဓာတ်လေးပါးအနက် ပထဝီထက်လျှင်၊ မာမြဲပင်၊ နို့လျှင် ပြော့လေ၏။ အာပေါထက်လျှင် အရည်ပင်၊ နို့လျှင် ခဲလေ၏။ တေဇောထက်လျှင်၊ ပူအေးပင်၊ နို့လျှင် မျှဘ၏။ ဝါယောနို့က ငြိမ်ဝပ်စွ၊ လွန်ကလှုပ်ရှား၊ ပြေးလွှင့်သွားသည်၊ လေးပါးဓာတ်ရင်း သဘောတည်း ဟူ၍ စပ်ဆိုတော်မူပါသည်။

သာ၍ ထင်ရှားအောင် ဥပမာ ပြဦးအံ့။ အစပ် အငန် အချဉ် အဆိမ့် လေးမျိုးပါသော အရသာရှိသည့် ဟင်း တအိုးကို ချက်၍စားကြည့်။ အစပ်များလွန်းသောအခါ လျှာပေါ်ရောက်သည်နှင့် စပ်တာကို အရင်သိ၏။ အငန်များလွန်းလျှင်လည်း အငန်ကို အရင်သိ၏။ အချဉ်နှင့် အဆိမ့်မှာလည်း ထိုနည်းတူပင်။ ထိုရောအခါ ပဋ္ဌမဦး အစပ်က ထက်လွန်း များလွန်း၍ အစပ်ကိုသိတုန်းက ကျန်သော အရသာ သုံးပါးကော မပါဘူး လားဆိုလျှင် ပါတာပဲ။ ဤအရသာ လေးမျိုးကို တပါးစီယူ၍ ခွဲပြီးပြလို့ရတာမှမဟုတ်ပဲ။ မဟုတ်ပေမယ့် လျှာပေါ် တင်လိုက်သည်နှင့် တပြိုင်နက် အစပ်ကလည်း စပ်၍ပြ၏။ အငန်ကလည်း ငန်၍ပြ၏။ အချဉ်ကလည်း ချဉ်၍ပြ၏။ အဆိမ့်ကလည်း ဆိမ့်၍ပြ၏။ အသီးအသီး မိမိတို့၏ လက္ခဏာကို မိမိတို့က တပြိုင်နက် တညီတညာတည်း တချိန်တည်း ပြိုင်၍ပြကြ၏။ ပြကြသော်လည်း ထက်မြက်လွန်ကဲဆုံးသော အရသာကိုသာ လူတို့က ပဌမ ပြောဆို ယူမှတ်ရိုး ထုံးစံ ရှိကြသဖြင့် အစပ်များလျှင် ဟင်းက စပ်လိုက်တာဟု ပြောကြ၏။ ဆိုရိုးပြုကြ၏။ ပြုကြသော်လည်း စပ်မှန်းသိတုန်းက ငန် ချဉ် ဆိမ့်တို့ကိုလည်း အနံ့အအထက် အားလျော်စွာ သိကြသည်ပင်ဖြစ်၏။ ထိုကဲ့သို့ပင် ဓာတ်လေးပါး မှာလည်း ဤသဘောအတိုင်းပင် ဖြစ်ပါသည်။

ဥပမာမှာ– လူတယောက်၌ ငှက်ဖျား နေ့စဉ် တက်သတတ်။ ထိုသူသည် အဖျား မတက်မီက အကောင်းသားပင်နေ၏။ အဖျားတက်လာသောအခါ ချမ်းအေး၍ တုန်ပြီးလျှင် အဖျားတက်၏။ အဖျားတက်သောအခါ ဓာတ်လေးပါးတို့ တပြိုင်နက် ဖြစ်ပေါ်၏။ သို့ရာတွင် ချမ်းအေးမှု တေဇောဓာတ်က လွန်ကဲသောကြောင့် အေးတာက အထင်

ရှားဆုံး ဖြစ်၍ အေးလိုက်တာ ချမ်းလိုက်တာဟု ပြောလေ့ပြောထ ရှိကြ၏။ သို့ရာတွင် ဓာတ်လေးပါးစလုံးက ထိုသူ၌ တပြိုင်နက်ဖြစ် ပေါ်၏၊ ဖြစ်မှန်းလည်း သိ၏။

ဘယ်လိုဖြစ်ပေါ်သလဲဆိုလျှင် အေးခြင်းသည် တေဇောဓာတ် ဖြစ်၏။ အေးသောသဘောသည် မာသောပထဝီဓာတ်ကို မှီ၍ဖြစ်ရ၏။ ပထဝီ ဓာတ် အမာခံမရှိလျှင် တည်ရာမရှိ၍ မဖြစ်နိုင်။ မာမှု ပထဝီဓာတ်ရှိ၍သာ ထိမှန်းလည်း သိနိုင်သည်။ ထိမှန်းသိအောင် တတ်နိုင်သည်ကား ပထဝီ ဓာတ်ပင်တည်း။ ထို့ကြောင့် ပထဝီဓာတ်သည် အေး၍ အဖျားတက် သော ချမ်း၍ တုန်ခနသောသူ၌ အေးမှုနှင့် မာမှု တပြိုင်နက် တသားတည်း ဖြစ်မှန်းသိရ၏။ ထို့နောက် ဝါယောဓာတ်ဘော့ မပါပါကလားဟု မေးရန်ရှိ၏။ ဝါယောဓာတ်ဆိုတာ တွန်းကန်တတ်သော အားရှိ၏။ တွန်းကန်အားကြီးသောအခါ ရွေ့ခြင်း လှုပ်ရှားခြင်းကဲ့သို့ ထင်ရတတ် ၏။ စင်စစ်ကား ပရမတ်တရားဆိုတာ ဖြစ်သောနေရာ၌ ချုပ်ရသော သဘောမျိုးဖြစ်၍ လှုပ်ရှားခြင်းငှာ မတတ်နိုင်။ မတတ်နိုင်သော်လည်း လူတို့၌ လှုပ်ရှားနေသည်နှုယ်ရှုပ်ပင် ထင်ရ၏။ လှုပ်ရှားသည်ဟု ထင်ရခြင်း ကား နောက်ထပ် အသစ်အသစ် ဖြစ်သောရုပ်တို့၏ နေရာပြောင်းရွေ့၍ ဖြစ်ခြင်းကြောင့်ဟု မှတ်။ (ကြပ်ကြပ်စဉ်းစားဆင်ခြင်လေ)။

ထို့ကြောင့်—

[န ဟိ ရူပါရူပဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတွာ ကေသဂ္ဂမတ္တံပိ
ဒေသန္တရသင်္ကမနံ နာမ အတ္ထိ—
ဟု မိန့်တော်မူ၏။]

ဟိ၊ မှန်၏။ ရူပါရူပဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ ဥပ္ပါဒဒေသေ၊ ဖြစ်ရာအရပ်၌။ အနိရုဇ္ဈိတွာ၊ မချုပ်မူ၍။ ကေသဂ္ဂမတ္တံပိ၊ ဆံချည်ဖျား မျှလည်း။ ဒေသန္တရသင်္ကမနံနာမ၊ အရပ်တပါးသို့ ပြောင်းရွေ့ခြင်းမည် သည်။ န အတ္ထိ၊ မရှိ။

ထို့ကြောင့် ဝါယောဓာတ်သည် 'လှုပ်ရှားသည်' ဆိုသော စကား၌ စင်စစ်အမှန်မှာ လှုပ်ရှားသည်မဟုတ်။ ရုပ်ကလာပ်အဆင့်ဆင့် နေရာ ပြောင်းရွေ့၍ ဖြစ်သည်ကိုပင် လှုပ်သည်ဟု ဆို၏။ သို့ဖြစ်၍ ဖျားသော သူ၏ကိုယ်၌ မာမှုပထဝီနှင့် အေးမှုတေဇောဓာတ်တို့ကို ဝါယောဓာတ်က တွန်းကန်၍ပေးသောကြောင့် ရှေးရုပ်အစဉ်နှင့် မတူပဲ နေရာပြောင်းရွေ့ ၍ အသစ်အသစ် ဖြစ်ပေါ်ခြင်းသည်ပင်လျှင် ကိုယ်၌ချမ်း၍ ခိုက်ခိုက် တုန်သည်ဟု ဖြစ်ရ၏။ ဤသည်ပင်လျှင် ဝါယောဓာတ် ပါကြောင်း ထင်ရှားတော့၏။ ခိုက်ခိုက်တုန်သည်ကား ဝါယောဓာတ်၏ သတ္တိပင်၊ အာပေါဓာတ်မှာမူ ဖောဋ္ဌဗ္ဗဓာတ် မဖြစ်ကောင်း၍ ထိမှုန်း မသိသော် လည်း မာမှု အေးမှု တွန်းကန်လှုပ်ရှားမှု ဟူသော ပထဝီ တေဇော ဝါ ယော ဓာတ်သုံးပါးကို တပြိုင်နက် ဖြစ်ပေါ်လာစေအောင် မကွဲမကွာ နေအောင် ဖြစ်ခြင်းသည်ပင် အာပေါဓာတ်၏ ဖွဲ့စေးမှု၏ အစွမ်းသတ္တိ ပေတည်း။ ထို့ကြောင့် ခန္ဓာကိုယ်အတွင်း၌ သမ္မာဒိဋ္ဌိ မှန်ပြောင်းနှင့် ကြည့်လိုက်လျှင် တစိစိ တဖြုတ်ဖြုတ်နှင့် တလှုပ်လှုပ် တရွရွ တကြွကြွ တမွမွဖြစ်ပျက်နေမှုသည် ဓာတ်လေးပါး တည်းဟူသော ပရမတ်တရား ဓာတ်အသားဖြစ်သည့် ရူပက္ခန္ဓာတရားအစစ် ဖြစ်ပေသတည်း။

ရူပက္ခန္ဓာ တရားကိုပြပြီး၍ နာမက္ခန္ဓာတရားကို ပြပေအံ့။ နာမက္ခန္ဓာ တရားဆိုတာ အာရုံပြုတတ်သော သဘောအစုတည်း။ ၎င်းနာမက္ခန္ဓာ တရားသည် တရားကိုယ်အားဖြင့် (၅၃)ပါးရှိ၏။ အစုအားဖြင့် (၄)စု၊ လေးပါးသာတည်း။ လေးပါးဟူသော်ကား– ဝေဒနာက္ခန္ဓာ (၁)ပါး၊ သညာက္ခန္ဓာ(၁)ပါး၊ သင်္ခါရက္ခန္ဓာ(၁)ပါး၊ ဝိညာဏက္ခန္ဓာ(၁)ပါး။ ဤသို့ လေးပါးတည်း။ ထိုလေးပါးတို့တွင် ဝေဒနာက္ခန္ဓာသည် ဖဿ- ပစ္စယာ ဝေဒနာဆိုသည့်အတိုင်း ဖဿကြောင့်ဖြစ်၏။ ဖဿဆိုတာကော ဘယ်လိုဖဿမျိုးလဲဆိုလျှင် ဤကမ္မဋ္ဌာန်းနည်း၌ ကာယသမ္ဖဿ ကိုယူ။

ကာယဥ္စ၊ ကာယအကြည်ဓာတ်ကိုလည်းကောင်း။ ဖောဋ္ဌဗ္ဗေ စ၊ ဖောဋ္ဌဗ္ဗအတွေ့ဓာတ်တို့ကို လည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံကို စွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ ထို

ကာယဖောဋ္ဌဗ္ဗ ကာယဝိညာဏ် သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမှုသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ ဖဿတည်းဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏ ဟူသော သံယုတ်ပါဠိတော်အတိုင်းပင် ဖြစ်၏။

မြန်မာလို နားလည်အောင် ပြောရဦးမည်ဆိုလျှင် ရုပ်ဆိုတဲ့ ဤခန္ဓာကိုယ်ကောင်ကြီး အတွင်း၌ သမာဓိနှင့် ကြည့်လိုက်သော အခါ ကံ စိတ် ဥတု အာဟာရ အကြောင်းတရား ၄-ပါးတို့ကြောင့် ဖြစ်ပေါ်လာကြကုန်သော ရုပ်တရားတို့သည် အခါမရွေး အစဉ်မပြတ် ဖြစ်ချုပ် ဖြစ်ချုပ်နှင့် ဖြစ်နေကြသောကြောင့် ကိုယ်အကြည်ဓာတ်နှင့် ဖောဋ္ဌဗ္ဗဆိုတဲ့ အတွေ့ဓာတ်တွေ့ကြသောအခါ တွေ့မှန်းကို ကာယဝိညာဏ်ကသိ၏။ ထိုအခါ ဖဿဓာတ်ဖြစ်၏။ ဖဿဖြစ်သောအခါ ဝေဒနာဖြစ်၏။ ဝိညာဏ် ဖော်ပြသောအာရုံကို သညာက မှတ်၏။ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ စသည်တို့သည် သင်္ခါရက္ခန္ဓာ ဖြစ်၏။ ကာယဝိညာဏ်သည် ဝိညာဏက္ခန္ဓာဖြစ်၏။ ဤကား နာမ်ခန္ဓာလေးပါးဖြစ်၏။ ပုဂ္ဂိုလ်သိ မရောက်သေး။ ကာယဝိညာဏ်သိ ဖြစ်ပေါ်ပြီးနောက် မရှေးမနှောင်း မနောဝိညာဏ်သိ ဖြစ်၏။

ဝေဒနာက္ခန္ဓာသည် ဖဿဖော်ပြသော အာရုံ၏ အရသာကိုကောင်းသည်ဟု ထင်လျှင် သုခဝေဒနာ သောမနဿ ဝေဒနာဖြစ်၏။ မကောင်းဟုထင်လျှင် ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာဖြစ်၏။ ကောင်းသည်လည်း မဟုတ် မကောင်းသည်လည်း မဟုတ်ဟု ထင်သော် အဒုက္ခမသုခ ဝေဒနာ ဆိုတဲ့ ဥပေက္ခာဝေဒနာ ဖြစ်၏။ ဤကဲ့သို့ ဖြစ်ပေါ်လာသော ဝေဒနာသည် ကာယဖောဋ္ဌဗ္ဗတည်းဟူသော ရုပ်ဓာတ်နှစ်ပါးကိုစွဲ၍ ဖြစ်ရ၏။ ထို့ကြောင့် မှီခိုရာ ဖြစ်သော ရုပ်ဓာတ် ချုပ်ပျောက်လျှင်လည်း ဝေဒနာဓာတ် ချုပ်ပျောက်ရပြန်၏။ အာရုံ ဝတ္ထုတည်းဟူသော ရုပ်ဓာတ်တို့ဖြစ်မှု ချုပ်မှုမြန်သလောက် ဝေဒနာ ဓာတ်ကလည်း မြန်မြန်ကြီးလိုက်၍ ဖြစ်ရချုပ်ရ၏။

သညာက္ခန္ဓာသည် ကာယဝိညာဏ် မနောဝိညာဏ်တရားကိုဖော်ပြသော အာရုံတို့ကို မှတ်တတ်၏။ ဝေဒနာခံစားမှု အမျိုးမျိုးတို့ကိုလည်း မှတ်တတ်သောသဘောရှိ၏။ ဤအရာ၌ ဝိညာဏက္ခန္ဓာ သိမှုနှင့် သညာက္ခန္ဓာ သိမှုကို ခွဲခြားရာ၏။ ကာယဒွါရ၌ ဆိုက်တိုက်လာသော ဖောဋ္ဌဗ္ဗ အာရုံတို့ကို "သင်းကားမြေ၊ သင်းကားလေ"အစရှိသည်ဖြင့် သိမြင်ဖော်ပြသွားမှုသည် ဝိညာဏ်သိမှုတည်း။ ဝိညာဏ်ဖော်ပြ၍ သွားသမျှကို နောင်မမေ့ရအောင် မှတ်မှုသည် သညာ၏အမှုတည်း။ အချုပ်သဘောမှာ ဝိညာဏ်သည် သိပြီးသော အာရုံကို မမေ့ရအောင် မမှတ်နိုင်။ သညာသည် တွေ့ကြုံဖူးသည်ကို မှတ်မိ၏။ ရှေ့သို့တစုံတခုကိုမျှ သိမြင်မှု မရှိနိုင်၊ ဝေဒနာက္ခန္ဓာချုပ်တိုင်း သညာက္ခန္ဓာလည်း ချုပ်ရ၏။

သင်္ခါရက္ခန္ဓာသည် ဝေဒနာ သညာမှ ကြွင်းသော ငါးဆယ်သော စေတသိက်တရားတို့ကို ခေါ်ပါသည်။ ထိုတရားတို့၏ သဘောသည် များလှသောကြောင့် ကျမ်းကျယ်မည်စိုး၍ မထည့်တော့ပြီ။ တရားအားထုတ်သောယောဂီတို့ သိလောက်ရုံ ပြမည်။ မိမိခန္ဓာကိုယ်၌ ရှုနေသောအခါ ရုပ်, ဝေဒနာ, သညာ, တရားတို့ ဖြစ်ချုပ်နေသည်ကို ရှုနေသောအခါ အာရုံ၌ စေ့ဆော်ခြင်းတည်းဟူသော စေတနာတရားသည် ဖြစ်၏။ စိတ်ဖြစ်တိုင်း စေတသိက်က ဖြစ်ရသည်ဖြစ်၍ တရားအားထုတ်သော အခါ အားထုတ်နေတုန်းဖြစ်တဲ့ စိတ်တိုင်းတို့၌ ထိုက်သင့်သော စေတသိက်တရားတို့သည် ဖြစ်ကြကုန်၏။ ရုပ်နာမ်ဖြစ်မှုပျက်မှုကို သိတိုင်း သိတိုင်း ဖဿ စေတနာ ဧကဂ္ဂတာ မနသိကာရစသည်တို့ ဖြစ်ရ၏။ ဝိတက် ဝိစာရတို့ဖြစ်ရ၏။ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ စသည်တို့ဖြစ်ရ၏။ ဖြစ်ပြီးလျှင် ချုပ်ရပျက်ရ၏။ ဤတရားတို့ကို သင်္ခါရက္ခန္ဓာတရားခေါ်၏။ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ ချုပ်တိုင်း သင်္ခါရက္ခန္ဓာတရားလည်း ချုပ်ရ၏။

[ဤနေရာတွင် လယ်တီဆရာတော်ဘုရား၏ ဘာဝနာဒီပနီ ကျမ်းတွင် ပါသော သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာအကြောင်းကို ဗဟုသုတ အလို့ငှာ အောက်ပါအတိုင်း ထည့်ပြလိုက်ပါအံ့။

ထို သညာက္ခန္ဓာသည် အာရုံအပြားအားဖြင့် ၆-ပါးရှိ၏။ ရူပ သညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသ သညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ၊ ဤ ၆-ပါးတည်း။ အဆင်း သဏ္ဌာန်မျိုး၌ သိမှု၊ အသံမျိုး၌သိမှု၊ အနံ့မျိုး၌ သိမှု၊ အရသာမျိုး၌ သိမှု၊ ပထဝီ တေဇော ဝါယော ဟူသော ဖောဋ္ဌဗ္ဗ မျိုး၌ သိမှု၊ ထိုငါးပါးတို့မှ ကြွင်းသော ကုသိုလ်ဓမ္မ အကုသိုလ်ဓမ္မ အဗျာ ကတဓမ္မတို့၌ သိမှုဟူ၍ ၆-ပါးဆိုလိုသည်။ မျက်စိ အရသာကိုသိမှု၊ နား အရသာကိုသိမှု၊ နှာခေါင်း အရသာကိုသိမှု၊ လျှာ အရသာကိုသိမှု၊ ကိုယ် အင်္ဂါ အရသာကိုသိမှု၊ မနော အရသာကိုသိမှု ဟူ၍လည်း ၆ ပါးဖြစ် ၏။ သတ္တဝါ အပေါင်းတို့သည် ဤသညာနှင့်ပင် နေ့နေ့ ညည ကိစ္စ အခွင့် အလုံးစုံမျိုးကို သိ၍သိ၍ လုပ်ကြံ ရှက်ဆောင်၍ နေကြရကုန်၏။ ဤကား သညာက္ခန္ဓာ၌ အကျဉ်းခွဲခြမ်းနည်းတည်း။

ဤအရာ၌ ဝိညာဏက္ခန္ဓာ သိမှုနှင့် သညာက္ခန္ဓာ သိမှုကိုလည်း ခွဲ ခြမ်းရာ၏။ ၆-ဒွါရ၌ ဆိုက်တိုက်လာသော အာရုံတို့ကို "သင်းကားမြေ၊ သင်းကားရေ" အစရှိသည်ဖြင့် သိမြင်ဖော်ပြ၍ သွားမှုသည် ဝိညာဏ်၏ သိမှုတည်း။ သညာ၏ သိမှုမဟုတ်။ ဝိညာဏ် ဖော်ပြ၍ သွားသမျှကို နောင် မမေ့ရအောင် မှတ်မှုသည် သညာ၏ အမှုတည်း။ ဝိညာဏ်၏ အမှုမဟုတ်။ ဝိညာဏ် အလိုအားဖြင့် ရှေ့သို့ ဘွေ့ကြုံသမျှကို ထင်မြင် သိလင်း၍ သွားနိုင်ရာ၏။ တွေ့ကြုံပြီးကို ပြန်၍ တစုံတခုကိုမျှ မမှတ်မိ နိုင်ရာ။ သညာ အလိုအားဖြင့် တွေ့ကြုံဖူးသည်ကို မှတ်မိ၏။ ရှေ့ သို့ တစုံတခုကိုမျှ သိမြင်မှုမရှိလေရာ။ ဤကား သညာ ဝိညာဏ် နှစ်ပါးတို့ ၏ အထူးတည်း။

သင်္ခါရက္ခန္ဓာ၌ **အဘိဓမ္မာနည်းအားဖြင့်** သင်္ခါရက္ခန္ဓာ အပါအဝင် ဖြစ်သော တရားမျိုးသည် ငါးဆယ်ရှိ၏။ **သုတ္တန် နည်းအားဖြင့်** စေတ နာ စေတသိက် တခုကို ပဓာနပြု၍ ပြဆိုရ၏။ စေတနာ စေတသိက် တခု၌ အနိစ္စလက္ခဏာရေး ပိုင်နိုင်ခဲ့လျှင် ထို အလုံးစုံတို့၌ ပိုင်နိုင်တော့ သည်။ ဤသင်္ခါရက္ခန္ဓာ၌ စေ့ဆော်မှု ကြောင့်ကြစိုက်မှု ဆိုသည်ကား သတ္တဝါတို့၏ စိတ်ကို မျက်တောင်တခတ်မျှ ကြံမှု စည်မှုကိုလွှတ်၍ ငြိမ်

ဝပ် ရပ်နားလျက် နေခွင့်မရအောင် နှိုးဆော်မှု ကြောင့်ကြ ဗျာပါရ စိုက်ထူ၍ အပူတိုက် ဆော်သြမှုပေတည်း။ လွန်လေပြီးသော အနမတဂ္ဂ သံသရာတွင် အသညသတ်ဘုံ၌ ဖြစ်ခိုက်ကို ချန်လှပ်၍ ဘဝအဆက်ဆက်ကို အကုန်မျှော်လေ။

စိတ်တလှုပ်လှုပ် စိတ်တရွရွ စိတ်ကြုကြ စိတ်တချိချိ စိတ်တလူလူနေမှုကို မြင်ခဲ့လျှင် စေတနာမှုကို သိမြင်လိမ့်မည်။ တခုခုသော ဘဝတွင် စုတိကမ္မဇရုပ် ချုပ်ဆုံးရာ၌လည်း မျက်တောင်တခတ်မျှ ရပ်တံ့ ခွင့်မရမှု၍ ဘဝ အသစ် အသစ်သို့ ပင်ချမှုသည် ဤ စေတနာ၏ အမှုပေတည်း။ ဤ စေတနာ ဟူသော စေ့ဆော်မှု ကြောင့်ကြ ဗျာပါရ စိုက်မှုကို ကုသိုလ်ကံ အကုသိုလ်ကံ ဟူ၍ ဆိုအပ်၏။ ကာယကံ ဝစီကံ မနောကံဟူ၍လည်း ဆိုအပ်၏။ အာရုံ အပြားအားဖြင့် ရူပ သဉ္စေတနာ၊ သဒ္ဒ သဉ္စေတနာ၊ ဂန္ဓ သဉ္စေတနာ၊ ရသ သဉ္စေတနာ၊ ဖောဋ္ဌဗ္ဗ သဉ္စေတနာ၊ ဓမ္မ သဉ္စေတနာဟူ၍ ၆-ပါးရှိ၏။ ရူပါရုံ အတွက် စေ့ဆော်မှု သဒ္ဒါရုံ အတွက် စေ့ဆော်မှု စသည်ဆိုလေ။ သင်္ခါရက္ခန္ဓာ၌ အကျဉ်း ခွဲခြမ်းနည်းပြီး၏။ ဤကား ဘာဝနာဒီပနီ နံပါတ် ၇၁-အတိုင်းပင်တည်း။

ဝိညာဏက္ခန္ဓာသည်လည်း အာရုံကို သိတတ်သော လက္ခဏာ အားဖြင့် ၁-ပါးသာတည်း။ မှီရာဝတ္ထုရုပ်ကို စွဲ၍ကား ၆-ပါး အပြားရှိ၏။ ၆-ပါးဟူသော်ကား စက္ခု ဝိညာဏ်၊ သောတ ဝိညာဏ်၊ ဃာန ဝိညာဏ်၊ ဇိဝှါ ဝိညာဏ်၊ ကာယ ဝိညာဏ်၊ မနော ဝိညာဏ် ဟူ၍ ၆ ပါးရှိ၏။ ၆-ပါးရှိသော်လည်း ယခုဖြစ်သော အဇ္ဈတ္တ ရုပ် နာမ် ကို ရှုရာ၌ မိမိ၏ အတွင်းသက်သက်ဖြစ်သော ရုပ်နာမ်ကိုသာ အဓိကထား၍ ရှုသောနည်း ဖြစ်သောကြောင့် မိမိ၏အတွင်းဖြစ်သော ခန္ဓာငါးပါး၏ ဖြစ်မှု ပျက်မှုကိုသာ သိရန်လိုရင်းဖြစ်၏။ မိမိ၏ ကိုယ်အတွင်း သက်သက်၌ ဖြစ်သော ခန္ဓာငါးပါးကို သိဖို့ရာလည်း မိမိ၏ကာယ ဝိညာဏ်နှင့် မနော ဝိညာဏ်သာ လိုရင်းဖြစ်၏။ ထို့ကြောင့် မိမိ၏ ရူပကာယခေါ် ကိုယ်ကောင်ကြီးအတွင်း၌ ရှိသောအခါ၊ "ခက်မာ၊ ဖွဲ့စေး၊ ပူအေး၊

ထောက်ကန်” တည်းဟူသော ရုပ်၏ သဘောတရားတို့သည် နှိပ်နှိပ်ဖွဲ့ဖွဲ့ မွမွကျေမျ ခန္ဓာထည်း၌ တသဲသဲ တဖြုတ်ဖြုတ် တမုဟုတ်ခန့်မျှ မနားပဲ ဖြစ်ချုပ်နေကြကုန်၏။ ဤဖြစ်၍ ချုပ်နေကြသော တရားတို့သည် မိမိ၏ ခန္ဓာကိုယ်ထည်းမှာ ဖြစ်တာမို့လို့ မိမိ၏ကာယဝိညာဏ်ကသာ သိရ၏။ ထိုဖြစ်တဲ့ ရုပ်တရား ဖြစ်တိုင်း ကာယညာဏ်က ဖြစ်မှန်းသိ၏။ ကာယဝိညာဏ်က သိတိုင်း မနော ဝိညာဏ်က ဘယ်လိုဖြစ်တယ်ဆိုတာ သိရ၏။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ချုပ်တိုင်းလည်း ကာယ ဝိညာဏ် နှင့် မနောတို့ချုပ်ကြ၏။ ခန္ဓာငါးပါး အကြောင်း သိသာ ရှိရေးပြီး၏။

ခန္ဓာငါးပါးဆိုတာ ပရမတ်၊ ပုဂ္ဂိုလ် သတ္တဝါဆိုဘာ ပညတ်ဟူ၍ မှတ်။ ခန္ဓာငါးပါးဆိုတာ နေ့မစဲ ညမစဲ တမိနစ်၊ တစက္ကန့်မျှမရှိပဲ တသဲသဲ တသုတ်သုတ် ဖြစ်ချုပ်နေတာကို ခန္ဓာ ၅-ပါးခေါ်တယ်။ အဲ့ဒါတွေ ခန္ဓာငါးပါးကို သမာဓိပညာနှင့်မှ မြင်နိုင်တယ်။ ပကတိ မျက်စေ့ဖြင့် မမြင်နိုင်။ ခန္ဓာငါးပါး အကြောင်းတော့ သိပါပြီ။ ပရမတ္ထ သဘာဝ ကျနတဲ့ လက္ခဏာရေးသုံးပါးဆိုတာ ဘာလဲဟူမူ ပါဠိကို အရင်ပြပေအံ့။

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

အနက်။ ။သင်္ခါရာ၊ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ပေါ်လာကြကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ သည်။ ဝတ-ကေန္တေန၊ ဧကန်စင်စစ်။ အနိစ္စာ၊ အမြဲမရှိ ကြလေကုန်။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ခြင်းပျက်ခြင်း သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြပြီး၍။ နိရုဇ္ဈန္တိ၊ ချက်ချင်းပင် ချုပ်ပျက်ကြလေကုန်၏။ တေသံ၊ ထိုဖြစ်ပျက် ဖြစ်ပျက်နှင့် ဖြစ်ပျက်မစဲ

တသဲသဲ ဖြစ်ပေါ် ချုပ်ပျောက်၍ နေသော သဘောတရားတို့၏။ ဝူပ သမော၊ ချုပ်ငြိမ်းရာ အစစ် ကေန် ဖြစ်သော နိဗ္ဗာန် သည်သာလျှင်။ သုခေါ၊ လွန်စွာ အေးမြ ချမ်းသာလှသော သန္တိသုခ ချမ်းသာ အစစ်ကြီး ဖြစ်ရလေတော့သတည်း။

ပရမတ္ထ သဘာဝ ကျနသည့် လက္ခဏာရေး သုံးပါးဆိုတာ အနိစ္စ ဒုက္ခ အနတ္တဖြစ်၏။ ဤ အနိစ္စ ဒုက္ခ အနတ္တ ဆိုတာသည်လည်း အဆီ ညှစ်၍ ထုတ်လိုက်တော့ ဖြစ်ပျက် တရားပင်ဖြစ်၏။ ဘာ ဖြစ်ပျက်လဲဆို လျှင် ခန္ဓာငါးပါး ပရမတ္ထ တရားဆိုသည့် ရုပ်နာမ် ဖြစ်ပျက်ပင်ဖြစ်၏။ ရုပ်သည် မျက်စေ့ တမှိတ်ခန့် ကာလအတွင်း၌ ကုဋေ ငါးထောင်ကျော် ဖြစ်၏။ နာမ်လည်း ကုဋေ တသိန်းကျော်ဖြစ်၏။ ဤကဲ့သို့ နေ့မစဲ ညမစဲ နာရီမစဲ မိနစ်မစဲ စက္ကန့်မစဲ အစဉ်မပြဲသော ဖြစ်ပျက်တရားတို့ကိုသာလျှင် ပရမတ္ထ သဘာဝ ယထာဘူတ ကျနသည့် ခဏိကအနိစ္စ ခေါ်သည်။ ထိုမပြဲသော သဘောတရားတို့ဖြင့် အဖန်ဖန် အထပ်တပ် မပြတ် မလပ် နှိပ်စက်ခြင်း ခံနေရသည်ကို ခဏိကဒုက္ခဟုခေါ်ပါသည်။ ထိုမပြဲတဲ့ သဘော တရစပ်နှိပ်စက်မှုကို လူမဆိုထားနှင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သော်မှ တားမရ ဆီးမရ အစိုးမရသောကြောင့် ခဏိကအနတ္တ ခေါ် ပါသည်။

ရုပ် နာမ်တို့၏ ဖြစ်ပျက်ကို အနိစ္စ အနတ္တ ဟု ခေါ်တာတော့ ကျေ နပ်ပါ၏။ ဒုက္ခ ဆိုတာတော့ ကောင်းကောင်း မကျေနပ်နိုင်ပါ။ ဘာ ပြုလို့ ဒုက္ခထည်း ဆွဲသွင်းရပါသနည်းဟူမူ မပြဲတဲ့ သဘောဟာ စင်စစ် တော့ သေတယ် ခေါ်တယ်။ သေတဲ့ ဒုက္ခ ဟာလဲ အကြီးဆုံးပဲလို့ သံယုတ်အဋ္ဌကထာတွင် မိန့်တော်မူတယ်။ ဘယ်လိုပါလဲဆိုတော့—

အနိစ္စတာ စ နာမေသာ မရဏံ မှရဏတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ။

အနက်။ ။သော အနိစ္စတာစနာမ၊ ဤမပြဲသော သဘောသည်လည်း။ မရဏံ၊ သေရခြင်းပင်တည်း။ မရဏတော၊ သေရခြင်းထက်။ ဥတ္တရိ၊ သာလွန်ပိုကဲသော။ ဒုက္ခံ နာမ၊ ဆင်းရဲခြင်းမည်သည်။ နတ္ထိ၊ မရှိ။

## ခဏိကနှင့် သန္တတိအကြောင်း ရှင်းပြချက် အတိုချုပ်

လယ်တီ ဆရာတော် ဘုရားကြီး ရေးသားတော်မူသည့် အတိုင်းပင် ခဏိကဆိုသည်မှာ- ခန္ဓာနာမ်ရုပ်တို့သည် ပရမတ္ထ သဘာဝအလျောက် အလွန်လျင်မြန်စွာ မရပ်မနား အာကာသခြားလျက် တရစပ် ချုပ်ပျက်နေခြင်းကို ဆိုလိုပါသည်။ ဖြစ်ပြီးလျှင် ဖြစ်သောခဏ၌ပင် ချက်ချင်းပျက်ရသော သဘာဝရှိသောကြောင့် ခဏိကအနိစ္စခေါ်ပါသည်။ ခဏိကဆိုသော်လည်း ဝိပဿနာယောဂီ သိပုံနှင့် ဘုရားသခင် သိပုံမှာ မတူပါ။ ဘုရားသခင်သိပုံမှာ မျက်စိတမှိတ်အတွင်း ရုပ်ကကုဋေငါးထောင်ကျော်၊ နာမ်က ကုဋေတသိန်းဟု ဆို၏။ ကုဋေတသိန်းကို ဥပါဒ်ခဏ ဌီခဏ ဘင်ခဏနှင့်မြှောက်လျှင် ခဏငယ်ပေါင်းကုဋေသုံးသိန်းဖြစ်၏။ ဤကုဋေသုံးသိန်းကို ဘုရားသခင်က တခုမျှ မပိုမလိုရအောင် အတိအကျသိတော်မူ၏။ ဝိပဿနာယောဂီပုဂ္ဂိုလ်မှာမူ မျက်စိတမှိတ်အတွင်း ရေတွက်ခြင်းငှာ မစွမ်းနိုင်လောက်အောင် ရာပေါင်းများစွာသောရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကိုသာ သိနိုင်ပါသည်။ ဤတရားကို ထင်မြင်ပေါက်ရောက်အောင် အားထုတ်ဖူးသောသူမြတ်များမှာမူ ကိုယ်တွေ့ဒိဋ္ဌသိကြပြီးဖြစ်ကြပါလိမ့်မည်။ ဤကဲ့သို့လျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ်နာမ်တို့၏ခဏအစိတ်အပိုင်းကလေးတွေကို သိနိုင်လျှင် အနိစ္စ ဝိပဿနာ ပိုင်နိုင်ပြီဖြစ်၍ ဝိပဿနာကိစ္စပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါတော့သည်။ ထို့ကြောင့် ရေပွက်ပမာ တံလှပ်ပမာ ခန္ဓာနာမ်ရုပ်တို့၏ ဖြစ်ပျက်မှု လျင်မြန်ပုံကို ရှုမြင်ရလျှင် သေမင်းမမြင်နိုင်ဟူ၍ "ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။ ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ" ဟူသော ပါဠိက ဆိုပါသည်။

ဤကဲ့သို့ ဖြစ်ပျက် လျင်မြန်ပုံကို မြင်နေသော ယောဂီသူမြတ်ကို အနိမိတ္တဝိဟာရဟု ခေါ်ပါသည်။ ဤကဲ့သို့သော ခဏိကအနိစ္စဝိပဿနာကို ရှုမြင်လျက် မဂ်ဖိုလ်ကိုရသော ပုဂ္ဂိုလ်ကို အနိမိတ္တ ဝိမောက္ခ သုခပဋိပဒါပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ ဤအကြောင်းကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်မှာ ကြည့်ကြပါလေ။

ဘုရားသခင် ရွှေဉာဏ်တော်နှင့် ဝိပဿနာ ယောဂီတို့၏ ဉာဏ်မှာ အလွန်ကွာခြားကြသည် ဖြစ်သောကြောင့် ပရမတ် ရုပ်နာမ်တို့ကို သိမြင်သောအခါ ပရမတ္ထ သဘာဝအတိုင်း မရပ်မနား အာကာသခြားလျက် အတုမရှိ လျင်မြန်စွာ ဖြစ်ပျက်နေသည်ကို တွေ့ရသည် ဆိုသော်လည်း တွေ့ပုံမြင်ပုံ သိပုံချင်း အတိမ်အနက် အစိတ်အကျဲ အသေ အချာချင်း ဘယ်နည်းနှင့်မျှ မတူနိုင်ပါ။ မတူနိုင်သော်လည်း မမြဲတဲ့ အနိစ္စသဘော၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ အစိုးမရတဲ့ အနတ္တသဘောတို့ကို ယုံကြည် ပေါက်မြောက်နိုင်လောက်အောင် ဘာဝနာ မယဉာဏ်ဖြင့် ပရမတ် နာမ် ရုပ်အစစ်တို့၏ မျက်စိတမှိတ်အတွင်း မရေတွက်နိုင်အောင် မရပ်မနား တရစပ် ဖြစ်ပျက်နေမှုတို့ကိုသာ ယောဂီသူမြတ်တို့၏ သိဖို့ရာ လိုရင်း ဖြစ်ပါသည်။ လယ်တီဆရာတော်ဘုရားကြီးကလည်း ခန္ဓာနာမ်ရုပ်တို့၏ ခဏမစဲ ချုပ်ပျက်နေမှုတို့ကို ခဏိက အနိစ္စဟု ရေးတော် မူပါသည်။ ရင်းပြင် အဇ္ဈတ္တပရမတ် ရုပ်နာမ်တို့၏ ခဏိက မရဏတို့သည် မံသမျက်စေ့ဖြင့် မြင်ကောင်းသည် မဟုတ်ကုန်။ တကိုယ်လုံးမှာ ဇာတိ ဇရာ မရဏအချက်ပေါင်း အနန္တရှိသမျှ သိသာလှ၏ဟု ရေးတော်မူပါသည်။ ဤအကြောင်းကို အကျယ်သိလိုလျှင် ဝိဇ္ဇာမဂ္ဂဒီပနီ၊ လက္ခဏဒီပနီ စသည် တို့တွင် ကြည့်ကြပါလေ။

ဘာဝနာဒီပနီ စာမျက်နှာ-၅၀၊ စာကြောင်းရေ ၇-တွင် ပြဆိုအပ်သော ဖြစ်မှုပျက်မှုသည်ကား ခဏိကပစ္စုပ္ပန်ကို အမှီလိုက်၍ ပြဆိုသော အစီအရင်မဟုတ်။ သန္တတိပစ္စုပ္ပန်ကို ပဓာနပြု၍ အခြေပျက် အနေပျက် ဝိသဘာဂအမူအရာပျက်ကို ပြဆိုသော အစီအရင်ဖြစ်သည်။ ယခု စာအုပ်မှာ ခဏိကပစ္စုပ္ပန်ကို အမှီလိုက်၍ပြသော အစီအရင်ဖြစ်သည်။

သာ၍ရှင်းအောင် ဥပမာ ပြချင်ပါသေးသည်မှာ ဘုရားသခင်က လူတယောက်၌ ဆံပင်ပေါင်း နှစ်ကုဋေ လေးသန်း၊ မွေးညင်းပေါင်း ကိုးသောင်း ကိုးထောင်ရှိသည်ဟု ဟောတော်မူ၏။ ဘုရားသခင် ရွှေဉာဏ်တော်ဖြင့်သိ၍ ဟောတော်မူသော ဆံပင် မွေးညင်းတို့သည် လူတိုင်း၌

ရှိကြ၏။ လူတိုင်း၌ရှိ၍သိနေကြသော ဆံပင်မွေးညင်းကိုပင် ဘုရားသခင်ကလည်း ဟောတော်မူ၏။ ဘုရားသခင် ဟောတော်မူသော ဆံပင်မွေးညင်းကတခြား၊ လူတိုင်းသိသော ဆံပင်မွေးညင်းက တခြားမဟုတ်ပါ။ သို့ရာတွင် လူတို့က ဘုရားသခင်ကဲ့သို့ အရေအတွက်နှင့် မပိုမလိုရအောင် တိတိကျကျ အကုန်အစင် မသိနိုင်ကြပါ။ မသိနိုင်သောကြောင့် ဘုရားသခင် ဟောတော်မူသော ဆံပင်မွေးညင်းအစစ် မဟုတ်ဟု မဆိုနိုင်ပါ။

အနိမိတ္တ ဆိုတဲ့ အနိစ္စဝိပဿနာကို ထင်မြင်အောင် အားထုတ်ဖူးသော ပုဂ္ဂိုလ်များမှာ မျက်စိတမှိတ်ခန့် ကာလအတွင်း မရေတွက်နိုင်လောက်သော ရုပ်နာမ်တို့၏ ခဏအချက် ခဏိက အနိစ္စကို ရှုတတ် မြင်တတ်ပြီး ဖြစ်ရကား မည်သည့် ဣရိယာပုထ် မည်သည့်ဝေဒနာ၌မဆို အာရုံပြု၍ ရှုကြည့်မည်ဆိုလျှင် ခဏိကအချက်တို့ ထင်ရှားသည်ပင် ဖြစ်ပါသည်။ ကြာကြာရှုလေ သမာဓိကြီးလေ ဖြစ်ပါသည်။ သမာဓိကြီးလေ ခဏိက အနိစ္စထင်ရှား များပြားလာလေ ဖြစ်ပါသည်။

## သန္တတိအနိစ္စအကြောင်း

သန္တတိဆိုသည်မှာ ခဏိကအချက်ပေါင်းများစွာ လျှင်လျှင် မြန်မြန် အစဉ်မပြတ် ဆက်စပ်၍နေသောကြောင့် တခုတည်း တမျိုးတည်းပင်ဟု ထင်ရခြင်းကို သန္တတိခေါ်သည်။ ဥပမာမှာ သဲဘေ့ကို အမြင့်မှ အဆက်မပြတ် သွန်ချသောအခါ တမှုန့်ပြီးတမှုန့် ဖြစ်ပေါ်ပြီး လျင်မြန်စွာ ပျောက်ပျောက်သွားတာကို မမြင်ပဲ သဲအကြောင်းကြီးကိုသာ မြင်နေရသကဲ့သို့ပင် ဖြစ်ပါသည်။ ခဏိကဆိုသည်မှာ ဖြစ်သောခဏ၌ပင် ချက်ချင်း ပျောက်ပျက် သွားပါသည်။ အပ်ဖျားပေါ် မုန်ညင်းစေ့ချသကဲ့သို့ ထောက်ကနဲဖြစ်တာနှင့် ထောက်ကနဲဖြစ်သော အသံပျောက်တာနှင့် တပြိုင်နက်တည်းပင် ဖြစ်ပါသည်။ သန္တတိမှာမူ ခဏိကထက်ပို၍ အသက်ရှည်ပြီး တည်နေသည်ကို သန္တတိဟု ခေါ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးကလည်း ဖြစ်ပြီးနောက် မည်ရွေ့မည်မျှလောက် တည်နေသည်။ တမိနစ်၊ နှစ်မိနစ်၊ တနာရီ နှစ်နာရီစသည်တို့ဖြင့် တည်နေသည်ကို သန္တတိဟု မိန့်တော်မူပါသည်။ ဤကဲ့သို့ ဖြစ်ပြီးနောက် မည်ရွေ့မည်မျှကြာမှ ပျက်သည်ဆိုလျှင် သန္တတိအနိစ္စ ခေါ်ပါသည်။ ခဏိကအနိစ္စမှာ ဖြစ်သောခဏ၌ပင် ချက်ချင်းပျက်တာကို ခေါ်ပါသည်။ ဖြစ်သောခဏဟု ဆိုသော်လည်း ဘုရားသခင်သိသောခဏနှင့် လူတို့သိသော ခဏမတူကြောင်း သတိပြုစေလိုပါသည်။ တခဏအထက် ပို၍ကြာသမျှ သန္တတိခေါ်၏။ သန္တတိပညတ်တို့၏ အသက်မှာ ရှည်လျားတတ်၏။ အဇ္ဈတ္တခေတ်ပရမတ်တို့၏ သန္တတိအသက်မှာမူ တိုတောင်းတတ်၏။ အဇ္ဈတ္တခေတ်ပရမတ်တို့ကို ရှုသောအခါ ခဏိက အနိစ္စလည်း ထင်တတ်၏။ သန္တတိ အနိစ္စလည်း ထင်တတ်၏။ မည်သည့်အနိစ္စပဲထင်ထင် နည်းမှန် လမ်းမှန်ထင်ရလျှင် ဝိပဿနာ အလုပ်ကိစ္စ ပြည့်ဝပါတော့သည်။ [သန္တတိ အနိစ္စအကြောင်း အကျယ်သိလိုလျှင် လယ်တီဆရာတော်ဘုရားကြီး၏ ဘာဝနာဒီပနီတွင် ကြည့်ကြပါလေ]။

## တီရဏပရိညာ

တီရဏပရိညာဆိုတာ လက္ခဏာရေး သုံးပါးကို ထင်မြင်ပွားများ၍ နေသော ကလာပသမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ် ၉-ပါးကို ခေါ်ပါသည်။ လက္ခဏာရေး သုံးပါးသည်လည်း တရားကိုယ်မှာ တခုတည်း၊ လက္ခဏာသာ သုံးပါး ကွဲပြားနေပါသည်။ အဘယ်ကဲ့သို့ တရားကိုယ်မှာ တခုတည်း နည်းဟူမူ ပြဆိုခဲ့ပြီးသော "အနိစ္စာဝတ သင်္ခါရာ" ဟူသော ပါဠိကို ပြန်၍ကြည့်လျှင် အနိစ္စသည် ဖြစ်ပျက် ဖြစ်၏။ ဤအနိစ္စသည်ပင် စင်စစ်တော့ ဒုက္ခတရား အနတ္တတရား ဖြစ်သဖြင့် ဒုက္ခလဲ ဖြစ်ပျက်၊ အနတ္တလဲ ဖြစ်ပျက်ပင် ဖြစ်၏။ ဤဖြစ်ပျက်သဘောတခုတည်းကိုပင် မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အစိုးမရသော အနတ္တဟူ၍ ခေါ်၏။ ဤလက္ခဏာရေး သုံးပါးကို ထင်ရှားစွာ ရှုမြင် ပွားများနိုင်သည်ကို တီရဏပရိညာဟု ခေါ်သည်။ (ဝိသုဒ္ဓိမဂ်မှာ ကြည့်ပါ။)

ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို ပြရမည်ဆိုသော် ဝိသုဒ္ဓိ ၇-ပါးစလုံး တရား အားထုတ်သော သူများ နားလည်အောင် အကျဉ်းမျှလောက် ပြသွားမှ တော်မည်ဖြစ်၍ ရေးပြပါအံ့။ ဝိသုဒ္ဓိ ၇-ပါးကား သီလဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိဟူ၍ ၇-ပါးအပြားရှိ၏။ ထို ၇-ပါးတို့တွင် သီလဝိသုဒ္ဓိဆိုသည်မှာ သီလခံယူပြီးသည်နှင့် တပြိုင် နက် သိလမကျိုးမပေါက် မပြောက်မကျားသမျှ ကာလပတ်လုံး သီလ ဝိသုဒ္ဓိဖြစ်တော့၏။ သီလခံပြီးသည့်နောက် အာနာပါန အစရှိသော သမထ ကမ္မဋ္ဌာန်း ၄၀-အနက် တပါးပါးကို ရှုသောအခါ ပရိကမ္မနိမိတ် ပေါ်လာလျှင် စိတ္တဝိသုဒ္ဓိဖြစ်စပြုလာပြီဟု မှတ်ပါ။ ဥဂ္ဂဟနိမိတ် ပေါ်လာ လျှင် အလယ်အလတ် လောက်သော စိတ္တဝိသုဒ္ဓိဖြစ်လာပြီဟူ၍ မှတ်ပါ။ ပဋိဘာဂနိမိတ် ပေါ်လာလျှင် အမြတ်စား စိတ္တဝိသုဒ္ဓိဖြစ်လာပြီဟူ၍ မှတ်ပါ။ ပဋိဘာဂနိမိတ်မှစ၍ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါး အစရှိသော ပဌမဈာန်မှ ပဉ္စမဈာန်တိုင်အောင်သော ဖြစ်ခြင်းတို့မှာမူ မြက်သည်ထက်မြတ် မြင့်သည်ထက်မြင့်သော စိတ္တ ဝိသုဒ္ဓိ တို့ဟူ၍ မှတ်ပါ။

ဒိဋ္ဌိဝိသုဒ္ဓိမှာမူ ခန္ဓာငါးပါးကို ခွဲခြား၍ အင်္ဂပ္ပါယ်ကို သိပြီးလျှင် သိသည့်အတိုင်း နာမရူပ ပရိစ္ဆေဒဉာဏ် ဉာဏ်ရှင်း၍ သန္တတိသဘော အတိုင်း ပူသောရုပ်သည် အေးသောအခါမရှိ။ အေးသောရုပ်သည် ပူသောအခါမရှိ။ ပူတာအေးတာရုပ်၊ ခံစားရတာ ဝေဒနာ။ မှတ်တာ သညာ။ စေ့ဆော်စူးစိုက်တာ သင်္ခါရ။ သိတာ ဝိညာဏ်။ ညဥ့်ကရုပ် သည် နေ့အခါ၌မရှိ။ နေ့ကရုပ်သည် ညဥ့်အခါ၌မရှိဟု စာတတ်သော ပုဂ္ဂိုလ်များ နားလည်ယုံကြည်သလို ရုပ် နာမ် ခန္ဓာ ငါးပါးတို့ကို ဝေ ဖန်၍ သုံးသပ်ပြီး သုံးသပ်တဲ့အတိုင်း လဲ သဘောကျ နှစ်သက်နေသော သူ၏ စိတ်သည် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။

"နာမ်ရုပ်တို့၏အကြောင်းကို သိသောဉာဏ် (အကြောင်း နာမ်ရုပ် ကြောင့်ဖြစ်သော အကျိုးနာမ်ရုပ်မျှသာ ရှိသည်ဟု သိသောဉာဏ်)သည်

ကာဠ်ါဝိတရဏရိသုဒ္ဓိ (ယုံမှားမှုကို လွန်မြောက်လျက် စင်ကြယ်သောဉာဏ်) မည်၏။ ဥပမာ-ကုသိုလ်သည် ယောနိသောမနသိကာရကြောင့် ဖြစ်၏၊ အကုသိုလ်သည် အယောနိသော မနသိကာရကြောင့် ဖြစ်၏၊ ဝိပါက်သည် ရှေးကုသိုလ်- အကုသိုလ်ကြောင့်ဖြစ်၏၊ ကြိယာကား ရဟန္တာသန္တာန်၌သာဖြစ်၏၊ ရှေးဘဝက ပြီးခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံဟူသော အကြောင်းလေးပါးကြောင့် ပဋိသန္ဓေမှစ၍ ရုပ်တရားတွေ မပြတ်ဖြစ်နေကြသည်။ ယခုဘဝ၌ စားသောက်အပ်သော အာဟာရကြောင့် ဤရုပ်ကိုယ်ကြီး ဟည်တံ့နေသည်။ ထိုင်ချင်မှု ကွေးချင်မှု စသောစိတ်ကြောင့် ထိုင်ရုပ်၊ကွေးရုပ် စသည်ဖြစ်၏။ အပူဓာတ်ကြောင့် ပူရုပ်၊ အအေးဓာတ်ကြောင့် အေးရုပ်ဖြစ်၏။ "မြင်တယ်"ဟု မှတ်ခိုက်၌ "မျက်စိနှင့် အဆင်းရှိ၍မြင်သည်"၊ "မျက်စိ၊အဆင်း၊ မြင်မှု၊ ဤသုံးမျိုး ဆုံမိ၍ အာရုံနှင့် စိတ်တွေ့ သွားသည်"၊ (ကြားတယ်ဟု မှတ်ခိုက် စသည်၌လည်း နည်းမှု သိနိုင်ပါသည်။) စသည်ဖြင့် နာမ်ရုပ်တို့၏ အကြောင်းတရားကို သိမ်းဆည်းခြင်းဖြင့် ကာလသုံးပါးတို့၌ ယုံမှားခြင်းကို လွန်မြောက်၍ တည်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟု ဆိုရပါသည်။

လက္ခဏာရေးသုံးပါးအစစ်ကို တွေ့ရတော့၏။ ဤဥဒယဗ္ဗယဉာဏ်ဖြင့် ကောင်းစွာအားစိုက်၍ ရှုသောအခါ သမာဓိက ရင့်၍ရင့်၍လာတော့၏၊ သမာဓိရင့်သော အချိန်ကြောင့် ပီတိအမျိုးမျိုး ဖြစ်တတ်၏။ ပဿဒ္ဓိအမျိုးမျိုးဖြစ်တတ်၏။ သြဘာသ အလင်းရောင်အမျိုးမျိုးတွေ့တတ်၏။ ထိုအခါ မိမိတွေ့သော ပီတိကိုသော်လည်းကောင်း၊ ပဿဒ္ဓိကိုသော်လည်းကောင်း၊ သြဘာသကိုသော် လည်းကောင်း မက်မောစွဲလမ်းနှစ်သက်၍ မဂ်လော ဖိုလ်လော နိဗ္ဗာန်လောဟု ထင်တတ်၏။ ဆရာက တင်ကြို၍ ပြောထားလျှင် ကောင်း၏။ ပြောထား၍ နားလည်လျှင် မဂ်မဟုတ်မှန်းသိရတော့၏။ ဤကား မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိတည်း။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မှာကား ပီတိ ပဿဒ္ဓိ သြဘာသတို့သည် မဂ်ဖိုလ်နိဗ္ဗာန် မဟုတ်ဟု သိသောအခါ မဂ်ဖိုလ်နိဗ္ဗာန် လမ်းအမှန်အတိုင်း

သွားမှာပဲဟု သတိရ၍ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို ရှုသွားသော ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမ ဉာဏ်အထိ ရှုသွားသောဉာဏ်ကို ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိခေါ်ပါသည်။

“ဝိပဿနာအစဉ်ဖြင့် ကျင့်သောပုဂ္ဂိုလ်၏ သန္တာန်၌ ဝိပဿနာဉာဏ်၏ ရင့်သန်ခြင်းကို အစွဲပြု၍ မဂ်ဖြစ်ခါနီး၌ ဘဝင်ပြတ်၍ မနောဒွါရာဝဇ္ဇန်းဖြစ်ပြီးနောက် နှစ်ကြိမ်-သုံးကြိမ်သော ဝိပဿနာစိတ်တို့သည် အမှတ်မထား တပါးပါးသော အနိစ္စစသော လက္ခဏာကို အာရုံပြု၍ ပရိကမ်၊ ဥပစာ၊ အနုလုံအမည်ဖြင့် ဖြစ်ကြသည်၊ အနုလောမဉာဏ်နှင့် တကွဖြစ်သော အထွက်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ဆိုရသည်၊ အနုလုံ၏ နောက်၌ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးလျက် အရိယာအနွယ်သို့ရောက်လျက်ဖြစ်၏၊ ထိုဂေါတြဘူစိတ်၏ အခြားမဲ့၌ပင် မဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိလျက်၊ သမုဒယသစ္စာကို ပယ်စွန့်လျက်၊ နိရောဓသစ္စာကို မျက်မှောက်ပြုလျက်၊ မဂ္ဂသစ္စာကို ဖြစ်စေခြင်း၏ အစွမ်းဖြင့် အပ္ပနာ ဝီထိသို့ ရောက်၏။ ထို့နောက် ဖိုလ်စိတ်နှစ်ကြိမ်သုံးကြိမ်ဖြစ်၍ ဘဝင်ကျသည်။ ထို့နောက် ဘဝင်ပြတ်၍ ပစ္စဝေက္ခဏာဉာဏ်များဖြစ်ကြ၏။ မဂ်ကိုလည်းကောင်း၊ ဖိုလ်ကိုလည်းကောင်း နိဗ္ဗာန်ကိုလည်းကောင်း အမှန်ဆင်ခြင်၏၊ ပယ်ပြီးသော ကိလေသာနှင့် ကြွင်းသောကိလေသာတို့ကိုဆင်ခြင်သူလည်းရှိ၏၊မဆင်ခြင်သူလည်းရှိ၏။ ဤဆိုအပ်ပြီးသည့် အတိုင်း ဝိသုဒ္ဓိခြောက်ပါး အစဉ်ဖြင့် ဖြစ်စေအပ်သော မဂ်လေးပါးကို ဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်၏။

ယခုပြသော နောက်ဆုံးဖြစ်သော ဉာဏဒဿန ဝိသုဒ္ဓိအကြောင်းရေးပြသွားသည်မှာ စာပေနည်းအတိုင်းဖြစ်၏။ တရား အားထုတ်သောသူ၏ အသိဉာဏ်အတိုင်းဆိုလျှင် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိကစ၍ ရုပ်နာမ်ဖြစ်ပျက်ကို ရှုသွားရ၏၊ ရှုသွားယင်း ဖြစ်ပျက်ကို ရှုပ်ယှက်ခတ် မြင်နေယင်း ဖြစ်ပျက်ရုပ်နာမ် နှစ်ပါးစလုံးမှ လွန်မြောက်သွားသည်ကို ဉာဏဒဿနဝိသုဒ္ဓိခေါ်၏။တရားအားထုတ်ယင်း မဂ်စိတ်ဖြစ်ပုံ၊ဖိုလ်စိတ်ဖြစ်ပုံ၊

ဖလသမာပတ် ဝင်စားပုံတို့ကို သေသေချာချာ နားရှင်းအောင် နောက်ထပ် တနေရာ၌ ရေးပြပါမည်။

## ပီတိ အကြောင်း

ပီတိအကြောင်းရေးပြအံ့။ ဤကဲ့သို့ မိမိခန္ဓာကိုယ်အတွင်း ရုပ်ဓာတ်လေးပါးတို့၏ ဖောက်ပြန်ခြင်း၊ နာမ်ဓာတ်လေးပါးတို့၏ ဖြစ်ပေါ်ချုပ်ပျောက်ခြင်းတို့ကို တစသက်တစ သမာဓိရင့်လေ ပို၍သိလေ ဖြစ်လာလေ၏။ သမာဓိရင့်လွန်းအားကြီးလာသော အခါ ဝိပဿနာသမာဓိ၏ အစွမ်းဖြင့် ဝိပဿနာကိုကျနမှန်ကန်စွာ ယထာဘူတ ကျကျကြီး နည်းမှန်လမ်းမှန်အတိုင်း အားထုတ်သောသူတို့မှသာ ရတတ်တွေ့တတ်သောပီတိများကို တွေ့တတ်ပါသည်။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၌—

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော—

ဟူ၍ ဟောတော်မူပါသည်။

အနက်။ ။ သုညာဂါရံ၊ ဆိတ်ငြိမ်သာအရပ်သို့။ ပဝိဋ္ဌဿ၊ ဝင်သော။ သန္တစိတ္တဿ၊ ငြိမ်းချမ်းသော စိတ်ရှိသော။ သမ္မာ၊ အသင့်အားဖြင့်။ ဓမ္မံ၊ ရုပ်နာမ်တရားကို။ ဝိပဿတော၊ ဥဒယဗ္ဗယာ နုပဿနာတို့၏ အစွမ်းအားဖြင့် ရှုသော။ ဘိက္ခုနော၊ သံသရာ ဘေးကို ရှုသော ယောဂီ ပုဂ္ဂိုလ်အား။ အမာနုသီ၊ ဝိပဿနာ အဇ္ဈတ္တ ခန္ဓာငါးပါးကို အားမထုတ်သော သူတို့၏ အရာ မဟုတ်သော။ ရတိ၊ ဝိပဿနာပီတိသုခ ဟူသော မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ဟောတော်မူတိုင်း ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ တကယ့်တကယ် အားထုတ်သန်၍ ဥဒယဗ္ဗယ အစစ်ကို ရှုမြင်ပွားများနေသောအခါ သမာဓိက တဆင့်ထက် တဆင့် ရင့်သန်လာတော့၏။ ထိုအခါ၌ ဝိပဿနာ သမာဓိ အရှိန်ကြောင့် ပီတိပေါ်လာတတ်၏။ ဓမ္မနိယာ

မပင်။ [ယထာဘူတကျနသည့် အဇ္ဈတ္တ ခန္ဓာငါးပါး ရုပ် နာမ်တရားတို့၏ ဥဒယဗ္ဗယအစစ် တီရဏပရိညာအစစ် ပရမတ်အစစ် ခဏိကအစစ်သောတာပန်ဖြစ်နိုင်သော တရားအစစ် နိဗ္ဗာန်ရောက်နိုင်သော တရားအစစ် ဖြစ်သောကြောင့်သာ ဤဖော်ပြမည့် အတိုင်းသော ပီတိမျိုးကို တွေ့ရသည်ဟု မှတ်ပါ။ ဤသည်ကား ဤတရားသည် ယထာဘူတကျနမှန်ကန်ကြောင်းကို ပိုမိုထင်ရှားစေ၏။

ပီတိ ဘယ်လို ဖြစ်ပါသနည်းဟူမူ .... သမာဓိ အလွန်ကောင်းသောအခါ ခန္ဓာကိုယ် အတွင်း၌ တစီစီ တဖြုတ် ဖြုတ် တလှုပ်လှုပ် တရွရွဖြစ်၍ဖြစ်၍ ပျက်၍ ပျက်၍ နေကြကုန်သော ရုပ်တရားတို့သည် တကိုယ်တကောင်လုံး၌ ဆီချက်အိုးကဲ့သို့ အမြုပ်တွေ ပြည့်ကြပ်နေလိုဖြစ်တတ်၏။ ထိုအခါ၌ ဆက်၍ရှုသွားလျှင် ဆီးနှင်းပေါက် မျှလောက်သော မှုံမှုံ တွန်းကန် လှုပ်ရှားမှု သဘောကလေးတွေသည် နူးညံ့သိမ်မွေ့စွာ တကိုယ်လုံး၌ ဖြစ်၍ ဖြစ်၍ ချုပ်၍ ချုပ်၍ နေတတ်၏။ ထိုအခါ ဖြင်ပျက် တည်းဟူသော ကာယသမ္ဗဿ ကလေးတွေသည် လွန်စွာ သိမ်မွေ့၍နေလေ၏။

ဤအတောအတွင်း၌ အားထုတ်နေသော ယောဂီ၌ သိပ်ပြီး ခြေကျဉ်၍ နေသောသူ၏ ခြေထောက်ကို လက်နဲ့ တို့လိုက်သောအခါ နဂိုတုန်းကထက် ပို၍ ဖြန်းကနဲနေသကဲ့သို့လည်းကောင်း၊ သဲကိုလက်နှင့်ယူ၍ ဖြန့်လျက် ပက်လိုက်သကဲ့သို့လည်းကောင်း၊ ဖြန်းကနဲ ဖြန်းကနဲနှင့် ကြက်သီးထသကဲ့သို့လည်းကောင်း ဖြစ်ပေါ်လာတတ်၏။ ကြက်သီးထသကဲ့သို့ဆိုသော်လည်း ပကတိထသော ကြက်သီးကဲ့သို့ လူပါတကိုယ်လုံး တုန်လှုပ်ပြီး သွားတာမျိုးမဟုတ်၊ ခန္ဓာကိုယ်ကြီး ယိမ်းယိုင်တုန်လှုပ်ခြင်းမဖြစ်ပါ။ခေါင်းနပန်းကြီးပြီး ကြောက်တာမျိုးလည်းမဟုတ်ပါ။ ရှုသောသူ၌ တွန့်ခြေမပျက်ပါ။ သို့ရာတွင် ကြက်သီးထသောအခါ ဖြန်းကနဲ ဖြန်းကနဲဖြင့် ကိုယ်၌ တွေ့ထိသော သဘောမျိုးနှင့်တူ၍သာ ဥပမာ ပြရပါသည်။ ဘာ့ကြောင့် ကြက်သီးထတာနှင့်တူသည်ဟု ကျမ်းဂန်၌ ဆိုပါသနည်း။ ဤကဲ့သို့ဖြစ်တာကို ခုဒ္ဒကာ ပီတိ ဟု ခေါ်ပါသည်။

ဤကဲ့သို့ ရှုနေဖန်များလာသော် စိတ်သည် မိမိ ခန္ဓာကိုယ်အတွင်း ဖြစ်ပျက်ခြင်း တည်းဟူသော ရုပ်နာမ်တရားတို့မှ တခြားသို့ ထွက်မသွားပဲ နေလေ၏။ ထိုအခါ၌ စိတ်၏စင်ကြယ်ခြင်း တည်းဟူသော အကြောင်းကြောင့် လျှပ်လက်သကဲ့သို့ဝင်းကနဲလင်းလိုက်လင်းပြီးသည်နှင့်တပြိုင်နက် ပျောက်လိုက်၊ ဤကဲ့သို့ ခဏခဏ လင်းကနဲ ဝင်းကနဲ အရောင်တို့သည် လင်းလိုက် ပျောက်လိုက် လင်းလိုက် ပျောက်လိုက် နေ၏။ ကြာကြာလင်း၍မနေ။ ဝင်းဆို ပျောက်သွားတာပါပဲ။ ဝင်းကနဲနေသော အလင်းရောင်သာ လာမှန်းသိရတယ်။ ဘယ်ကဖြစ်၍ ဘယ်က ပေါ်လာမှန်းကား မသိရပါ။ ထို့ကြောင့် လျှပ်လက်သကဲ့သို့ဟု ဥပမာပေးခြင်းဖြစ်ပါသည်။ ဤကား ခဏိကပီတိခေါ်၏။ ဤခဏိကပီတိနှင့်တူသော အလင်းရောင်မျိုးသည်မှုကား သမာဓိနှင့် ဆိုင်သော အလုပ်ကို လုပ်သော သူများလည်း သမာဓိ ကောင်းလာလျှင် ဤ အလင်းရောင်နှင့် ခပ်ဆင်ဆင် အလင်းမျိုးကို တွေ့ရတတ်ပါ၏။

ဤမှတချက် ရှေ့သို့တိုးတက်၍ ရှုမြင်ပွားများသွားသည်ရှိသော်သမာဓိ အရှိန် ကောင်းသည်ထက် ကောင်း၍လာ၏။ သမာဓိ ကောင်းလေ ခန္ဓာနာမ်ရုပ်တို့၏ ဖြစ်ပျက်မှု ပိုမိုထင်ရှားစွာ သိရလေဖြစ်၏။ ထိုအခါ ခန္ဓာကိုယ် အတွင်း၌ အရင်ကထက်ပို၍ ဆူပွက် လာလေ၏။ ဆူပါများလတ်သော် အလှူအိမ်က ချက်သော ထမင်းအိုးကြီးနှင့် ခန္ဓာကိုယ်ကြီးသည် တူ၏။ အတွင်းက ဖြစ်ပျက်နေသော သဘောတရားတို့သည် အိုးထည်းက ဆူပွက်၍နေသော ဆန်နှင့်ရေကဲ့သို့ ဖြစ်နေတော့၏။ မီးပြင်းထိုးထားသကဲ့သို့ ဆူ၍နေ၏။ မီးညီသောအခါ တညီတည်း ဆူ၍နေသကဲ့သို့ ၎င်းကိုယ်လုံး တညီတည်း ဆူ၍နေ၏။ ဤကဲ့သို့ တညီတည်း ဆူ၍နေတာ ကြာသော် ရေပြင်ပေါ်သို့ မိုးကြီး ရွာချသောအခါ မြင်ရသည်နှင့်လည်း တူပါ၏။ တူသည်ဟု ဆိုသော်လည်း လက်ဦးတော့ခါ ကိုယ်တွေ့ တရားသာတူသည်။ မျက်မစ့ ပြင့် မြင်ရသော သဘောမျိုး မဟုတ်ပါ။ သို့ရာတွင် ကြာကြာနေတော့ခါ သမာဓိနှင့် ပညာနှစ်မျိုးရှိရာ ပညာထက် သမာဓိက အားရှိသွားပြီး သကာလ ပညာ တည်းဟူသော ကိုယ်

ဖြင့်တွေ့၍ သိ၍နေရသော သဘောကို လွန်မြောက်၍ မျက်စေ့ဖြင့် မြင်ရသော သဘောသို့ ပြောင်းမှန်းမသိ ပြောင်းသွားတော့၏။

ထိုအခါ၌ ရေပြင်ပေါ်တွင် မိုးသဲသဲကြီး ရွာချသကဲ့သို့ ဖြစ်လာတာကို မျက်စေ့ဖြင့် ဖွင့်၍ ကြည့်ရသကဲ့သို့ မြင်လာတော့၏။ တစက်တစ တခဏထက် တခဏ မိုးသည် ကြီး၍ကြီး၍ သဲသကဲ့သို့ မြင်ရတော့၏။ ကြာတော့ခါ မိုးသဲရုံတင်မက လေကလေးပါ၊ တိုက်ခိုက်လာသလိုလို ဖြစ်လာ၏။ ရေပြင်သည် မိုးရွာနေတဲ့ အထည်း လှုပ်ရှား၍ လှုပ်ရှား၍ လာသလိုဟာကို မျက်စေ့ဖြင့် မြင်ရသကဲ့သို့ ဖြစ်လာ၏။ ကြာလေကြာလေ မိုးကသဲလေ လေကလဲ ပြင်းလေဖြစ်လာ၏။ ထိုအခါ လှိုင်းကလေးများ ထလာတုန်း မိုးကြီးသဲလာသလိုမြင်ရ၏။ ကြာတော့ခါ ပင်လယ်ရေပြင်တွင် မိုးရောလေပါ သဲသဲမဲမဲ ရွာချနေတုန်းအခါ လှိုင်းတံပိုးကြီးများ ထနေသကဲ့သို့ မြင်၍ မြင်၍ တကယ့် မျက်စေ့နှင့် တကယ် မြင်သကဲ့သို့ ဖြစ်နေတော့၏။ ဤကား ဩက္ကန္တိကာ ပီတိဖြစ်ပါသည်။ ဤပီတိမျိုးကို တွေ့သည်ဆိုတာ အဇ္ဈတ္တ ခန္ဓာငါးပါး ဥဒယဗ္ဗယ တရားအစစ်တွေ့တော့မှ အားထုတ်သောသူကလည်း သမာဓိ ကောင်းမှ တွေ့ရသော ပီတိမျိုးဖြစ်ပါသည်။ ဗဟိဒ္ဓ ကို လက္ခဏာရေးသုံးပါးတင်၍ ရှုနေရုံနှင့် ဤပီတိမျိုး မတွေ့နိုင်ပါ)။

ဥဗ္ဗေဂါပီတိ ဆိုတာ လဲဝါဂွမ်းကဲ့သို့ ကောင်းကင်သို့ တက်သွားသည်ဟု ကျမ်းဂန်း၌ ဆို၏။ သီဟိုဠ် ကျွန်းသူ တယောက်သည် မိမိ၌ ကိုယ်ဝန်ရှိ၍ တောင်ထိပ်က ဘုရားကို မိဘများ သွား၍ဖူးရာ မလိုက်ရသဖြင့် အိမ်ကပင်နေ၍ ဘုရားကိုကြည်ညိုနေယင်း ဥဗ္ဗေဂါပီတိ ဖြစ်ပြီး ဘုရားယင်ပြင်တော်ပေါ်၌ မိဘများထက် စော၍ရောက်နေနှင့်သည်''ဟု ကျမ်းဂန်၌လာ၏။ ဤကား ဘုရားကို ကြည်ညိုသော သမာဓိ ကြောင့် ဖြစ်သည့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတွင် အကျုံးဝင်သော သမထ၏ အစွမ်းကြောင့်ဖြစ်သော ဥဗ္ဗဂါပီတိမျိုးဖြစ်၏။ ယခုအခါ၌လည်းအာနာ

ပါန သမထကို အားထုတ်စဉ် မြေနှင့်မထိပဲ တရပ်သာသာ လောက် အထိတက်၍ မြောက်နေသော သမထ ယာနိက ပုဂ္ဂိုလ်များလည်း ရှိကြပါ၏။ ဝိပဿနာ တရားအားထုတ်ယင်းကိုမူကား ဤကဲ့သို့ အထက်သို့ တက်ရောက်နေသည်ကို သူတပါး မျက်စေ့နှင့် တွေ့ရ မြင်ရ သည်ဟူ၍ကား မကြား မတွေ့ရဖူးသေးပါ။ အားထုတ်သန့်လျှင်မူကား ထက်မြက်သော လုံ့လစိရိယ ရှိလျှင်မူကား ညဉ့်အခါ တရားကို အာရုံပြုလျက် အထူးသဖြင့် အာရုံပြုလျက် အိပ်သောအခါ စိတ်သည် မိမိ၏ ခန္ဓာကိုယ် ထည်း၌ ဖြစ်သမျှသော ရုပ်နာမ်သင်္ခါရ တို့ကိုသာ ရှုမြင်၍ နေတတ်၏။

ဤကဲ့သို့ ရှုယင်း ရှုယင်း အိပ်ပျော်သွားပြီးသကာလ နိုးလာသောအခါ၌လည်း အိပ်ပျော်ပြီး၍ နိုးလာမှန်းမသိ၊ တရားကို ရှုမြင်လျက်ပင်နေ၏။ ဤကဲ့သို့ ရှုမြင်နေယင်း မိမိကိုယ်သည် အထက်သို့ ကြွ၍တက်နေသကဲ့သို့ ထင်ရ၏။ တက်နေသော အခါ အတန်ကြာသော် မိမိကိုယ်သည် အပေါ်သို့မြောက်၍ နေပါကလားဟု သိ၍ ဟုတ်မှဟုတ်ပါမည်လားဟု လက်နှင့် စမ်းသပ်ကြည့်သောအခါ အောက်က အခင်းနေရာကို လက်နှင့် မတွေ့ခတော့ပေ။ သည်တော့မှ ဘယ့်နှယ်ကြောင့် အပေါ်သို့မြောက်တက် နေပါသနည်း ဟု အောက်မေ့၏။ အောက်မေ့ပြီးလျှင် ဝမ်းသာ အားရသည် ဟူ၍မဟုတ်၊ တရားကိုသာ ရှုမြဲတိုင်း ရှုလျက်နေတော့၏။ ထိုကဲ့သို့ တရားကို ဆက်လက်ရှုမြင် သွားသောအခါ တရားကိုမြင်လျက်ပင်နေ၏။ မိမိကိုယ် မြောက်နေတာကို အာရုံမပြုတော့ပေ။ ဤကဲ့သို့ တရားကို ရှုနေတာကြာသောအခါ တရား၌ အာရုံ ပြေ၍ပြေ၍လာ၏။ ထိုအခါ၌ ခုနတုန်းက မိမိကိုယ်ကြီး မြောက်တက်နေတာ ဘာပြုလို့ ပါလိမ့်မလဲ ဟု သတိရ၏။ ဤကဲ့သို့ ဖြစ်တာကို ဝိပဿနာ အရာ၌ ဥဗ္ဗေဂ ပီတိ ဟူ၍ ကျမ်းပြုသောသူက ဆိုချင်၏။ သို့ရာတွင် ပညာရှင် သူတော်ကောင်း များကမူကား မည်သို့ယူဆကြမည်မသိ။

ဖရဏာပီတိ ဆိုတာ ကျမ်းဂန်၌ ကိုယ်အားလုံးသည် မှုတ်၍ လေ ဖြင့် ပြည့်၍နေသော စည်ဖောင်း ကဲ့သို့လည်းကောင်း၊ များသော ရေ

အယဉ်ဖြင့် စီးဝင်သော တောင်ခေါင်းကဲ့သို့လည်းကောင်း မပြတ်အစဉ် ထက်ဝန်းကျင်မှ ပျံ့နှံ့သည်ဖြစ်၏”ဟု ဆို၏။ သို့ဖြင့်၍ တရားအားထုတ်သောအခါ ကျမ်းဂန်၌ ပါတာနှင့် တူတာကို လိုက်ရှာလိုက်သော် အားထုတ်သောသူသည် ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်နေမှု တို့ကို တကိုယ်တကောင် လုံး၌ သိလာရသောအခါ သိဘာထက်ပို၍ သန်အောင် အားစိုက်လာသောအခါ မိမိ ခန္ဓာကိုယ်မှတပါး တခြားသို့ စိတ်မရောက်ပဲ ကိုယ်ထည်းတွင် ထား၍ရှုနေလေ၏။ ထိုအခါ ခန္ဓာကိုယ်သည် တကိုယ်လုံး အပ်ချစရာ နေရာမရှိအောင် သေးငယ်လှစွာသော ရေမြှုပ်ရေပွက်ကလေးတွေဖြစ်၍ ဖြစ်၍ ပျက်ပျက်ပြီး ဆူနေတာကို တွေ့ရ၏။

ဤကဲ့သို့ ရှုနေယင်း မိမိ ခန္ဓာကိုယ်အတွင်းက ဆူပွက်ခြင်း သဘောတရားတို့သည် တိုးတက် ပိုမို၍ လာသောအခါ နွားနို့အိုး များသည် ဆူရာမှ ဝေ၍တက်လာလိုက် ပြန်ကျသွားလိုက်နှင့် နေသကဲ့သို့ မိမိကိုယ်ကြီးသည်လည်း ဆူပွက်၍ ပွပြီး ကြီးပြီးလာလိုက် ပြန်ငယ်သွားလိုက်နှင့် နေသည်ဟု ထင်ရ၏။ ဤကဲ့သို့ ဖြည်းညင်းသာယာစွာ နူးညံ့သိမ်မွေ့စွာ ဖြည်းဖြည်းကလေး နုနုကလေး ပွပွလာလိုက် ကျုံ့ကျုံ့ သွားလိုက်နှင့် ဖြစ်နေပြီးလျှင် တခါတရံပွလာပြီးနောက် ပြန်၍ကျုံ့မသွားပဲ ပွလျက်နှင့်ပင် မတိုးမဆုတ်ပဲ နူးညံ့စွာ နုနုကလေးဆူ၍ပွပြီး ငြိမ်နေတာမျိုး မျက်စေ့ဖြင့်ဖွင့်၍ ကြည့်ရတာလို မြင်နေတတ်၏။ ထိုအခါ၌ မြင်နေတာမှတပါး စိတ်သည် တခြားသို့ မပြောင်းမရွေ့တော့ပေ။ မိမိ၏ မူလခန္ဓာကိုယ်ကိုလည်း သတိမရတော့ပေ။ ယခုမြင်နေသော ပွလျက် နုနုကလေး အေးမြ ကြည်လင်စွာဆူနေသော ကိုယ်ပွကြီးကိုသာ မြင်နေလျက် အမှတ်တမဲ့ ကြက်သေသေပြီး ကြည့်နေမိတာနှင့် တူနေတော့၏။ တကယ့်ကိုပင် လေတွေ မှုတ်သွင်းထား၍ ပွနေတာနှင့်လည်း တူ၏။ ရေတွေဆူပွက်နေပြီး ပြည့်ကျပ်ပွလျှောင်းနေတာနှင့်လည်း တူပါ၏။ ဤအတွေ့သည်ကား ကျမ်းဂန်၌ပါသည်နှင့် အလွန်တူ၏။ ထို့ကြောင့် ဖရဏာပီတိဟု ခေါ်ချင်၏။

ဤပီတိ ငါးပါးထက် ထူးခြားသော ပီတိတမျိုး ရှိပါသေးသည်။ ဤပီတိသည်ကား သမာဓိအရှိန် ကောင်းကောင်းနှင့် ရှုလိုက်သောအခါ ခန္ဓာကိုယ်အတွင်း၌ ရုပ်နာမ် တို့သည် ရှုပ်ယှက်ခတ်၍ဖြစ်ပျက်နေလေ၏။ ကြာလေများလေ ကြာလေမြန်လေ ဖြစ်လေ၏။ များလွန်း မြန်လွန်း အားကြီးလာသောအခါ ရုပ်နာမ် ဖြစ်ပျက်ကို ရှုနေရသည်မှတပါး အခြားသော အာရုံ၌ စိတ်မသွားတော့ပေ။ ဖြစ်တာ ပျက်တာ ချုပ်တာ ကိုသာ သိ၍ သိ၍ နေတော့၏။ ကြာသောအခါ မိမိ၏ ခက်မငါးဖြာ တည်းဟူသော ခြေလက် ဦးခေါင်းတို့ကို မသိ။ ကိုယ်ကောင်ကြီး ဘယ် လိုနေသည်ဟု မသိ။ မိမိ၏သိတတ်သောစိတ်သည် ရုပ်နာမ်အစဉ်မပြတ် တရစပ် ဖြစ်ပျက်နေတာကိုသာ သိ၍သိ၍ နေလေတော့၏။ ဤကဲ့သို့ ရုပ်နာမ်တို့သည် မြန်သည်ထက် မြန်လာသောအခါ တံလျှပ်ပမာ ရိပ်ရိပ် ရိပ်ရိပ်နှင့် နေလျက် တံလျှပ် အတိုင်းထက်ပင် လျင်မြန်စွာ ဖြစ်လာ ပြီးလျှင် တရားစူးစိုက်၍ စူးစိုက်၍ စွဲမြဲစွာ နေလေ၏။

ဤကဲ့သို့ စူးစိုက်၍ စွဲမြဲစွာ ရှုနေတုန်း ရုတ်တရက် ရုပ်နာမ်သင်္ခါရ တို့၏ ဖြစ်ပျက်ကို မတွေ့ရတော့ပဲ ရှေးက တွေ့ဖူး မြင်ဖူးတာတွေကို လည်း မတွေ့ရတော့ပဲ မိမိခန္ဓာကိုယ် အတ္တဘောကြီးကိုမှလဲ မတွေ့ရ သိရတော့ပဲ နာမ်သာရှိ၍ ရုပ်မရှိသော ဗြဟ္မာ့ဘုံ၌ နာမ်တရားကလေး သက်သက်သာ တည်နေသကဲ့သို့လည်းကောင်း၊ မိမိ၏နာမ်တရားကလေး သည် မှော်အတိပြီးသော ကောင်းကင်၌ မတုန်မလှုပ် တည်ငြိမ်၍ နေသ ကဲ့သို့လည်းကောင်း၊ ချမ်းသာစွာဖြစ်၍နေလေတော့၏။ ထိုအခါ၌ မြင်မှု ကြားမှု နံမှု လျက်မှု တွေ့ထိမှု တောင်မြောက် လေးပါး ကြံစည်မှု ကုသိုလ် အကုသိုလ်တို့၌မှစ၍ ကြံစည်တွေးတောမှုတို့သည် မရှိတော့ပေ။ မဖြစ်ပေါ်တော့ပေ။ ဤကဲ့သို့ ဘာမျှမဖြစ်ပေါ်ဘူး ဆိုသော်လည်း မိမိ ၏စိတ်၌မူကား အေးကြည် ချမ်းမြေ့လှစွာ ရှိနေသည်ကိုကား သိလျက် ပင်နေ၏။ မနောဓမ္မာရုံကား မချုပ်ပဲရှိ၏။ ဧကဂ္ဂတာစိတ်မျိုး ဖြစ်နေ ၏။ စိတ်၏ ဟိုကြံ သည်တွေးကား မရှိတော့ပေ။ ဤကဲ့သို့ ဖြစ်နေလျက် ထိုက်သည့် အားလျော်စွာ ကြာလာသောအခါ မူလက မိမိ၏ ခန္ဓာငါး

ပါးတို့၏ ဖြစ်မှုပျက်မှုတို့ကို ပြန်၍ ထင်လာတော့၏။ ထင်လာပြီးလျှင် ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှု သိမ်မွေ့၍ ပျောက်၍ ပျောက်၍ လျော့လျော့သွားဘော့၏။

ထိုအခါ ကျလျှင် ခုနက ဖြစ်နေတာ ချမ်းသာလိုက်တာဟု သိပြီး သကာလ ဤချမ်းသာမျိုးနှင့်သာ နေလိုသောစိတ် ဖြစ်ပေါ်၍ နေလေတော့၏။ အလွန်နှစ်သက်၏။ သဘောကျ၏။ ခံစားခဲ့ဖူးသော လောကီအာရုံ ကာမဂုဏ်တရားတို့ထက် သာ၏။ စက္ခုသောတ၊ ဃာန၊ ဇိဝှါ၊ ကာယ တည်းဟူသော သမ္ဖဿမျိုးမဟုတ်၊ မနောသမ္ဖဿဇာ ဥပေက္ခာဝေဒနာ ဖြစ်၏။ ထို့ကြောင့် တချို့က ဤသည်ကား နိဗ္ဗာန်ပင်တည်းဟုအယူရှိကြ၏။ နိဗ္ဗာန်ကားမဟုတ်သေး။ ဖိုလ်ချမ်းသာ ခံစားသည်ဟုလည်းယူကြ၏။ ဖိုလ်ချမ်းသာလည်း မဟုတ်သေး။ မဂ်စိတ် ဖိုလ်စိတ်ဆိုတာ နိဗ္ဗာန်မှတပါးသော အာရုံ ၆-ပါး ဒုက္ခတရားတို့မှ ဆိတ်၏။ ဖဿာယတန ၆-ပါးဆိတ်၏။ အာရုံ ၆-ပါး ဒုက္ခတရားတို့ကို သိတတ်သော မနောဝိညာဏ်ချုပ်၏။ မဖြစ်။ သို့ပေမယ့် မဂ်ဖိုလ် နိဗ္ဗာန်ဟုထင်မယ်ဆိုလဲ ထင်စရာရှိ၏။ အဘယ့်ကြောင့်ဆိုသော် ဤအတွေ့မျိုးကို အနိမိတ္တ သမာဓိ၊ အပဏိဟိတ သမာဓိ၊ သုညတ သမာဓိမျိုးကို ရောက်သောအခါမှ တွေ့ရတတ်သော သဘောမျိုး ဖြစ်သောကြောင့်တည်း။ ဤသမာဓိမျိုးကို ဝိမောက္ခ မုခဟု လယ်တီဆရာတော်ဘုရားကြီးကမိန့်တော်မူသည်။ ဤနေရာမျိုး ကုပြီဆိုမှဖြင့် မဂ်ဖိုလ်ဘက်ကို သွားလျှင်သွား၊ မသွားလျှင်လည်း ဤကဲ့သို့သော ပီတိဘက်သို့ ရောက်သွားတတ်ပေသည်။ ဤကဲ့သို့ ဖြစ်ခြင်းကို ပီတိပါမောဇ္ဇဟု ယူဆ၏။ ဓမ္မပဒ ကျမ်းဂန်ကလည်း ဆို၏။ ဆိုပုံမှာ—

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။

လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ—

ဟု ဖြစ်ပါသည်။

အနက်မှာ— ယတော ယတော၊ အကြောင်းအကြောင်း ရုပ်အားဖြင့်လည်း ကောင်း၊ နာမ်အားဖြင့် လည်းကောင်း။ ခန္ဓာနံ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏။ ဥဒယဗ္ဗယံ၊ ဥပါဒ်ဋ္ဌီဘင် အစဉ်ဖြစ်တည် ချုပ်ပျောက်မှုကို သမ္မသတိ၊ ဟုတ်တိုင်းမှန်စွာ သုံးသပ်ဆင်ခြင်၍ နေ၏။ အမတံ၊ အမြိုက် နိဗ္ဗာန်ကို။ ဝိဇာနတံ၊ သိကုန်ပြီးသော အရိယာသူမြတ်တို့၏။ ယံပီတိ ပါမောဇ္ဇံ၊ အကြင်နှစ်သက် ဝမ်းမြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ တာဒိသံ၊ ထိုအရိယာတို့၏ နှစ်သက် ဝမ်းမြောက်ခြင်းနှင့် တူသော။ ပီတိ ပါမောဇ္ဇံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ တတော တတော၊ ထိုထို ရုပ် အားဖြင့်လည်းကောင်း နာမ်အားဖြင့်လည်းကောင်း။ လဘတေ၊ ရ၏ ဟူ၍ ဟောတော်မူသည်။[ဥဒယဗ္ဗယအစကို ဘာဝနာမယဉာဏ်ဖြင့် တွေ့ လျက် အလွန်အားထုတ်သန်သော သူများမှ တွေ့နိုင်သောပီတိမျိုး ဖြစ် ကြောင်း သတိပြုကြစေလိုပါသည်။]

ဤကဲ့သို့သော ပီတိမျိုးသည် ဝိပဿနာ၏ အန္တရာယ် ဆယ်ပါးတွင် အကျုံးဝင်သော တရားစု ဖြစ်၏။ မနှစ်သက် အပ်။ ဝိပဿနာအန္တရာယ် ဆိုတာ တနားအားထုတ်သောအခါ တရား၏မဂ္ဂဘာအတိုင်း အားထုတ် နေစဉ် မဂ်ဖိုလ်နိဗ္ဗာန်မရမီ တွေ့တတ်သောတရား ဖြစ်၏။ တွေ့သောအခါ နှစ်သက်၍ နေတတ်၏။ မဂ်ဖိုလ်နိဗ္ဗာန်ဟု ထင်၍နေတတ်၏။ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းရွှင်လန်းခြင်း ဖြစ်သမျှ ဝိပဿနာ၏ အန္တရာယ်ချည်းပင် တည်း။ မနှစ်သက်ပဲ ပျင်းမုန်းငြီးငွေ့လျက် ဒုက္ခကြီးဟု ထင်နေမှ ဖြောင့် တန်းသောမဂ်လမ်းခရီးဖြစ်၏။ ဤဝိပဿနာအန္တရာယ်ဟု ဆိုသော ၁၀- ပါးသောဥပက္ကိလေသတို့ကား အဘယ်နည်းဟု ဆိုသော်—

(၁) ဩဘာသ, အရောင်အလင်း၊

(၂) ဉာဏ, အလွန်သန့်ရှင်းသော ဉာဏ်၊ ဝိပဿနာရှုယင်း တရား သဘော အစစ်အမှန်တို့ကို ခွဲခြမ်းဝေဖန်၍ သိနေသောဉာဏ်၊

(၃) ပီတိ, နှစ်သက်ခြင်း၊

(၄) ပဿဒ္ဓိ, ကိုယ်စိတ်ငြိမ်းခြင်း၊

(၅) သုခ, မွှန်မြတ်သောချမ်းသာ၊

(၆) အဓိမောက္ခ, ကြည်သော ထက်သန်သော သဒ္ဓါတရား၊

(၇) ပဂ္ဂဟ, အားထုတ်ခြင်း ဝီရိယ၊

(၈) ဥပဋ္ဌာန, ထင်ခြင်းသတိ၊ ကြာမြင့်စွာက ဖြစ်သောအတိတ် အကြောင်းတို့ကို အောက်မေ့ထင်မြင်သော သတိ၊

(၉) ဥပေက္ခာ, အညီအညွတ်ရှုခြင်း သိရုံမျှရှုခြင်း၊

(၁၀) နိကန္တိ, အထက်ပါ ကိုးပါးသောတရား၌ တပ်မက်ခြင်း။

ဤကဲ့သို့ အချို့သော ဝိပဿနာ အန္တရာယ်များ ဖြစ်ပေါ်လာသော အခါ ဤကား နိဗ္ဗာန်ပဲဟု ထင်၍နေတတ်ကြ၏။

ထို့ကြောင့်—

ဣတိဓေံ၊ ဤသို့။ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတ မာနသံ၊ ဥဒ္ဓစ္စဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ဟု အာရုံတပါး ယူမှားသောစိတ်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ ဝစနေ၊ ထိုစကား၌။ ဥပက္ကိလေသောတိ၊ ဥပက္ကိလေသ ဟူသည်ကား။ ဝိပဿ- နော ဥပက္ကိလေသော၊ ဝိပဿနာ ဥပက္ကိလေသတည်း။ တသ္မိံ ကိလေ- သေ၊ ထိုကိလေသသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီပုဂ္ဂိုလ်သည်။ ဣတော၊ ယခုအခါမှ။ ပုဗ္ဗေ၊ ရှေးကာလ၌။ ဧဝ ရူပေ၊ ဤသို့သဘောရှိသော။ ဥပက္ကိလေသော၊ ဥပက္ကိလေသသည်။ ဝတ၊ စင်စစ်။ မေ၊ ငါ့အား။ န ဥပ္ပန္နပုဗ္ဗော၊ မဖြစ်စဖူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ ရောက်သည်။ အသ္မိ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ပဲ သာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ ဂဏှာတိ၊ ယူမှား၏၊ အဖလမေဝ၊ ဖိုလ်မဟုတ်ပဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟူ၍။ ဂဏှာတိ၊ ယူမှား၏။ အမဂ္ဂံ၊ မဂ်မဟုတ်ငဲ။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလံ၊ ဖိုလ်မဟုတ်ပဲ။ ဖလန္တိ၊

ဖိုလိပ်ဟု॥ ဂဏှာတော၊ ယူမှားသော॥ တဿ ယောဂိနော၊ ထိုယောဂီ၏॥ ဝိပဿနာ၊ ဝိပဿနာသည်၊ ဝိထိဥက္ကန္တာနာမ၊ လမ်းလွဲသည် မည်သည်॥ ဟောတိ၊ ဖြစ်၏॥ သော၊ ထိုယောဂီသည်॥ အတ္တနော၊ မိမိ၏॥ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို॥ ဝိဿဇ္ဇေတွာ၊ လွှတ်၍॥ ဩဘာသမေဝ၊ အရောင်အလင်း၌သာလျှင်॥ အဿာဒေန္တော၊ သာယာလျက်॥ နိသီဒတိ၊ နေ၏ ဟူ၍ဆို॥ ဩဘာသမှ ကြွင်းသော ပီတိ, ပဿဒ္ဓိ 'အစရှိသော ဝိပဿနာ အန္တရာယ်ကိုးပါးတို့၌လည်း ဤနည်းအတူ လမ်းလွဲတတ်၏॥]

တာကြောင့် ဤဝိပဿနာ အန္တရာယ်မျိုး တွေ့လျှင် အန္တရာယ်မှန်း မသိပဲ ကောင်းသည် ထင်၍ သာယာနေတတ်၏॥ သာယာမှာပေါ့၊ အားထုတ်နေသော ယောဂီကလည်း ဝေဒယိတသုခကို ကြိုက်တတ်သော သူမျိုး၊ တွေ့သောတရားကလည်း အရင်က မတွေ့ဖူးတဲ့ ဝေဒယိတသုခမျိုးဆိုတော့ တွေ့တာနှင့် တပြိုင်နက် နှစ်ဘက် သဘောကျတာပေါ့॥ အရင်က မတွေ့ဖူးသေးတဲ့ သုခမျိုးဆိုတော့လဲ နိဗ္ဗာန် မဂ်ဖိုလ်ဟု ထင်တတ်တာပေါ့॥ ဘာကြောင့် နှစ်သက်တတ်ပါသလဲ ဆိုတော့ စတွေ့ကတည်းက ထူးသော ဝေဒယိသုခ ဖြစ်သောကြောင့် ပီတိဖြစ်တာပဲ॥ ပီတိဆိုကတည်းက ပဿဒ္ဓိ ဖြစ်တာပဲ॥ ပဿဒ္ဓိ ဆိုတာကော ဘယ် လောက် သတ္တိရှိသလဲဆိုလျှင် ကျမ်းဂန်အတိုင်း ရေးပြပါမည်॥ စေ့စေ့ စပ်စပ် သတိနှင့် ဖတ်ပါ॥

ပဿဒ္ဓိတိ၊ ပဿဟူသည်ကား॥ ဝိပဿနာပဿဒ္ဓိ၊ဝိပဿနာ ပဿဒ္ဓိ တည်း॥ ရတ္တိဋ္ဌာနေ ဝါ၊ ညဉ့်နေရာ၌ လည်းကောင်း॥ ဒိဝါဋ္ဌာနေဝါ၊ နေ့နေရာ၌ လည်းကောင်း॥ နိသိန္နဿ॥ နေသော॥ တဿ၊ ထိုယောဂီ ပုဂ္ဂိုလ်အား॥ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏॥ ဒရထော၊ ပူလောင်ခြင်း သည်॥ နေဝ ဟောတိ၊ မဖြစ်॥ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏॥ ဂါရဝံ၊ လေးသည်၏ အဖြစ်သည်လည်းကောင်း॥ ကက္ခဠဘာ၊ ကြမ်းတမ်းသည်၏ အဖြစ်သည် လည်းကောင်း॥ အကမ္မညတာ၊ မခန့်သည်၏ အဖြစ်သည် လည်းကောင်း॥ ဂေလညံ၊ ကျင်နာသည်၏ အဖြစ်သည် လည်းကောင်း॥

ဝက်ဟာ၊ ကောက်ကျစ်သည်၏အဖြစ်သည် လည်းကောင်း။ နဟောတိ၊ မဖြစ်။ အထခေါပန၊ စဉ်စစ်သော်ကား။ အသာတ္တမယာ ယောဂ်ိနော၊ ဤယောဂီအား။ ဝါ၊၏။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့သည်။ ပဿဒ္ဓါနိ၊ ငြိမ်းကုန်သည်။ လဟူနိ၊ ပေါ့ကုန်သည်။ မုဒူနိ၊ နူးညံ့ကုန်သည်။ ကမ္မညာနိ၊ ခန့်ကုန်သည်။ သုဝိသဒါနိ၊ အလွန်သန့်ရှင်းကုန်သည်။ ဥဇုကာနိ ဒေယဝ၊ ဖြောင့်မတ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော၊ ထိုယောဂီသည်။ဣမေဟိ ပဿဒ္ဓါဒီဟိ၊ ဤပဿဒ္ဓိ စ သည်တို့ဖြင့်။ အနုဂ္ဂဟိတ ကာယစိတ္တော၊ ချီးမြှောက်သော ကိုယ်စိတ် ရှိသည်ဖြစ်၍။ တသ္မိံ သမယေ၊ ထိုအခါ၌။ အမာနုသိံ ရတိံ၊ လူတို့၏ ဥစ္စာမဟုတ်သည် မည်သော။ ရတိံ၊ မွေ့လျော်ခြင်းကို။ အနုဘဝတိ၊ ခံစားရ၏။

ဤဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသ၌ ရှိသော ပါဠိအရ ဘယ်လောက်များ သဘောကျစရာ ကောင်းသလဲဆိုတာ စဉ်းစားကြည့်ကြ ပေတော့။ လူတို့၏ ဥစ္စာမဟုတ်သော မွေ့လျော်ခြင်းတဲ့။ အဲတာကြောင့် ဤမျှထူးကဲသော ပီတိမျိုး ပီတိပါမောဇ္ဇမျိုးမို့လို့ တရားအားမထုတ်ခင်က မတွေ့ဖူးရသော သဘောမျိုးမို့လို့ မဂ်ဟုထင်တာ။ ဖိုလ်ဟုထင်တာ။ နိဗ္ဗာန်ဟုထင်တာ။ ဤပီတိ ပါမောဇ္ဇမျိုးဆိုတာ ကာမဂုဏ် စည်းစိမ်မျိုးမဟုတ်၍ (အမာနုသိံ လူတို့၏ ဥစ္စာမဟုတ်သည် မည်သော)ဟုဆိုတာ။ သမာဓိဖြင့်သာ ဝိပဿနာ အားထုတ်ယင်းမှ ရနိုင်သော စိတ်မျိုးဖြစ်သောကြောင့်လည်း ဝေဒယိတ သုခမျိုးဖြစ်၍ နိဗ္ဗာန်လည်း မဟုတ်၊ နိဗ္ဗာန်ဆိုတာ လောကုတ္တရာစိတ်ဖြင့်သာ အာရုံပြုနိုင်သည်။ ဝေဒယိတသုခမဖြစ်။ သန္တိ သုခသာဖြစ်သည်။ သန္တိသုခဟူသည်လည်း ဖဿာယတန ခြောက်ပါး၌ မဖြစ်။ ဖဿာယတန ခြောက်ပါး၌ မဖြစ်သောကြောင့် ဝိညာဏ် ခြောက်ပါးဖြင့် မသိနိုင်ပေ။ လောကီစိတ် ဝိညာဏ်ခြောက်ပါးဖြင့် မသိနိုင်သော ကြောင့်ကား ခံစားနေတုန်းက ဘယ်လိုဖြစ်ဘာကို သိနေရပါသည်ဟု မပြောပြနိုင်ပေ။ ဤနေရာ၌ အလွန်နက်နဲ၏။ အလွန် ဉာဏ်ရှင်းခဲ၏။ ကျမ်းဂန်ကိုလည်းတတ်၊ အလုပ်ကိုလည်း ကြပ်ကြပ်အားထုတ်၊ အဘိဓမ္မာကျမ်း သင်္ဂြိုဟ်ကျမ်းနှင့် စိတ်ပိုင်း

ကိုလည်း သေသေချာချာ နားလည်ပါမှ ပြောပြ၍ သဘောကျလွယ်သည်။ ဝေဒယိတသုခဆိုတာ ဘုရားသခင်က ဒုက္ခထည်း သွင်းထားတယ်။

တာကြောင့်မို့လို့—

ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ ဝဒါမိ တဲ့။

ယံကိဉ္စိ ဝေဒယိတံ၊ အကြင် တစုံတခုသော ခံစားအပ်သောတရားသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ခံစားအပ်သော တရားသည်။ ဒုက္ခသ္မိံ၊ ဆင်းရဲဒုက္ခ၌သာ။ ပရိယာပန္နံ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏ဟူ၍ သံယုတ်ပါဠိတော်၌ ဟောတော်မူပါသည်။

## ဝိပဿနာဉာဏ် ၁၆-ပါး

ဝိပဿနာတရား အားထုတ်ပုံ နည်းကို ပြပြီး၍ ဝိပဿနာဉာဏ် ၁၆-ပါး အကြောင်းကို ရေးပြပေအံ့။ ရှေးဦးစွာ သက်ရှိသက်မဲ့(၃၁) သုံးဆယ့်တဘုံ၌ ရှိရှိသမျှ သတ္တဝါ သင်္ခါရတို့သည် ပရမတ္ထအားဖြင့် နာမ်နှင့် ရုပ်(၂)ပါးသာ ရှိ၏။ နာမ်ရုပ်တရား(၂)နှစ်ပါးမှ အပိုအလွန်ဖြစ်သော တရားမရှိပြီ။ ထိုနှစ်ပါးတို့တွင် အာရုံပြုတတ် သိတတ်သော သဘောတရားသည် နာမ်၊ အာရုံမပြုတတ်၊ မသိတတ်၊ ဖောက်ပြန် တတ်သော သဘောတရားသည် ရုပ်မည်၏။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ဖြူ၊ မဲ၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ သစ်ပင် ဟူ၍ ရှိသည် မဟုတ်၊ အချုပ် သဘာဝတ္ထအားဖြင့် ရုပ်နှင့်နာမ်တရား(၂)နှစ်ပါးသာ ရှိ၏။ ထိုရုပ်နာမ်တရားတို့ကို ဤကား ရုပ်တရား ဤကား နာမ်တရားဟု ခွဲခြားသိသောဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ်၏။

ပဋိစ္စ သမုပ္ပါဒ်ဆို နားလည်၍ ရုပ်နာမ် တရား တို့သည် "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတန ကြောင့် ဖဿ

ဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ ဘဝကြောင့် ဇာတိဖြစ်၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်သည်''စသည်ဖြင့် အနုလုံ ပဋိလုံ စာတတ်၍ ဝေဖန် သိတတ်သော ယုံယုံ ကြည်ကြည်နှင့် သိတတ်သောဉာဏ်ကို နာမရူပပစ္စယ ပရိဂ္ဂဟ ဉာဏ် ခေါ်သည်။

ရုပ်တရားဆိုတာ ပထဝီ အာပေါ တေဇော ဝါယောပဲ။ ခက်မာ ဖွဲ့စေး ပူအေး ထောက်ကန်ပဲ။ ဝဏ္ဏ ဂန္ဓ ရသ ဩဇာပဲ။ ဤဓာတ်တို့သည် ကံ စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်၏။ မာနေသော ဖယောင်းသည် ပူသောအခါပျော့၏။ မာတုန်းကမာသော ပထဝီ၊ ပျော့သွားတော့ ပျော့သော ပထဝီဖြစ်၏။ မာတာသည် ပျော့သွားသောအခါ မာတာအနိစ္စဖြစ်သွား၏ ဟု သိ၏။ မာသော ဖယောင်းလုံးသည် အေး၏။ အေးတာ သီတတေဇော ခေါ်၏။ အေးတေဇောခေါ်၏။ ပူလို့ ပျော့သွားတော့ ပူတေဇောဖြစ်၏ဟု သိ၏။ ပူလာတော့ မာတုန်းက အေးတေဇောသည် အနိစ္စဖြစ်သွား၏။ အေးတုန်းက ဖယောင်းလုံးသည် ငြိမ်နေ၏။ ပူလို့ အရည်ပျော်တော့ တွန်းကန်လှုပ်ရှား ရွေ့လျောသွား၏။

ငြိမ်တုန်းက ငြိမ်ဝပ်ဝါယော၊ ပူလို့ လှုပ်လာတော့ လှုပ်ရှားဝါယော ခေါ်၏။ အေးတုန်းက ငြိမ်ဝပ်ဝါယောဓာတ်သည် ပူ၍ လှုပ်ရှားလာတော့ ငြိမ်ဝပ်ပါယော အနိစ္စဖြစ်၏။ ထို့ကြောင့် သံဗြုလယ်တီ ဆရာတော်ဘုရားက—

> ''ပထဝီ အာပေါ၊ တေဇော ဝါယော၊ ဓာတ်သဘောမှာ၊
> ခက်မာဖွဲ့စေး၊ ပူအေးထောက်ကန်၊ လေးတန်လက္ခဏာ၊
> သိကြောင်းပြသည်၊ လေး၀ ဓာတ်ရင်းသဘောတည်း—''

ဟု စပ်ဆိုတော်မူ၏။ နာမ်တရားသည် သိတတ်သော တရားကို နာမ် ခေါ်၏။ နာမက္ခန္ဓာတရား ၄-ပါးရှိ၏။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်

တို့တည်း။ ဤရုပ် ဤနာမ် တရားတို့သည် ပဋိသန္ဓေ နေလိုက် အိုလိုက် နာလိုက် သေလိုက်နှင့် နေကြကုန်၏။ အမြဲမရှိ အနိစ္စ၊ ဆင်းရဲအတိဒုက္ခ၊ အစိုးမရ အနတ္တ။ မတင့်တယ်သောကြောင့် အသုဘစသည်တို့ဖြင့် ရှုသော ဉာဏ်ကို၊ သန္တတိအနိစ္စ၊ သန္တတိဒုက္ခ၊ သန္တတိ အနတ္တကိုသိသောဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်၏။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ခန္ဓာကိုယ်အတွင်း၌ ရေးသား ဖော်ပြခဲ့ပြီးသည့်အတိုင်း မျက်စိတမှိတ်ခန့်ကာလအတွင်း မရေမတွက်နိုင် အောင် ဖြစ်ပျက်မှုတို့ကို သိသောဉာဏ်ကို ပရမတ္ထသဘာဝ ကျနသော ဥဒယဗ္ဗယဉာဏ်ခေါ်သည်။ ဤဥဒယဗ္ဗယဉာဏ်ကို အနုလောမဉာဏ်အထိ ရှုရသည်။ ဂေါတြဘုဉာဏ်ရောက်မှ ဥဒယဗ္ဗယကို ဖြတ်သည်။ မဂ်ဉာဏ်ဆိုမှ ဥဒယဗ္ဗယနှင့်ကင်းပြတ်သည်။ တာဖြင့်လျှင် ဘင်ဉာဏ်မှစ၍သင်္ခါရုပေက္ခာ အစရှိသော ၇-ပါးသော ဉာဏ်တို့မဖြစ်ပဲ မဂ်ဖိုလ်ကိုရောက်ရတော့မလား ဟု ဆိုဖွယ်ရှိ၏။ဤကဲ့သို့ကား မဟုတ်။ ဘင်ဘယစသော စပ်ကြားရှိ ဉာဏ် တို့နှင့်ကားကင်း၍ မဂ်ဖိုလ်ကိုကားမရနိုင်။ ဘင်မှစ၍ အနုလောမဉာဏ် အထိရှိသော ဉာဏ်များသည်လည်း ဥဒယဗ္ဗယနှင့်ကင်း၍ မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် ဘင်ဉာဏ်မှစ၍ အနုလောမဉာဏ် အဆုံးရှိသော ရှစ်ပါးသောဉာဏ်တို့သည် ဥဒယဗ္ဗယဉာဏ်ကို အာရုံပြုယင်း အကြောင်း အားလျော်စွာ ရောက်သွားသောကြောင့်တည်း။ [ဂေါတြဘုဉာဏ် တောင်မှ ဥဒယ ဗ္ဗယနှင့်လုံးလုံးကင်း၍ မရသေးပါ။] ဘယ်လိုရောက်သွား ပါသနည်းဟူမူ နားလည်အောင် ဥပမာပြပါမည်။

ဥပမာမှာ အရပ်ရှစ်ဌာနသို့ လူတယောက်သည်ရောက်အောင်သွားရ၏။ ထိုသူသည် ဗယ်ခြေတလှမ်း ညာခြေတလှမ်းနှင့် အစဉ်အတိုင်း တလှမ်းပြီး တလှမ်း သွားရ၏။ ခြေထောက်ကိုသာ အားပြုရ၏။ ခြေထောက်မရှိက မသွားနိုင်။ ခြေထောက်ကိုသာလျှင်အားကိုးရရှိ၏။ ထိုသူသည် မိမိအိမ်က ထွက်သွားသည်မှစ၍ အတန်ကြာလျှင် ပဌမဌာနသို့ ရောက်၏။ ရောက် သောအခါ ပဌမဌာနဟု ခေါ်၏။ ပဌမဌာနမှတဆင့် သွားပြန်သော် ၎င်း၏ ဗယ်ခြေ ညာခြေ နှစ်ချောင်းဖြင့်ပင် သွားရ၏။ သွားသောအခါ

ၚင်း၏ ဗယ်ခြေ ညာခြေဖြင့် မှတပါး လွှဲ၍သွားစရာမရှိ။ ဗယ်ခြေ ညာခြေနှင့်ပင် တလှမ်းပြီးတလှမ်း သွားရ၏၊ အတန်ကြာပြန်သော် ဒုတိယဌာနသို့ ရောက်၏။ ဒုတိယဌာနမှသည် တတိယဌာနသို့ သွားပြန်သော်လည်း ၚင်း၏ ဗယ်ခြေ ညာခြေနှင့်ပင် သွားရ၏။ အတန်ကြာသော် တတိယဌာနသို့ ရောက်၏။ ဤကဲ့သို့နှင့်ပင် အစဉ်အတိုင်း သောဌာနတို့ကို ရောက်ရောက်ပြီးမှ နောက်ဆုံးဌာနသို့ ရောက်အောင်သွား၍ ရောက်၏။ နောက်ဆုံးဌာနသို့ ရောက်သည်တိုင်အောင်လည်း ၚင်း၏ ဗယ်ခြေ ညာခြေ နှစ်ချောင်းနှင့်ပင် တလှမ်းပြီးမှ တလှမ်း လှမ်း၍သွားရ၏။ အနွေးအမြန်သာ ကွာခြား၏။ ခြေယောက်မှာ မကွာခြား။

ဤဥပမာအတူ ဥဒယဗ္ဗယသည် သွားသောသူ၏ ဗယ်ခြေ ညာခြေနှင့်တူ၏၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ဥဒယဗ္ဗယနှင့်ပင် သွားရ၏။ ဥဒယဗ္ဗယနှင့်ကင်း၍ကား မသွားနိုင် မရောက်နိုင်။ ဥဒယဗ္ဗယနှင့် သွား၍ရောက်သောအခါကျမှ ရောက်သောဉာဏ်၏အမည်ကို တပ်၍ခေါ်၏။ ဘင်္ဂဉာဏ်နေရာသို့ ရောက်သောအခါ ဘင်္ဂဉာဏ်ဟု ခေါ်၏၊ ဘယဉာဏ်နေရာ ရောက်သောအခါ ဘယဉာဏ် ခေါ်၏။ အာဒီနဝဉာဏ် နေရာရောက်သောအခါ အာဒီနဝဉာဏ်ခေါ်၏။ ဤကဲ့သို့ အစဉ်အတိုင်းသွား၍ ရောက်ရာနေရာ၏ အမည်ကိုသာ တပ်၍ဘာဉာဏ်ရောက်ပြီဟု ပြောရ၏။ [ဥဒယဗ္ဗယဉာဏ်ကို ရှုသွားယင်း စိတ်ပြောင်းပြောင်း သွားတာကို ဉာဏ်ရောက်သည်ဟု ဆိုလိုသတည်း။] အနုလောမဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်မှ အနုလောမဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်သည် ရသည်ခေါ်ရ၏။ အားထုတ်သွားယင်း မြင်သွားသောဉာဏ်ကို ရောက်ပြီရပြီဟု ဆိုရ၏။ ဥဒယဗ္ဗယဉာဏ်ဖြင့် သွားပုံရောက်ပုံရပုံတို့ကို နားရှင်းအောင် ပြပါမည်။ စေ့စေ့စပ်စပ် ဖတ်တော်မူကြပါ သူတော်စွာတို့။

ပြဆိုခဲ့ပြီးသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဖြစ်ပြီးသည်နှင့် တပြိုင်နက် ပျက်၍ ပျက်၍ သွား၏။ ဖြစ်သည်ကို ဥဒယ ခေါ်၏။ ပျက်သည်ကို ဝယ ခေါ်၏။ အဖြစ်နှင့် အပျက်ကို ရှုသောကြောင့်

ဥဒယဝယ–ဥဒယဗ္ဗယ ဖြစ်၏။ ဤကဲ့သို့ အဖြစ်နှင့် အပျက်တို့သည် မျက်စေ့ တမှိတ်ခန့်ကာလအတွင်း မရေတွက်နိုင်အောင် ဖြစ်ပျက် နေသည်ကို သိရ၏။ ဤကဲ့သို့ အဖြစ်နှင့် အပျက် တို့ကို သိနေသောအခါ သမာဓိ ကောင်းလာလျှင် မိမိ၏ ကိုယ်ကာယကြီးကို မမြင်၊ ဖြစ်ပျက်သည့် ပရမတ်ကိုသာ မြင်ရ တွေ့ရတော့၏။ [ဘာပြုလို့ ဒီလိုဖြစ်ပျက်နေသလဲဆိုတာ လွယ်လွယ်နှင့် အတတ် သိချင်လျှင် လယ်တီဆရာတော်ဘုရား ရေးသော ရူပဒီပနီ၊ ဝိဇ္ဇာမဂ္ဂဒီပနီ၊ အာဝနာ ဒီပနီ စသည်တို့ကို ကြည့်ကြပါလေ။]

ပရမတ်ကို ဘယ်လိုတွေ့ရသလဲ ဆိုလျှင် တကိုယ်လုံး ဆူ၍ ပွက်နေသော ရေမြှုပ် ရေပွက်ကလေးတွေနှင့် တူ၏။ ဖြစ်လိုက် ပျက်လိုက် နေ၏။ တခါတရံ ရေမြှုပ် စိုင်ကြီးလို ဆိချက်အိုး နွားနို့အိုးများ ဝေကျ နေတာကို မြင်သလိုပင် အမြှုပ်တွေဟာ ဖြစ်တဲ့ အမြှုပ်က စီစီ စီစီနှင့် ဖြစ်၍ ပျက်တဲ့ အမြှုပ်က ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ပျက်ကြ၏။ သမာဓိ ကောင်းလျှင် ထိုစီစီ ဖြုတ်ဖြုတ်ဆိုတဲ့ အသံတွေကိုလည်း ကြားရ၏။ မယုံလျှင် အားထုတ်ကြည့်ကြပါ။ တကယ့် တကယ် အားထုတ်လာသောအခါ ဖြစ်ပျက်မှု အလွန်လျင်မြန်၏။ တံလျှပ်ကဲ့သို့ နေ၏။ တံလျှပ် ထက်မြန်၏။ တခါတလေ သမာဓိက ကောင်းလွန်း၍ ကိုယ်တွေ့ ဖြစ်ပျက် သည် မျက်မြင် ဖြစ်ပျက်ကဲ့သို့ ပြောင်း၍ တကယ့် တံလျှပ်ကို တကယ် မြင်နေသကဲ့သို့ ဖြစ်လာ၏။ ဤကား အဇ္ဈတ္တကို မြင်ရာမှ ဗဟိဒ္ဓသို့ ပြောင်း၍ မျက်မြင်သဘောသို့ ပြောင်းသွားသောဟူ၏။

ဤကဲ့သို့ တံလျှပ်ကို မြင်နေရတယ် ဆိုတဲ့ အခါမျိုး၌ မိမိစိတ်က ဘာကိုမျှ တွေးတောကြံစည်တတ်သော သဘောမျိုး မဖြစ်ပေ။ ကြက်သေ သေနေတာနှင့် တူသော သဘောမျိုး ဖြစ်သောကြောင့် ဤမြင် ခြင်းသည် ဩက္ကန္တိကာပီတိ ဖြစ်တာမျိုးလို မြင်နေရတာ ဖြစ်သော ကြောင့် ဝိပဿနာ၏ အန္တရာယ်ပင်ဟု မှတ်ပါ။

ဤရုပ်တုံး ရုပ်ခဲကြီးကို ကြည့်နေပါလျက် အတွင်းသား ပရမတ် ကလေးတွေကို မြင်ရသည် ဆိုတာတော့ သဘောကျလောက်ပြီဟုထင်၏။

ဤရုပ်တုံး ရုပ်ခဲကြီး ပျောက်ပြီး ဖြစ်ပျက်တာကို ချည်းပဲ သိနေရတယ် ဆိုတာတော့ ကျေနပ်တဲ့လူလဲ ကျေနပ်ပေလိမ့်မည်။ မကျေနပ်တဲ့ လူလဲ ရှိပေလိမ့်ဦးမည် ထင်၏။ သို့အတွက် မကျေနပ်သေးတဲ့ လူများကို ကျေနပ်အောင် ဥပမာပြမည်။

ဥပမာမှာ အလွန်တရာ လှလိုသော သူတယောက်သည် မိမိကိုယ်ကို တန်ဆာဆင်၍ မှန်ကြည့်သောအခါ ရှေးဦးစွာ မှန်ဘောင်နှင့် မှန်သားပါ မှန်တခုလုံးကို မြင်ရ၏။ မှန်ကိုမြင်ပြီးနောက် ချက်ချင်းပင် မှန်ထည်းက မိမိအရိပ်ကို မြင်ရ၏။ အရိပ်ကိုမြင်သောအခါ မိမိ၏ မျက်နှာနှင့်ဦးခေါင်းကို အလှပြုပြင်ရာ၏။ ဤကဲ့သို့ ပြုပြင်နေသောအခါ တဇတက်တစ ပို၍ ပို၍ သေသေချာချာပြုပြင်၍ လာလတ္တံ့။ သေချာသည်ထက် သေချာစွာ ပြုပြင်၍ လာသောအခါ အာရုံက ပို၍ စိုက်လာတော့၏။ ပို၍ စိုက်လာသောအခါ မျက်လုံး မျက်ခုံး နှဖူး ဆံစမှစ၍ မိမိ၏ မျက်နှာကိုသာ မြင်၍မြင်၍ နေလတ္တံ့။ မှန်ကြီးကိုမူကား သတိ မရမိပဲ ရှိနေလတ္တံ့။ ထိုအခါ ရှေးဦးစွာ မြင်အပ်သောမျက်နှာနှင့် မျက်နှာရိပ်၏ ဧပ်ကြားက ရှိတဲ့ မှန်ကိုတော့ မမြင်တော့ပဲ မှန်ကိုလွန်၍ မိမိ၏ မျက်နှာရိပ်ကိုသာ မြင်၍ နေရခြင်း ဖြစ်လတ္တံ့။

ဒုတိယ ဥပမာမှာ ဤကဲ့သို့ပင် ဖန်ဗူးကြီးကြီးတခုထည်း၌ လှပတင့်တယ် ရှုချင်ဖွယ်ကောင်းသော ရေသတ္တဝါကလေးတွေကို ရေအပြည့်ထည့်၍ လှတ်ထားပြီးလျှင် ကြည့်နေပါ။ တော်တော်ကြာလျှင် ရေသတ္တဝါကလေးတွေက အဖိုအမအငယ်အကြီးသူတို့ဘာဝမြူးထူးပျော်ပါးရှုပ်ယှက်ခတ် သွားလာနေမည် ဆိုလျှင် ကြည့်၍ကောင်းတာနှင့်သေသေချာချာ ကြည့်ချင်တာနှင့် စူးစိုက်၍ ကြည့်နေသကာလ ဖန်ဗူးနှင့်ရေ ပျောက်၍ ရေသတ္တဝါကလေးတွေကိုသာလျှင် မြင်၍မြင်၍ နေလတ္တံ့။ ဤကဲ့သို့ပင် ကိုယ်ကောင်ကြီးထဲ၌ ဖြစ်ပျက်နေသော ရုပ်နာမ် နှပ်ပါး ပရမတ္ထ တရားတို့သည် အစဉ်မပြတ် ရှိလျက်နေ၏။ သမာဓိနှင့် ကြည့်ရတာမျိုး ဖြစ်၍ သမာဓိကလည်း မရှိ၊ ကြည့်လည်း မကြည့်တတ်ကြသေး၍ မတွေ့ရတာ၊

သမာဓိနှင့်ကြည့်သောအခါ ပါရမီရှိသူမှန်က မြင်ရတော့သည်သာလျှင် ဖြစ်၏။ မယုံလျှင် ဤစာအုပ်က နည်းအတိုင်း ကြည့်ကြ။ မကြည့်တတ် လျှင် ပြတတ်သော ဆရာထံသွား။ အကြောင်း မညီညွတ်၍ မသွားနိုင်သူ ဆိုလျှင် ဤစာအုပ်မှ တဆင့် ပင့်ဖိတ်က အကြောင်းညီညွတ်လျှင် လာ၍ ပြမည်။ ဤကဲ့သို့ အဖြစ်နှင့်အပျက်ကို ရှုရသောကြောင့် ဖြစ်ပျက်ကို သိနေ ရသောကြောင့် ဥဒယဗ္ဗယဉာဏ် ခေါ်သည်။

ဥဒယဗ္ဗယဉာဏ်၌ ရုပ်နာမ်တို့၏ ဖြေပွက်ပမာ တံလျှပ်ပမာဖြစ်တာ ပျက်တာကိုမြင်ရလျှင် အလွန် အကျိုးကြီး၏။ အကျိုးကြီးကြောင်းကား ဤပါဠိကို ထောက်၍ သိရ၏။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။

ဧဝံ လောကမဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

(ဓမ္မပဒပါဠိတော်။)

အနက်။ ။ပုဗ္ဗုဠကံ၊ ဖြေပွက်ကို။ ပဿေ ယထာ၊ ရှု၏သို့လည်းကောင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရှု၏သို့လည်းကောင်း။ ဧဝံတထာ၊ ထို့အတူ။ လောကံ၊ ရုပ်နာမ်ခန္ဓာဟူသော လောကကို။ အဝေ ကွန္တံ၊ ဝိပဿနာ ဉာဏ်ဖြင့် သက်၍ အပျက်ကိုသာ ရှုသော ယောဂါဝစ ရကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုတာ "ရှေးတတိတ်ကာလက ငါဖြစ်ဖူးခဲ့လေပြီ လော"စသည်ဖြင့်ဖြစ်သော ၁၆-ပါးသော ယုံမှားမှု၊ "အလုံးစုံကို အကုန် သိနိုင်သော ဘုရားရှင်ဆိုတာ ရှိမှရှိနိုင်ပါ့မလား" စသည်ဖြင့် ဖြစ်သော ၈-ပါးသော ယုံမှားမှုတို့ကို ပယ်ခွာလွန်မြောက်သည့် စင်ကြယ်သော ဉာဏ်ကိုဆိုသည်။ ယင်းနာမရူပပရိစ္ဆေဒဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့်ပစ္စယပရိဂ္ဂဟဉာဏ် ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်းသည် ဉာတပရိညာစခန်းဖြစ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိ စခန်း၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟုတ်မှန်း၊ ရုပ် နာမ်သာ အမှန်ဖြစ်မှန်း ဘွင်းဘွင်းကြီး ပေါ်လာပြီးလျှင် ကင်္ခါဝိတရဏ

ဝိသုဒ္ဓိစခန်း၌ ထိုရုပ်နာမ်တို့၏ အကြောင်းအမှန်ကို သိမ်းဆည်း သိမြင်သဖြင့် ယုံမှားသံသယ ကင်းကွာလေတော့သည်။ ဤကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်သော ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အပါယ်သို့ မလားနိုင်တော့သဖြင့် စူဠသောတာပန် မည်၏။

ဒါကြောင့်မို့လို့ ဝိသုဒ္ဓိမဂ် ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ၌–

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ–ဟု မိန့်တော်မူ၏။

အနက်။ ။ပန၊ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၏အကျိုးကား။ ဣမိနာ ဉာဏေန ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်သော ဤပစ္စယ ပရိဂ္ဂဟဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားရှင် သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်ပြီးသော ထောက်ရာတည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ ကိန်းသေမြဲသောလားရာ သုဂတိရှိသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤပါဠိအတိုင်း မှန်ကြောင်း ဟုတ်ကြောင်း ထင်ရှားတော့၏။ အဘယ့်ကြောင့်ဆိုသော် ဤတရားကို အားထုတ်ပြီးသော သူထည်းက သေခါနီးကျလျှင် လူနာ စောင့်တွေကသာ ငိုကြသည်၊ ပူကြသည်။ လူနာကတော့ ငါ့အတွက်မပူကြနှင့်၊ ငါတရားရှုနေသည်၊ နတ်တွေ လာခေါ်နေသည်ဟု ပြောကြ၏။ တချို့မှာ သေခါနီး၍ စကားမပြောနိုင်တာကြောင့် အထက်ကို လက်ညှိုးထိုးပြ၍ ပြုံးရယ်နေသေး၏။ ဤကား ဂတိနိမိတ် ကောင်းသောကြောင့်တည်း။ သေပြီးသော သူတိုင်း ဤကဲ့သို့ ချည်းပဲဖြစ်တာ ကြားရသိရ၏။ သိပ်ပြီးအားတက်စရာကြီးပါပဲ။ ယုံကြည်တော်မူကြပါကုန်။ မယုံလျှင် စမ်းကြည့်တော်မူကြပါ။

ဤမျှတွင် ဘာကဦးမည်လဲ၊ ဥဒယဗ္ဗယကို သိလျှင် ဤဘဝ၌ပင် အရိယာ ဖြစ်နိုင်သတဲ့။ ဒီဘဝမဖြစ်က နောင်ဘဝ နတ်ပြည်ရောက်လျှင် ရောက် ချင်း ဖြစ်ရမည်ဟု စတုက္ကင်္ဂုတ္တရပါဠိတော်ကလည်း ဆိုထားပါသေးသည်။

ပါဠိမှာ—

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထ ခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသ ဘာဂီ ဟောတိ။

အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာသဖြင့်လာသော။ တဿ၊ ထိုအာရဒ္ဓဝိပဿက အဖြစ်နှင့် စုတေ ၍ နတ်ပြည်သို့ ရောက်သောသူအား၊ ဓမ္မပဒါနိ၊ ဤလူ့ဘဝက အား ထုတ်အပ်သော တရားအစုတွေသည်။ ပ္လဝန္တိ၊ ညဥ့်ကအိပ်မက်တွေ နံနက် အခါ ပေါ်၍ လာကြဘိသကဲ့သို့ ထင်ထင်ရှားရှား ပေါ်၍လာကြ ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ ဩြော်-ငါသေ၍ နတ်ပြည် သို့ ရောက်လာပါပေါ့ကလားဟု သတိရမှုသည်။ ဒန္ဓော၊ နှံ့နှေး၍ နောက်ကျ၍နေရသေး၏။ အထ ခေါ၊ စင်စစ်သော်ကား။ သော သတ္တော၊ ထိုပုဂ္ဂိုလ်သည်။ ခိပ္ပမေဝ၊ နတ်ပြည်သို့ရောက်လျှင် ရောက်ချင်း လျင်မြန် စွာသာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဖိုလ်တရားအထူးကို ရခြင်းအဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤပါဠိတော်၏ အဘိုင်းမှန်၏။ နတ်ပြည်ရောက်တော့ တရားအား ထုတ်လျက် ရောက်သွားသည် ဖြစ်သောကြောင့် နတ်ဘဝကျတော့ ပို၍ ထက်မြက်တဲ့ ဉာဏ်ပါရမီကလဲ ရှိသွားတော့ ချက်ချင်း အရိယာဖြစ်နိုင် တာပေါ့၊ တရားအားထုတ်လျက် ရောက်တယ်ဆိုတာလဲ မှန်တယ်။ သေခါနီး တရားလက်မလွှတ်တဲ့ လူတွေချည်းပဲ တွေ့ရတာကလား။ သေတာမပြောနဲ့ဘော့ ညအိပ်ရာဝင်လျှင် တရားကို အာရုံပြု၍ အိပ်တာ တောင် နိုးတော့ခါ နိုးမှုနီးသိတာကနောက်၊ တရားကို သိနေတာက

အရင်ကျသေးတာကပဲ။ တရားသိ၍နေယင်း တရား၌ အာရုံပြေ၍လာသောအခါ"ဟင်- ငါအိပ်မပျော်သေးပဲ တရားအားထုတ်နေပ ါကလား" ဟု အောက်မေ့ပြီး နာရီထိုးသံ၊ လင်းခါနီးမို့ ပွဲဖွယ်ကိစ္စတို့ကို ထ၍ပြုလုပ်နေသံတို့ကို ကြားတော့မှ တရေးနိုးမှန်း မိုးလင်းခါနီးမှန်း သိရတော့၏။

ဓါကြောင့်မိုလို့ ဤတရားမျိုး မသိရပဲ လူ့ပြည်မှာ အသက်ရှည်စွာနေခြင်းသည် သိသောသူ၏ တရက်မျှ နေရခြင်းလောက် မမြတ်ကြောင်း ဓမ္မပဒပါဠိတော်၌—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ—

ဟု ဟောတော်မူသည်။

အနက်မှာ— ယော စ၊ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံပျက်ပုံကို။ အပဿံ၊ အိပ်မက်တွင်မျှ မမြင်ရဖူးပဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။ တဿ၊ ထိုသူ၏။ ဇီဝိတာ၊ အသက်ရှည်မှုထက်။ ဥဒယဗ္ဗယံ၊ ဥဒယဗ္ဗယကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်သေး၏။

ဤမျှလောက် အကျိုးကြီးသော ဥဒယဗ္ဗယဉာဏ်သည် ဤကိုယ်ကြီးထည်း၌ တွေ့ရ၏။ ယခုမှ တွေ့ရ၏။ အရင်ကမတွေ့ရ၊ အရင်ကမရှိပဲ ယခုမှလာပြီး ဘယ်ကရှိရသလဲ၊ တယ်ကလာပြီး ရောက်ရသလဲဟု ထင်ဖွယ်ရှိ၏။ ဤဥဒယဗ္ဗယသည် အရင်ကလည်း အသစ်ဖြစ်လိုက် အဟောင်းပျက်လိုက်၊အဟောင်းပျက်လိုက် အသစ်ထပ်ဖြစ်လိုက်နှင့် အစဉ်မပြတ်ဖြစ်ပျက်လျက်ရှိ၏။ ယခုလဲ ဖြစ်ပျက်၍ပင်ရှိ၏။ ဘယ်ကမှလဲမလာ။ ဘယ်ကိုမှလဲမသွား။ အပ်ဖျားပေ T မှုန့်ညင်းစေ့ချသကဲ့သို့ ဤနေရာမှာပင် ဖြစ်ပြီး

ဤနေရာမှာပင် ပျက်သွားသော တရားမျိုးဖြစ်၏။ ဒါကြောင့်မို့လို့ မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူသည်မှာ-

**အနိဓာန ဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။**
**နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။**

အနက်- ဘဂ္ဂါ၊ ဖြစ်ပေါ်လာပြီးနောက် ချက်ချင်းပင် ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရား နှစ်ပါးတို့သည်။ အနိဓာနဂတာ၊ ငြိမ်းလေပြီးသည့် ဆီမီးပမာ သိုမှီးရာမရှိသော အဖြစ်သို့ ရောက်ကြလေကုန်ပြီ။ အနာဂတေ၊ မဖြစ်သေးမီ အနာဂတ်ကာလ၌။ ပုဉ္ဇော၊ လာ၍ဖြစ်ဖို့ရာ အပုံအစုသည်။ နတ္ထိ၊ မရှိနိုင်လေ။ ယေပိ၊ အကြင်ပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်တို့သည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ပေါ်လာကြကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊တည်ကြကုန်၏။ တေပိ၊ ထိုပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်တို့သည်လည်း။ အာရဂ္ဂေ၊ အပ်သွားပွတ်ဆောက်ဖျား၌။ သာသ မူပမာ၊ အစဉ်မပြတ် တင်အပ်ချအပ်သော မုန်ညင်းစေ့တို့နှင့်တူသော ပမာရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကြကုန်၏။

ဤပါဠိတော် စကားနှင့်လည်း ကိုက်၏။ တကိုယ်လုံး၌ အတွင်းရော အပြင်ပါ မုန်ညင်းစေ့ကလေးတွေ သဲပွင့်ကလေးတွေ ထိမှန်နေတာနှင့်လည်း တထပ်တည်း ကျနေတာ၏။

ဘင်ဂဉာဏ်အကြောင်း

ဤကဲ့သို့ ဥဒယဗ္ဗယကို ရှုနေယင်း သမာဓိ ကောင်းလာသောကြောင့် ဖြစ်ပျက်တွေတံလျှပ်ကဲ့သို့မြန်၍လာတော့၏။ နှုးညံ့သိမ်မွေ့၍လည်းသွားတော့၏၊ ထိုအခါ၌အပျက်မြန်လွန်းသောကြောင့်တကြောင်းနုသွားသောကြောင့်တကြောင်း ဖြစ်အစွန်း ပျက်အစွန်း နှစ်ပါးစလုံးမထင်တော့ပဲ အပျက်ချည်းသာထင်နေတော့၏။ ဥပမာ ခြောက်သွေ့လှစွာသောဂျုံမှုန့်တွေကိုနေပူထည်း၌ ပုံထားသောအခါ လေတိုက်၍ လာလျှင် နူးညံ့သိမ်

မွေ့လှစွာသော အမှုန်ကလေးတွေသည် ပြို၍ပြို၍ ဖွာဖွာ ဖွာဖွာနှင့် ကျနေသကဲ့သို့ ဖြစ်လာတော့၏။ ဤသည်ကား အဖြစ်ကို မထင်၊ အပျက်ကိုသာ ထင်နေသောကြောင့် ဘင်္ဂဉာဏ်ဟု ခေါ်၏။ အလွန်လျင်မြန်၏။ တခါတရံ ကြွမ်း၍လည်း ပျက်၏၊ အပျက်ကြွမ်း၏ဟူလို။ ဘယ်လောက်ကြွမ်းပါသလဲဆိုလျှင် ရေပြင်ပေါ် မိုးရွာချသကဲ့သို့ ထင်ရ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

ယထာနာမ၊ ဥပမာမည်သည်ကား။ စက္ခုမာ၊မျက်စေ့အမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ပေါက္ခရဏီတိရေ ဝါ၊ ရေကန်၏ကမ်း၌လည်းကောင်း။ နဒီတိရေ ဝါ၊ မြစ်ကမ်း၌လည်းကောင်း။ ဌိတော၊တည်လျက်။ ထူလဖုသိတကေ၊ ကြီးစွာသောမိုးပေါက်ရှိသော။ ဒေဝေ၊ သည်။ ဝဿန္တေ၊ရွာသည်ရှိသော်။ဥဒကပိဋ္ဌေ၊ရေအပြင်၌။မဟန္တ မဟန္တာနိ၊များစွာများစွာကုန်သော။ ဥဒကပုဗ္ဗုဠကာနိ၊ ရေပွက်တို့ကို။ ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇိတွာ၊ဖြစ်၍ဖြစ်၍။ သီဃံ သီဃံ၊လျင်စွာ လျင်စွာ။ ဘိဇ္ဇမာနာနိ၊ပျက်ကုန်သည်တို့ကို။ ပဿေယျ ယထာ၊ မြင်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သော၊ ထိုယောဂီသည်။ သဗ္ဗေ သင်္ခါရာ၊ အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့သည်။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိ၊ လျင်စွာလျင်စွာ ပျက်ကုန် ပျက်ကုန်သည်တကားဟူ၍။ ပဿတိ၊ ရှုမြင်၏။

ဤကဲ့သို့ ရေပြင်ပေါ် မိုးရွာချသကဲ့သို့ ဆိုတာ ဥဒယဗ္ဗယတုန်းကလဲ တွေ့ရတာပါပဲ။ သို့ရာတွင် အနှေးအမြန် အစိပ် အကျဲ လောက်သာ ကွာတာပါပဲ။ ဒီအခါကျတော့ကာ ခန္ဓာကိုယ်ကြီး၏ မမြဲတဲ့သဘောတရားတို့ကို ဥဒယဗ္ဗယတုန်းကဘည်းက ထင်မြင် ရှင်းလင်းပြီးဖြစ်လာရာ ဘင်္ဂဉာဏ်ကျတော့ "အင်း-ကြာလေ ကြာလေ မမြဲလေပါတကား၊မမြဲတာချည့်ပါကလား၊ ပျက်တာချည့်ပါကလား"ဟု သန္နိဋ္ဌာန်ချပြီး အမြဲအစွဲ အသဲစွဲပြီး မှတ်သားသွားလေကော့၏။

ထိုအခါ ဟိုတုန်းက မြဲသည်ဟု ထင်နေသော အထင်တွေကိုလုံးလုံး စွန့်လိုက် တော့၏။ မမြဲဟု တရစပ် ထင်နေတော့၏။

အပျက်ချည့် အစဉ် မပြတ် ထင်နေ တော့၏။ ပျက်ပျက်နေတာကို ထင်နေတော့ ဆင်းရဲတာလည်း ပို၍ ထင်၏။ အစိုးမရတာလည်း ပို၍ ထင်၏။ ဒါကြောင့်မို့လို့ ဤအခါမျိုး ကျလျှင် သုခသညာ အတ္တသညာကိုလည်း စွန့်လိုက်တော့၏။ ငါ၏ ကိုယ်ကောင်ကြီးနှင့်တကွ ၃၁-ဘုံသားတို့သည် နိစ္စ- သုခ- အတ္တ- သုဘ-မဟုတ်၊ အနိစ္စ- ဒုက္ခ- အနတ္တ-အသုဘ ဖြစ်၏ဟု အတပ်အမှတ် ယူတော့၏။ ဤကဲ့သို့ပင် ဥဒယဗ္ဗယတုန်းကထက် ပို၍ နက်၍ ထင်မြင်၍ စိတ်ပြောင်း၍ သွားတော့၏။ ဤကဲ့သို့ ထင်မြင်စိတ်ပြောင်း၍ သွားသောအခါ မိမိ၏ ရုပ်နာမ်သင်္ခါရတရားကြီးကို ကြောက်စရာကြီးပဲ ဘေးကြီးပဲဟု ထင်တော့၏။ မြွေပွေးခါးပိုက်ပိုက်ထားရသကဲ့သို့ထင်၏။ မြွေပွေးကို နင်းမိသောသူနှင့်တူ၏။ ကြုပ်ကြုပ်ရှုလေ ကြုပ်ကြုပ်အပျက်ထင်လေ၊ ကြုပ်ကြုပ်အပျက်ထင်လေ ကြုပ်ကြုပ်ဘေးကြီးပဲဟု ထင်လေ ဖြစ်၏။

စိတ်နှလုံးမသာယာဖြစ်၏။ စိတ်ညှိုးနွမ်း၏။ မိမိခန္ဓာကိုယ်ကြီးသည်ကားအနှစ်မရှိ အပြစ်ချည်းပဲ ရှိပါကလားဟု အတပ်သိ၏။ သိသောအခါ မိမိခန္ဓာကိုယ်ကြီးကို ရှုယင်းရှုယင်း မနှစ်သက် မပျော်ပိုက်နိုင်ပဲ ပျင်းမုန်းငြီးငွေ့၍ နေလေတော့၏။ ဘင်္ဂဉာဏ် ဖြစ်ပြီဆိုမှဖြင့် ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါ ဉာဏ်တို့သည် တဆက်တည်း တရှိန်တည်း ဖြစ်တော့၏။ အသံသာ ကွဲတယ် အဓိပ္ပာယ်မှာ တူ၏။ အပေါ်အလေး အတိမ်အနက်သာကွာ၏။ ကြုပ်ကြုပ်ရှုလေ ကြုပ်ကြုပ်ငြီးငွေ့လေဖြစ်၏။ ဤကဲ့သို့ ငြီးငွေ့နေလျှင် ဘာကိုမျှ မတပ်မက်တော့ပေ။ ဘာဖြစ်မှာကိုမှလဲ မကြောက်တော့ပေ။ သေရမည်ဆိုတာတောင် သဘောကျမိတော့၏။ ဤမျှလောက်ပျင်းမုန်းငြီးငွေ့၏။ ဤကဲ့သို့ငြီးငွေ့သောအခါ သပီတိက တဏှာကို စွန့်၏။ စက်ဆုပ်ဖွယ်ဟုထင်၏။ စက်ဆုပ်ဖွယ်ဟုထင်သောကြောင့် မိမိသူတပါး၌ တပ်မက်မောသောရာဂကို စွန့်၏။ ဤကဲ့သို့ရှုမြင်နေတုန်းအခါမှာ ဤကဲ့သို့ ဖြစ်နေတယ်ဆိုတာ အမှန်ပင် ဖြစ်၏။

ဒါကြောင့်မို့လို့ ရှေးတုန်းက ဘုရားသခင်က တရားဟောနေတုန်း အနူတယောက်သည် တရားနာယင်းနဲ့သောတာပန်ဖြစ်သတဲ့။ သောတာပန်

ဖြစ်မှန်း သိကြားမင်းက သိတော့ စိတ်ကိုစမ်းခြင်းဖြင့် မေးသတဲ့။ အို အသင်၊ အသင်၏ နူနာကြီးကို ပျောက်အောင် ကုပေးမယ်၊ ရှင်ဘုရင် လုပ်မလားလို့ မေးသတဲ့။ မေးတော့ကာ အနူကလဲ သောတာပန် ဖြစ်ခါ စ ယခုလို လောကကြီး၏ အပြစ်တွေကို မြင်နေတုန်း ငြီးငွေ့နေတုန်း ဖြစ်သောကြောင့် ရှင်ဘုရင် စည်းစိမ်ကို ယူ၍ ဤမျှလောက် လေးတဲ့။ တာဝန်ကြီးကို ထမ်းရမှာ ကြောက်လန့် စက်ဆုပ်သတဲ့။ မလိုချင်ဘူးတဲ့ သိကြားမင်းကိုတောင် အပြစ်တင်သတဲ့။ ဤအနူ၏ ပယ်ခြင်းကား ငြီးငွေ့ လွန်းသောစိတ် ရှိနေခြင်းကြောင့် ပယ်နိုင်၏။ ယခုလည်း ဝိပဿနာတရား ကို ချမထားပဲ အားထုတ်သန်သော သူများ၌ ဤကဲ့သို့ပင် စိတ်မျိုးဖြစ် ကြ၏။ ဤစိတ်မျိုး ဖြစ်ခြင်းသည် မှမ္မဝိဋ္ဌာန်ဖြစ်၏။ ထိုအနူကို ယခုအား ထုတ်ဆဲ ဤဝိပဿနာဉာဏ်မျိုး ရောက်ဆဲသော ယောဂီတွေနှင့် စာလျှင် အံ့ဩစရာမဟုတ်ပေ။ မယုံလျှင် စမ်းကြည့်ကြပါ။ သူကဲ့သို့ လောကကြီးကို ငြီးငွေ့ပြီး အသက်ရှည်နေတာတောင် မနှစ်သက်တဲ့ လူတွေအများကြီး ရှိပါသည်။ ဝိသုဒ္ဓိမဂ်ကလည်း ဆိုပါသည်။

ဆိုပုံပါဠိမှာ—

ဘဝဒိဋ္ဌိပ္ပဟာနံ ဇီဝိတနိကန္တိ ပရိစ္စာဂေါ၊ သဒ္ဓါယုတ္တ ပယုတ္တတာ ဝိသုဒ္ဓါ ဇီဝိတာ ဉဿုက္က ပဟာနံ ဝိဂတဘယတာ ခန္တိသောရစ္စ ပဋိလာဘော အဘိရတိရတိသဟန တာတိ။

အနက်မှာ။ ။ဘဝဒိဋ္ဌိပ္ပဟာနံ၊ ဘဝသည် မြဲ၏ဟူသော သဿတဒိဋ္ဌိ အယူကို ပယ်ရခြင်းလည်းတပါး။ ဇီဝိတနိကန္တိ ပရိစ္စာဂေါ၊ အသက်၌ တပ်သော နိကန္တိကို စွန့်ခြင်းလည်းတပါး။ သဒ္ဓါယုတ္တပယုတ္တတာ၊ အခါခပ်သိမ်း ဘာဝနာနှင့် ယှဉ်ခြင်းလည်းတပါး။ ဝိသုဒ္ဓါ ဇီဝိတာ၊ စင်ကြယ်သော အသက်မွေးခြင်း ရှိသည်လည်းတပါး။ ဉဿုက္ကပဟာနံ၊ အမှုကြီးငယ်တို့၌လုံ့လမပြုခြင်းလည်း တပါး။ ဝိဂတဘယဘာ၊ ကြောက် လန့်ခြင်းကင်းသည်လည်းတပါး။ ခန္တိသောရစ္စ ပဋိလာဘော၊ သည်းခံခြင်း ကောင်းသော အမှု၌ မွေ့လျော်ခြင်းတို့နှင့် ပြည့်စုံသည်လည်း တပါး။

အရတိရတိသဟနတာ၊ ကုသိုလ်၌မမွေ့လျော်ခြင်း ကာမဂုဏ်၌မွေ့လျော်ခြင်းတို့ကို နှိမ်နင်းနိုင်ခြင်းလည်း တပါး။ ဣတိအယံ၊ ဤသည်လျှင်။ အဋ္ဌာနိသံသာ၊ ရှစ်ပါးသော အကျိုးတို့တည်း။

ရင်းပြစ် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လည်း—

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ–

ဟူ၍ ဟောတော်မူပြန်၏။

ဥပ္ပါဒဉ္စ၊ ဤဘဝပဋိသန္ဓေကို လည်းကောင်း။ ပဝတ္တဉ္စ၊ ပဝတ္တိခန္ဓာငါးပါးကို လည်းကောင်း။ နိမိတ္တဉ္စ၊ သင်္ခါရအားဖြင့်ထင်သော သင်္ခါရနိမိတ်ကိုလည်းကောင်း။ အာယူဟနဉ္စ၊ ဤဘဝပြုအပ်သော ကံကိုလည်းကောင်း။ ပဋိသန္ဓိံ၊ နောင်ဘဝ ပဋိသန္ဓေကိုလည်းကောင်း။ ဒုက္ခန္တိ၊ ဆင်းရဲအစုသာတည်းဟူ၍။ ပဿတိ၊ ရှုမြင်၏။ ဣဒံ၊ ဤငါးပါးသည်။ အာဒီနဝေ၊ အာဒီနဝဉာဏ်၌။ ဉာဏံ၊ သိသောဉာဏ်မည်၏။

ဤပါဠိတော်များအတိုင်းပင် ပျင်းမုန်းငြီးငွေ့၍နေသော အခါ၌ ထင်၍နေတော့၏။ ထင်ဆဲအခါ၌မူကား ဘာကိုမျှ မမက်မောတော့ပေ။ တရားအားထုတ်တာလောက် မစုံမက် မနှစ်သက်တော့ပေ။ တလောကလုံး ဖြစ်သမျှ မီးပုံကြီးအလား အပူတုံးကြီး ဒုက္ခတုံးကြီးဟု ထင်နေတော့၏။ ဤကဲ့သို့ပင် နူနာနှင့် တရားနာယင်း သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သူမြတ်သည်လည်း ထင်၍နေ၏။ ဒါကြောင့်မို့လဲ ရှင်ဘုရင်စည်းစိမ်ကို မီးပုံကြီးကဲ့သို့ ထင်ပြီး ဒုက္ခပုံကြီးထင်ပြီး မလိုချင်ပဲ ငြင်းပယ်၏။ ယခုလူတွေလည်း ကြပ်ကြပ်အားထုတ်သော သူများသည် ဤကဲ့သို့ပင် ထင်နေကြ၏။ သို့ရာတွင် ဤကဲ့သို့သော ပုဂ္ဂိုလ်များသည် ဤလိုပင် အမြဲတသက်လုံး ထင်နေတော့မှာပဲလားဟု ဆိုစရာရှိရဲ့။ တသက်လုံးကား မဟုတ်။ တရားကိုအားထုတ်နေတုန်းသာ ထင်နေတာ။ အားထုတ်တာပေါ့သွားပြန်တော့လဲ ထင်တာလဲ တဖြည်းဖြည်း ပေါ့ပေါ့သွားတော့တာပေါ့။

ဒါကြောင့်မိုလို့ သာဝတ္ထိပြည်၌ ငါးကုဋေကျော်သော အရိယာသူမြတ်တို့သည် ဃရာဝါသအမှုဖြင့် ယခုလူတော့လိုပဲ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက် နေကြတာပေါ့။ ဝိသာခါကော ဘယ်လိုနေသလဲ။ သို့ဖြစ်၍ သောတာပန်ဖြစ်သွားသော အနူက ရှင်ဘုရင် မလုပ်ချင်ဘူးဆိုတာဟာ ငြီးငွေ့နေတုန်းအခိုက်မို့သာဟု ယူရမည်။ ဤပါဠိတော်ကို ကြပ်ကြပ်ဖတ်၍ အရကျက်ထားဖို့ ကောင်းသည်။ တချို့က ဤတရားကိုတွေ့လျှင် လူထည်းမှာ မနေနိုင်ရဘူးတဲ့။ သဘောမပေါက်လို့ တောင်မြောက်လေးပါး တွေးထင်နေကြတာပါ။ တချို့စာတတ်သော သူများကျတော့လဲ ပမာဒလေခနေတတ်ပါတယ်။ ငြီးငွေ့ပြီး ဒုက္ခကြီး ထင်နေသော်လည်းနေက္ခမ္မဓာတ်ခံရှိမှ အကြောင်းကလဲ ညီညွတ်ပါဦးမှ တကိုယ်ရေ တကာယ တောထွက်၍နေနိုင်ပါသည်။ ဤသည်ကား သတိပြုဖွယ်ပေတည်း။

ရုပ်နာမ် ဖြစ်ပျက်တွေကိုရှုယင်း အပျက်တွေ မြန်တော့ အပျက်ချည်း ထင်တယ်။ အပျက်ချည်းထင်တာကို ဘင်္ဂဉာဏ် ခေါ်တယ်။ ဘေးတွေပဲဟု ထင်သောအခါ ဘယဉာဏ် ခေါ်တယ်။ အပြစ်တွေပဲဟု ထင်သောအခါ အာဒီနဝဉာဏ် ခေါ်တယ်။ ငြီးငွေ့လာတော့ နိဗ္ဗိဒါဉာဏ်ခေါ်တယ်။ ဉာဏ်ထည်းစိတ်ထည်း၌ ရှုယင်းထင်လာတာကို ထင်လာသည့်အတိုင်း အမည်မှည့်ခြင်းပင် ဖြစ်၏။ ဤသည်ကိုပင် ဝိပဿနာဉာဏ် ခေါ်၏။ ဤကဲ့သို့ပျက်တာတွေကို ရှုနေယင်း ရုပ်နာမ် သင်္ခါရတို့သည် ပူ၍လာတတ်၏။ [ရုပ်နာမ် သင်္ခါရ ခန္ဓာငါးပါးဆိုတာ ပရမတ်။ ပုဂ္ဂိုလ်သတ္တဝါ ကိုယ်ကောင်ကြီးဆိုတာ ပညတ်ဟု မှတ်ကြပါ]။

ပူ၍လာသောအခါ တကိုယ်လုံးပင် မခံမရပ်နိုင်အောင် ကဲ့သို့လည်း ပူလာတတ်၏။ စိတ်ကလည်း ဒုက္ခကြီးထင်လျက် ငြီးငွေ့၍နေ၏။ ဘယ အာဒီနဝ နိဗ္ဗိဒါ ဤဉာဏ်သုံးပါးစလုံး တပြိုင်နက် ထင်လျက်နေ၏။ ဤကဲ့သို့ ထင်လျက်နေယင်း ရုပ်နာမ် ကင်္ခါတို့သည် ဝေဒနာ ခံရဘိသကဲ့သို့ မခံရပ်နိုင်အောင်လိုလို ပူ၏။ နာ၏။ ထုံကျဉ်၏။ ရေနွေးနှင့် ပြုတ်ထားသကဲ့သို့ ဖြစ်နေ၏။ ဝေဒနုပေက္ခာ ဖြစ်၍နေ၏။ အမျိုးမျိုး ဖြစ်

တာကို ခံနေရ၏။ ရေတွက်ခြင်းငှာ ပြောပြခြင်းငှာ မစွမ်းနိုင်လောက်အောင် များ၏။ ကိုယ်ကြီးဟာ လှုပ်မရ ကြွမရ ခြေလက်တွေ သေနေသကဲ့သို့လည်း ဖြစ်နေတတ်၏။ ထိုအခါ စိတ်ထည်းက အားထုတ်တာကို လျှော့လိုက်ချင်သောစိတ် မကြာမကြာ ပေါ်လာတတ်၏။ မလျှော့အပ်ပါ၊ ရှုမြဲရှုပါ၊ လျှော့လိုက်လျှင် ဝိပဿနာ အန္တရာယ်ဆိုတဲ့ ဩဘာသ အရောင်အလင်းတွေ ပညတ်တွေ ပေါ်လာတတ်ပါသည်။

ဩဘာသ ဆိုတာ ပညတ်ဖြစ်၏။ ဤမျှလောက် မခံသာအောင် ရုပ်နာမ်တို့ ဖောက်ပြန်နေသောအခါ ဤရုပ်နာမ်တို့၏ ဖောက်ပြန်နေမှုမှ လွတ်အောင် အားထုတ်တာ လျှော့လိုက်ရ ကောင်းမလား၊ ဆက်ပြီးအားထုတ်မြဲ အားထုတ်သွားရလျှင် ကောင်းမလားဟု ကြံဆတတ်ကြ၏။ ဤကဲ့သို့ လွတ်မြောက်လိုသော သဘောကိုပင် မုစ္စိတုကမျတာ ဉာဏ် ခေါ်၏။ ဤအခါ၌ နေရာပြင်လိုလျှင် တောင်တွေး မြောက်တွေး တွေးနေလျှင် ဉာဏ်အမြင်လျော့၍သွားတတ်၏။ ရုပ်နာမ်တို့၏ ဖောက်ပြန်မှု သက်သာ၍ကား သွား၏။ သက်သာသော်လည်းမကောင်း၊ ဆက်၍ရှုရ၏။ ဆက်၍ရှုနေလျှင် ကြာတော့ခါ မခံသာအောင် ဖြစ်တဲ့ ဝေဒနာ သဘောတွေဟာ တကိုယ်လုံး အညီအညွတ်ဖြစ်၍ သွားလတ္တံ့။ ညီညွတ်သွားသောအခါ လွန်စွာ ပူတာတခုပဲ တွေ့လတ္တံ့။ ပူပေမယ့် တကိုယ်လုံး တညီတညာတည်း ပူ၍ပျက်နေ သောကြောင့် ခံသာ၏။ ဤကဲ့သို့ အညီအညွတ် ရှုနေသည်ကို ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ပဋိသင်္ခါ ဉာဏ် ခေါ်၏။ စိတ်၌ မခံသာတာတွေ ညီမျှ၍ အနိစ္စ ဒုက္ခ အနတ္တကို သာ အလိုက်သင့် အာရုံပြု၍ နေတော့၏။

ဤကဲ့သို့ အာရုံပြုယင်း ပူသော ဆူသော ဝေဒနာ တို့သည် တညီတညွတ်တည်းပင် တိုး၍တိုး၍ လာလေ၏။ လာသော်လည်း မခံသာလှဘူးဟူ၍ မဖြစ်လှတော့ပေ။ ပူအားကြီး၍သာ တကိုယ်လုံးမှ အပူအခိုးတွေ မှုတ်၍ ပန်းပြီး မိမိကိုယ်ကို လောင်မြိုက်၍ လောင်မြိုက်၍ နေသကဲ့သို့ ဖြစ်လာလေ၏။ ရှုမြဲတိုင်းပင်ရှု။ ဤအခါ၌ စိတ်သည် တောင်တောင် မြောက် မြောက်သို့ မကြံဆ မတွေးတောတော့ပေ။ စိတ်၏

ပြေးလွှားခြင်းမဖြစ်တော့ပေ။ စွဲမြဲစွာ ကဂ္ဂတာ စိတ်မျိုးဖြစ်လျက် ရှိ၍ နေလေတော့၏။ ပူသောဝေဒနာ ပြင်းပြသော ဝေဒနာကား တကိုယ်လုံး ညီမျှ သွား၍ ခံသာ၏။ ဝေဒနုပေက္ခာ ဖြစ်၍ နေလေ၏။ ဤကဲ့သို့ သင်္ခါရကို ဥပေက္ခာ စိတ်နှင့် ရှုနေသောအခါ စိတ်၏ ရွေ့လျောခြင်း ပြောင်းသွားခြင်းမရှိပဲ တခြားဘာကိုမျှ မတွေးပဲ ဖြစ်ချင်သလို ဖြစ်နေပေစေဟု အမှတ်တမဲ့ ကြည့်နေသကဲ့သို့ စွဲစွဲမြဲမြဲ ရှုနေတာကိုပင် သင်္ခါရုပေက္ခာဉာဏ် ခေါ်၏။

ဤကဲ့သို့ သင်္ခါရကို ဥပေက္ခာ အနေနှင့် ရှုနေတုန်း ထိုရှုနေသည့် သိမြင်နေသည့် သင်္ခါရ တရားတို့မှ ရုတ်တရက် လွန်မြောက်၍ သွားတတ်၏။ နိဗ္ဗာန်မှ လွဲသော အာရုံ ခြောက်ပါးတရားတို့ ချုပ်ငြိမ်း၍ သွားကြ၏။ ဖြစ်ပျက်၏အဆုံး မဖြစ်သို့ ရောက်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟု ခေါ်၏။ နိဗ္ဗာန်ကို မျက်မှောက်မပြုမီ မျက်မှောက်ပြုခါနီး ဆဲဆဲ ရှေးအဖို၌ ဖြစ်သောဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုသောဉာဏ်ကို ဂေါ်ဉာဏ်ဖိုလ်ဉာဏ်ဟုခေါ်၏။ သာဓု ခေါ်ရ၏။ တခါတရံ ဤနေရာ၌ သင်္ခါရတို့သည် အပူရှိန်တွေ ပန်း၍ လောင်မြိုက်၍ နေခြင်းသည် ကိုယ်တွေ့ ကာယသမ္ဗာ မှလွန်၍ မျက်စေ့ဖြင့် မြင်ရတဲ့ သဘောမျိုးသို့ ပြောင်း၍ သမထနိမိတ်ကို မြင်ရသကဲ့သို့ မီးတောက်ကြီးကို မြင်၍ နေတတ်၏။ ဤကား မကောင်း၊ ဟောင်ထိပ်ကျမှ လမ်းချော်၍ကျသွားတာနှင့် တူတော့၏။ ဤကား ဒုက္ခပဋိပဒါ၏ အသွားတမျိုးပေတည်း။ လူတယောက်နှင့်တယောက် မတူကြပေ။ ဤလူက ဤလိုတွေ့ပေမယ့် ဟိုလူက ဟိုလိုတွေ့ချင်တွေ့တတ်၏။

ကျမ်းဂန်မှာလဲ ဒုက္ခပဋိပဒါ၊ သုခပဋိပဒါ၊ ခန္ဓာဘိညာ၊ ခိပ္ပါဘိညာဟူ၍ ရှိသေး၏။ အနိမိတ္တ အပဏိဟိတ သုညတလို့လဲ ရှိသေးတယ်။ ဒီလိုရှိတာတွေ အထည်းမှာလည်း တယောက်က တမျိုးကို အရင်တွေ့တယ်၊ တယောက်က နောက်မှတွေ့တယ် စသည်ဖြင့် ကွဲလွဲကြ၏။ ကွဲလွဲပေမယ့် လိုရင်းသဘောကတော့ အားထုတ်သန်ဘာချင်း တူလျှင် အတူတူလိုပါပဲ၊ မခြားနားလှပါ။ ဥပမာ မြို့ကြီးတမြို့သို့ အလည်သွားတဲ့ လူဘဲလိုပဲ။

ကိုယ့်စိတ်ထင်တာက ဝင်၍ စိတ်ထင်တဲ့လမ်း ရှောက်ကြတာပဲ။ မြို့ကို နှံ့စပ်ပြီးနောက် မေးကြည့်တော့ကာ သူတွေ့တာလဲ ကိုယ်တွေ့တဲ့အထည်း ပါတာပဲ။ ကိုယ်တွေ့တာလဲ သူတွေ့တဲ့အထည်း ပါတာပဲ။ ခရီးစဉ်မတူ တာတခုပဲ။ တွေ့တာကတော့ အများကြီး မလွဲတတ်ကြပါ။

၎င်းရုပ်နာမ် သင်္ခါရ တည်းဟူသော ဖြစ်ပျက်ကို ရှုနေယင်း သင်္ခါရ နိမိတ်သမျှ ဘာကိုမျှမတွေ့ရပဲ ဖြစ်သွားခြင်းကိုပင် သင်္ခါရ ရုပ်နာမ် ဖြစ်ပျက်မှ လွန်မြောက်သွားသည်ဟု ဆို၏။ ဖြစ်ပျက်မြင်နေရာမှ မဖြစ်ကို မြင်သည်ဟု ဆို၏။ ဖြစ်ပျက်ကို မြင်တုန်းက မျက်စိဖြင့် မြင်တာမဟုတ်၊ ကာယဝိညာဏ် မနောဝိညာဏ်ဖြင့်သာ တွေ့ရ၏။ ၎င်းကဲ့သို့ တွေ့ရတာကို ပင် တရားအားထုတ်ယင်း တွေ့ရတာမျိုးမိုလို့ ဝိပဿနာဉာဏ်မြင်ဟု ခေါ်၏။ မဖြစ်ကို မြင်တယ်ဆိုတော့ကာလဲ ၎င်းခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ဖြစ်ပျက်နေခြင်းကို ကာယဝိညာဏ် မနောဝိညာဏ်တို့ဖြင့် တွေ့မြင်နေရာမှ ရုတ်ဘရက်မတွေ့ရ မသိရ မမြင်ရကိုပင် မဖြစ်ကို မြင်သည် ဟု ဆို၏။

မဖြစ်ကို မြင်တုန်းအခါ အတွင်းဘာကိုမျှ မမြင်ရ မသိရတော့ပေ။ မိမိကိုယ်ကောင်ကြီးကိုလဲ မမြင်ရ မတွေ့ရတော့ပေ။ ဖြစ်ပျက်ဆိုတဲ့ သင်္ခါရဟာ သင်္ခါရလောကဖြစ်၏။ ၎င်းသင်္ခါရလောက၏ ဖြစ်ပျက်နေမှု တို့ကို လောကီစိတ်ဖြင့် သိရ၏။ လောကီစိတ်ဆိုတာ ဖြစ်ပျက် သင်္ခါရ လောကကိုသာ အာရုံပြုနိုင်၏။ ဖြစ်ပျက်သင်္ခါရကို လွန်မြောက်သော လောကုတ္တရာ နိဗ္ဗာန်ကို အာရုံမပြုနိုင်။ လောကုတ္တရာ စိတ်မှသာ လောကုတ္တရာနိဗ္ဗာန်ကို အာရုံပြုနိုင်၏။ လောကုတ္တရာဆိုတာ လောကံ တရန္တီတိ လောကုတ္တရာ။ လောကံ၊ ဖြစ်ပျက်ခြင်းလောကကို။ တရန္တိ၊ လွန် တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောကုတ္တရာ၊ လောကုတ္တရာ မည်ကုန်၏။

တနည်းကား— လောကာ်န ဝိမုတ္တာတိ လောကုတ္တရာ။ လောကာ၊ ဖြစ်ပျက်ခြင်းလောကမှ။ ဝိမုတ္တာ၊ လွတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။

လောကုတ္တရာ၊ လောကုတ္တရာမည်ကုန်၏။ [ဤကဲ့သို့ လောကုတ္တရာ၏ အကြောင်းကို ချဲ့ထွင်၍ များစွာ ဟောထားတော်မူပါသည်။ အလိုရှိက ပဋ္ဌာနသမ္ဘိဒါမဂ်တွင် ကြည့်ကြပါကုန်။]

လောကုတ္တရာစိတ်နှင့် နိဗ္ဗာန်ကို မြင်နေသောအခါ၌ နိဗ္ဗာန်သည် ဝေဒယိတသုခမဟုတ်၊ သန္တိသုခသာဖြစ်သည်ကိုသိ၏။ ပဋိဝေဓဉာဏ်ဖြင့် နိဗ္ဗာန်ကိုသာ အာရုံပြုလျက် နေသည်ဖြစ်သောကြောင့် ဖြစ်ပျက်သင်္ခါရ တည်းဟူသော သစ္စ ပရမတ်တရားတို့ကိုလည်း မသိရတော့ပေ။ လောကီနှင့် စပ်ဆိုင်သမျှ မသိရတော့ပေ။ ဝေဒနာမှန်သမျှကိုလည်း ခံစားခြင်း စံစားခြင်းမရှိတော့ပေ။ လောက၌ ရှိသမျှသော ပညတ်တရား ပရမတ်တရား မှန်သမျှ ဘာကိုမျှမသိရတော့ပေ။ မိမိကိုယ်ကောင်တည်း ဟူသော ပညတ်တရားနှင့် အတွင်းရှိ ပရမတ်တရားတို့ကိုလည်း မသိရ တော့ပေ။

ဒါကြောင့်မိုလို့ ပေဋကောပဒေသကျမ်း၌—

တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဒုက္ခဥ၊ ဒုက္ခသစ္စာသည် လည်းကောင်း။ မဂ္ဂေါ စ၊ မဂ္ဂသစ္စာသည်လည်းကောင်း။ နိရောဓော စ၊ နိရောဓ သစ္စာ သည်လည်းကောင်း။ ကတမံ၊ အဘယ်နည်း။ ယဿာဘိက္ခုနော၊ အကြင် ရဟန်း၏။ သတိ၊ သတိသည်။ ဆသု ဖဿာယတနေသု၊ ခြောက်ပါးသော ဖဿာယတနတို့၌။ သံဝရော စ၊ အစောင့်အရှောက်သည်လည်း။ န ဥပဋ္ဌိ တော၊မထင်။ သောဘိက္ခု၊ ထိုရဟန်းသည်။ သတတံ အဘိဏှံ၊ မပြတ်။ သမာဟိတော၊ တည်ကြည်သောစိတ် ရှိသည်ဖြစ်၍။ ဇာနေယျ၊ သိရာ၏။ ကတမံ၊အဘယ်သို့။ဇာနေယျ၊သိရာသနည်း။အတ္တနော၊မိမိ၏။ယော ကာ ယော၊ အကြင်ကိုယ်သည်။ န ပဥပဋ္ဌိတော၊မထင်။ တံ အနုပဋ္ဌိတကာယံ၊ ထိုကိုယ်မထင်သည်ကိုပင်။ ဣဒံ၊ ဤသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ဇာနေယျ၊ သိရာ၏။

ရင်းပြင်လည်း— နေဝိဓေတိ၊နေဝိဟေူသည်ကား။ ဆသု ဒွါရေသု၊ ခြောက်ပါးသော ဒွါရတို့၌။ အတ္တာနံ၊ ကိုယ်ကို။ နေဝပဿတိ၊ မမြင်၊

နှုဟုရန္တိ၊ နုဟုရံဟူသည်ကား၊ ဆသု အာရမ္မဏေသု၊ ခြောက်ပါးသော အာရုံတို့၌၊ အတ္တာနံ၊ကိုယ်ကို၊နှ ပဿတိ၊ မမြင်။နှ ဥဘယမန္တရေနာတိ၊ နှ ဥဘယမန္တရေန ဟူသည်ကား။ ဘေသံ ဒွါရာရမ္မဏာနံ၊ ထိုဒွါရအာရုံ နှစ်ပါးစုံတို့၏။ အန္တရေန ဝေမဇ္ဈေ၊ အလယ်အကြား ဖြစ်သော။ဝိထိစိတ္တုပ္ပါဒေပိ၊ ဝိထိစိတ္တုပ္ပါဒ်၌သည်း။ အတ္တာနံ၊ ကိုယ်ကို။ နှ ပဿတိ၊မမြင်။ ဧသေဝါတိ၊ ဧသဝ ဟူသည်ကား။ တောဒိသော၊ ဤသို့ သဘောရှိသော။ အပဿိတဗ္ဗ အတ္တဘာဝေါ၊ မမြင် အပ်သော အတ္တဘော သည်သာလျှင်။ ဒုက္ခဿ၊ ဒုက္ခ၏။ အန္တော ပရိယောသာနံ၊ အဆုံးဖြစ် သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

ဤကဲ့သို့ မဖြစ်ကို တွေ့အောင် အားထုတ်ကြရာ၌ လမ်းတွင် ဘယ်လို များ တွေ့ဘက် ပါသေးသလဲဆိုမူ ရုပ်နာမ်သင်္ခါရကို ဥဒယဗ္ဗယက စ၍ ရှုနေယင်း ဖြစ်ပျက်သင်္ခါရကို ထင်သည်ထက် ထင်၍ထင်၍ လာလေ၏။ တခါတရံ မိမိကိုယ်၌ ခြေလက် ဦးခေါင်း စသည်တို့ကို မထင်၊တောင် ပို့ငယ် ကလေးကဲ့သို့လည်းကောင်း၊ အခိုးအငွေ့ပုံကလေးကဲ့သို့ လည်း ကောင်း၊ ဖြစ်ပျက် သက်သက်၏ အစုအပုံကလေးကဲ့သို့ လည်းကောင်း ထင်၍လာသေး၏။ ထိုအခါ အပျက်သင်တဲ့ ဘင်္ဂဉာဏ်၊ ဘေးဟုတင်တဲ့ ဘယဉာဏ်၊ အပြစ်ဟုသင်တဲ့ အာဒီနဝဉာဏ်၊ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်တို့ သည် အလိုလိုသူ့သဘောအတိုင်း တပြိုင်နက် စိတ်၌ ဖြစ်ပေါ်နေတော့ ၏။ ဤနေရာ၌ ခန္ဓာကိုယ်သည် ပူ၍မနေတော့ပေ။ ပူခြင်း အေးခြင်း မထင်ရှားတော့ပေ၊ ပဿဒ္ဓိတတ်တောင်မှ နည်းနည်းကလေး။ သိသာရုံလောက် ကလေးသာ ရှိတော့၏။ စိတ်ကတော့ ငြီးငွေ့နေတာပဲ၊ ဤငြီးငွေ့ နေတဲ့ ဒုက္ခမှ ထွက်မြောက်လိုတဲ့စိတ်လဲ မကြာမကြာ ပေါ်ပေါက်လာ တာပဲ။ အဲဒီငြီးငွေ့နေတာကိုပဲ မခံချင်မနေ့စ်သက်၊ ငြီးငွေ့နေရတဲ့အနေ မှ လွတ်မြောက်ချင်တဲ့ စိတ်တွေ ပေါ်လျက် ပေါ်လျက် နေခြင်းသည် ဖြစ်၍ဖြစ်၍ နေ၏။ ဤသည်ကား မုစ္စိတုကမျတာဉာဏ် ပင်တည်း။

ဤကဲ့သို့ ထွက်မြောက်ချင်တဲ့ စိတ်ရှိသော်လည်း ဆက်လျက်ပင် အား ထုတ်နေသည် ဖြစ်သောကြောင့် ဖြစ်ပျက်တို့သည် အပုံစုကလေးကဲ့သို့

ဖြစ်ပျက်နေတော့၏။ အလွန်ရှုရတာ ငြိမ်သက်၏။ ဤကား ပဋိသင်္ခါ ဉာဏ်ခေါ်၏။ နောက်တော့ကာ ဖြစ်ပျက် သင်္ခါရတို့သည် ပို၍ မြန်လာတတ်၏။ မြန်လာလေလေ အာရုံကဲ စူးစိုက် စွဲလမ်းစွာ ရှုနေလေလေ ဖြစ်၏။ ထိုအခါ၌ သမာဓိသည် အလွန်ကောင်း၏။ စိတ်သည် ဖြစ်ပျက် သင်္ခါရမှတပါး ဘယ်ကိုမျှ မရောက်။ တွေးတောခြင်း စဉ်းစားခြင်း ဆင်ခြင်ခြင်း ကြံစည်ခြင်း မရှိ။ ဖြစ်ပျက်ကိုသာ စူးစိုက်၍ အလိုက်သင့် ရှုလျက်နေ၏။ ဤသည်ကိုပင် သင်္ခါရုပေက္ခာဉာဏ်ခေါ်၏။ အဲသည်လို ရှုနေယင်း ရုတ်တရက် ဖြစ်ပျက်မှ လွန်မြောက်၍ မဖြစ်သို့ ပြေးဝင်သွားတတ်လေ၏။ ကိုယ်မထင်ဘူးဆိုတာ ဖြစ်၏။ မဖြစ်နိဗ္ဗာန်ကို တွေ့သည်ခေါ်၏။ မဂ်ဉာဏ်ခေါ်၏။

အနု လောမဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် တို့သည် တရေးအားထုတ်တဲ့ လူတော့ ခွဲခြမ်းစိတ်ဖြာ၍ မပြောနိုင်။ စာလို သာခွဲပြောနိုင်၏။ တချက်တည်းပင်ဟု ထင်ရ၏။ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တပြိုင်နက်ကဲ့သို့ဖြစ်၏။ မနေ့ဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူမဂ်ဟု ဘဝင်မခြားသော စိတ္တုပ္ပါဒ် ၆-ပါးမျှသာ အသက် ရှည်သောကြောင့် ယောဂီပုဂ္ဂိုလ်များ မခွဲခြားနိုင်။ ဤကဲ့သို့ မဖြစ်ကို တွေ့လျှင် နိဗ္ဗာန်ကို တွေ့သည်ဟု မှတ်။ ကောင်း၏။ သာဓုခေါ်ရ၏။ သုခပဋိပဒါခိပ္ပာဘိည ခေါ်သင့်၏။ အနိမိတ္တ ဝိမောက္ခ ခေါ်သင့်၏။

ဤကဲ့သို့ ချုပ်ပြီးနောက် တစက္ကန့် နှစ်စက္ကန့်မှစ၍ တမိနစ် နှစ်မိနစ် နာရီဝက် တနာရီကြာအောင်လည်း မဖြစ်ကိုမြင်၍နေတတ်၏။ မြင်ဆိုတာ ပြဆိုခဲ့ပြီးသော လောကုတ္တရာစိတ်နဲ့ မြင်တာမျိုး ဖြစ်၏။ ဤကဲ့သို့ လောကုတ္တရာစိတ်နဲ့ မဖြစ်ကိုမြင်နေတာကိုပင် ဖိုလ်စိတ်ဖိုလ်ဉာဏ်ခေါ်၏။ မျက်စေ့ဖြင့် မြင်တာမျိုးမဟုတ်၍ မြင်ဆိုလျှင်အဘို့မမှာမနိုင်ကနားထွေး နေတတ်၏။ [ရှင်းတော့အရှင်းသားပဲ] ထိုမဖြစ်ကို မြင်ပြီးနောက် ခုနက မဖြစ်ကို မြင်တာကိုပြန်၍အောက်မေ့တတ်၏။ မဖြစ်ကို မမြင်ခင်က မြင် ခဲ့သော သင်္ခါရဖြစ်ပျက်ကိုလည်း ပြန်၍အောက်မေ့တတ်၏။ ဖြစ်ပျက်နှင့်

မဖြစ်ပေါ်ကြားက ဖြစ်ပျက်သွားပုံကလေးကိုလည်း အောက်မေ့ဘတ်၏။ မဖြစ်ကိုမြင်ပြီးမှ သိရသော ဖြစ်ပျက်ကို ဆင်ခြင်တာလည်း ရှိ၏။ ဤကဲ့သို့ အောက်မေ့တဲ့ သဘောကလေးတွေကို ပစ္စဝေက္ခဏာဉာဏ် ခေါ်၏။ အောက်မေ့တယ် ဆိုသော်လည်း အကြာကြီးအောက်မေ့နေတာမဟုတ်၊ အောက်မေ့ကာမျှသာ ရှိဘတ်၏။

ဤကဲ့သို့ ဖြစ်ပျက်ကိုမြင်နေယင်း မဖြစ်ကိုမြင်သွားသည်လည်း ရှိ၏။ မဖြစ်ကိုမမြင်ရပဲလျက် ဖြစ်ပျက် လျင်မြန်လှလွန်းသောကြောင့် ဖြစ်ပျက်ကို စူးစိုက်သော ပညာစိတ်ထက် တည်ငြိမ်သော သမာဓိစိတ်က အား သာသွားခဲ့လို့ ရှိလျှင် ဖြစ်ပျက် သင်္ခါရသဘောတို့သည် ကိုယ်တွေ့ရာမှ မျက်မြင်သဘောသို့ ပြောင်းပြီးလျှင် တလုပ်ကို မျက်စေ့ဖြင့် တကယ် ကြည့်၍ မြင်နေသည့်အတိုင်းလည်းဖြစ်သွားတတ်၏။ ဤကား မကောင်း၊ ကောင်းထိပ်ရောက်မှ ခြေချော်၍ အောက်သို့ ပြန်ကျသွားတာနှင့် တူ၏။

ရင်းပြင် တမျိုးပြပါဦး အံ့။ ခန္ဓာ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို ဖြစ်ပျက် အစုအပုံကလေးကဲ့သို့ ထင်လာသောအခါ စိတ်သည် တခြားသို့မသွား တော့ပဲ စူ စိုက်စွဲသမ်း၍ သံမှိုနှက်သကဲ့သို့ ရှုမြင်နေတော့၏။ ဤကဲ့သို့ ရှုမြင်နေယင်း ဖြစ်ပျက်သင်္ခါရတို့သည် တဖြည်းဖြည်း သိမ်မွေ့သည်တက် သိမ်မွေ့၊နူးညံ့သည်ထက် နူးညံ့လျက် မှေးမှိန်၍ မှေးမှိန်၍ သွားတတ်၏။ ဖြစ်ပျက် ပျောက်သွားလုမတတ် ဖြစ်သွား၏။ ဖြစ်သွားပြီးနောက်တဖန် ပြန်၍ နဲနဲ နဲနဲ ထင်ရှား ထင်ရှား လာပြန်တော့၏။ ဖြစ်ပျက်သင်္ခါရ အစုအဝေးကလေး နဲနဲထင်ရှားလာပြန်လျှင် ခဏမျှနေ၍ တဖန်ပြန်ပြီး ယုတ်လျော့ ယုတ်လျော့လျက် နူးညံ့ သိမ်မွေ့၍ သိမ်မွေ့၍ မှေးမှိန်လျက် မှေးမှိန်လျက် ပျောက်လုမတတ် ဖြစ်ပြီးလျှင် တဖြည်းဖြည်း ထင်ရှား၍ လာပြန်၏။ ဤကဲ့သို့ ဖြစ်ပျက်သင်္ခါရ အစုအဝေးကလေးသည် ပျောက် လုမတတ် မှေးမှိန်လျက်တလှည့်၊ နဲနဲပို၍ထင်ရှားလိုက် တလှည့်နှင့်တလှည့် စီ ဖြစ်သင့်သမျှ ဖြစ်ပြီးလျှင် နောက်ဆုံး၌ မှေးမှိန်၍ မှေးမှိန်၍ ပျောက် ကွယ်လုမတတ်ထိအောင် မှေးမှိန်လျက် ဖြစ်ပျက်သင်္ခါရကို လုံးလုံးမတွေ့

ရပဲ ဖြစ်ပျက်မှ လွန်မြောက်၍ သွားလေတော့၏။ ,မဖြစ်ဆိုတဲ့သဘောသို့ ပြောင်းသွားလေတော့၏။ ဤကား အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ကိုယ်တွေ့သဘောတည်း။

စာနှင့်ကိုက်၍ ပြောရမည်ဆိုလျှင် ဖြစ်ပျက် သင်္ခါရကို စူးစိုက်စဲ့လမ်းစွာ တည်ငြိမ်၍ မပြောင်းမလွဲသော စိတ်ဖြင့် ရှုမြင်နေခြင်းသည် သင်္ခါရုပေက္ခာဉာဏ်၊ ဖြစ်ပျက်သင်္ခါရတို့ကို ရှုယင်း မှေးမှိန်၍ သွားခြင်းသည် ဒိသာ ကာကသည် လင်းယဉ်တိုင်မှကမ်းဘက်သို့ ပျံ၍သွားတာနှင့်တူ၏။ မှေးမှိန်၍သွားရာမှ ပြန်၍ ဖြစ်ပျက် ထင်ရှားလာသည် ဆိုတာ ဒိသာကာကသည် ကမ်းကိုမမြင်၍ လင်းယဉ်တိုင်သို့ ပြန်၍ နားတာပင်ဖြစ်၏။ ဤကဲ့သို့ သင်္ခါရတို့သည် မှေးမှိန်သွားလိုက် ထင်ရှားလိုက်ဖြစ်ခြင်းသည် ဒိသာ ကာက၏ လင်းယဉ်တိုင်မှကမ်းဘက်သို့ပြန်သွားလိုက်၊ ကမ်းကို မတွေ့သေး၍ လင်းယဉ်တိုင်သို့ တဖန်ပြန်လိုက် နေတာပင်ဖြစ်၏။ နောက်ဆုံး၌ ဖြစ်ပျက်သင်္ခါရတို့သည် ထင်ရှား လာရာမှ မှေးမှိန်လျက် မှေးမှိန်လျက် နေယင်းမှ ပြန်၍ မထင်ရှားလာတော့ပဲ မှေးမှိန်ယင်းပင် ဖြစ်ပျက်ကို မမြင်ရပဲ ဖြစ်သွားခြင်းသည် ဒိသာ ကာကသည် ကမ်းကို မြင်ပြီ ဖြစ်သောကြောင့် လင်းယဉ်တိုင်သို့ ပြန်မလာတော့ပဲ ကမ်းဘက်သို့အရောက် ပျံစဲသွားတာနှင့်တူ၏။ ဤကား သုခပဋိပဒါခန္ဓာဘိညဖြစ်၏ ဟူ၍ ယူသင့်၏။

ဤကဲ့သို့ ဖြစ်ပျက်ကို မြင်ရာမှ မဖြစ်ကို မြင်တယ်တိုတာ တချို့ကကတ်သီးကတ်သပ် အခေ်အချာ သိချင်သောကြောင့် “ဘယ်လိုနေပါသလဲဗျာ၊ တစုံတရာ ပြောစရာ ရှိပါသလား” ဟု မေးတတ်၏။ ဘာမျှပြောပြစရာဟူ၍ ဝတ္ထုမရှိ၊ ခံစားစရာ ဝေဒနာမရှိ၊ သင်္ခါရနိမိတ် တစုံတရာမရှိ ဟူ၍ မှတ်ပါ။ ဒါကြောင့်မို့လို့ ဝိသုဒ္ဓိမဂ်၌— “ဂေါတြဘူဉာဏ်သည် သမုဒယကို အကြွင်းမဲ့ မပြတ်သေးသောကြောင့် ပဝတ္တာဝဋ္ဌာနကားမဖြစ်၊ နိဗ္ဗာန်ကို အာရုံပြုသောကြောင့်ကား နိမိတ္တာဝဋ္ဌာနကား ဖြစ်၏။ တို့ကြောင့် ဧကတော ဝုဋ္ဌာန ခေါ်၏။ မဂ်စိတ်လေးပါးသည် နိမိတ်ဟူသော အာရုံမရှိသည်၏ အဖြစ်ကြောင့် နိမိတ္တာဝုဋ္ဌာနလည်း မည်၏။

သမုဒယကို အကြွင်းမဲ့ ပြတ်ခြင်းကြောင့် ပဝတ္တဝဋ္ဋာနုလည်းမည်၏။ ထို့ကြောင့် နိမိတ်နှင့် ပဝတ္တမှထသော ဉာဏတော်ဝုဋ္ဌာန မည်၏”ဟူ၍ ဆို၏။

မဖြစ်ဆိုတာ နဂိုက ဘာမှ မဖြစ်ပါဘူး ဆိုထားတာကပဲ၊ ဘယ်မှာ နိမိတ်အာရုံ ရှိနိုင်မှာလဲ။ ရင်းပြင် ဥပမာပြစရာ လဲမရှိဘူးတဲ့။ ဒါကြောင့် မို့လို့ ဝိသုဒ္ဓိမဂ်၌—

အရိယမဂ္ဂါ၊ အရိယမဂ်တို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ သာမညဖလာနိ စ၊ သာမည ဖိုလ်တို့သည်လည်း။ စတ္တာရိ၊ လေးပါးတို့တည်း။ ဣမေဓမ္မာ၊ ဤမဂ်လေးပါး ဖိုလ်လေးပါးတရားတို့သည်။ အပ္ပမာဏာရမ္မဏာ၊ ပမာဏကို ပြုခြင်းငှာ မထိုက်သော နိဗ္ဗာန်လျှင် အာရုံရှိကုန်၏။

ဤကား ဤရွေ့ ဤမျှဟူ၍ ပမာဏကိုမျှ ပြစရာမရှိတဲ့နိဗ္ဗာန်ကိုသာ အာရုံပြုတယ် ဆိုကတည်းက ဘယ်က လောကီအာရုံခြောက်ပါး ဒုက္ခတရားကည်းဟူသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ဖြစ်ပေါ်ဦးမှာလဲတဲ့။ ပြစရာ ပြောစရာ ဘာရှိဦးမှာလဲ။ ဤသို့ဟောတော်မူသည်ကိုလည်း တဖန်ကြည့်ကြပါဦး။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝိညာဏံ၊ အရိယာတို့၏ ဉာဏ်ဖြင့်သာ အထူးသိအပ်၏။ အနိဒဿနံ၊ ဤကဲ့သို့ ညွှန်ပြစရာ ဥပမာလည်း မရှိ။ အနန္တံ၊ ဖြစ်ခြင်း ပျက်ခြင်းမရှိသည်ဖြစ်၍ ရှေ့အစွန်း နောက်အစွန်းလည်း မရှိ။ သဗ္ဗတော ပဘံ၊ ခပ်သိမ်းသော အရပ်တို့၌ ထွန်းထောက်ပလျက် ရှိ၏။ တတ္ထ၊ ဤတရားသဘော၌။ အာပေါ စ၊ ရေဓာတ်သည်လည်းကောင်း။ ပထဝီ စ၊ မြေဓာတ်သည်လည်းကောင်း။ န ဂါဓတိ၊ ထောက်ရာ တည်ရာ မရနိုင်။ တတ္ထ၊ ဤတရား၌။ ဒီဃဉ္စ၊ အရှည်သည်လည်းကောင်း။ ရဿဉ္စ၊ အတိုသည်လည်းကောင်း။ အဏုံ စ၊ အသေးသည်လည်းကောင်း။ ထူလဉ္စ၊ အကြီးသည် လည်းကောင်း။ သုဘဉ္စ၊ တင့်တယ်သော ဝတ္ထုသည်လည်းကောင်း။ အသုဘဉ္စ၊ မတင့်တယ်သော

ဝတ္ထုသည်လည်းကောင်း။ န ဂါဓတိ၊ ထောက်ရာဘည်ရာ မရနိုင်။ ဝတ္ထု၊ ဤတရား၌။ နာမဥ္စ၊ နာမ်သည် လည်းကောင်း။ ရူပဉ္စ၊ ရုပ်သည် လည်းကောင်း။ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်၏။ ဝိညာဏဿ၊ ပစ္ဆိမဝိညာဏ်၏။ နိရောဓေန၊ ဖြစ်ပေါ်ခြင်း မရှိသောအားဖြင့် ချုပ်ခြင်းကြောင့်။ ဧတ္ထ၊ ဤဝိညာဏ်၏ ဖြစ်ပေါ်ခြင်းမရှိ ချုပ်ခြင်းဟူသော နိဗ္ဗာန်၌။ ဧတံ၊ ဤနာမ်ရုပ် အစရှိသော အလုံးစုံသည်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်းလေ၏။ ဣတိ၊ ဤသို့။ ဝေယျာကရဏံ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။

ရင်းပြင် ဥဒါန်းပါဠိ၌ အနက်ကား — ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထိုသို့သဘောရှိသော မှီခိုရာ ခိုကိုးရာ တရားအထူးသည်။ အတ္ထိ၊ ရှိ၏။ ယတ္ထ၊ အကြင်တရား၌။ ပထဝီ၊ မြေဓာတ်သည်လည်း။ နေဝ အတ္ထိ၊ မရှိ။ အာပေါ၊ ရေဓာတ်သည်လည်း န အတ္ထိ၊ မရှိ။ တေဇော၊ မီးဓာတ်သည်လည်း။ န အတ္ထိ၊ မရှိ။ ဝါယော၊ လေဓာတ်သည်လည်း။ န အတ္ထိ၊ မရှိ။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန နာမက္ခန္ဓာလေးပါးသည်လည်း။ န အတ္ထိ မရှိ။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန နာမက္ခန္ဓာလေးပါးသည်လည်း။ န အတ္ထိ၊ မရှိ။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန နာမက္ခန္ဓာလေးပါးသည်လည်း။ န အတ္ထိ၊ မရှိ။ နေဝသညာနာသညာယတနံ၊ နေဝသညာ နာသညာယတန နာမက္ခန္ဓာလေးပါးသည်လည်း။ န အတ္ထိ၊ မရှိ။ အယံလောကော၊ ဤပစ္စုပ္ပန်လောကမည်သည်လည်း။ န အတ္ထိ၊ မရှိ။ ပရလောကော၊ တမလွန်လောကမည်သည်လည်း။ န အတ္ထိ၊ မရှိ။ ဥဘော၊ နှစ်ပါးကုန်သော။ စန္ဒိမသူရိယာ၊ လ, နေ တို့သည်လည်း။ န သန္တိ၊ မရှိကုန်။ ဘိက္ခဝေ၊ ရဟန်းတို့။ အပိစ၊ စင်စစ်။ တတြ၊ ထိုတရားအထူး၌။ အာဂတိံ၊ တခြားဘပါးမှလာ ရောက်ခြင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ နေဝ ဝဒါမိ၊ မဟော။ ဂတိံ၊ ထိုမှ ဘဝတပါးသို့သွားခြင်းကိုလည်း။ န ဝဒါမိ၊ ငါမဟော။ ဌိတိံ၊ ထိုတရား၌တည်နေခြင်းကိုလည်း။ န ဝဒါမိ၊ ငါမဟော။ စုတိံ၊ ထိုမှ

ဘဝတပါးသို့ ရွေ့ရှားခြင်းကိုလည်း။ န ဝဒါမိ၊ ငါမဟော။ ဥပပတ္တိံ၊ ထိုမှရွေ့ရှား၍ ဘဝတပါးသို့ ကပ်ရောက်ခြင်းကိုလည်း။ န ဝဒါမိ၊ ငါ မဟော။ တံ၊ ထိုတရားအထူးသည်။ အပတိဋ္ဌံ၊ မဟာသမုဒ္ဒရာကဲ့သို့ ထောက်ရာ တည်ရာလည်း မရှိ။ အပ္ပဝတ္တံ၊ အစဉ်မပြတ်စပ်၍ ဖြစ်နေခြင်း လည်း မရှိ။ အနာရမ္မဏမေဝ၊ စိတ်စေတသိက် တရားကဲ့သို့ တခြားတပါး သော တရားကိုအာရုံပြုခြင်း မရှိသည်သာတည်း။ ဧသေဝ ဧသော ဧဝ၊ ဤတရားအထူးသည်သာလျှင်။ ဒုက္ခဿ၊ သံသရာဝဋ္ဋဒုက္ခ၏။ အန္တော၊ အဆုံးတရားပေတည်း။

ဤကဲ့သို့ နိဗ္ဗာန်ကိုအာရုံပြုရာ၌ တရားကို အာရုံပြုခြင်းမရှိ ဆိုထား သည်ဖြစ်သောကြောင့် နိဗ္ဗာန်မှတပါးလွဲ၍အာရုံပြုစရာ တစုံတခုမဖြစ် မရှိဟု မှတ်ပါလေ။ မဂ်စိတ် ဖိုလ်စိတ်တို့သည်လည်း နိဗ္ဗာန်ကို အာရုံပြုရ သည် ဖြစ်သောကြောင့် အာရုံ၌တွေ့ထိရာ လောကီအာရုံ ၆ ပါးမရှိဟု မှတ်ပါလေ။တချို့က ဘာမျှမသိပေမယ့် အေးလျက်ငြိမ်းလျက်ချမ်းသာ နေတာတော့ သိရသည်ဟု ထင်ကြ၏။ အေးတယ် ငြိမ်းတယ်ဆိုတာ ပဿဒ္ဓိ ခေါ်တယ်။ ဥပက္ကိလေသဆယ်ပါးမှာ ပြခဲ့ပြီးပါပြီ။ ပြန်၍ကြည့်နိုင် ကြပါသည်။အေးငြိမ်းသည်ကိုသိရသည်ဆိုတာ ဝေဒယိတသုခခေါ်သည်။ သန္တိသုခ ဆိုတာ နိဗ္ဗာန်ချမ်းသာမဖြစ် အေးမဖြစ်ငြိမ်းချမ်းသာကို ဆို၏။

ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုနေယင်း မဖြစ်ကိုမြင်သွား တယ်ဆိုတာသည် ရုပ်နာမ် သင်္ခါရဖြစ်ခြင်းမှ လွန်မြောက်သွားခြင်း၊ ရုပ် နာမ်မဖြစ်သော နိဗ္ဗာန်သို့ပြေးဝင်သွားခြင်း တည်းဟူသော ဂေါတြဘူ စိတ်ပင်တည်း။ ဒါကြောင့် မိုလို့ ဝိသုဒ္ဓိမဂ်ဉာဏဒဿနနိဒ္ဒေသ၌—

တံဉာဏံ၊ထိုဉာဏ်သည်။ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ဥပ္ပါဒံ၊ ခန္ဓာ နာမ်ရုပ်တို့၏ ဖြစ်ခြင်းကိုလည်း၊ကောင်း။ ပဝတ္တံ၊ ရုပ်နာမ် သင်္ခါရ တို့၏ အစဉ်မပြတ် တရစပ်ဖြစ်ခြင်းကို လည်းကောင်း။ပ။ ဥပါယာသံ၊ ပင်ပန်းခြင်းကို လည်းကောင်း။ ဗဟိဒ္ဓသင်္ခါရနိမိတ္တံ၊ အပသင်္ခါရအမှတ် နိမိတ် မိမိကိုယ်ဟု ထင်ခြင်းကိုလည်းကောင်း။ အဘိဘုယျတိ၊ လွန်

မြောက်၏။ ဣတိ၊ထို့ကြောင့်။ ဂေါတြဘု၊ဂေါတြဘုမည်၏။ အနုပ္ပါဒံ၊ ခန္ဓာ နာမ်ရုပ်တို့၏မဖြစ်ပဲချုပ်သော နိဗ္ဗာန်သို့လည်းကောင်း။ အပ္ပဝတ္တံ- နိရောဓံ၊ နာမ်ရုပ်တို့၏ အစဉ်ကင်းပြတ် မစပ်ပဲ ချုပ်သောနိဗ္ဗာန်သို့လည်း ကောင်း။ အနုပါယာသံ နိရောဓံ၊ မပင်ပန်းပဲချုပ်သော နိဗ္ဗာန်သို့လည်း ကောင်း။ ပက္ခန္ဒတိ၊ပြေးဝင်၏။ ဣတိ၊ထို့ကြောင့်။ဂေါတြဘု၊ဂေါတြ ဘု မည်၏။

ဤကဲ့သို့ မဖြစ်တရားကို တွေ့မြင်ရဖူးသော ပုဂ္ဂိုလ်သည် အလေ့ အကျင့် မပျက်ပဲ ဝသီဘော်နိုင်၍နေလျှင် နိဗ္ဗာန်ကို အာရုံပြုလိုသော အခါ၌ ခန္ဓာငါးပါးတွင်ဘပါးပါးကို ပရိကံပြု၍ အာရုံပြုလျှင်ရ၏။ဘယ် လိုအာရုံပြုရပါသလဲဆိုသော် နာရီဝက် တနာရီစသည်အလိုရှိသလောက် နိဗ္ဗာန်ကို အာရုံပြုလို၏ဟု စိတ်ကရည်မှန်း။၎င်းနောက် အန္တရာယ်ရှိလျှင် သိရပါလို၏ဟု စိတ်ကရည်မှန်းပြီး သကာလ မိမိကြိုက်ရာ ဣရိယာပုထ် နှင့်နေ၍ ဥဒယဗ္ဗယ ဆိုတဲ့ဖြစ်ပျက်ကို အာပြု။ ဖြစ်ပျက်တွေ့လတ္တံ့။ တွေ့ သောအခါ အနိစ္စကိုသော်လည်းကောင်း၊ ဒုက္ခကိုသော် လည်းကောင်း၊ အနတ္တကိုသော်လည်းကောင်း ပို၍ထင်လာသည့် သဘောအတိုင်း အာ ရုံပြု၍ သွားလတ္တံ့။

ဤကဲ့သို့အာရုံပြု၍ ရှု၍ သွားယင်း အလေ့အကျင့် များလျှင် မြန်၏။ မများလျှင်လည်း နှေး၏။ ဤကဲ့သို့ ဖြစ်ပျက်ကို ရှုနေယင်း မဖြစ်နိဗ္ဗာန် ကိုရှုမိလျက် ဖြစ်သွားတော့၏။ ထိုအခါ၌ အလွန်ငြိမ်သက်တည်ကြည်၍ ကြည်လင်သော ရုပ်ဖြစ်၍နေ၏။ ဣရိယာပုတ်ခိုင်မာ၏။ ထိုင်လျှင် ထိုင် လျက် ထလျှင်ထလျက် တည်ငြိမ်စွာနေ၏။ နိဗ္ဗာန်ကို အာရုံပြုနေယင်း ထိုင်နေလျှင် ထိုင်သော ဣရိယာပုထ်သည် ခိုင်မြဲလျက်နေ၏။ ထလျက် အာရုံပြုလျက် နေလျှင် ထသောဣရိယာပုတ်ခိုင်မြဲ၏။ ကွေးသောလက် ဖြင့် အာရုံပြုလျက်နေလျှင် ကွေးသော ဣရိယာပုထ်သည် ခိုင်မြဲ၏။ ဆန့် ဆန့်သောလက်ဖြင့် အာရုံပြုလျက်နေလျှင် ဆန့်သော ဣရိယာပုထ်သည် ခိုင်မြဲ၏။ မြောက်သောလက်ဖြင့် အာရုံပြုလျက် နေလျှင် မြောက်သော

ဣရိယာပုထ်သည် ခိုင်မြဲ၏။ ဒါကြောင့်မို့လို့ သဂြိုဟ်ကျမ်း၌ - အပွနာဇဝနံ၊ အပ္ပနာဇော ဆဗ္ဗိသသည်။ ဣရိယာပထံ၊ ဣရိယာပုထ်ကို။ သန္နာမေတိ၊ ခိုင်ခံ့စေ၏ဟုပါရှိ၏။

ဤကဲ့သို့ ဣရိယာပုထ် ခိုင်မာခြင်းသည် မဂ်အပ္ပနာ ဖိုလ်အပ္ပနာ သာလျှင် မဟုတ်။ မဟဂ္ဂုတ် အပ္ပနာလဲပဲ ဤကဲ့သို့ ခိုင်ခံ့သည်ပင်။ မဂ်ဖိုလ်အပ္ပနာက ပရမတ်ကို အာရုံပြု၏။ ပရမတ်ဆိုဘာတောင် သင်္ခတ ပရမတ်ကို အာရုံပြုတာမဟုတ်။ အသင်္ခတ ပရမတ်ကို အာရုံပြုတာ ဖြစ်၏။ အသင်္ခတပရမတ်ကို အာရုံပြုတာ ဖြစ်လေတော့ လောကီစိတ် မဖြစ်။ လောကုတ္တရာစိတ်သာ ဖြစ်သဖြင့် ပြဆိုခဲ့ပြီးသည့် အတိုင်းပင် လောကီသင်္ခါရကို သိတတ်တဲ့ လောကီစိတ် မနောဝိညာဏ်လည်း မဖြစ်တော့ပေ။ မဖြစ်သောကြောင့်ကား နိဗ္ဗာန်ကို အာရုံပြုနေတုန်းက ဘယ်လို ငြိမ်းအေးတယ်လို့ ပမာဏကို ပြစရာမရှိဘူးတဲ့။ နောက်ပြီးမှ ဘဝင် စိတ်ဖြစ်ပြီးမှ ထိုက်သည်အားလျော်စွာ ပစ္စဝေက္ခဏာဇောဝင်နှစ်သည်တို့ ဖြစ်တာပေါ့။ သည်တော့မှပဲ ပုပ်သောက ဗျာပါဒဖြင့် အပူမီး တောက် ပြီး နေယင်း အိပ်ပျော်သွားသောသူသည် နိုးလာသကာလ "အင်း-အိပ် ပျော်လျက်နေတုန်းကစိတ်ချမ်းသာလိုက်တာ၊ အေးလိုက်တာ၊ ငြိမ်းလိုက် တာ"ဟု သိသကဲ့သို့ပင် တထပ်တည်းဖြစ်တော့၏။ "အိပ်ပျော်ယောကျ်ား နိုးသောလားကဲ့သို့ ဖြစ်တော့၏။ ဤအကြောင်းကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ် ဘာဝနာနိသံသနိဒ္ဒေသ တွင် ကြည့်ကြပါလေ။ ကိုယ်တွေ့ သိလိုလျှင်လည်း ကိုယ်တိုင်အားထုတ်၍ စမ်းကြည့်ကြပါလေ။

ဒါကြောင့်မို့လို့ အရှင်ဦးတိလောက ကိုယ်တော်ကလည်း စာတွေ့ နှင့် ငါတွေ့ကိုက်ညီပြီး ပဏ္ဍိဘဝေဒနိယဒီပနီ နံပါတ် ၄၄ ဝ၌-တပည့်တို့၊ မဂ္ဂဝီထိဖြင့် အသီးအသီး နိဗ္ဗာန် သိမြင်ကြပြီး၍ ဖိုလ်လေးပါး၌ တည်ကြသော ဖလဋ္ဌာန်အရိယာ ပုဂ္ဂိုလ်လေးဦးတို့သည် နိဗ္ဗာန သစ္စိ ကိရိယာစ ဟူသော မင်္ဂလာဖြစ်အောင် နိဗ္ဗာန်ကို မျက်မှောက်ပြုလို သောအခါ ခေါက်ခြောက်ပါး ရုပ်နာမ် သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု အဖန်ဖန် ဝိပဿနာတင် ရှုလိုက်သောအခါ စိတ်သည် ဘဝင်မှ

ထပြီးလျှင် သင်္ခါရကို အာရုံပြု၍ အာသဝက္ခယဉာဏ်ဟု ပရိကံ ဥပစာဟု ဖြစ်၍ချုပ်၏။ ထို့နောက် ဧရှ ကော မဂ္ဂဝီထိ ဖြစ်တုန်းအခါက ဖြစ်ဖူး တွေ့ဖူး ရောက်ဖူးသော အလေ့အတိုင်း နိဗ္ဗာန်ကို အာရုံပြု၍ အနုလုံ အနုလုံ ဖိုလ်ဖိုလ်ဟု ဖိုလ်ဇောတွေ စိတ်သန်သလောက် ပုဂ္ဂိုလ်အလိုရှိသလောက် များစွာ ဖြစ်၍နေ၏။

ထို့နောက် ဘဝင်ကျ၍ သင်္ခါရကို အာရုံပြုသော နဂိုပြကတေ့စိတ်တွေဖြစ်လျက် ဖိုလ်ဇောမှထ၏။ ဤသို့ ဖိုလ်ဇောတွေကျ၍ ဖြစ်၍ နေသောအခါ အိပ်ပျော်၍နေသော သူကဲ့သို့ ထိုပုဂ္ဂိုလ်သည် အေးငြိမ်းမှုမှတပါး ဘာကိုမျှ မသိတော့ပြီ၊ အမှတ်မရတော့ပြီ။ ထိုအခါ အလွန်တရာ ကိုယ်စိတ်ချမ်းသာခြင်းဖြစ်၏။ တပည့်တို့၊ ဤသို့နေသည်ကို ဖလသမာပတ်ကို ဝင်စား၍ နေသည်ဟူ၍လည်း ခေါ်၏။ နိဗ္ဗုတိ ဘုဉ္ဇမာနာ ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစား၍ နေသည် ဟူ၍လည်း ခေါ်သည်။ နိဗ္ဗာန သစ္ဆိကိရိယာ ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေသည်ဟူ၍လည်း ခေါ်သည်။ မျက်မှောက်ပြုဆိုသည်ကား မြင်နေတာကိုခေါ်သည်။ တပည့်တို့၊ အရိယာ ပုဂ္ဂိုလ်ဖြစ်တယ်လို့ နိဗ္ဗာန်ကို အမြဲအခါခပ်သိမ်း မြင်နေသည်ဟုမမှတ်ကြနှင့်၊ ဤကဲ့သို့ မဂ်စိတ် ဖိုလ်စိတ်ဖြစ်သောအခါ အာရုံပြု၍နေသောအခါမှသာ မြင်၍နေသည်။ အာရုံပြု၍ မနေသောအခါမှကား သင်္ခါရတွေကို အာရုံပြုတဲ့ အမျိုးမျိုးသော စိတ်တွေ ဖြစ်နေကြတာပဲ၊ အကုသိုလ်စိတ် မကင်းတဲ့ အရိယာဘို့မှာ အကုသိုလ်စိတ်တွေ ဖြစ်တဲ့ အခါလဲ ဖြစ်နေသေးတာပဲ။ တပည့်တို့၊ ဤကဲ့သို့ အရိယာတို့ နိဗ္ဗာန်ကို မျက်မှောက် ပြုကြပုံ၊ စိတ် ဖြစ်ကြပုံကိုလည်း ကောင်းမွန်စွာ သိမှတ်ကြ။ ဤကား အရိယာတို့၏ နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ ခံစားပုံ ဖလဝီထိ ကျပုံကို ပြချက်တည်း။

ရင်းပြင် နိဗ္ဗာန်၌ အာရုံ ခြောက်ပါး ခံစားဖွယ်ရာ မရှိ၍ အချို့ ပုဂ္ဂိုလ်များ မကြိုက်ကြကြောင်း သုတ္တနိပါတ် မါဠိတော်ကို ထုတ်ပြ ပြန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကေ၊ လောက၌။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ ကေဝလာ၊ အကြွင်းအကျန်မရှိ အလုံးစုံကုန်သော။ ရူပါ စ၊ ရူပါရုံတို့သည် လည်းကောင်း။ သဒ္ဒါ စ၊ သဒ္ဒါရုံ တို့သည်လည်းကောင်း။ ဂန္ဓာ စ၊ ဂန္ဓာရုံတို့သည်လည်းကောင်း။ ရသာ စ၊ ရသာရုံတို့သည်လည်ကောင်း။ ဖဿာ စ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် လည်းကောင်း။ ဓမ္မာစ၊ နိဗ္ဗာန်မှကြွင်းသောဓမ္မာရုံတို့သည်လည်းကောင်း။ ယာဝတာ၊ အကြွင်မျှလောက်။ အတ္ထီတိ၊ ရှိ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊ရဟန်းတို့။သဒေဝကဿ၊နတ်ပြဟ္မာနှင့်တကွသော။ လောကဿ လူအပေါင်းသည်။ ဧတေ၊ ဤအာရုံခြောက်ပါး ဒုက္ခ တရားတို့ကို။ သုခ သမ္မတာ၊ချမ်းသာဟုခတွေဟု သမုတ် အပ်ကုန်၏။ယတ္ထ စ၊ အကြွင်နိဗ္ဗာန် ကြီး၌ကား။ ဧတေ၊ ဤအာရုံခြောက်ပါး ဒုက္ခတရားတို့သည်။ နိရုဇ္ဈန္တိ၊ ကြွင်းမဲ့ဥဿုံ အကုန် ချုပ်ဆုံး ကြကုန်၏။ တံ၊ ထို အာရုံခြောက်ပါး ဒုက္ခတရားတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်သုခကြီးကို။ နေသံ၊ ထိုပညာနည်းရှာ ပြဟ္မာလူနတ်တို့သည်။ ဒုက္ခသမ္မတံ၊ ဘာမျှ မသိရ မခံစားရ သက်သက် ကြောက်စရာကြီး ဒုက္ခကြီးတည်းဟု သမုတ်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သက္ကာယဿ၊ အာရုံခြောက်ပါး သက္ကာယတရားကြီး၏။ ဥပရောဓနံ၊ချုပ်ရာဌာနနိဗ္ဗာန်ကြီးကို။အရိယေဘိ။ယောဂီအရိယာ ပုဂ္ဂိုလ်တို့သည်။ သုခံ၊ အတုမရှိ ချမ်းသာ အစစ်ကြီးတည်းဟု။ ဒိဋ္ဌံ၊ သိမြင်အပ်၏။

လယ်တီဆရာတော်ဘုရား၏ နိဗ္ဗာနဝိသဇ္ဇနာကျမ်း၌ကား ဖိုလ်ဝင် သောရဟန္တာသည် ဖိုလ်ဝင်စားဆဲခဏ၌ နိဗ္ဗာန်ကိုသာ အာရုံပြု၏။ အရဟတ္တဖိုလ်ကို အာရုံမပြု။ နိဗ္ဗာန်သည်ကား အသင်္ခတ တရားတည်း။ အရဟတ္တ ဖိုလ်သည်ကား စိတ် စေတသိက် တရားဖြစ်သော သင်္ခတ တရားပေတည်း။ ထိုပုဂ္ဂိုလ်သည် ထိုခဏ၌ ကာလ ပညတ်၊ အာကာသ ပညတ် စသော ပညတ်ဟူသရွေ့ ကိုလည်းကောင်း၊ အရဟတ္တဖိုလ်စသော ခန္ဓာဟူသော သင်္ခတ ပရမတ် တရားတို့ကိုလည်းကောင်း လွှတ်၍ ဝါ လွှန်၍ ပဋိဝေဓ ဉာဏ်ဖြင့်နိဗ္ဗာန်ကိုသာ အာရုံပြုလေ၏။ အာသဝေါကုန် ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဖိုလ်ဝင်စားဆဲခဏ၌ မိမိခန္ဓာမှ အလွတ် ဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြု၏။ မိမိခန္ဓာကိုယ်ကို အာရုံမပြု။

ဝင်း ကိုယ်တော်ကြီး၏ သာသနဝိသောဓနီ ကျမ်း၌မူ ထို့အတူ လောကုတ္တရာဖိုလ် သတိပဋ္ဌာန် တရားများသည်လည်း ကာယကောဋ္ဌာသ တို့ကို အာရုံမပြု။ နိဗ္ဗာန်ကိုသာ အာရုံပြု၏။ တဏှာ^ဝိဘာဝ ဖလသမာပတ် မျိုးဖြစ်၍ ကိုယ်၏လှုပ်ရှားခြင်း၊ နှုတ်၏လှုပ်ရှားခြင်း၊ စိတ်၏လှုပ်ရှား ခြင်းဟူ၍ မရှိ။ ထိုသို့မရှိသောသူသည် ထိုဖိုလ်ဝင်စားဆဲအခါ၌ တနာရီ နှစ်နာရီ စသည်ဖြင့် အသက်မရှိသော ငွေရုပ်တု ရွှေရုပ်တုများကဲ့သို့ အငြိမ်ကြီးငြိမ်၍ နေ၏။ [ဤ၌ စိတ်၏လှုပ်ရှားခြင်းမရှိ ဆိုရာတွင် စိတ် သည် ဟိုသိ ဒီသိနှင့် တခုခုသိစရာမရှိ၊ မသိခြင်းကြောင့် မလှုပ်ရှားဟု ဆိုလိုသည်။]

ဤကဲ့သို့ မိမိရရှိပြီးသော ဖိုလ်ကို ဝင်စားနိုင်သည်ဆိုရာ၌ ဝသီဘော် နိုင်သော သူများမှာ အလိုရှိသောခဏ၌ အလိုရှိသလောက် ကြာအောင် အဓိဋ္ဌာန်ပြု၍ ဝင်စားနိုင်၏၊ ဝင်စားတိုင်းရ၏။ ဝသီဘော်မနိုင်လျှင် ခဏ ခဏ အလေ့အထမပြုလျှင် ကမ္မဋ္ဌာန်းကိုချထားလျှင်မူကား အလိုရှိတိုင်း မရတော့ပေ။ ရလိုလျှင် ထပ်၍ အလေ့အထ ဝသီဘော်ရအောင် ပြုရ၏။ ဤကဲ့သို့ ဖိုလ်ဝင်စားမှုကို မဆိုထားနှင့်ဦး၊ အရိယာပုဂ္ဂိုလ်ပင် ဖြစ် လင့်ကစား ကမ္မဋ္ဌာန်းကို အားမထုတ်ပဲ ပစ်ထားတာကြာလျှင် မူကား သမာဓိမရှိ၍ ဖြစ်ပျက်သခါရကိုတောင်မှ မမြင်နိုင်ဘူးဟု သံယုတ်ကျမ်း တွင် သာကီဝင်တဦးအား ဘုရားသခင် ဟောတော်မူ၏။

ဝသီဘော် နိုင်တုန်းအခါ၌မူကား မြင်တာကို အနိစ္စ ဒုက္ခ အနတ္တထင် ၍လည်းကောင်း၊ ကြားတာကိုထင်၍လည်းကောင်း၊ အဇ္ဈတ္တကို သော် လည်းကောင်း၊ ဗဟိဒ္ဓကိုသော်လည်းကောင်း တခုခုကို လက္ခဏာရေး သုံးပါး ဖြစ်ပျက်ထင်၍ ငြီးငွေ့၍လာလျှင် ဖြစ်ပျက်ရှုရာမှ မဖြစ်နိဗ္ဗာန် ကိုရှုလျက် ဖိုလ်ချမ်းသာကို ခံစား၍နေနိုင်တော့၏။ ကိုယ်တိုင်သိရန် ကိုယ် တိုင်အားထုတ် ကြည့်ကြပါ။

ထို့ကြောင့် "မဂ်ဖိုလ်နိဗ္ဗာန်၊ ရနိုင်ရန်၊ ကျမ်းဂန်သေချာရှိ။ ပစ္စက္ခမှာ၊ အရိယာ၊ အမှန်သေချာရှိ။ ကိုယ်တိုင်သိရန်၊ ကိုယ်တိုင်ကြံ၊ သည်းခံ ကြိုးစားကြည့်" ဟူ၍ စပ်ဆိုပါသည်။

ယခုရေးသားသည့်အတိုင်း သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်သို့ ရပြီး ရောက်ပြီးသော အရိယာပုဂ္ဂိုလ်သူမြတ်များတို့၏ ရအပ် ခံစားအပ်သော အကျိုးအာနိသံသအကြောင်းကို ဤနေရာ၌ ဖော်ပြအပ်သည် ဖြစ်သောကြောင့် လယ်တီဆရာတော်ဘုရားကြီး၏ စတုသစ္စဒီပနီတွင် ပါသည့်အတိုင်း ရေးသားထည့်သွင်း ဖော်ပြပါအံ့။

သောတာပန်ပုဂ္ဂိုလ်တို့သည် နိယျာနဠကို အဘယ်သို့ ရအပ် ခံစားအပ် လေသနည်းဟူမူကား— သောတာပတ္တိမဂ်သို့ ရောက်သောအခါ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ရှိသော ဒိဋ္ဌိမျိုး ဝိစိကိစ္ဆာမျိုးတို့သည် အကုန်ချုပ်ငြိမ်းကုန်၏။ အတိတ်ကပါခဲ့သော ဒုစရိုက်ကံဟောင်း အနန္တ၊ ရှေ့သို့ ဘဝအဆက်ဆက် မိုက်မဲသတ္တဲ့သော ဒုစရိုက်ကံသစ် အနန္တတို့သည် အကုန်ချုပ်ငြိမ်းကုန်၏။ အပါယ်သံသရာကြီး အပြီးကျွတ်လွတ်၏။ ဤဘဝမှ နောက်၌ လူ ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံဟူသော သုဂတိ သံသရာသည်သာ ကျန်ရှိလေ၏။ ထိုသုဂတိ သံသရာမှာလည်း မိစ္ဆာဒိဋ္ဌိလူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၌ တရံတဆစ်မျှ ဖြစ်ခြင်းမရှိကြကုန်ပြီ။ ဒုစရိုက် ဒုရာဇီဝလူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၌ တခံတဆစ်မျှဖြစ်ခြင်း မရှိကြကုန်ပြီ။ စည်းစိမ်ကျက်သရေ ဘုန်းတန်ခိုး ညှိုးနွမ်းသေးသိမ်သော လူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၌ တရံဘဆစ်မျှဖြစ်ခြင်း မရှိကြကုန်။ အလွန်ကြီးမြတ်လှစွာသော စည်းစိမ် ချမ်းသာ ဘုန်းတန်ခိုးအရှိန်အဝါ အလိမ္မာနှင့် ပြည့်စုံသော လူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြလေကုန်တော့သည်။

ထိုသို့ ကျန်ရှိသော သမ္ပတ္တိသုဂတိ သံသရာမှာလည်း ဖြစ်ဆဲ ရောက်ဆဲသော ဘုံမှ အောက်ဘုံသို့ ပဋိသန္ဓေ အားဖြင့် ဆင်းသက် ကျလျောခြင်း မရှိကြကုန်ပြီ။ မိမိသို့ ဖြစ်ရာ ဘုံ၌ ထပ်မံ၍ဖြစ်လိုလျှင် ဖြစ်ကြကုန်၏။ အထက် အထက် ဘုံသို့တက်လိုလျှင် တက်ကြကုန်၏။ ဤနည်းအတိုင်းသာ ဘဝများစွာ ကမ္ဘာများစွာ သုဂတိသံသရာ၌ ကျင်လည်၍ သွားကြရကုန်၏။ ထိုသို့ သုဂတိ သံသရာ၌ ကျင်လည်ကြရ ကုန်သော်လည်း တပါးသော နတ် သူ ဗြဟ္မာ ပုထုဇဉ် သတ္တဝါတို့ကဲ့သို့ သံသရာ

၌ နစ်သမား မဟုတ်ကြကုန်ပြီ။ မျောသမား မဟုတ်ကြကုန်ပြီ။ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သည်မှစ၍ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ဒုစရိုက် ဒုရာဇီဝ အပါယဒုက္ခတို့၏ ကျွတ်လွတ်မှုဟူသော သဥပါဒိသေသ နိဗ္ဗာန် တည်းဟူသော လောကုတ္တရာ အဝတ္ထာဘုံကြီး၏ အတွင်းသို့ ဆိုက်ရောက်ကြကုန်ပြီး၍ အရိယာဘုံသူတော် အရိယာဘုံသားတော် အဖြစ်နှင့် ကျင်လည်ကြရကုန်၏။ လောကုတ္တရာ ဘုံသူတော် လောကုတ္တရာ ဘုံသားတော် အဖြစ်နှင့် ကျင်လည်ကြရကုန်၏။

ထိုသို့ ကျင်လည်ကြလေကုန်ရာ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို ခံစားစံစား၍ အားရကြကုန်သော အခါ အလိုမရှိကြကုန်သော အခါ ငြီးငွေ့ကြကုန်သောအခါ ခန္ဓာငါးပါးကို စွန့်ပစ်၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြလေကုန်၏။ ဤသို့လျှင် သောတာပတ္တိမဂ်သို့ရောက်သော ဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြသည်တိုင်အောင် အပါယဒုက္ခ အစရှိသော အောက်အောက်သော သံသရာအဖို့မှ အဆင့်ဆင့်ကျွတ်လွတ်၍ တဆင့်ထက် တဆင့် မြင့်သည်ထက် မြင့်ရာ၊ မြတ်သည်ထက် မြတ်ရာသို့ ဖြောင့်မတ်စွာ ဆန်တက် ထွက်မြောက်၍ သွားကြောင်း ဖြစ်သော အနက်ကို နိယျာနဋ္ဌ ဆိုသတည်း။ ဤကား သောတာပတ္တိမဂ်၏ နိယျာနဋ္ဌ အနက်ကို သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

ထိုသောတာပန် ပုဂ္ဂိုလ်တို့သည် ဟေတွဋ္ဌ အနက်ကို အဘယ်သို့လျှင် ခံစံကြရကုန်သနည်း ဟူမူကား— သောတာပတ္တိမဂ်ကိုရသော ခဏမှစ၍ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် အရိယာသူမြတ်တို့၏ ဂုဏ်ကျေးဇူးတို့သည် အခိုင်အမြဲ တည်လေကုန်၏။ တဘဝ တခြား တိုးပွားစည်ပင်၍သာ သွားကုန်၏။ သီလဂုဏ်ကျေးဇူးတို့သည် တဘဝထက် တဘဝ ကြီးကျယ် ခိုင်မြဲ၍သွားကုန်၏။ သမာဓိ ဂုဏ်ကျေးဇူး ပညာဂုဏ်ကျေးဇူးတို့သည် တဘဝထက်တဘဝ ကြီးကျယ်ခိုင်မြဲ၍ သွားကုန်၏။ သတိပဋ္ဌာန ဓမ္မဂုဏ်ကျေးဇူး၊ သမ္မပ္ပဓာန ဓမ္မ ဂုဏ်ကျေးဇူး၊ ဣဒ္ဓိပါဒ ဓမ္မ ဂုဏ်ကျေးဇူး၊ ဣန္ဒြိယ ဓမ္မဂုဏ်ကျေးဇူး၊ ဗလဓမ္မဂုဏ်ကျေးဇူး၊ ဗောဇ္ဈင်္ဂ ဓမ္မ

ဂုဏ်ကျေးဇူး၊ မဂ္ဂင် ဓမ္မဂုဏ်ကျေးဇူးတို့သည် တဘဝထက်တဘဝ ခိုင်ပြီး ကြီးကျယ်စည်ကား၍ သွားလေကုန်၏။ ထိုဂုဏ်ကျေးဇူး အပေါင်းတို့၏ ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ တဘဝထက်တဘဝ ထက်သန် ခိုင်ဖြိုး ကြီးကျယ်စည်ကား၍ သွားရာ သွားကြောင်းဖြစ်သော အနုက်သည် ဧဟတုဋ္ဌ မည်၏ ဤကား သောတာပတ္တိမဂ်၏ ဟေတုဋ္ဌ အနက်ကို သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

ထိုသောတာပန် ပုဂ္ဂိုလ်တို့သည် ဒဿနဋ္ဌ အနက်ကို အဘယ်သို့ ခံစံကြရကုန်သနည်း ဟူမူကား— သောတာပတ္တိမဂ်ကို ရသောခဏမှစ၍ ဘဝအဆက်ဆက် ကမ္ဘာ အဆက်ဆက် ကျင်လည် ခံစား၍ သွားကြသဖြင့် အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သောဘဝတိုင်အောင် ထိုပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာ၌ တွေ့ဝေခြင်း မရှိကြကုန်ပြီ။ သမုဒယသစ္စာ၌ တွေ့ဝေခြင်း မရှိကြကုန်ပြီ။ နိရောဓသစ္စာ၌ တွေ့ဝေခြင်း မရှိကြကုန်ပြီ။ မဂ္ဂသစ္စာ၌ တွေ့ဝေခြင်းမရှိကြကုန်ပြီ။ နှလုံးသွင်း၍ ဆင်ခြင်လိုက်တိုင်း ကောင်းကင်လယ်၌ ကြယ်နက္ခတ်တို့ကို ရှုမြင်ကြရလသကဲ့သို့ သစ္စာလေးပါးတရားတို့သည် ထိုသူတို့ဉာဏ်၌ ထင်ရှားလေကုန်တော့သည်။ ဤကား သောတာပတ္တိမဂ်၏ ဒဿနဋ္ဌကို သောတာပန်ပုဂ္ဂိုလ်တို့ခံစံကြ ရပုံတည်း။

ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် အဓိပတေယျဋ္ဌအနက်ကို အဘယ်သို့ ခံစံကြရကုန်သနည်း ဟူမူကား— ထိုသောတာပန်ပုဂ္ဂိုလ်တို့၌ ယခုဘဝမှစ၍ နောင်ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ဖြစ်ပွားသမျှကုန်သော ဒါန သီလ ဘာဝနာအစရှိသော ကုသိုလ်တို့သည် တဏှာ၏ အုပ်စိုးမှုမှ လွတ်ကြလေကုန်၏။ ပုညာဘိသင်္ခါရ သဘောမှ လွတ်ကြလေကုန်၏။ လောကီကုသိုလ်ဘကတို့ထက် အကြီးအကဲအဖြစ်သို့ ရောက်ကြလေကုန်၏။ ပွတ်သစ်သော ခရုသင်းကဲ့သို့ ဝင်းဝင်းတောက် ဖြူစင်ကြကုန်၏။ အနုပါဒိသေသ နိဗ္ဗာန်သို့ ပေါက်ရောက်ဖို့ အဆောက်အဦချည်း ဖြစ်ကြကုန်၏။ ဤကား သောတာပတ္တိမဂ်၏ အဓိပတေယျဋ္ဌကို သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။ [ဤကား စတုသစ္စဒီပနီအတိုင်းပင်တည်း]။

သောတာပန် အရိယာပုဂ္ဂိုလ်တို့၏ ရအပ် ခံစားအပ်သော အကျိုးများကို လယ်တီဆရာတော်ဘုရား၏ စတုသစ္စဒီပနီ အတိုင်း ရေးပြပြီး၍ အရိယာသူမြတ်တို့၏ ပယ်အပ်ပြီး မပယ်အပ်သေးသော ကိလေသာတရားတို့ကိုပါ သိရရန် လိုအပ်လှသည် ဖြစ်သောကြောင့် ရှင်းလင်းအောင် ရေးပြပါဦးအံ့။

## ကိလေသာဆယ်ပါး ဟူသော်ကား

| | |
|---|---|
| ၁။ လောဘ၊ | ၆။ ဝိစိကိစ္ဆာ၊ |
| ၂။ ဒေါသ၊ | ၇။ ထိန၊ |
| ၃။ မောဟ၊ | ၈။ ဥဒ္ဓစ္စ၊ |
| ၄။ မာန၊ | ၉။ အဟိရိက၊ |
| ၅။ ဒိဋ္ဌိ၊ | ၁၀။ အနောတ္တပ္ပ။ |

## မဂ်ဖြင့်ပယ်အပ်ပြီး မပယ်အပ်သေးသော တရားများမှာ

## သောတာပတ္တိမဂ်ဖြင့်

| အကြွင်းမဲ့ပယ်အပ်ပြီးသောတရား | မပယ်အပ်သေးသောတရား |
|---|---|
| သက္ကာယဒိဋ္ဌိ | လောဘ, ဒေါသ, မောဟ, |
| ဝိစိကိစ္ဆာ | မာန, ထိန, ဥဒ္ဓစ္စ, |
| သီလဗ္ဗတပရာမာသ | အဟိရိက, အနောတ္တပ္ပ, |

## သကဒါဂါမိမဂ်ဖြင့်

အကြွင်းမဲ့ပယ်နိုင်သော ကိလေသာမရှိ။ ကိလေသာတို့ကို ခေါင်းပါးသည်ထက် ခေါင်းပါးအောင် အားနည်းသည်ထက် အားနည်းအောင်ကား ပြု၏။ ထိုကဲ့သို့ ပြုခြင်းကို တနုကရအားဖြင့် ပယ်သည်ဟု ကျမ်းဂန်တို့၌ ဆို၏။

## အနာဂါမိမဂ်ဖြင့်

| အကြွင်းမဲ့ပယ်အပ်ပြီးသောတရား | မပယ်အပ်သေးသောတရား |
| --- | --- |
| အောက်မဂ်တွင် ပယ် | လောဘ မောဟ မာန |
| အပ်ပြီးသောတရား | ထိန ဥဒ္ဓစ္စ အဟိရိက |
| များနှင့်တကွ ဒေါသ | အနောတ္တပ္ပ။ |

## အရဟတ္တမဂ်ဖြင့်

| အကြွင်းမဲ့ ပယ်အပ်ပြီးသောတရား | မပယ်အပ်သေးသောတရား |
| --- | --- |
| အောက်မဂ်များတွင်<br>ပယ်အပ်ပြီးသော တရားများနှင့်<br>တကွ လောဘ မောဟ မာန<br>ထိန ဥဒ္ဓစ္စ အဟိရိက<br>အနောတ္တပ္ပ။ | မရှိ |

အနုသယအားဖြင့်ဟူသော်ကား အနုသယ ၇-ပါးရှိ၏။

## အနုသယ ၇-ပါးမှာ

၁-ကာမရာဂါနုသယ၊

၂-ပဋိဃာနုသယ၊

၃-မာနာနုသယ၊

၄-ဒိဋ္ဌာနုသယ၊

၅-ဝိစိကိစ္ဆာနုသယ၊

၆-ဘဝရာဂါနုသယ၊

၇-အဝိဇ္ဇာနုသယ။

## မဂ်ဖြင့်ပယ်အပ်ပြီး မပယ်အပ်သေးသော အနုသယများမှာ

### သောတာပတ္တိမဂ်ဖြင့်

| အကြွင်းမဲ့ပယ်အပ်ပြီးသော အနုသယ | မပယ်အပ်သေးသော အနုသယ |
| --- | --- |
| ဒိဋ္ဌာနုသယ၊<br>ဝိစိကိစ္ဆာနုသယ။ | ကာမရာဂါနုသယ၊<br>ပဋိဃာနုသယ၊<br>မာနာနုသယ၊<br>ဘဝရာဂါနုသယ၊<br>အဝိဇ္ဇာနုသယ။ |

### အနာဂါမိမဂ်ဖြင့်

| အကြွင်းမဲ့ပယ်အပ်ပြီးသော အနုသယ | မပယ်အပ်သေးသော အနုသယ |
| --- | --- |
| အောက်မဂ်တွင် ပယ်အပ်<br>ပြီးသော အနုသယများနှင့်<br>တကွ<br>ကာမရာဂါနုသယ၊<br>ပဋိဃာနုသယ။ | မာနာနုသယ၊<br>ဘဝရာဂါနုသယ၊<br>အဝိဇ္ဇာနုသယ။ |

### အရဟတ္တမဂ်ဖြင့်

| အကြွင်းမဲ့ပယ်အပ်ပြီးသော အနုသယ | မပယ်အပ်သေးသော အနုသယ |
| --- | --- |
| အောက်မဂ်များတွင် ပယ်အပ်<br>ပြီးသော အနုသယများနှင့်တကွ<br>မာနာနုသယ၊<br>ဘဝရာဂါနုသယ၊<br>အဝိဇ္ဇာနုသယ။ | မရှိ |

ဤကျမ်းသည် တရားအားထုတ်သော ပုဂ္ဂိုလ်၏အသိကို အဓိကထား၍ ရေးရခြင်း ဖြစ်ပါသည်။ ကျမ်းဂန်၏ အစီအစဉ်အတိုင်း အကျယ်တဝင့် သိတော်မူလိုကြပါမူ အဘိဓမ္မာကျမ်းများ၌ ကြည့်တော်မူကြပါကုန်၊ စာမသင်ဖူးသော ပုဂ္ဂိုလ်များမှာမူကား နားလည် လွယ်လောက်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယ ပဌမအုပ်တွင် ကြည့်တော်မူကြပါ။

ယခုရေးသော ဝိပဿနာ တရားသည် စာတတ်၍ စိတ်ဝင်စားလွန်းလို့ စိတ်ကူးကြံစည်ပြီး အနုမာန အားဖြင့် ထောက်ဆ၍ ထောက်ဆ၍ သိရသော တရားမျိုးကို ရေးသည့် စိန္တာမယ ဉာဏ်မဟုတ်။ သမာဓိ မှန်ပြောင်းဖြင့် ကောင်းကောင်းကြီးစိုက်၍ ရှုလိုက်သောအခါ ခန္ဓာကိုယ်အတွင်း သမ္မာဒိဋ္ဌိဉာဏ်ရောင်လင်းပြီး ကွင်းကွင်း ကွက်ကွက်အချက်ကျကျ ဘာဝနာမယဉာဏ်ဖြင့် အတပ်ဒိဋ္ဌ ကိုယ်တွေ့ဉာဏ်မြင်သိမြင်လာရသော တရားဖြစ်၏။ လူသာမန် နတ်သာမန်တို့ မသိ မမြင်နိုင်သော တရားမျိုးပင် ဖြစ်သော်လည်း ယောဂီပုဂ္ဂိုလ်သို့၏ ပါရမီကလည်းရှိ၊ ဆရာတော်များကလည်း မေတ္တာ ကရုဏာ ရှေ့ထားပြီး အပင်ပန်းခံ၍ပြ၊ ပြသပုံကလည်းနည်းနာကျလှသောကြောင့် လို့လပါရမီအလျောက်မဇထောက်မကော့ ချမ်းမြေ့ပိုင်ပိုင် သိစွမ်းနိုင်ကြပါပေသည်။

## သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်

ဤနေရာ၌ သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် တို့ကို အသီးသီးသိအပ်၏။ သုတမယဉာဏ်ဟူသည်ကား ကိုယ်တွေ့ဒိဋ္ဌ သိသည် မဟုတ်၊ သူတပါးပြောဟောသောကြောင့်လည်းကောင်း၊ စာတွေ့ အားဖြင့် လည်းကောင်း သိသောဉာဏ်ပင်တည်း။ စိန္တာမယဉာဏ်သည်လည်း ကိုယ်တွေ့ဒိဋ္ဌ မဟုတ်သေး၊ သူတပါး ပြောဟောသော အဓိပ္ပာယ် စာတွေ့အားဖြင့် သိသော အဓိပ္ပာယ်တို့ကို အကြောင်းအကျိုး ဆက်စပ်၍ ယုတ္တိ ယုတ္တာ ဆောင်ပြီးလျှင် အမှန်ကို အတွေးနှင့် သိခြင်းပေတည်း။ ဘာဝနာမယဉာဏ်ဟူသည်ကား ကိုယ်တွေ့ဒိဋ္ဌ မိမိရရသိသော အသိမျိုးတည်း။ ထိုသုံးပါးတို့တွင် သုတမယဉာဏ်ကား ထင်ရှား သိသာပြီ။

စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် (၂) ပါးတို့၏ အထူးကို ဥပမာအားဖြင့် သိအပ်၏။ အခါတပါး၌ လူသုံးယောက်တို့သည် လွန်စွာမှန်ကန်အောင် တွေးတော ဆင်ခြင် တတ်သည်ဟု ကျော်ကြား သတတ်။ ထိုစကားကို စာရေးတယောက် ကြားလတ်သော် မယုံကြည် သဖြင့် ဖရဲသီးတလုံးကို အုပ်တခု၌ ထည့်ပြီးလျှင်အခလာင်းအစားပြု၍ အမှန်ကိုတွေးစေ၏။

ထိုအခါ လူသုံးယောက်တို့တွင် တယောက်သောသူက အကြောင်းအကျိုး မြော်ထောက် ဆင်ခြင်ပြီးလျှင် ဤအုပ်တည်း၌ရှိသော အသီးသည် မြေနှယ်သီး ဖြစ်ရမည်ဟု ဆို၏။ ဒုတိယလူကသည်း ထို့အတူ အကြောင်းအကျိုး မြော်ထောက်၍ မြေနှယ်သီးဖြစ်ခဲ့သော် အခွံစိမ်းအခွံကြားဖြစ်ရမည်ဟု ဆို၏။ တဖန် တတိယလူက မြေနှယ်သီး အခွံစိမ်းအခွံကြား ဖြစ်လျှင်အစေ့နက် အစေ့နီဖြစ်ရမည်ဟု ဆင်ခြင်၍ ပြောပြန်၏။ ထို့ကြောင့် လူသုံးယောက်တို့၏ စကားကိုပေါင်း၍ ဤအုပ်ထဲ၌ ဖရဲသီး မဟုတ်လောဟု ဆိုပြီးလျှင် အုပ်ကိုဖွင့်သောအခါ ဖရဲသီးအမှန်ပင် ဖြစ်နေသောကြောင့် စာရေးသည် အရှုံးပေးရ သောဟူ၏။ ဤဥပမာ၌ လူသုံးယောက်တို့သည် ဖရဲသီးကို အတွေးနှင့် သိကြသကဲ့သို့ စိန္တာမယဉာဏ်ကို မှတ်အပ်၏။ အုပ်ကိုဖွင့်သောအခါ ဖရဲသီးဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့ သိရသကဲ့သို့ ဘာဝနာမယဉာဏ်ကို မှတ်အပ်၏။ တချို့သောသူတို့ကား အစစ်အမှန်မဟုတ်ပဲ အစစ်အမှန်ကဲ့သို့ တွေးတောနေခြင်းကို စိန္တာမယဉာဏ်ဟု ထင်ကြ၏၊ မသင့်။ ထိုသို့ တွေးတောနေခြင်းကို ဝိတက်ဟူ၍ သာမညအားဖြင့် ခေါ်ဆိုရ၏။ ဝိတက်နှင့် စိန္တာမယဉာဏ်သည် အလွန်ခြားနားသည်ဟု မှတ်ပါလေ။

ဤဝိပဿနာအရာ၌ ဘာဝနာမယဉာဏ်သာလျှင် လိုရင်းဖြစ်သတည်း။

သို့ရာတွင် ရုပ်နာမ်တို့၌ ကြံစည်စိတ်ကူးရာ၌ကား ကောင်းပါ၏၊ အချည်းနှီးတော့ မဖြစ်ပါ။ နာမရူပ ပရိစ္ဆေဒ ပစ္စယ ပရိဂ္ဂဟဉာဏ်တော့ဖြစ်ပါ၏။ ကောင်းပါ၏။ ပါရမီဖြစ်ပါ၏။ ဤမျှလောက် စိတ်

ကူးဖြင့် ဤဘဝ၌ စိန္တာမယဉာဏ် ရသွားလျှင်လည်း နောက်တပါးပါး သော ဘဝ၌ ကျကျနန တရားနာရက အကျွတ်တရား ရတတ်ကြပါ၏။ ရှုဋ္ဌပန် အရှင်မြတ်စသည်တို့ကို ထောက်မြော်ပါလေ။ အားတက်စရာ ပါပဲ။ ယခုဘဝ၌လည်း စိတ်ကူးကြံစည်ပါများလျှင် သမာဓိက ကောင်း လာပြီးသကာလ ခန္ဓာငါးပါးတို့၏ ဖောက်ပြန် ဖြစ်ပျက်မှုတို့ကို အတပ် ဒိဋ္ဌသာမည လောက်တော့ကာ တွေ့ရတတ်ပါ၏။ တွေ့ပေမယ့် တွေ့သော အခါ ဘာမှန်းမသိတတ်ကြ၍ မရှုတတ်တာနှင့် ပျောက်သွားတတ်ကြ၏။

ဘာဝနာမယဉာဏ်ဖြင့် အတပ်ဒိဋ္ဌ ဖြစ်၍ တွေ့သောအခါ အထူးဂရု စိုက်၍ မလျှော့သော လုံ့လဖြင့် ဆက်၍ အပျောက်မခံပဲ ရှုတတ်မှ တိရဏ ပရိညာ ကန်္ခါဝိတရဏ ဝိသုဒ္ဓိတို့သို့ ရောက်တတ်ကြပါသည်။ ကင်္ခါဝိ တရဏ ဝိသုဒ္ဓိသို့ ရောက်ပြီးမှ သဘောပေါက်ပြီး မပျောက်မပျက်ရ အောင် ဆက်လက်ရှုမြင်၍ သွားတတ်ကြပါတော့သည်။ ဒါကြောင့် မို့လို့ ''ဆရာမရှိငါးပိဖုတ်တောင်မှ နည်းမကျ'' ဟုဆို၏။ ဘာဝနာ မယဉာဏ် ဆိုတာစိတ်မကူးပဲနှင့် ပြခဲ့ပြီးသော နည်းတို့အတိုင်း နေရာမှန်ကို မိတ်ထားမှန်မှန်နှင့် ရှုနေသင်း တကယ်ရှိတဲ့တရားတွေကို တကယ်ပင် အလိုလို တွေ့လာရတော့တာပဲ။ ရေးသားထားသလို တကယ်တွေ့တဲ့ တရားတွေကို ဘာဝနာမယဉာဏ်ဟု ခေါ်ပါသည်။

ဤကဲ့သို့ သိရသော ဘာဝနာမယ ဉာဏ်တို့တွင်လည်း အဇ္ဈတ္တတွေ့ တိပျက်သည် ဆရာကောင်း မတွေ့လျှင် အသိရ အခက်ဆုံးပဲ။ ဆရာ ကောင်းတွေ့လျှင်လည်း အလွယ်ဆုံးပဲ။ လူပြိန်းသက်သက်ကို၊ အားမ ထုတ်ဖူးသေးသောသူကို၊ တကယ်လိုချင်သောသူကို ပြတတ်သောဆရာက ပြသပေးမည်ဆိုလျှင် ပါရမီအလျောက် လျင်လျင်မြန်မြန်ကြီး ထင်မြင် ပေါက်ရောက် လွယ်တတ်၏။ သဘောကို မပိုင်၍ မနိုင်သောဆရာက ပြသမည် ဆိုပါမူအား မိမိ၏နာရွက်ကို မိမိ၏မျက်စိဖြင့် လှည့်၍ကြည့် ဘိသကဲ့သို့ အနီးသားနှင့် နီးကပ်စွာ ရှိနေပါလျက် ကြည့်လေ မမြင်လေ လိုက်လေ ဝေးလေဖြစ်နေတတ်၏။ လယ်တီဆရာတော်ဘုရားကြီးကလည်း ဝိပဿနာတရားဆိုတာ ပဉ္စလက်နည်းနှင့်တူ၏ဟူ၍ မိန့်၏။ ပဉ္စလက်ဆိုတာ

နည်းမသိလျှင် အခက်ကြီး ခက်သတဲ့။ နည်းသိတော့လဲ အလွယ်သားပဲတဲ့။ ဒါကြောင့်မို့လို့ [တိမ်လျက်နက်တယ်၊ ကျဉ်းလျက်ကျယ်၊ တကယ်ကျမ်းမှာရှိ။ လွယ်လျက်ခက်တယ်၊ သိနိုင်ဖွယ်၊ တကယ်ဆရာရှိ]ဟူ၍ စပ်ဆိုပါသည်။

စိန္တာမယဉာဏ်ဆိုတာ ရှေးက သင်ကြားနာယူဖူးသော ဗဟုသုတရှိမှ ဗဟုသုတအလိုက် ရုပ်နာမ်တို့၏ ဖြစ်တတ် ပျက်တတ်သော သဘောတို့ကို ဉာဏ်ရှိသလောက် ဝေဖန်ပိုင်းခြား စဉ်းစားတွေးတောကြံစည်မှုတို့ပေတည်း။ ဘာဝနာမယဉာဏ်ဆိုတာ ရှေးက သင်ကြားနာယူခဲ့ဖူးသော ဗဟုသုတကိုမလို၊ ဆရာကဒီနေရာမှာ စိတ်ထားပြီး ရှုနေဟုဆိုသည့်အတိုင်း ဘာကိုမျှစိတ်မကူးပဲ ဆရာခိုင်းသလို စိတ်ကို တနေရာတည်းမှာ ထားရသည်။ စိတ်တည်ငြိမ်၍ သမာဓိကောင်းလာ သကာလ ပါရမီအလျောက် တရားအချက်တို့ကိုမြင်၍ လာတတ်လေတော့၏။ မြင်လာသောသဘောတို့ကို ဆရာက ဘာပဲ ညာပဲဟူ၍ အကျယ်တဝင့် မပြောသေးပဲ မြင်တဲ့အတိုင်းပင် ထပ်၍အရှုခိုင်း၊ ကြာလေ အမြင်တော့ များလေ ဖြစ်လာတော့၏၊ တကိုယ်တကောင်လုံးမမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘော တည်းဟူသော တရားအချက်တို့ကို မြင်လာပြီဆိုမှ ဖြင့် ယောဂီပုဂ္ဂိုလ်၏ အပြောအဆို အနေအထိုင် အမူအရာတို့သည် နူးညံ့သိမ်မွေ့ပြီး ငြိမ်းဌေး၍လာတော့၏။ ရတနာသုံးပါးကိုလည်း အရိုအသေပို၍ လေးစားလာတတ်တော့၏။

ဤအခါကျတော့မှ "ဤသဘောကား ရုပ်၊ ဤသဘောကား နာမ်၊ ဤသဘောကား အနိစ္စ၊ ဤသဘောကား ဒုက္ခ၊ ဤသဘောကား အနတ္တ" စသည်တို့ဖြင့် ယောဂီပုဂ္ဂိုလ် သိနားလည်လောက်ရုံပင် တိုတိုပြောရသည်။ နောက်ဆုံး၌ ယောဂီပုဂ္ဂိုလ်သဘောကျ၍ အာလယပြေသဖြင့် မိမိနေအိမ်သို့ ပြန်တော့မည်ဆိုမှ ဆရာက ဤနေရာတွင် တရားသဘောတို့ကို အကျယ်တဝင့် ယောဂီပုဂ္ဂိုလ်၏ သဘောကျ ကျေနပ်လောက်အောင် ပြောပြရတော့သည်။ အဘယ့်ကြောင့် တရားအားမထုတ်မီက တရားသဘောတို့ကို ပြောမပြပဲ အားထုတ်ပြီးမှ ပြောပြရပါသလဲဟူမူ— အား

မထုတ်ခင်က ပြောပြထားလျှင် ပြောပြထားတဲ့ တရားသဘောတွေကို ရှောက်ပြီးတွေးတော၍ နေတတ်သည်။ တင်ကူးတွေးတော၍ နေလျှင် ဘာဝနာမယဉာဏ် မထင်နိုင်၊ မမြင်နိုင်ပါ။

တရားအားထုတ်သော သူသည် တရားအချက်တို့ကို ယထာဘူတ ကျနစွာမြင်ဖို့သာလျှင် လိုရင်းဖြစ်သဖြင့် မမြင် မြင်အောင်လည်း ကြည့်မှုသာလျှင် လိုရင်းဖြစ်သောကြောင့် စိတ်ဖြင့်ကြည့်ရှုသာ ကြည့်နေရမည် ဖြစ်ပါသည်။ ကြည့်ပြီး၍ မြင်ပြီးတော့မှ မြင်သော သဘောတို့ကို ကျမ်းဂန်နှင့်ကိုက်၍ကြည့်ရပါသည်။ ကျမ်းဂန်နှင့်ကိုက်၍ ကြည့်ခြင်းသည် စာတတ်သော ပုဂ္ဂိုလ်များအတွက် ကျေနပ်ရအောင် လုပ်သောအလုပ်သာ ဖြစ်ပါသည်။ လိုရင်းမှာမူ တရားကို ထင်မြင်ပေါက်ရောက်လျှင် ပြီးပါတော့သည်။ စိန္တာမယဉာဏ်၌ ကျမ်းဂန်ဗဟုသုတရှိလေ ကောင်းလေဖြစ်၏။ ဘာဝနာမယဉာဏ်အဖို့၌မူကား ကျမ်းဂန် ဗဟုသုတတို့ကို မလို။ တကယ့်တရားအချက်တို့ကို တကယ်အတပ်မြင်လျှင် ပြီးတော့သည် သာတည်း။

သို့ဖြစ်၍ ကျမ်းဂန်ဗဟုသုတ အလျှင်းဘာမျှ မရှိဖူးသေးသော ကာလီ အမည်ရှိသော ဒကာမသည် သာတာဂီရိ နတ်မင်းနှင့် ဟေမဝတ နတ်မင်းတို့၏ ဘုရားသခင် အကြောင်း မေးမြန်း ပြောဆို နေရာတွင် အလွန်ကြည်ညိုသော စိတ်ဖြစ်လာ၏။ ထိုအခါ စိတ်သည် နူးညံ့သိမ်မွေ့၍လာ၏။ ကြာလေ နူးညံ့သိမ်မွေ့တဲ့စိတ်တွေ အဆင့်ဆင့် တိုးတက်၍ တိုးတက်၍ ဖြစ်လာလေလေ ဖြစ်၏။ ဖြစ်လာသောအခါ နူးညံ့ သိမ်မွေ့တဲ့စိတ်ကြောင့် ဖြစ်သော ရုပ်တို့သည်လည်း အဆင့်ဆင့် နူးညံ့၍ နူးညံ့၍ သွားလေတော့၏။ ထိုအခါ၌ အဆင့်ဆင့် တိုးတက်၍ တိုးတက်၍ နူးညံ့သိမ်မွေ့သွားသောစိတ်နှင့် ရုပ်ဓာတ်တို့၏ အဆင့်ဆင့် သဘောအားဖြင့် ပြောင်းပြောင်း သွားတာကို မြင်ပြီးလျှင် ပါရမီအလျောက် လက္ခဏာရေးအလိုလိုထင်ပြီးသကာလ တရားရ၍ သောတာပန်ဖြစ်သွားလေ၏။ ကာလီအမည်ရှိသော ဒကာမကဲ့သို့သော ဝတ္ထု သက်သေများလည်း အများပင် ရှိပါသေးသည်။

တရားအားထုတ်သော ယောဂီသည် လူမမာနှင့် တူပါသည်။ လူမမာသည် ဆရာပေးသော ဆေးဝါး ခါတ်စာတို့၏အကြောင်းကို သိနားလည်နိုင်ရန် မလိုပါ။ ဆေးဝါးခါတ်စာတို့၏ အတက် အသက် အပူအအေးအကြောင်းတို့ကို ဝေဖန်ပိုင်းခြား နေခြင်းသည် အချိန်ကုန်ခြင်းသာလျှင်ဖြစ်ပါသည်။ လူမမာ၏တာဝန်မှာ ဆရာပေးသမျှကိုစား၊ စားသမျှ ဝမ်းထဲရောက်၍ ရောဂါပျောက်လျှင် ပြီးပါတော့သည်။

ဤဥပမာ၌ ယောဂီပုဂ္ဂိုလ်သည် လူမမာနှင့် တူ၏။ ဆေး ဆရာသည် ကမ္မဋ္ဌာန်းပြသော လူဆရာ ရဟန်းဆရာ စာအုပ်ဆရာတို့နှင့်တူ၏။ ဆေးဝါးခါတ်စာသည် တရားအားထုတ်ရန် နည်းလမ်း စည်းကမ်းနှင့်တူ၏။ ဆေးဆရာကပေးသလို စားခြင်းသည် ကမ္မဋ္ဌာန်းဆရာက ခိုင်းသလို ကျင့်ခြင်းနှင့်တူ၏။ စားတိုင်းစားတိုင်းဝမ်းထဲရောက်၍ စားသမျှသော ဆေးဝါးခါတ်စာတို့က ရောဂါဝေဒနာကို နှိမ်နင်း ပျောက်ပျက် စေခြင်းသည် ကျင့်တိုင်းကျင့်တိုင်း တရားသဘောတို့သည် ဉာဏ်ထည်းရောက်၍ ဉာဏ်ထည်းရောက်သမျှသော တရားအချက် တရားသဘောတို့က သက္ကာယ ဒိဋ္ဌိကို နှိမ်နင်းပျောက်ပျက် စေခြင်းနှင့်တူ၏။ ရောဂါဝေဒနာသည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် တူ၏။

ဤအချက်တို့ကို ထောက်သဖြင့် စာမတတ်သော သူများ တရားကို အားထုတ်၍ မဖြစ်နိုင်ဟူသော အယူမရှိကြစေလိုပါ။ ဓမ္မပဒပါဠိတော်၌လည်း စာမတတ်ပေမယ့်နည်းမှန် လမ်းမှန်အတိုင်း ကျင့်လျှင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ကြောင်း ဟောပါသည်။ ၎င်းပါဠိကို ရှေ့နားတနေရာရာ၌ ရေးပြပါမည်။

မြင်ပျက် ကြားပျက်ဖြစ်သော ယခုအခါ လူတိုင်းလိုလို သိနေကြသော နည်းမျိုးမှာကား မှန်ပါ၏။ ကျမ်း ဂန် အတိုင်းပင် ဖြစ်၏။ သို့ရာတွင် နှေး၊ လွန်းသောနည်း ကြာလွန်းသော နည်းဖြစ်၏။ ကျင့်ရတာလည်း လွယ်ကူ၏၊ ပြောပြလျှင်လည်း နားလည်လွယ်၏။ သို့ပေမယ့် ယခုတချို့ ကျင့်နေကြသည့်အတိုင်းဆိုလျှင် များသောအားဖြင့် ဘာဝနာ

မယဉာဏ် ဟကယ် ရောက်အောင်မှုကား အလွန်ပင် ခဲယဉ်း တတ်၏။ ဆရာနှင့်ပြပါသော်လည်း ရက်ပေါင်း လပေါင်း နှစ်ပေါင်းများစွာကြာ ပေမယ့် မထင်တည့်နိုင်ကြဘူး။ ထင်သလိုလိုရှိပြန်ပါလည်း ကြာကြာမထင်၊ ခဏသာထင်တတ်၏။ မစွဲသမ်းဘဟ်ကြပေ။ ဘောထည်းမှာ နှစ်ပေါင်း များစွာကြာသာခတောင် တရား မတွေ့ဘူးဆိုတဲ့ ပုဂ္ဂိုလ် တွေသည် ယခု ခေတ် တချို့ လူများသိတဲ့ မြင်ပျက် ကြားပျက်မျိုး ဖြစ်နေ၍ မြင်မှု ကြားမှု စသည်တို့၌ ဘာဝနာ မယဉာဏ် မပေါက်ဘည့်နိုင်။ ဘာဝနာ မယဉာဏ်အနေ ထင်ပြန်တော့လည်း ကြာကြာ မစွဲလမ်း၊ အလုပ်မခံ။ စွဲ လမ်းအောင် မလုပ်တတ်၍ ပျက်ပြယ် လွယ်တတ်၏။ ထိုအခါကျတော့ "တရားကို မတွေ့ပေါင်ကွယ်၊ တရားဆိုတာ တယ်ခက်တာကလား" ဟု ဆို၍ စိတ်ပျက်ပြီး တချို့ ပြန်လာတတ်ကြ၏။

ယခု ဤချမ်းတွင် ပါသည့် အတိုင်းသာ အဇ္ဈတ္တတွေ့ထိ ပျက်တို့ ကို ပိုင်နိုင်အောင် အားထုတ်ပြီးလျှင်မူကား ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါးစလုံးကိုလည်း ရှုတတ်လွယ်တော့၏။ ခပ်သိမ်း သော တရားသဘောတို့ကိုလည်း ပိုင်နိုင်လွယ်တော့၏။ ထို့ကြောင့် တရားအားထုတ်ရာ၌ အဇ္ဈတ္တ သက်သက်ဖြစ်သော ကာယဓာတ်၊ ဖောဋ္ဌဗ္ဗ ဓာတ်၊ ကာယ ဝိညာဏဓာတ် ၃-ပါးသည် အလွယ်ဆုံး အခက်ဆုံးဖြစ်၏၊ အတိမ်ဆုံး အနက်ဆုံး ဖြစ်၏။ ဒါကြောင့် "ရဟန်းပုဂ္ဂိုလ်၊လူထိုထို၊ စာကို ကျင့်သုံး၏၊ စာအားမှန်၏။ ဉာဏ်နမ်၊ ထိအောင်သူမသိ။ ယထာဘူတာ၊ ကျဖို့ရာ၊ ဆရာရှာလေဘိ။ တိမ်လျက်နက်တယ်၊ ကျဉ်းလျက်ကျယ်၊တတယ် ကျမ်းမှာရှိ။ လွယ်လျက်ခက်တယ်၊ သိနိုင်ဖွယ်၊ တကယ်ဆရာရှိ" ဟု၍ ပညာရှိတို့ စပ်ဆိုပေသည်။

ဤအတွင်း အဇ္ဈတ္တသက်သက်ဖြစ်သော တရားသည်ဘာပြုလို့ ခက်သ လဲဆိုတော့ အာရုံကလဲ အတွင်းပဲ၊ အာရမ္မဏိကကလဲ အတွင်းပဲ။ ဒါကြောင့်မို့လို့ ပညာရှိပုဂ္ဂိုလ်များ မြင်းကောင်းခွာလိပ် ဆိုသလိုဖြစ် နေကြပါသည်။ ဘာ့ကြောင့် မြင်းကောင်းခွာလိပ် ဖြစ်နေသည်ဟု ဆိုနိုင်

ပါသနည်းဟူမူ ဤကျမ်းပြုသူ၏ ပဋ္ဌမလက်ထပ်ပြသော ဆရာ ရန်ကုန်မြို့ ဗလဘက် ပျော်ဘွယ်ကြီးရွာ ကျေးဇူးရှင် ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်သည် ဤတရားကိုရဖို့ရာ ဆရာ့ဆရာ သာထက် သာတို့ထံ လိုက်လံရှာဖွေရာ ၁၃-နှစ်လောက်ကြာပြီးမှ စိတ်လျှော့ပြီး ပြန်အလာ အိမ်ကျသကာလ တန်ဆောင်းထည်း၌ နေ့ရော ညပါ ၇-ရက်လုံးလုံး မည်သူ့ကိုမျှ စကားမပြော အတွေ့မခံပဲ မရမနေ သေပေစေဆိုပြီး ကျင့်တော့မှ ယခုပြနေသော နည်းနာနိသျကိုပါ ရ၍ သဘောကျနှစ်သက်ပြီး လယ်တီဆရာတော်ဘုရား၊ သေကျွတောင် ဦးတိလောက ဆရာတော်ဘုရား အစရှိသော ဆရာတော်များအား လျှောက်ထားရာ ယထာဘူတကျကြောင်း ပြောပြ၍ သာဓုခေါ်ပြီးလျှင် ရဲရဲဝံ့ဝံ့ ပြသရန် တိုက်တွန်း အားပေးသောကြောင့် ပြသလာရာ ယခုအခါ ဆရာကြီးနှင့်တကွ ဆရာကြီး၏ထံမှ နည်းနာ ယူပြီးသော ရဟန်းဆရာ လူဆရာများပြသနေကြရာ တရားကို ယထာဘူတ ကျနစွာထင်မြင်သော ပုဂ္ဂိုလ်ပေါင်း ၄၀၀၀-ကျော် ၅၀၀၀-နီးပါးခန့် ရှိလောက်နေပါပြီ။

ဆရာကြီး နည်းအတိုင်း ယခုပြနေကြသည်မှာ ၇-ရက်အတွင်း ဝိပဿနာ ဉာဏ်အလင်းပေါက်သည်သာ များကြပါသည်။ ဤဆရာကြီးသည် ဆရာလုပ်ရန် ပါရမီကောင်း၍ ဤနည်းကို ရခြင်းဖြစ်ပါသည်။ ဒါတောင်မှ သူရှာတုန်းက ၁၄ နှစ်ကြာ၍ နေရသည်။ ဘာပြုလို့ ဒါလောက်တောင် ကြာနေရသနည်းဟူမူ တရားအစစ်ကို အတပ် မသိတတ်သေးသောကြောင့် တကြောင်း၊ ဤကဲ့သို့ လျင်မြန်သော ရှာနည်းရှာပုံကို မသိရသေးသောကြောင့် တကြောင်းဖြစ်ပါသည်။ တရားအစစ်ကို အတပ်သိတတ်၍ ရှာနည်းရှာပုံကို သိတတ်တော့လဲ ခပ်လွယ်လွယ်ပင် ဖြစ်ပါသည်။ အမြဲတွေ့မြင်နေရသော သဘောမျိုး၌ အကျုံးဝင်လျက်ပင်ရှိပါသည်။ သို့ဖြစ်သောကြောင့် ပညာရှိပုဂ္ဂိုလ်များ မြင်းကောင်းခွာလိပ် ဖြစ်နေကြသည်ဟု ဆိုလိုပါသည်၊

ယခု အတွင်းသက်သက်ဖြစ်သော ရုပ်နာမ်သည် ''ကာယဥ္စ၊ ကာယအကြည် ဓာတ်ကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗေ စ၊ ဖောဋ္ဌဗ္ဗ အတွေ့ဓာတ်

တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ ကာယ ဝိညာဏံ၊ ကာယဝိညာဏ် သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏”ဟုဆိုရာ၌ များသောအားဖြင့် ကောက်ယူကြ သည်ကား ကာယ အကြည်ဓာတ်နှင့် ကာယဝိညာဏ် ဓာတ်ကိုကား အကောက်အယူ နေရာကျကြပါ၏။ ဖောဋ္ဌဗ္ဗဓာတ်ကိုကား အရေးကြီးတဲ့ အတွင်းက ကံ စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဖောဋ္ဌဗ္ဗ ကိုတော့ မကောက်ကြပဲ အပြင်က လေတိုက်တဲ့ဖောဋ္ဌဗ္ဗ၊ ခြင်ကိုက်တဲ့ ဖောဋ္ဌဗ္ဗစသည်တို့ကိုတော့ သူသူငါငါ ကောက်ယူနေကြတာပေါ့။ အဲဒီ တော့ကာ လေတိုက်တဲ့ အတွေ့ကို လေတိုက်တုန်းတော့ သိရပါ၏။ လေမတိုက်တော့ကာ လေတိုက်တဲ့ အတွေ့ဓာတ်မှ မရှိပဲ ဘယ်နှယ်လုပ်ပြီး လက္ခဏာရေးသုံးပါးဖြင့် ရှုမလဲ။ ခြင်ကိုက်တာလဲ ဤကဲ့သို့ပင်ဖြစ်၏။ အတွင်းက ဖောဋ္ဌဗ္ဗကတော့ကာ ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်တာ မို့လို့ ဘယ်အခါမျှ ရပ်နားရှိမနေပဲ တဖြစ်တည်း ဖြစ်နေတာပေါ့။ အခါမစဲ အမြဲတမ်း ဖြစ်ပျက်နေသောကြောင့်လည်း ဘယ်အခါမဆို သမာဓိရှိလျှင် ကြည့်တိုင်းတွေ့၍ နေတော့တာပါပဲ။ မြေတွင်းထည်း လှောင်ထားလဲ တွေ့နေတော့တာပဲ။

တွေ့တွေ့နေတော့ကာ အစဉ်မပြတ်ရှုလို့ ရတာပေါ့။ သို့ပေမယ့် အတွင်းက ဖောဋ္ဌဗ္ဗဓာတ်ကိုတော့ကာ အလွတ်ရိုးရိုးကြည့်လို့ ဘာဝနာ မယဉာဏ်အမြင်မျိုးမြင်တာ မဟုတ်။ သမာဓိနှင့်ကြည့်မှသာ သိမြင်ရ၏။ ဒါကြောင့်မို့လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သီလ သမာဓိ ပညာ ဟု သိက္ခာသုံးပါးထားပြီး ဟောသွားတော်မူ၏။ လူတွေကသာ ရှုပြီး သမာဓိကို ဂရုမစိုက်။ ဂရုစိုက်ပြန်တော့သည်း အဇ္ဈတ္တဖောဋ္ဌဗ္ဗကို အရေး မယူတတ်ပဲ ဖြစ်နေကြ၍ အဇ္ဈတ္တဖောဋ္ဌဗ္ဗကို အရေးယူရမှန်းမသိ၊ အရေး ယူရမှန်း မသိကြ၍လည်း နည်းများမဆို အမှတ်တမဲ့ အကြောင်းအား လျော်စွာ တွေ့သောအခါ၌ အဖက်မလုပ်ကြ။ အဖက်မလုပ်ကြ၍လည်း အကျွမ်းတဝင် ရင်းရင်းနှီးနှီးဆိုသလိုမသိကြရတာပါ၊ တရားကမူကား— အတွင်းကနေပြီး တခါတရံ သမာဓိရှိတဲ့လူများကို “ငါဒီမှာရှိတယ်၊ တရားဆိုတာ ငါပဲကွ”ဟု ပြောနေဘိသကဲ့သို့တော့ကာ အပြကြရှာသား

ကပဲ။ ဒါကြောင့်မို့လို့ နည်းမှန် လမ်းမှန်သိဖို့လိုတာပေါ့၊ ဘုရားဟော လဲ ရှိသွားကပဲ။

[ယခု ဤကျမ်းကို ပြုသောသူ၏ အဓိကရည်ရွယ်ချက်တခုမှာ လူပြိန်း သက်သက်များကိုပင် နားလည်စေချင်လွန်း၍ များသောအားဖြင့် ယောဂီ ပုဂ္ဂိုလ်များနှင့် မျက်နှာချင်းဆိုင်၍ စကားပြောနေသကဲ့သို့သော ရေး သားချက်တို့မှာ များစွာပါရှိ သွားပါကြောင်း]။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဝေနေယျ သတ္တဝါများကို သားတော်ရာဟုလာနှင့် မခြား သနားတော်မူလှလွန်း၍ ဟောပြောပြသ သွားသော တရားများသည် တိုက်ရိုက်ဖွင့်ဟ၍ ဟောတော်မူသွားသော တရားချည်းဖြစ်ပါသည်။ ပညာရှင်တွေက ချော့ပြီး တွေးနေကြလို့သာ ခက်နေရခြင်း ဖြစ်ပါသည်။ ဘယ်လိုတိုက်ရိုက်လဲလို့ ဆိုလျှင်—

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ—

ဟု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူပါသည်။

အဓိပ္ပာယ်မှာ ရုပ်တရားကြီးသည် ရေမြှုပ်နဲ့တူတယ်တဲ့။ ဘယ်လို တူ သလဲဆိုတော့ ဖော်ပြခဲ့သည့်အတိုင်း ရှူနေသောအခါ လိုယ်ခန္ဓာကြီး သည် ဆူနေသောအခါ ရေပွက်ကလေးတွေကြောင့် ရေမြှုပ်စိုင်ကြီး လို နေ၏။ ရေမြှုပ်စိုင်ကြီးသည် အစဉ်မပြတ် ရေပွက် ရေပူဖောင်းကလေး တွေ တစီစီ တဖြုတ်ဖြုတ်နှင့် ဖြစ်ချုပ်နေကြကုန်၏။ ဤရေမြှုပ်စိုင်ကြီး သည် ပြဆိုခဲ့သည့်အတိုင်း ဆီချက်အိုးများ ဝေတက်နေသကဲ့သို့ ရုပ်တရား တွေသည် ဖြစ်ပျက်၍နေ၏။ ဖြစ်ပျက်ပုံချင်းတူ၏၊ အနှစ်မရှိတာချင်းလဲ တူ၏။ မခိုင်မြဲတာချင်းလဲ တူ၏။ အကုန်လုံး တူ၏။

ဝေဒနာ ပုဗ္ဗုဠူပမာ ဆိုရာတွင် ကိုယ်တွင်း၌ ရေမြှုပ် ဖြစ်ခြင်း၏ အစသည် ရေပွက်ပင်တည်း။ ဆူနေသောအခါ အဲဒီရေပွက်ကလေးတွေနှင့် ထိထိသွားခြင်းသည် ထိသောနေရာ၌ ဖဿဖြစ်၏။ အဲဒီဖဿကို ခံစားမှုသည်ပင် ဝေဒနာပေါ်၏။ ဝေဒနာတွေ တကိုယ်လုံး တစီစီ တဖြုတ်ဖြုတ်နှင့် အပ်ချစရာနေရာမရှိအောင် များ၏။ ဖြစ်လွယ်၏။ ပျက်လွယ်၏။ ခံသာသလို ရှိသည်ကိုသိ၏။ မခံသာသလို ဖြစ်တာကိုလဲသိ၏။ လျစ်လျူသဘော ဖြစ်တာကိုလဲ သိ၏။ အမျိုးမျိုးသောခံစားမှုသည် ဖြစ်၍ဖြစ်၍ ပျက်ပျက်သွားတာ ချုပ်ချုပ်သွားတာကိုလဲ သိ၏။ ရေပွက်ကလေးတွေကဲ့သို့ ဖြစ်တာ ပျက်တာ လျှင်မြန်တာ အကုန်တူ၏။ အနှစ်အမာ မရှိ ဖြစ်ကာ မတ္တသာ ဖြစ်၏။

မရီစိကူပမာ သညာ ဆိုရာ၌ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို မှတ်တတ်သော သဘောသည် သညာမည်၏။ ရုပ်နာမ်တရားတို့၏ မာမှု ပြေမှု ပူမှု အေးမှု ထောက်ကန် လှုပ်ရှားမှုတို့ အမျိုးမျိုး ဖြစ်တိုင်း အမျိုးမျိုး မှတ်တတ်၏။ မှတ်ပြီး ချုပ်ပျောက်၏။ ဝေဒနာအမျိုးမျိုး ဖြစ်ပေါ်မှုကိုလည်း အမျိုးမျိုးမှတ်၏။ ခန္ဓာငါးပါးစလုံး ဖြစ်သမျှ မှတ်မှတ်နေရသောကြောင့် အမှတ်တွေရှုပ်ယှက်ခတ်ပြီးလျှင် လျင်မြန်လှသောကြောင့် ဖြစ်ပျက်သောတရားတွေ မှတ်သောစိတ်တွေသည် တံလျှပ်ပမာ လွန်စွာ လျင်မြန်တော့၏။ တံလှပ်ကဲ့သို့ ဖြစ်ခြင်းကိုလည်း ပြခဲ့ပြီးပြီ။ ဤသညာသဘောသည် ဖြစ်လွယ်ပျက်လွယ်၏။ အနှစ်မရှိ မခိုင်မြဲ၊ ဖြစ်ပျက် လျင်မြန်လှ၏။ တံလှပ်၏ သဘောလက္ခဏာအားလုံးနှင့် တထပ်တည်းတူနေတော့၏။

သင်္ခါရာ ကဒလူပမာ ဆိုရာ၌ သင်္ခါရက္ခန္ဓာအကြောင်းကို နားလည်လောက်အောင် ရေးခဲ့ပြီးပြီဖြစ်၍ ထပ်ရေးရန် လိုမည်မထင်။ ထိုသင်္ခါရတရားတို့သည် ရှုပ်ယှက်ခတ် ဖြစ်၍ ဖြစ်၍ လျင်မြန်စွာ ပျက် ပျက်သွားလေ၏။ အနှစ်မရှိ မခိုင်မြဲသောကြောင့် ငှက်ပျောတုံးနှင့် တူ၏ဟုဆို၏။

မာယူပမာ ပဋ္ဌဝိညာဏ် ဆိုသည်မှာ ၃၁-ဘုံရှိ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်ပါပဲလျက် ဟုတ်သည်ဟု ထင်နေကြ၏။ သိနေကြ၏။ စင်စစ်ကား ရုပ်နာမ်သာဟုတ်၏။ မဟုတ်တာကို ဟုတ်သည်ဟု ထင်နေကြ၏။ ယခုဘဝ လူဖြစ်၍ ငါသည် လူပဲဟု ထင်၏။ နောက်ဘဝကျတော့ နတ်ဖြစ်၏။ နောက်ဘဝကျတော့ တိရစ္ဆာန်ဖြစ်၏။ မျက်လှည့်ကဲ့သို့ တမျိုးပြီးတမျိုး ပြောင်းလဲထင်မြင်နေကြ၏။ ဟုတ်မှန်တဲ့ ရုပ်ပဲနာမ်ပဲဟူ၍မထင်ကြ၊မမြင်ကြ၊ပြောပြလို့လဲ မယုံကြည်ကြ။ ယုံကြပြန်တော့လဲ ရုပ်ဆိုတာဘယ်လိုနေတယ်၊ နာမ်ဆိုတာ ဘယ်လိုနေတယ်ဟု အတပ် ဒိဋ္ဌမသိနိုင်၊ မမြင်နိုင်ကြ။ အတပ် မသိကြရလို့လဲ ဖန်ဆင်းသားတဲ့ ရုပ်တွေကို လူပဲ နတ်ပဲ တိရစ္ဆာန်ပဲဟု စွဲလမ်းခြင်းကို လက်မလွှတ်နိုင်ကြပေ။ တရားအားထုတ်ပြီးမှ အစွဲအလမ်းပြုတ်၍ မျက်လှည့်ရုပ်ဆိုတာ အဟုတ်သားပဲဟု သိဘတ်ကြတော့၏။ ဝိညာဉ်သည် ၆-ပါးရှိ၏၊ ၆-ပါး စလုံး ဖြစ်ပျက် ဖြစ်ပျက်နေ၏။ အစဉ်မပြတ် တရစပ် ဖြစ်ပျက်နေတော့၏။

လယ်တီဆရာတော်ဘုရားကြီး၏ ဇတုသစ္စ ဒီပနီ နံပါတ် ၃-တွင် ပါသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ ဖေဏပိဏ္ဍောပမသုတ် စာပုဒ်ကို ဤနေရာ၌ ဗဟုသုတအလို့ငှာ ရေးပြပါအံ့။

ရူပံ၊ ရုပ်သည်။ ဖေဏပိဏ္ဍူပမံ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ ဘာမျှမရှိ ပေါင်းဖွဲ့စုတဲ့ ရေမြှုပ်ခဲကြီးနှင့် တူသော ဥပမာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်။ ပုဗ္ဗုဠူပမာ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟုဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှ မဘက် ဆူဝေတက်သည့် ရေပွက်နှင့်တူသော ဥပမာ ရှိ၏။ သညာ၊ သညာသည်။မရီစိကူပမာ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟု ဆိုအပ်သောကိုယ်၏ မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမကပ် တံလျှပ်နှင့်တူသော ဥပမာရှိ၏။ သင်္ခါရာ၊ ဖဿ စေတနာ အစ ရှိသော သင်္ခါရတို့သည် ကဒလူပမာ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ် သာရ

အတ္တဟု ဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်မပါ အကာကိုမျှ ရှာမရသော ငှက်ပျောတုံးကြီးနှင့် တူသော ဥပမာ ရှိကုန်၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ မာယူပမံ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟု ဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်အမာ ရှာ၍မရ မျက်လှည့် ပြသော အမှုကြီးနှင့်တူသောဥပမာရှိ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ အာဒိစ္စနွယ်ဖွား မြတ်ဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။

ဤခန္ဓာငါးပါးသည် ဥပမာ ငါးမျိုးခွဲ၍ ပြသော်လည်း ခန္ဓာတပါး သည် ဥပမာ ငါးမျိုးစလုံးနှင့် ဆီလျော်၏။ ဥပမာ တမျိုးသည်လည်း ခန္ဓာငါးပါးစလုံးနှင့် ဟပ်နိုင်၏။ ဖြစ်ပျက်သဘောချင်းတူ၏။ မမြဲတာ ချင်းတူ၏။ ဆင်းရဲတွဲသဘောချင်း တူ၏။ အစိုးမရတာချင်းလည်း တူ၏။ အားလုံးတူ၏ဟူ၍ ဆိုနိုင်၏။ ခန္ဓာငါးပါးသည် ရုပ်နာမ်ပင်။ ရုပ်နာမ် သည် အာယတန ၁၂-ပါးပင်။ အာယတန ၁၂-ပါးသည် ဓာတ် ၁၈- ပါးပင်။ ဓာတ် ၁၈-ပါး သည်လည်း ခန္ဓာငါးပါးပင်။ ဤ အားလုံး သော တရားအပေါင်းလည်း ဖြစ်ပျက်ပင်။ ဖြစ်ပျက်ဆိုတာလည်း သင်္ခတ- ပရမတ်ပင်။ သင်္ခတ ပရမတ်ဆိုတာ အမျိုးမျိုးဖြစ်ပျက်နေလို့ အမျိုးမျိုး သဘောကွဲပြီး သူ့သဘောသူဆောင်၍ တမျိုးစီ တခြားစီဟု ထင်ရသော် လည်း တရားကိုယ်ကျတော့ ကောဓမ္မော ဆိုသည့်အတိုင်း တမျိုးတည်း ပါပဲ။ ဖြစ်ပျက်ပဲရှိတာပဲ။ ဖြစ်ပျက်မရှိတော့လဲ နိဗ္ဗာန်လို့ခေါ်ရတာပဲ။ ဒါကြောင့် လောကကြီးမှာ ရှိသမျှ သကို လိုက်ရှာလိုက်တော့ ပရမတ် ပဲ ရှိတာပဲ။ ဘာပရမတ်လဲဆိုတော့ သင်္ခတပရမတ်ပေါ့။ သင်္ခတပရမတ် မရှိတော့ကာလ နိဗ္ဗာန်ပဲ။ သင်္ခတဆိုတာ ဖြစ်ပျက်ပဲ။ နိဗ္ဗာန်ဆိုတာလဲ မဖြစ်ပဲ။ ဒါကြောင့်မို့လို့ မြတ်စွာဘုရား ကိုယ်တော်ကြီးက—

| | | |
|---|---|---|
| ဖြစ်—အနိစ္စ။ | ပျက်—အနိစ္စ။ | ဟူ၍ မိန့်တော်မူ၏။ |
| ဖြစ်—ဒုက္ခ။ | ပျက်—ဒုက္ခ။ | |
| ဖြစ်—အနတ္တ။ | ပျက်—အနတ္တ။ | |
| | မဖြစ်—အနတ္တ။ | |

## ရှင်းပြင်

(၁) ဖြစ်ခြင်းပျက်ခြင်း၊ ဖောက်ပြန်ခြင်း၊ မယွင်းဒုက္ခမှတ်။

(၂) ဖြစ်ချုပ်ပြန်က၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။

(၃) ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချုပ်၊ မဂ္ဂင်တရားမြတ်။

(၄) မဖြစ်ချုပ်မှု၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။

(၅) မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခအေးငြိမ်းမှတ်။

(၆) သစ္စာ ၄-ပါး၊ မှန်တရား၊ ပိုင်းခြားသိအောင်မှတ်။

(၇) သံပေါက်လက်ာ၊ ဤကဗျာ၊ နှုတ်မှာဆောင်၍မှတ်။

(၈) ကြိမ်ဖန်များစွာ၊ ကြံစည်ပါ၊ မှန်ရာသိကြောင်းမှတ်။

(၉) အမှန်သိမှ၊ သည်ဒုက္ခ၊ လွတ်ရလိမ့်မည်မှတ်။

(၁၀) ယောဂီဝိဇ္ဇာ၊ တတ်ပညာ၊ လိုက်ပါသည်လုပ်ရပ်—

ဟူ၍ စပ်ဆိုတော်မူပါသေးသည်။

ဒါကြောင့် တလောကလုံးမှာ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး သင်္ခါရတရားတွေဟု ခွဲခြမ်းစိတ်ဖြာပြီး ပြောရပေမယ့် နိဂုံးချုပ်လိုက်တော့ ဖြစ်ပျက်ပါပဲ။ မဖြစ်တော့လဲ နိဗ္ဗာန်ပဲ။ ဒါဖြင့်လျှင် တလောကလုံးမှာ ဘာရှိသလဲဆိုတော့ ဖြစ်ပျက်ပဲရှိတာပေါ့။ ဒါဖြင့် လောက၌ ဖြစ်သမျှသော တရားအပေါင်းသည် ဒုက္ခတရားသာဖြစ်၍ ဒုက္ခတရားသာတည်ပြီး ဒုက္ခတရားသည်သာ ချုပ်သည်ဆိုသောကြောင့် ဖြစ်ပျက်မှန်သမျှ ဒုက္ခချည်းပေါ့။

ဒါကြောင့်မို့ထင်ရဲ သံယုတ်ပါဠိတော်၌—

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊နာညံ ဒုက္ခာ နိရုဇ္ဈတိ—

ဟူ၍ ဟောတော်မူပါသည်။

အနက်မှာ။ ။ ဟိ၊ စင်စစ်သော်ကား။ ဒုက္ခမေဝ၊ ဒုက္ခတရားသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံဝေ၊ ဒုက္ခတရားသက်သက်သည်သာလျှင်။ တိဋ္ဌတိ၊ ခဏဌီ ပဗန္ဓဋ္ဌီအားဖြင့် တည်၏။ ဝေတိစ၊ ချုပ်လည်းချုပ်၏။ ဒုက္ခာ၊ ဒုက္ခတရားကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသော တရားသဘောသည်။ န သမ္ဘောတိ၊ ဖြစ်သည်ဟူ၍မရှိ။ ဒုက္ခာ၊ ဒုက္ခတရားမှ။ အညံ၊ တပါးသော၊ ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသော တရားသဘောသည်။ န နိရုဇ္ဈတိ၊ ချုပ်သည်ဟူ၍မရှိ၊

ဤကဲ့သို့ တလောကလုံး၌ ရှိရှိသမျှ သင်္ခါရတို့ကို စေ့စေ့ငုငု ရှာလိုက်သော် ဖြစ်ပျက်ဆိုတဲ့ တရားသာလျှင် ကြွင်းရှိ ထင်ရှိ ဖြစ်တော့သည်။ ဖြစ်ပျက်မှတပါး လွဲ၍ ဘာကလေးတခုမျှ မရှိတော့ပေ။ တာဖြင့်လျှင် လောကကြီး၌ ရှိရှိသမျှ ဒုက္ခချည်းပဲ ဖြစ်သောကြောင့် ဒုက္ခသစ္စာဖွဲ့စရာ ဒုက္ခသစ္စာဆိုတာ ထိုဖြစ်ပျက်တရားမှတပါး ဘာမျှ မရှိတော့ခြင်းကြောင့် ဤဖြစ်ပျက်တရားသည်ပင် ဒုက္ခသစ္စာ အစစ်တကာ့အစစ်ဆုံး အမှန်ဆုံးဖြစ်ကြောင်း လက်ဝါးပေါ်တွင် တင်၍ကြည့်သည့်ပတ္တမြား ပမာလို လွန်စွာပင် ထင်ရှားပေတော့သတည်း။

ဖြစ်ပျက်ဆိုတဲ့ တရားသဘော ကလေးကို ဒုက္ခသစ္စာဆိုသော် ယခုဤကျမ်းက ပြသည့်တရားသည်လည်း ယထာဘူတ ကျနသည့် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြဖြစ်ပျက်တရားပင် ဖြစ်သောကြောင့် ဤဖြစ်ပျက်တရားကိုလည်း ဒုက္ခသစ္စာ အစစ်အမှန် ဆိုပြန်သည်ဖြစ်၍ ဒုက္ခသစ္စာ ပရိညာယဆိုသည့် ပါဠိတော် အတိုင်း ဤဖြစ်ပျက် တရားကိုသိလျှင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရခြင်းပင် ဖြစ်ပါသည်။ ဒုက္ခသစ္စာတပါးကို သိလျှင်လည်း သိ ပယ် ဆိုက် ပွား လေးပါး ကိစ္စ အပိုင်ရ ဆိုသည့်စကားအရ ဒုက္ခသစ္စာကို သိဆဲကာလ သိဆဲခဏ၌ ဒုက္ခမှန်းသိရ၍ ဤဒုက္ခမျိုးဖြစ်စေတတ်သည့်အကြောင်း တရားဖြစ်သော ဒုက္ခ သမုဒယကို မလုပ်လိုမလုပ်ချင် မလုပ်တော့ပေ။ မလုပ်လျှင် သမုဒယသစ္စာ ပဟာတဗ္ဗ ဆိုသည့်အတိုင်း ဒုက္ခသမုဒယကို ပယ်ရာကျပါတော့သည်။ ပယ်ပြီး ဖြစ်တော့သည်။

ဒုက္ခသစ္စာမှန်းသိ၍ ဤဒုက္ခမျိုးကို မလိုချင် မရချင် မလုပ်ချင် မလုပ်တော့ဘူး ဆိုကတည်းက ဤဒုက္ခ ငြင်းရာငြိမ်းရာ ကုန်ရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကိုသာ လိုချင် ရချင် ရောက်ချင်သော သဘာဝဓမ္မ သဘောတရားအလိုလို ပေါ်ပေါက်ပြီး ဖြစ်တော့သည်။ နိဗ္ဗာန်ချမ်းသာကြီးကိုသာ လိုချင် ရချင် ရောက်ချင်တော့သည် ဆိုတာ နိရောဓသစ္စာ သစ္ဆိကရဏတ္တာယဟု ဟောတော်မူသည့် ပါဠိတော်အတိုင်း ဒုက္ခ ငြင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရာ ကျပါတော့သည်။ ဒုက္ခသစ္စာကို သိသိ သိသိ နေရ၍ တသိတည်း သိနေရသည့်အခါ ကာလအတွင်း၌ ဒုက္ခသမုဒယကို ပယ်ရခြင်း နိရောဓကိုမျက်မှောက် ပြုရခြင်း ကိစ္စတို့သည် တချက်ခုတ် အကုန်ပြတ် ဆိုသည့်စကားကဲ့သို့ တပါတည်း ပြီးစီး ပါဝင်နေတော့သည်။

ထို့ကြောင့် ဒုက္ခသစ္စာကိုသိသိနေရခြင်း၊ ထပ်ကာထပ်ကာသိနေရခြင်း၊ အဆက်မပြတ် သိနေရခြင်းတို့သည် ဤဒုက္ခမျိုး နောက်ထပ် မဖြစ်ရအောင် "အရိယာမဂ် ဓားသန်လျက်ဖြင့် ပယ်ဖျက် ခုတ်တွင်" ဆိုသည့် စကားအတိုင်း မဂ္ဂသစ္စာဖြင့် ပယ်-ပယ်- ပယ်-ပယ် နေရာ ကျပါသည်။ ထိုပယ်-ပယ် နေရာကျအောင် ဒုက္ခသစ္စာကို သိသိသိသိ နေမှုသည် မဂ္ဂသစ္စာ ဘာဝေတဗ္ဗဟူ၍ ဟောတော်မူသည် ဖြစ်သောကြောင့် မဂ္ဂသစ္စာကို ပွားသည် မည်ပါတော့သည်။ ထို့ကြောင့် ဒုက္ခသစ္စာမှန်း သိတိုင်း သိတိုင်း သမုဒယ သစ္စာကို ပယ်မှု၊ မဂ္ဂသစ္စာကို ပွားများမှု၊ နိရောဓ သစ္စာကို မျက်မှောက်ပြုမှု လေးပါးစလုံး ပြီးစီးပါတော့သည်။ ပြီးစီးသည် ဆိုသော်သည်း မဂ်ဇောဖိုလ်ဇောမကျရသေးဖူးသော အာရဒ္ဓ ဝိပဿနာ ကလျာဏ ပုထုဇဉ်များမှာ ပုဗ္ဗဘာဂမဂ်သာဖြစ်သေးသည်။ ပဌမသောတာပတ္တိမဂ်ကိုကား မရောက်သေးပေ။

အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ န ပညာယတိ။

ဗုဒ္ဓုပ္ပါဒါ၊ မြတ်စွာဘုရားသခင် ပွင့်တော်မူသော အခါကို။ ဝိနာ၊ ကြဉ်၍။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ န ပညာယတိ၊ မသိ

မမြင် မထင်နိုင်ချေ ဟူ၍ နဝကနိပါတ်အင်္ဂုတ္တိုရ်ဋီကာ၌ လာရှိသည့် အတိုင်း ဘုရားသခင် ပွင့်တော်မူမှ အနတ္တကို ထင်မြင်နိုင်သည်။ အနိစ္စ နှင့် ဒုက္ခကိုမူကား ကမ္ဘာအစဉ်အဆက် သိ၍လာကြရသားပဲဟု အချို့ က ပြောကြပါသည်။ စင်စစ်သော်ကား ထိုသိလာကြရသည့် အနိစ္စနှင့် ဒုက္ခဆိုတာ အများ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့် သမ္မုတိသစ္စာ အနေမျှသာ သိကြရသည်။ ပရမတ္ထသစ္စာ အနေမျိုးမဟုတ်။ ပရမတ္ထ သစ္စာ အနေမျိုးမဟုတ်သည့်အတွက်လည်း အနိစ္စ ဒုက္ခကို မြင်ရပါလျက် နှင့်ပင် အနတ္တအစစ်ကို မမြင်ရခြင်း ဖြစ်ပါသည်။ ပရမတ္ထ သဘာဝ ယထာဘူတကျနသည့် အနိစ္စဒုက္ခမှာ မျက်စေ့တမှိတ်ခန့် ကာလအတွင်း ရုပ်က ကုဋေ ငါးထောင်ကျော်၊ နာမ်က ကုဋေ တသိန်း ဖြစ်ပျက် ဖြစ် ပျက်နေတဲ့ ခဏိက အနိစ္စနှင့် ခဏိကမရဏာ ဒုက္ခသာလျှင် ဖြစ်ပါသည်။ ထိုခဏိက အနိစ္စနှင့် ခဏိကမရဏ ဒုက္ခသာလျှင် တခဏကလေးမျှ ဘုရား သခင် ကိုယ်တော်တိုင် တားမရ ဆီးမရ အစိုးမရသည့် အနတ္တ လက္ခ ဏာ အစစ် ဖြစ်ပါသည်။

သမ္မုတိ အနိစ္စဆိုတာ တဘဝမှာ တခါသေတာမျိုး၊ ယခု မြင်၍ နောက်မှ ပျက်တာမျိုး။ ယခုလရှိ၍ နောက်လကျမှ မရှိတာမျိုး၊ ယခု နှစ်ရှိ၍ နောင်နှစ်မှ ပျက်တာမျိုး စသည်ဖြင့် နှစ်ပေါင်း ကပ်ကမ္ဘာ ပေါင်း များစွာတည်ပြီးမှ ပျက်တာမျိုး စသည်ကို ခေါ်ပါသည်။ အသက်တမ်း အရှည်ဆုံး ဗြဟ္မာ့ဘုံ၌မူကား မဟာကမ္ဘာကြီးရှစ်သောင်း လေးထောင်ကြာမှသာ တခါသာ သေရသည့် အနိစ္စမျိုး ဖြစ်ပါသည်။ သမ္မုတိဒုက္ခမှာမူ သက္ကာယမကင်းသော ဖျားခြင်းနာခြင်း၊ ပူပင်သောက များရခြင်း၊ ငရဲ၌ ခံရခြင်း၊ အိုနာကျိုးကန်း ရှိရခြင်း စသည်တို့ကိုခေါ် ပါသည်။ ဤအနိစ္စဒုက္ခမျိုးကိုမူ ၃၁-ဘုံသားတိုင်းပင် သိကြလျက် နေ ပါသည်။ အနိစ္စ အစစ်ဆိုတာ ပါရမီ မပြည့်သေးသော လူနတ်တို့ သိ အပ်သော တရားမျိုးမဟုတ်ပါ။ အနိစ္စ အစစ်ကို သိပြီဆိုမှဖြင့် အနတ္တ အစစ်ကိုလည်း သိပြီးဖြစ်ရပါတော့သည်။

ထို့ကြောင့်–

“အနိစ္စ သညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တ သညိနော အသ္မိမာန သမုဂ္ဃာတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ”

ဟူ၍ နေကင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူပါသည်။

အနက်မှာ၊ ။မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ အနိစ္စ သညာ ထင်သော ပုဂ္ဂိုလ်အား။ အနတ္တသညာ၊ အနတ္တဟု ထင်လာမှုသည်။ သဏ္ဌာတိ၊ ထလိုလို တည်လာ၏။ အနတ္တသညိ၊ အနတ္တဟု ထင်မြင်လေ့ရှိသောသူသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင်၊ အသ္မိမာနသမုဂ္ဃါတံ၊ ငါဟူသော မာန်မာန ကင်းကွာခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်လေတော့၏။

ဘုရားသခင် မပွင့်မီက သမ္မုတိ အနိစ္စနှင့် သမ္မုတိ ဒုက္ခကိုသာ မြင်ရ သိရ၍ အနတ္တကိုမူ သမ္မုတိအနေမျိုးမျှ မသိမမြင်ကြရပဲ ငါငါငါ ငါနှင့်တငါတည်းသာ ငါနေကြ၍ ကမ္ဘာသာလဲသည်၊ ငါမလဲမပြောင်းဘူး၊ ဒီတငါတည်းသာပဲဟု ထင်နေကြရ၍ “ဟိုတုန်းက အနတ္တကိုသာ မမြင်ရတာ။ အနိစ္စနှင့် ဒုက္ခကိုတော့အသိကြရသားပဲ”ဟု အထင်အမှတ်မှားနေကြခြင်းပင် ဖြစ်ပါသည်။ ပရမတ်အစစ် ခေတ်အနှစ် ဖြစ်သော အနိစ္စ ဒုက္ခကိုမူ ယခုသာသနာတော်တွင်းကြီးထည်းမှာကော မသိနိုင်ကြလို့ ခက်နေကြသေးတာကိုလည်း စဉ်းစား၍ ကြည့်နိုင်ပါသည်။ အနိစ္စ ဒုက္ခ အနတ္တ အစစ်ဆိုတာ ယခုခေတ်အခါမှာ ကျမ်းဂန် ဘယ်လိုပဲတတ်တတ် နည်းမှန် လမ်းမှန် မရလျှင် သိဖို့ရာ အလွန်တရာမှ ကြပ်တည်း ခဲယဉ်းပါသည်။

နေဝကနိပါတ် အင်္ဂုတ္တိုရ်ဋီကာ၌–

“အနတ္တလက္ခဏာ ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံနာမ”

ဟူ၍ လာပါသည်။

အနန္တမှာ။ အနတ္တလက္ခဏော၊ အနတ္တလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်သည် ရှိသော်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒိဋ္ဌံနာမ၊ မြင်သည်မည်၏။ ထို့ကြောင့် အနတ္တကိုမြင်မှ နိဗ္ဗာန်ကိုမြင်ကြောင်း ဤပါဠိဖြင့် ထင်ရှားပါသည်။ အနတ္တကိုလည်း အနိစ္စ အစစ်ကိုမြင်မှ အနတ္တအစစ်ကို မြင်နိုင်ကြောင်း ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် အနိစ္စသည်သာလျှင် ရှေးဦးစွာ သိရရန် ပဓာနလိုရင်းတရား ဖြစ်ပါသည်ဟု ပရမတ္ထမဉ္ဇူသာ ဋီကာကမ္မဋ္ဌာန်း ပိုင်း၌—

ဝိသေသတော ပန ဣမသ္မိံ ဉာဏေ အနိစ္စလက္ခဏဒဿနမေဝ ပဓာနံ၊ တသ္မိံ ဒိဋ္ဌေ ယေဝ ဣတရာနိ ကာမံ ဒိဋ္ဌာနိ ဟောန္တိ—

ဟူ၍ ဆိုပါသည်။

အနက်မှာ—ဝိသေသတောပန၊ အထူးအားဖြင့်ကား။ ဣမသ္မိံဉာဏေ၊ ဤဝိပဿနာ ဉာဏ်ပညာအရာ၌။ အနိစ္စ လက္ခဏ ဒဿနမေဝ၊ အနိစ္စ လက္ခဏာကို မြင်ခြင်းသည်သာလျှင်။ ပဓာနံ၊ လိုရင်းဖြစ်သော ပဓာန သဘောသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုအနိစ္စလက္ခဏာကို။ ဒိဋ္ဌေ ယေဝ၊ မြင်အပ်သော်သာလျှင်။ ဣတရာနိ၊ ဤမှ တပါးသောလက္ခဏာ တို့ကို။ ကာမံ၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

လက္ခဏာရေး သုံးပါးစလုံးမြင်မှ မဂ်ဖိုလ် ကို ရနိုင်ကြောင်းဓမ္မသင်္ဂဏီ အဋ္ဌကထာ၌—

"ယော ပန အနိစ္စံ ဒုက္ခံ အနတ္တာ တိ တိလက္ခဏာနိ သလ္လ- က္ခေတိ၊ တဿ ပဉ္စက္ခန္ဓာ ကဏ္ဍေ ဗန္ဓကုဏပံ ဝိယ ဟောန္တိ၊ သင်္ခါရာရမ္မဏမေဝ ဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ"

ဟူ၍ လာရှိ၏။

အနက်မှာ— ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ ဤသို့။ တိလက္ခဏာနိ၊ လက္ခဏာ

ရေး သုံးပါးစလုံးတို့ကို။ သလ္လက္ခေတိ၊ မှတ်ထင်၏။ တသာ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ပဋ္ဌက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ် တရား တို့သည်။ ကဏ္ဍေ၊ လည်ပင်း၌။ ဗဒ္ဓ ကုဏပံဝိယ၊ ဖွဲ့ချည် အပ်သော အကောင်ပုပ် ကဲ့သို့။ ဟောန္တိ၊ ထင်ရှားကုန်၏။ သင်္ခါရာ ရမ္မဏမေဝ၊ သင်္ခါရတရား သာလျှင် အာရုံရှိသည်ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ သင်္ခါရတော၊ တောဘူမက သင်္ခါရမှ။ ဝုဋ္ဌာတိ၊ ထ၏။ ဤကား ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ ခေါ် တီရဏပရိညာခေါ် ဥဒယဗ္ဗယ ဉာဏ်မြင်ဆိုတဲ့ လက္ခဏာရေး သုံးပါး တပြိုင်နက် မြင်ခြင်းကို ဆိုလိုသည်။

လက္ခဏာရေး သုံးပါးတွင် တပါးမြင်လျှင် ကြွင်း နှစ်ပါးလည်း တပါတည်း မြင်တော့တာပဲဟု အင်္ဂုတ္တရ အဋ္ဌကထာ၌ ဖော်ပြသည်မှာ—

> ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရ ဒွယံ ဒိဋ္ဌမေဝ ဟောတိ၊ တေန ဝုတ္တံ "အနိစ္စ သညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ"တိ။

အနက်မှာ—ဧတေသု တီသု လက္ခဏေသု၊ ဤသုံးပါးသော လက္ခဏာ တို့တွင်။ ဧကသ္မိံ၊ တပါးကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ ဣတရဒွယံ၊ အကြွင်းနှစ်ပါးကိုလည်း။ ဒိဋ္ဌမေဝ၊ အလိုလိုထင်မြင်ပြီး ဖြစ်လေတော့ သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အနိစ္စသညိနော မေဃိယ အနတ္တ သညာ သဏ္ဌာတိတိ၊ သဏ္ဌာတိဟူ၍။ ဝုတ္တံ၊ ဟော တော်မူအပ်၏။

လက္ခဏာရေးသုံးပါးတွင် တပါးကိုတော့ မြင်ပါပြီ၊ သုံးပါးစလုံး တော့ ကြာလျှင် မြင်လာအောင် ရှုတုန်းပါပဲဆိုလျှင် ထိုမြင်သောတပါး သည် လက္ခဏာရေး အစစ်မဟုတ်ဘူးဟု မှတ်။ ပရမတ်စစ်လျှင် တပါး မြင်က ၃-ပါးစလုံးမြင်ပြီး ဖြစ်ရတော့၏။ ဟုတ်တာပေါ့။ သုံးပါးစလုံး ဖြင်ပျက်ချည်းပဲကို။ ဒါကြောင့်မို့လို့ အနိစ္စက ဗိမှာ၊ ဒုက္ခက ဟိုမှာ၊ အနတ္တကတခြားမှာဟု ဆိုရသော တရားမျိုးမဟုတ်။ တရားကိုယ်မှာ တခု တည်း၊ လက္ခဏာသာ ကွဲသည်ဟု မှတ်ပါ။

ပရမတ်လက္ခဏာရေးဆိုတာ တခါမြင်ဖူးလျှင် စကားပြောယင်းဆိုယင်း နေယင်း ထိုင်ယင်း မြင်လို့ရတာမျိုး ဖြစ်ပါသည်။ မမြင်ဖူးသေးလျှင်မူကား မြင်းမိုရ်တောင်ကြီး ခြားသလောက် ဝေးပါသည်။ မြင်တော့လဲ အနိစ္စဆိုလဲ ဒုက္ခပါပဲ။ ဒုက္ခဆိုလဲ အနတ္တပါပဲ။ အနတ္တဆိုလဲ ဒီအနိစ္စဒုက္ခပါပဲ။ သို့ရာတွင် အနိစ္စက ပို၍ ထင်ရှားလာတဲ့အခါ ထင်ရှားတယ်၊ အနတ္တက ပို၍ ထင်ရှားလာတဲ့အခါ ထင်ရှားတယ်။ ဒါကြောင့်မို့လို့ လက္ခဏာရေး တပါးတည်းနှင့် နိဗ္ဗာန် မရောက်ဘူး။ သုံးပါးစလုံး ထင်ရှားပြီးမှ ရောက်သည်ဟု မေဃသင်္ဂဏီ အဋ္ဌကထာ၌—

> အာဒိတော အနိစ္စတော အဘိနိဝိသိတွာ အနိစ္စတော သင်္ခါရေ ပဿတိ၊ ယသ္မာ ပန အနိစ္စတော ဒိဋ္ဌမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံ နာမ န ဟောတိ၊ ဒုက္ခတောပိ အနတ္တတောပိ ဒဋ္ဌဗ္ဗမေဝ ဝဋ္ဋတိ—

ဟူ၍ ပါရှိ၏။

အနက်မှာ—အာဒိတော၊ အစမှသာလျှင်။ အနိစ္စတော အနိစ္စအားဖြင့်။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍၊ အနိစ္စတော၊ အနိစ္စအားဖြင့်။ သင်္ခါရေ၊ သင်္ခါရ တရားတို့ကို။ ပဿတိ၊ ရှု၏။ ယသ္မာပန၊ အကြင့်ကြောင့်ကား။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒိဋ္ဌမတ္တေနေဝ၊ ရှုမြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်ဟု ဆိုအပ်သော ထခြင်းမည်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ ဒုက္ခတောပိ၊ ဒုက္ခအားဖြစ်လည်းကောင်း။ အနတ္တတောပိ၊ အနတ္တအားဖြင့်လည်းကောင်း။ ဒဋ္ဌဗ္ဗမေဝ၊ ရှုခြင်းငှာ သာလျှင်။ ဝဋ္ဋတိ၊ သင့်မြတ်တော့၏။

ဤကဲ့သို့ တပါးကို မြင်ရုံနှင့် မပြီးသေး။ ကျန်နှစ်ပါးကိုလည်း ရှုရဦးမည်ဟု ဆိုပေမယ့် တခြားမှာ သွားပြီးရှုရမှာ မဟုတ်ဘူး။ ဒီဖြစ်ပျက်ပဲ ထပ်ပြီးရှုရမှာပဲ။ ဒါကြောင့် အနိစ္စ တပါးမြင်လျှင် ကြွင်းနှစ်ပါးလည်း အလိုလိုမြင်တော့တာပဲဟု ဆိုခြင်းဖြစ်၏။ မမြဲတာမြင်တော့ ဆင်းရဲထင်၏။ မမြဲလို့ဆင်းရဲတော့ အစိုးမရတာကို အလိုလိုသိ၏။

ဝိင်းပြင် ဓမ္မသင်္ဂဏီအဋ္ဌကထာ ၁၅ ပင်။ ။ကောလက္ခဏာ ဒဿန မတ္တေနေဝ၊ ဟိ မဂ္ဂဝုဋ္ဌာနံနာမ န ဟောတိ–

ဟူ၍ လာရှိ၏။

**အနက်မှာ။** ။ဟိ သစ္စံ၊ မှန်၏။ ကောလက္ခဏာ ဒဿန မတ္တေနေဝ၊ တပါးတည်းသော လက္ခဏာရေးကို မြင်ကာမျှဖြင့် သာလျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်ဟုဆိုအပ်သော ထခြင်းမည်သည်။ န ဟောတိ၊ မဖြစ်။

ထို့ကြောင့်–အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာယာဉ် သုံးပါးစလုံးကို ထင်မြင်မှသာလျှင် မဂ္ဂဝုဋ္ဌာန ဖြစ်နိုင်၏ဟု အသေအချာ မှတ်ရမည်။ သို့သော်လည်း အထူးကြောင့်ကြစိုက်ရဘော့သည်မဟုတ်၊ တပါးကို ထင်မြင်လျှင် ပွားများနေယင်းကြွင်း (၂)နှစ်ပါးသည်လည်း လွယ်ကူစွာ ထင်မြင်လာတော့သတည်း။ ရှင်းပြပါ ဦးအံ့။ ဖြစ်မှုပျက်မှုကိုစွဲ၍ အနိစ္စ,ဒုက္ခ,အနတ္တ,ဟူသော အမည်သုံးမျိုး ထွက်ပေါ်လာရသေသည်။ ထိုအမည်သုံးမျိုးသည်လည်း ယောဂီပုဂ္ဂိုလ်၏ အာဘောဂနှလုံးသွင်းဖြစ်ရမည်အားလျော်စွာ မြတ်စွာဘုရား ဟောတော်မူအားသော အမည်များ ဖြစ်၏။ ဖြစ်ပျက်ကို ရှုနေသော ယောဂီပုဂ္ဂိုလ်သည် ရှုနေယင်းပင် ရုံခါ၊ အနိစ္စ၊ မမြဲသောတရားပါကလားဟု အာရုံပြု သဘောပေါက်၏။ ရုံခါ ဤသို့ ဖြစ်ပျက်နေရခြင်းသည် ဆင်းရဲ၏ဟု အာရုံပြု သဘောပေါက်၏။ ရုံခါ ဤသို့ ဖြစ်ပြီ ပျက်ပျက်နေရခြင်းသည် သူ့သဘောအတိုင်း သူဖြစ်၏။ မည်သူမျှ အစိုးမရ စေခိုင်းအမိန့်ပေး၍ မရဟု အာရုံပြု သဘောပေါက်မိ၏၊ ထို့ကြောင့် ဖြစ်မှုပျက်မှု သဘောအားဖြင့် တရားအမှုတူသော်လည်း အနိစ္စဟူ၍ သဘောပေါက် အာရုံပြုသောခဏ၌ ဒုက္ခဟူ၍ အာရုံမပြုနိုင်၊ ဒုက္ခဟူ၍ သဘောပေါက် အာရုံပြုသော အချိန်၌လည်း အနတ္တ,ဟူ၍အာရုံမပြုမိနိုင်။ အချိန်ကာလခြား၍ အသီးသီး သဘောပေါက်၏။တချိန်တည်း ပုဂ္ဂိုလ်၏အာဘောဂ နှလုံးသွင်း သုံးမျိုးမဖြစ်။ (သိ,ပယ်,ဆိုက်,ပွား)ဟူသော မဂ်ကိစ္စ လေးပါးတို့၌ကား ကိစ္စကိုသာ ဆိုသည်။ အာဘောဂနှလုံးသွင်းကို ဆိုသည်မဟုတ်။ (စဉ်းစားဆင်ခြင်ကြပါကုန်)။

အနိစ္စ, ဒုက္ခ, အနတ္တ, ဟူသော လက္ခဏာသုံးပါးကုန် သဘောပေါက် ယောဂီပုဂ္ဂိုလ်သည် မဂ္ဂဝုဋ္ဌာန ဖြစ်လုဆဲဆဲ ရှေ့အဖို့၌ အနိစ္စဟု နှလုံးသွင်းနေစဉ် မဂ်ကိုရအံ့၊ ထိုမဂ်ကို အနိမိတ္တမဂ်ဟု ခေါ်၏။ ဒုက္ခဟူ၍ နှလုံးသွင်းနေစဉ် ရသောမဂ်ကို အပ္ပဏိဟိတမဂ်ဟု ခေါ်၏။ အနတ္တဟူ၍ နှလုံးသွင်းနေစဉ် ရသောမဂ်ကို သုညတမဂ်ဟု ခေါ်၏။ တရားကိုယ်အားဖြင့် တူညီသော်လည်း ပုဂ္ဂိုလ်၏ ထင်ရှားစွဲမြဲသော အာသောဂကို လိုက်၍ မဂ်၏ အမည်သုံးပါး ဖြစ်ရလေသတည်း။

၁-သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂-သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၃-သဗ္ဗေ ဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁-အနက်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကြလေကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ ရှုမှတ်နိုင်သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ပျက် ဒုက္ခအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့၍ လာလေတော့၏။ ဧသ ဧသော၊ ဤသို့ ပျင်းမုန်း ငြီးငွေ့၍ လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ လွတ်ကင်းစင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းစင်စစ် ကေန်ပင်ဖြစ်လေတော့၏။

၂-အနက်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲ အတိသာ ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊အကြင်အခါ၌။ ပညာယ၊ဝိပဿနာဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ရှုမှတ်နိုင်သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ပျက် ဒုက္ခအပေါင်း

၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်း ငြီးငွေ့၍ လာလေတော့၏။ သေ ခသော၊ ဤသို့ ပျင်းမုန်း ငြီးငွေ့၍လာခြင်းသည်။ ဝိသုဇ္ဈိယာ၊ ကိလေသာ လွတ်ကင်း စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း စင်စစ် ကေန်ပင်ဖြစ်လေတော့၏။

**၃-အနက်။** သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ တရားအပေါင်းတို့သည်။ အနတ္တာ၊ အစိုးမရကြလေကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ရှုမှတ်နိုင်သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ပျက် ဒုက္ခအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်း ငြီးငွေ့၍ လာလေတော့၏။ ဧသ ဧသော၊ ဤသို့ ပျင်းမုန်း ငြီးငွေ့၍ လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ လွတ်ကင်း စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းစင်စစ် ကေန်ပင်ဖြစ်လေတော့၏။

ဤပါဠိ သုံးပုဒ်အရ လက္ခဏာရေးသုံးပါးကို မြင်ပြီဆိုမှဖြင့် တရက်နှစ် ရက် ဖို့၍ အားထုတ်လိုက်။ အားထုတ်မိသျှင် အလုံးစုံသော အရာတို့ကို မလိုချင် မနှစ်သက် မခင်တွယ် မစိုးရိမ်ပဲ ပျင်းမုန်းငြီးငွေ့၍ နေတော့၏။ တချို့မှာ လခစားမို့လို့ အခွင့်ရက် စေ့နေတာတောင် အလုပ်ပြုတ်ချင် ပြုတ်ပေစေဆိုပြီး တရားကို ဆက်လက်အားထုတ်နေကြသေး၏။ ဤကဲ့သို့ အခြေမျိုးကျလာလျှင် ပုဂ္ဂိုလ်တိုင်းပင် ဤကဲ့သို့စိတ်မျိုး ဖြစ်ပေါ်လာတတ်သည်ကားထင်ရှား၏။ ရှေ့အစွန်း နောက်အစွန်းစဉ်းစားပြီးမှသာ ခေတ်ကြပ်ကြီးမို့လို့ အယောက်ကောင်းတာနှင့် တအိမ်သားလုံး ဒုက္ခရောယ်ဖွယ်ရာကို မြင်လို့ စိတ်ကိုလျှော့ပြီး ပရိယေသန ကိစ္စကို ဆက်လက် လုပ်ကိုင်နေကြရတာသာ များပါသည်။ သို့ရာတွင် ကမ္မဋ္ဌာန်းကို ချထားပါက ဤငြီးငွေ့တာမျိုးလဲ ပျောက်ပျက် သွားတတ် ပါသည်။ (ဓမ္မတာပင်)

ရင်းပြင် ရုပ်နာမ်တို့သည် ဇိဇိ ဇိဇိ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ချုပ်ပျက်နေကြတာကို ကြားရသည် ဆိုရာ၌ အထူးဝီရိယ စိုက်၍ အားထုတ်

ဖူးသော သူများမှာ ကိုယ်တိုင် သိပြီးဖြစ်ကြပေလိမ့်မည်။ ပေါ့ ဆဆ အားထုတ်ထားသော သူများနှင့် အားမထုတ်ရသေးသော သူများ အတွက် ထင်ရှားစေဦးအံ့။ ရုပ်နာမ်တို့၏ ဖြစ်ပျက်ရာတွင် ရုပ်ကလာပ်တို့ သည် အချင်းချင်း ထိခတ်မိသည်ရှိသော် အသံဖြစ်မြဲ မေ့တာပင်ဖြစ်၏။ ထို့ကြောင့် ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီးက "ချစ်ချစ်ရဲရဲ ပူသောအိုးကင်းထည်း၌ ထည့်အပ်သော နှမ်းတို့ကဲ့သို့ ဖျစ်ဖျစ်ဟူသံ ဆူညံ ပျက်ပြား ဉာဏ်နားမှ ကြားရ ဉာဏ်မျက်စေ့တွင်မှ မြင်ရသော ပရမတ္ထ အမူအရာမျှ ကိရိယာ သဘာဝတို့ကိုသာ သခါရဟုဆိုသည် ဟူ၍ ရေး သားတော်မူပါသည်။

ဇင်းပြင် သေက္ခတောင်တောရ ဆရာတော်ဦးတိလောက၏ ပဏ္ဍိတ ဝေဒနီယ ကျမ်း၌လည်း"လတ်လတ်ဆတ်ဆတ်သစ်ရွက်စို ကလေးတွေကို ရဲရဲ ညိသော မီးကျီးထည်းသို့ ချလိုက်လျှင် ညှိုးနွမ်း တွန့်လိမ်လျက် ဆွေးမြေ့လျက် ပျက်ကွယ်၍သွားကြဘိသကဲ့သို့လည်းကောင်း၊ သစ်သစ် လပ်လပ် နှမ်းစေ့ကလေးတွေကို လောလော ပူလော အိုးကင်းထဲသို့ ထည့်လိုက်လျှင် ညှိုးနွမ်းဆွေးမြေ့လျက် ဖျစ်ဖျစ်မြည်လျက် ပျက်ကွယ်၍ သွားကြဘိသကဲ့သို့ လည်းကောင်း ထို့အတူ ရုပ်ကလာပ်ကလေးတွေ သည် ဖြစ်ပေါ်ပြီးလျှင် ဇရာမီးလောင်၍ ညှိုးနွမ်းတွန့်လိမ်လျက်၊ နာကျင် ဆွေးမြေ့လျက်၊ ဖျစ်ဖျစ်မြည်လျက် ပျက်ကွယ်၍ သွားကြကုန်၏။ ဤကဲ့ သို့သော အသံတွေကို ကြားရရုံမျှမက အမျိုးမျိုးသောအဟုန်မှဖြစ်သော ဖြုန်းပျက်လျက်နေသော အသံတို့ကိုလည်း ကြားရပါသေး၏။ သို့ရာတွင် လိုအပ်သည်ဟု မထင်၍ မရေးတော့ပါ။ သိလိုလျှင် အားထုတ်၍ကြည့် ကြပါကုန်။

ဤအရာကို အားမထုတ်လျှင် သက္ကာယ မပြုတ်။ သက္ကာယမပြုတ်က အပါယ်နှင့် အဟုတ် ဆက်သွယ်နေသည် ဖြစ်သောကြောင့် သက္ကာယ ပြုတ်အောင် အဆောတလျင်အားထုတ်အပ်ကြောင်း သံယုတ်ပါဠိတော်၌

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနေဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ—

ဟူ၍ ဟောတော်မူ၏။

**အနက်ကား**—သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက်သောလှံကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ ရေမျှ ရင်ဝစူးရှ၍ နေသော ယောကျ်ားကဲ့သို့ လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းတခုလုံး၌။ ဒယှမာနေဝ၊ မီးတောက်လောင်၍နေသော ယောကျ်ားကဲ့သို့လည်းကောင်း။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ဖြတ်ခြင်းငှာ။ ဘိက္ခု၊ သံသရာဘေး အပါယ်ဘေးကို မြော်တွေးမြင်သူ ရှင်လူရဟန်းသည်။ သတော၊ မမေ့မလျော့ မပေါ့ဆပဲ မြဲသောသတိရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဝိပဿနာအလုပ်ကို ကြိုးကြိုးကုတ်ကုတ် နောက်မဆုတ်ပဲ အားထုတ်ရာသတည်း။

ဤကဲ့သို့ ကြိုးစားအားထုတ်မှ သစ္စာလေးပါး မြတ်တရားကို မြင်မည်။ တရားကိုမြင်မှလည်း ဘုရားကိုမြင်ရာ ကျမည်ဟု ဣတိဝုတ်ပါဠိတော်၌—

ဓမ္မံ၊ တရားတော်မြတ်ကို။ အပဿန္တော၊ မမြင်သောသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မြင်သည်မမည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပဿန္တော၊ မြင်သောသူသည်သာလျှင်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်သည်မည်၏။

ဤတရားကိုအားထုတ်လျှင် ၇-ရက်အတွင်း ရဟန္တာ ဖြစ်နိုင်၏ဟု မူလပဏ္ဏာသ သတိပဋ္ဌာနသုတ် ပါဠိတော်၌—

ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိ ကောစိ၊ ရဟန်းရှင်လူ အကြင်သူသည်။ သတ္တာဟံ၊ ၇-ရက်တိုပတိုလုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်တရား ၄-ပါးတို့ကို။ ဧဝံ၊ ဤသို့ ငါဘုရားဟောတော်မူတိုင်း။ ဘာဝေယျ၊ နေ့ညမနား ပွားများအားထုတ်အံ့။ တဿ၊ ထိုသူ

အား၊ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်သောဘဝ၌ပင်။ အညာဝ ါ၊ အရဟတ္တဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ သဥပါဒိသေသေ၊ ခန္ဓာကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝ ါ၊ အနာဂါမိဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ ဖလာနံ၊ ဖိုလ်နှစ်ပါးတို့တွင်။ အညတရံ ဖလံ၊ ဖိုလ်တပါးပါးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

ဤကဲ့သို့ ၇-ရက်အတွင်း အနာဂါမ် ရဟန္တာဖြစ်နိုင်တယ် ဆိုလျှင် ဥဒယဗ္ဗယ အစစ်ကိုမြင်တဲ့ ဝိပဿနာပန် လောက်တော့ လွယ်လွယ်ကလေးပင်ဟု ကေန်မုချ ယုံကြည်သင့်ပါသည်။ ပါရမီကောင်းလျှင် တမဂ် တဖိုလ်လောက်တော့ ၇-ရက်အတွင်းမှာပင် ယခုအခါ ပေါက်ရောက်နိုင်သည်ဟူ၍ ဟောရာ ရောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဘုရားဟောနှင့် ကိုယ်တွေ့ကိုက် မကိုက် မှန်မမှန် စမ်းသပ်ကြည့်တော် မူကြပါကုန်။

စမ်းကြည့်ဆိုသော်လည်း တချို့က စာမတတ်လျှင် မဖြစ်နိုင်ဘူးထင်တတ်ကြပါသည်။ မမှန်ပါ။ ဓမ္မဒပါဠိတော်၌ ဟောတော်မူပါသည်။

အပ္ပံပိ စေ သံဟိတဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။

ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။

အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတိ။

အနက်မှာ။ ။ယောနရော၊ ရဟန်းရှင်လူ အကြင်သူသည်။ အပ္ပံ သံဟိတ ဘာသမာနောပိ၊ ဘုရား တရားတော်မြတ် ပိဋကတ်ကို အနည်းငယ်သာသင်ကြားပို့ချပြသပြောဟောငြားသော်လည်း။ ဓမ္မဿ၊ မဂ်ဖိုလ်နိဗ္ဗာန် ဆိုက်ရောက်နိုင်ရန် လမ်းမှန်သော တရားကို။ အနုဓမ္မစာရီ၊

လျှော်ညီစွာလှ သမထ ဝိပဿနာကို ကျင့်လေ့ရှိသည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ သော နရော၊ ထိုရဟန်းရှင်လူ ဤသည့်သူသည်။ ရာဂဉ္စ၊ ရာဂတရားကိုလည်းကောင်း။ ဒေါသဉ္စ၊ ဒေါသတရားကိုလည်း ကောင်း။ မောဟဉ္စ၊ မောဟ တရားကို လည်းကောင်း။ ပဟာယ၊ တဒင်္ဂ ဝိက္ခမ် သမုစ္ဆေဒ ပဟာန်ဖြင့် လေးတန်ဝီရိယ သက္ကာယဒိဋ္ဌိအမြစ် မိအောင် တိတိပယ်ဖြတ်၍။ သမ္မပ္ပဇာနော၊ အနိစ္စ ဒုက္ခ အနတ္တကို လှလှကြီး မြင်သည်ဖြစ်၍။ သုဝိမုတ္တစိတ္တော၊ တဒင်္ဂ ဝိက္ခမ် သမုစ္ဆေဒ ဝိမုတ္တိဖြင့် အမှန်ကောင်းစွာ လွတ်လိုပါဘိ စိတ်ကောင်းရှိသည်ဖြစ်၍။ ဣဓဝါ၊ ဤပစ္စုပ္ပန်ဘဝ အဇ္ဈတ္တခန္ဓာ ခေတ် အာယတန တို့၌ လည်းကောင်း။ ဟုရံ ဝါ၊ နောက်တမလွန်ဘဝ ဗဟိဒ္ဓခန္ဓာ ခေတ် အာယတန တို့၌လည်းကောင်း။ အနုပါဒိယာနော၊ ဒိဋ္ဌိတဏှာဖြင့် ပြင်းစွာစွဲလမ်း ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ သော နရော၊ ထိုသို့ဆိုပြီး ဉဿုံ လုံးစုံဖြစ်သူ ရဟန်းရှင်လူသည်။ သာမညဿ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန် အထူး ရဟန်းကျေးဇူး၏။ ဘာဂ ဝါ၊ လက်ကိုင် လက်မိ အဖို့ အပုံရှိ သည်။ ဟောတိ၊ ဖြစ်၏။ ဤ ဒေသနာတော်အရ စာ မတတ်ပေမယ့် အားမလျော့အပ်ပါ။ တရားအားထုတ်ရာ၌လည်း စာမတတ်သူက သာ ပြီး ထင်လွယ်မြင်လွယ်ပါသည်။

ဘုရားမရှိသောအခါမို့လို့ တရား အားထုတ်လို့မရဘူး ထင်တတ် သော သူများအတွက် သုတ်မဟာဝါ ပါဠိတော်ကို ရေးပြပါအံ့။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိ သံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

**အနက်မှာ**။ ။ယော၊ အကြင် သူသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤ သုတ် အဘိဓမ္မာ ဝိနည်း၌။ အပ္ပမတ္တော၊ မမေ့မလျော့ မပေါ့မစား ဝိပဿနာတရားကို အားထုတ်သည်ဖြစ်၍။ ဝိဟဿတိ၊ ပါသော အဆီ အသား သိက္ခာသုံးပါးကို ငါဘုရား ငြိမ်းနိဗ္ဗာန်ပြုသော်လည်း ကျင့်သုံး ဆောက်တည်၍ နေလတ္တံ့။ သော၊ ထိုသူသည်။ ဇာတိ သံသာရံ၊ ပဋိ

သန္တေ စွဲနေရစွာ သံသရာကြီးကို။ ပဟာယ၊ တံတွေးပေါက်သို့မဆောက်မညာ ပယ်စွန့်ခဲ့၍။ ဒုက္ခဿန္တံ၊ ဒုက္ခပြတ်ကိန်း ဆိပ်ငြိမ်းခြင်းသို့။ ကရိဿတိ၊ ပြုရရောက်ရလတ္တံ့။

ဘယ်အခါမဆို တရားမှန်ကိုကျင့်က ရဟန္တာဖြစ်နိုင်ကြောင်း သုဘ်မဟာဝါ ပါဠိတော်၌ ဟောတော်မူသည်မှာ—

"ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။"

အနက်မှာ။ ။သုဘဒ္ဒ၊ ချစ်သားသုဘဒ္ဒ။ ဣမေ ဘိက္ခူ၊ ဤငါဘုရား၏ သာသနာတော်ထမ်း ရှင်ရဟန်းတို့သည်။ သမ္မာ၊ ဖြောင့်မှန်စွာ။ ဝိဟရေယျုံ၊ သမထ ဝိပဿနာကို ကျင့်သုံး ဆောက်တည်၍ နေဘုန်အံ့။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မသုဉ်းမဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

တို့ကြောင့် ကြိုးစား၍ အားထုတ်နိုင်ကြ
ပါစေ ကုန်သတည်း။

မြတ်သောအကျင့်ကို ကျင့်ရာ၌ ဤ ဇမ္ဗူဒိပ် ကျွန်းသား တို့သည် မြောက်ကျွန်းသားတို့ထက် လည်းကောင်း၊ တာဝတိံသာနတ်တို့ထက် လည်းကောင်း သာကြောင်းကို နဝကင်္ဂုတ္တရပါဠိတော်၌ တီဟိ။ပ။ဝါ သော။

ဤဇမ္ဗူဒိပ်ကျွန်း၌ တိဟိတ်ပေါ်ကြောင်း အင်္ဂုတ္တရ နိကာယ် နဝကနိပါတ်ပါဠိတော်၌ ဟောတော်မူပုံမှာ—

"တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒိပိကာ မနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေစ တာဝတိံသေ၊ ကတမေဟိ တီဟိ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသော"

အနက်မှာ— ဘိက္ခဝေ၊ ရဟန်းတို့။ တီဟိ၊ သုံးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဇမ္ဗုဒီပိကာ၊ တောင်ကျွန်း၌ ဖြစ်ကုန်သော။ မနုဿာ၊ လူတို့သည်။ ဥတ္တရကုရုကေ၊ မြောက်ကျွန်း၌ ဖြစ်ကုန်သော။ မနုဿေ စ၊ လူတို့ကိုလည်းကောင်း။ တာဝတိံသေ၊ တာဝတိံသာ၌ ဖြစ်ကုန်သော။ ဒေဝေ စ၊ နတ်တို့ကိုလည်းကောင်း။ အဓိဂ္ဂဏှန္တိ၊ လွှမ်းမိုးကဲလွန်ကြကုန်၏။ ကတမေဟိ တီဟိ၊ အဘယ်သုံးပါးတို့ဖြင့်။ အဓိဂ္ဂဏှန္တိ၊ လွှမ်းမိုးကဲလွန်ကြကုန်သနည်း ဟူမူ။ သူရာ၊ တိဟိတ် ပဋိသန္ဓေနေကြောင်း ပညာအားဖြင့် ရဲရင့်ခြင်းလည်းကောင်း။ သတိမန္တော၊ တိဟိတ်ပဋိသန္ ပညာခံကြောင့် မြဲမြံသော သတိရှိခြင်းလည်းကောင်း။ ဣဓ၊ ဤတောင်ကျွန်း၌။ ဗြဟ္မစရိယဝါသော၊ မြတ်သောအကျင့်သီလ သုံးရခြင်း လည်းကောင်း။ ဣတိ၊ ဤအကြောင်းသုံးပါးတို့ဖြင့်။ အဓိဂ္ဂဏှန္တိ၊ လွှမ်းမိုးကဲလွန်ကြကုန်၏ ဟူ၍ ဟောတော်မူ၏။

ဤပါဠိကိုထောက်သဖြင့် တိဟိတ်ပေါကြောင်း ထင်ရှားပါပြီ။ မိမိကိုယ်ကို မိမိ တိဟိတ်မဟုတ်ဘူး မရနိုင်ဘူးဟု မထင်ကြပါနှင့်။ ဒါကြောင့် မို့လို့—

"တိဟိတ် ဒွိဟိတ်၊ ဝိစိကိစ်၊ ချိတ်၍ထားပါဘိ။
ကိုယ်ဟိုင်သိရန်၊ ကိုယ်တိုင်ကြံ၊ သည်းခံကြိုးစားကြည့်။
ပဋိဘာဂါ၊ သမထာ၊ ထင်လာတိဟိတ်သိ။
ဥဒယဗ္ဗယာ၊ ဝိပဿနာ၊ ထင်လာတိဟိတ်သိ"ဟူ၍ စပ်ဆိုပါသည်။

တိဟိတ် ဟုတ် မဟုတ် အလကားနေယင်း ရမ်းပြီးထင်၍ မနေကြပါနှင့်။ မှတ်တင်၍ စမ်းကြည့်ကြပါ။ တိဟိတ်မှန်လျှင် နည်းမှန် လမ်းမှန် သမထကို အားထုတ်က ပဋိဘာဂ နိမိတ်ကို တွေ့တတ်ပါသည်။ ဝိပဿနာ၌မူကား ဥဒယဗ္ဗယကို သိရတတ်ပါသည်။ ဤကဲ့သို့ ဆရာကောင်းထံ ကျနစွာ စမ်းသပ်ကြည့်လို့ မရတော့မှ ကိုယ်ထင်ချင်တာ ထင်သင့်ကြပါသည်။

သို့ဖြစ်၍ ယခုဘဝ မဂ်ဖိုလ်ရနိုင်သော အင်္ဂါငါးပါးကိုလည်း မှတ်သားရန် ရေးပြပါအံ့။

"သဒ္ဓေါ ဟောတိ အပ္ပါဗာဓော အမာယာဝီ ဝီရိယော ပညဝါ ဟောတိ ဣမေပဉ္စ ပဓာနိယင်္ဂနာမကာ၊ ယေဟိ ဓမ္မေဟိ သမန္နာဂတာနံ ပဓာနံ ပတိသမ္ဘဇ္ဇတိ"(မဇ္ဈိမပဏ္ဏာသပါဠိတော်)

အနက်မှာ— သဒ္ဓေါ၊ ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပါဗာဓော၊ ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်း အနာကင်းသည်။ ဟောတိ၊ ဖြစ်၏။ အမာယာဝီ၊ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝီရိယော၊ ဝီရိယထက်သန်သည်။ ဟောတိ၊ ဖြစ်၏။ ပညဝါ၊ နာမ်ရုပ်နှစ်တန် ဖြစ်ပျက်ဟန် ဥဒယဗ္ဗယဉာဏ်ကို အမှန်သိသည်။ ဟောတိ၊ ဖြစ်၏။ ဣမေပဉ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂနာမကာ၊ ပဓာနိယင်္ဂမည်ကုန်၏။ ယေဟိ ဓမ္မေဟိ၊ အကြင်တရားတို့နှင့်။ သမန္နာဂတာနံ၊ ပြည့်စုံကုန်သောသူတို့အား။ ပဓာနံ၊ ပဓာန ဖြစ်သော ကမ္မဋ္ဌာန်းအလုပ်တည်း။ ပတိသမ္ဘဇ္ဇတိ၊ ပြည့်စုံ၏။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံလျှင် မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ယခုဘဝ၌ပင် ရအောင်အားထုတ်နိုင်ပါပြီ။ ဤအင်္ဂါငါးပါး တွင်လည်း ဥဒယဗ္ဗဂါမိနိယ ပညာသည်သာလျှင် အခက်ဆုံး ဖြစ်ပါသည်။ ဤ ကျမ်းကလည်း ဥဒယဗ္ဗ ဂါမိနိယပညာကို လွယ်ကူစွာ သိနားလည်အောင်ကို ရှေးဦးစွာ အဓိကထား၍ ပြသောကျမ်း ဖြစ်ပါသည်။

ဤပဓာနိယင်္ဂ အင်္ဂါငါးပါးကို မှတ်မိလွယ်စေရန် သီးခြားထုတ်နုတ်၍ ပြရန် သင့်လျော်မည် ထင်သောကြောင့် အောက်တွင် ရေးသားပြပါအံ့။

၁— သဒ္ဓေါ၊ ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။

၂— အပ္ပါဗာဓော၊ ကျန်းမာခြင်း။

၃— အမာယာဝီ၊ နှလုံးဖြောင့်စင်း မာယာကင်းခြင်း။

၄— ဝီရိယ၊ ထက်သော ဝီရိယရှိခြင်း။

၅— ပညာ၊ ဥဒယဗ္ဗယ ဉာဏ်ကို အတထ်သိခြင်း။

ဤ၎င်းပြင် ဤနေရာ၌ မဂ်ဖိုလ်ကို တားမြစ်တတ်သော အန္တရာယ်ငါးပါးကိုပါ သိစေအပ်သည်ဖြစ်၍ ရေးပြပါအံ့။

မဂ်၏ အန္တရာယ်ငါးပါး

၁— ကမ္မန္တရာယ်=ပဉ္စာနန္တရိယ ကံကြီးထိုက်ခြင်း။

၂— ကိလေသန္တရာယ်=မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း။

၃— ဝိပါကန္တရာယ်=ဒွိဟိတ် အဟိတ်ဖြစ်ခြင်း။

၄— အရိယူပဝါဒန္တရာယ်=အရိယာ ပုဂ္ဂိုလ်ကို ပြစ်မှားခြင်း။

၅— အာဏာဝိတိက္ကမန္တရာယ်=အာဏာတော်ကို လွန်ကျူးခြင်း။

ဤငါးပါးတွင် တပါးပါးနှင့် ငြိ၍နေလျှင် မဂ်ဖိုလ် နိဗ္ဗာန်သုံးတန်သော ချမ်းသာကို မရနိုင်ပါ။

လယ်တီဆရာတော်ဘုရားကြီး သည် ဝိပဿနာနှင့် ဆိုင်ရာအမျိုးမျိုးသော ကျမ်းတို့၌ ဝိပဿနာတရားအားထုတ်ပုံ ထင်ပုံ မြင်ပုံတို့ကို ရေးထားသည် ဖြစ်သော်လည်း နားမလည်သော သူသာ များလှသည် ဖြစ်သောကြောင့် ဤကျမ်း၌ လူတိုင်း နားလည်လွယ်အောင် ကိုယ်ချင်းစာ၍ ယခုလောက လူပြိန်းသက်သက်များကိုပင် နားလည်စေချင်၍ မိမိရွာတွင် ရှိနေသော ယောဂီများကို ပြောနေဘိသကဲ့သို့သော စကားမျိုးဖြင့်သာ လျှင် များစွာရေးရခြင်း ဖြစ်ပါသည်။

ရွှေဥဒေါင်းတောင် ကမ္မဋ္ဌာန်း ဆရာတော်ဘုရားကြီးထံ မဂ်ဖိုလ်အကြောင်း ဤကျမ်းပြုသူ၏ ပဌမဆရာက လျှောက်ထား၍ ကိုယ်တော်ကြီးက ကိုယ်တော်တိုင် အားထုတ်၍ သိရသောတရားတို့ကို သနားသဖြင့် ဝိနည်းလွတ်အောင် ကြံဆောင်ချီးမြှင့်တော် မူသည်ကို ဗဟုသုတ အလို့ငှာ ရေးပြပါအံ့။

## မူရင်းအတိုင်း

ရွှေဥဒေါင်းတောင် တောရဘုန်းကြီး၊ ၁၂၈၈-ခု၊ သီတင်းကျွတ် လဆန်း ၇-ရက်နေ့။

"တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ" ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတီ"တိ၊ ဧဝမ္ဟိ တေ ဗာဟိယ သိက္ခိတဗ္ဗံ။ ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ ဗာဟိယ န တေန ယတော တွံ ဗာဟိယ န တေန၊ တတော တွံ ဗာဟိယ န တတ္ထ၊ ယတော တွံ ဗာဟိယ န တတ္ထ၊ တတော တွံ ဗာဟိယ နေဝိဓ န ဟုရံ န ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿာတိ။

(ဥဒါနပါ-၈၅)

ထိုသို့ဖြစ်လျှင် ဗာဟိယ၊ သင်သည် ဤသို့ကျင့်အပ်၏။ "မြင်ရာ၌ မြင်ကာမျှ ဖြစ်လတ္တံ့၊ ကြားရာ၌ ကြားကာမျှ ဖြစ်လတ္တံ့၊ တွေ့ရာ၌ တွေ့ကာမျှဖြစ်လတ္တံ့၊ သိရာ၌ သိကာမျှ ဖြစ်လတ္တံ့"ဟု ဤသို့ သင်သည် ကျင့်အပ်၏။ ဗာဟိယ၊ အကြင်အခါ၌ သင်သည် မြင်ရာ၌ မြင်ကာမျှ ဖြစ်လတ္တံ့၊ ကြားရာ၌ ကြားကာမျှဖြစ်လတ္တံ့၊ တွေ့ရာ၌ တွေ့ကာမျှ ဖြစ်လတ္တံ့၊ သိရာ၌ သိကာမျှ ဖြစ်လတ္တံ့၊ ဗာဟိယ၊ ထိုအခါ သင်သည် ထိုရာဂစသည်နှင့် တကွ မဖြစ်လတ္တံ့၊ ဗာဟိယ၊ အကြင်အခါ သင်သည် ထိုရာဂစသည်နှင့်တကွမဖြစ်လတ္တံ့၊ ဗာဟိယ၊ ထိုအခါ သင်သည် ထိုရူပါရုံစသည်၌(နှစ်သက်မှု ပြစ်မှားမှု တွေဝေမှု) မဖြစ်လတ္တံ့၊ ဗာဟိယ၊ အကြင်အခါ သင်သည် ထိုရူပါရုံစသည်၌ (နှစ်သက်မှု ပြစ်မှားမှု တွေဝေမှု)မဖြစ်လတ္တံ့၊ ဗာဟိယ၊ ထိုအခါ သင်သည် ဤမျက်မှောက် ဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း၊ နှစ်ပါးစုံဘဝ၌ လည်းကောင်း၊ မဖြစ်လတ္တံ့၊ ဤသည်ပင်လျှင် ဆင်းရဲ၏ အဆုံးတည်းဟု (ဟောတော်မူ၏။)"

အဝိပ္ပာယ်ကား–မြင်သည် ကြားသည် နံသည် လျက်သည် ထိသည် အကြံကိုသိသည်ရှိသော်“ငါမြင်ငါကြား ငါနံ ငါစား ငါထိ ငါကြံ ငါတွေးသည်”ဟု သက္ကာယ အတ္တဒိဋ္ဌိ ပညတ်အာရုံ ပညတ်အသိ အနေအားဖြင့် မထင်မသိ အာရုံမပြုမူ၍ ဝိပဿနာ၏ အာရုံ ဝိပဿနာဉာဏ်၏ သိခြင်း၊ဝိပဿနာဉာဏ်၏ထင်မြဲသိမြဲဓမ္မတာသဘောဖြစ်သောပရမတ် ဆတ်ဆတ်ဖြစ်သော ထင်ရှားဖြစ်ပေါ်လာသော မြင်သော ဝိညာဏ်စိတ် အဆင်းရူပါရုံမျှ အာရုံပြုရသည်။ မြင်သောစိတ်သည် ပုဂ္ဂိုလ်သတ္တဝါ ငါ မဟုတ်။ ပရမတ်ဆတ်ဆတ်ဖြစ်သောစိတ်သာမြင်သည်။ မြင်တတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင်မရှိ။ မြင်သော ရူပါရုံအဆင်း ဝဏ္ဏရုပ် ပရမတ်သည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ အဆင်းရုပ် ပရမတ်ကိုသာ မြင်၏။ ပုဂ္ဂိုလ်သတ္တဝါကို မမြင်ကောင်း ထို့အတူ ဒွါရ ၆-ပါး အာရုံ ၆-ပါးသိလေ။

“ပုဂ္ဂိုလ်သတ္တဝါမြင်၏၊ လူကိုမြင်၏၊ လူသံ ငှက်သံ ကြား၏။ ငါစား၏။ ငါနံ၏၊ ငါသွား၏၊ ငါကြံ၏၊ ငါတွေး၏”ဟု အသိအမြင်မျိုးသည် သဏ္ဌာနပညတ် အာရုံမျိုးဖြစ်၏။ သဏ္ဌာန ပညတ် အာရုံ မလွတ်သေး။ သဏ္ဌာန ပညတ် အာရုံမျိုး အသိ အထင်များနေလျှင် ပရမတ်ဆတ်ဆတ်ဖြစ်သော နာမ်ရုပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း သန္တတိ အစဉ် ဥပါဒ်စွန်း ဘင်စွန်းကို ကောင်းမွန် သန့်ရှင်းစွာ ဝိပဿနာ ဉာဏ်အမြင် မထင်နိုင်ချေ။

သို့ဖြစ်၍ ဝိပဿနာဉာဏ် ၁၀–ပါးတို့၏ အာရုံပြုရာ ထင်ရာ သိရာ ဓမ္မသဘောဖြစ်သော မြင်ဆဲခဏ၌ အသစ်ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ဖြစ်သောစိတ်၏ ဥပါဒ်စွန်း ဘင်စွန်း၊ အဆင်းရုပ်၏ ချုပ်ပျက်ခြင်း ကြားဆဲခဏ၌ ဖြစ်ပေါ်လာသော ပစ္စုပ္ပန်စိတ်၏ ဖြစ်ပေါ်စ ဥပါဒ်စွန်း ပျက်ချုပ်သောဘင်စွန်း သဒ္ဒရုပ်အသံ၏ဖြစ်ခြင်း ချုပ်ခြင်းနံဆဲခဏ စားဆဲခဏ ထိဆဲခဏ၌ အသစ်အသစ်ဖြစ်ပေါ်လာသော နာမ်ရုပ်တို့ကိုလည်း ထို့အတူ ဝိညာဏ ဝိညာဏမတ္တေနဝါ ပါဠိတော်အရမှာ ကြံသော ရှေ့စိတ်၊ ကြံသည်ကို သိသော နောက်စိတ်၊ တွေးဆသော ရှေ့စိတ်၊

တွေးဆသည်ကိုသိသော နောက်စိတ်တို့၏ ခဏခဏ ဖြစ်ပေါ်၍ ခဏခဏ ချုပ်ပျက်၍နေသော ပဋ္ဌပွန် နာမ်စိတ် တရားတို့၏ ဥပါဒ်စွန်း ဘင်စွန်း ကို စိုက်၍ ရှုရာ၏။

ထိုသို့ သိရုံမျှ အတွေးအဆ အကြံအစည် မပါပဲ နေ့ရော ညဉ့်ပါ မနေမနား မီးပွတ်သောယောကျ်ားကဲ့သို့လည်းကောင်း၊ သံဘုံးကို အပ် ဖြစ်အောင် သွေးသော ယောကျ်ားကဲ့သို့လည်းကောင်း၊ မနေမနားထွက် လေ ဝင်လေတို့ တိုးထိရာ၌ စိုက်ထား၍ မှန်မှန်ရှုရာ၏။ ထိုသို့ ထွက်တိုင်း ဝင်တိုင်း သိရုံမျှ ရှုသည်ရှိသော် နှာသီးဝ၌ တိုးထိသော ဝါယောဓာတ် ရုပ်၊ ထိုရုပ်တို့၏ ထိသည်ကို ရှုသိသောစိတ်၊ ထို နာမ်ရုပ်တို့၏ နှစ်ပါးစုံ ကပိုင်းအခြားကို ရှေးဦးစွာ သိမြင်ထင်ရှား ထင်ရှား၍ နာမ်ရုပ် အစု မျှသာတည်းဟု ယောဂီပုဂ္ဂိုလ် ဉာဏ်ဝ၌ ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝ မရှိ ကင်းသုဉ်းဆိတ်၍ ရုပ်နာမ် သွားသည်၊ စားသည်၊ ရပ်သည်၊ အိပ် သည်၊ ထိုင်သည်ဟု အမြဲထင်မြင်လာလိမ့်မည်။

ထိုသို့ ရုပ်အစု နာမ်အစု ဣရိယာပုထ် ၄-ပါး၌ အမြဲပိုင်းခြား ထင် လာသောအခါ ဒိဋ္ဌိဝိသုဒ္ဓိ နာမရူပဉာဏ် တဘက်ကမ်းရောက်ပြီဟု မှတ် ရာ၏။ ထိုသို့ ပိုင်းခြား၍ နာမ်ရုပ်တို့ကို ရှုတိုင်း ရှုတိုင်း သီးသန့် ခြား နား၍ ဉာဏ်ဝ၌ အထင်အသိများသည်ရှိသော် ထိုနာမ်ရုပ် နှစ်ပါးတို့၏ ပစ္စုပ္ပန် ဖြစ်ဆဲ ပျက်ဆဲ ခဏဖြစ်ပေါ်လာတိုင်း ချုပ်တိုင်း မမှသဘော သန္တတိအစဉ် ဥပါဒ်စွန်း ဘင်စွန်းကို အမြဲရှုသော ဝိပဿနာ ဉာဏ်က အမှီအသိများလာ၏။ နေ့ရောညဉ့်ပါ အသိများသည်ရှိသော် ဥဒယဗ္ဗယ ဉာဏ်အစသို့ ရောက်၏။

ထိုဥဒယဗ္ဗယဉာဏ် အစ အလယ်သို့ ရောက်သည် ရှိသော် "ဒိပဇာ လာဝိယ နဒီသောတောဝိယ"ဟု ဟောတော်မူသော ပါဠိတော်နှင့် အညီ အဇ္ဈတ္တရုပ်နာမ်တို့၏ တသိမ့်သိမ့် တသဲသဲ တရွရွနှင့် သဲကမ်းပါး များ ပြိုနေသလို ဉာဏ်ဝ၌သိထင်၏။ ရုပ်တို့ဖြစ်ခြင်းပျက်ခြင်းကို အကြွင်း အကျန်မရှိ ထင်လာသည်ရှိသော် ရုပ်ဓာတ်တို့၏ ဝိပရိဏာမ ဒဏ်ချက်

ကို ခံစားတတ်သော သိသော ဝေဒနာ နုပဿနာတို့သည် အပ်နှင့် ဆူဘိ သကဲ့သို့လည်းကောင်း၊ စူးနှင့်ထိုးဆွဘိသကဲ့သို့လည်းကောင်း ရံဖန်ရံခါ ဖြစ်တတ်သည်။

ထိုရုပ်ခန္ဓာတို့၏ တသိမ့်သိမ့် တသဲသဲ အမြဲမပြတ် ဖောက်ပြန် ခြင်းကြောင့် ဝေဒနာ နုပဿနာ ဒုက္ခသစ္စာ သာမည်အားဖြင့် ထင်လာသည်ရှိသော် ဘဝသံသရာကစ္စလမ်းလာသော သက္ကာယ အတ္တဒိဋ္ဌိနှင့်ယှဉ်သောစိတ်က ခန္ဓာကိုယ်ကို ငွဲ့ညှာ၍ ငဲ့ညှာ၍ သက်သာရာရအောင် အရှုလစ်တတ်သည်။ ထိုအခါ ကိုလေသာစင်ကြယ်သောဝိပဿနာစိတ်ကြောင့် ဖြစ်သော သမာဓိ၏အစွမ်းဖြင့် ဩဘာသ ပီတိ နိကန္တိဟု ဆိုအပ်သော ဝိပဿနာ၏ ညစ်ညူးကြောင်း အန္တရာယ် ဆယ်ပါးတို့သည် ဖြစ်ပေါ် လာတတ်၏။

ထိုအန္တရာယ်တို့ကို အာရုံမပြုပဲ ဒုက္ခ ဝိပဿနာကို အမြဲ သိအောင် အာရုံပြုသည်ရှိသော် သိမ်မွေ့သောရုပ်၊ သိမ်မွေ့သောစိတ်၊ သိမ်မွေ့သော ဝေဒနာတို့၏ ဖြစ်ခြင်းပျက်ခြင်းကို အမြဲ သိလာလိမ့်မည်။ သိနေလိမ့်မည်။ ထိုသို့ ဥဒယဗ္ဗယဉာဏ် တဘက်ကမ်းရောက်၍ ဘင်္ဂဉာဏ်အစ ရောက်သည် ရှိသော် သဲကမ်းပါးများ ပြိုကျနေသလို၊ မီးလျှံများ ရိပ် ရိပ် ရိပ်ရိပ်နှင့် ပျက်ပျက်နေသလို ထသောရုပ်နာမ်သည် ထိုင်ရာသို့မပါ၊ ဆန့်သောလက်သည် ကွေးရာသို့မပါ၊ မြှောက်လှမ်းသော ခြေသည် ချရာသို့မပါပဲ ချုပ်၍ချုပ်၍ ကုန်ကုန်ကျန်ရစ်နေသည်ကို နေ့ညဥ့် မပြတ် အမြဲ သိထင်လာလိမ့်မည်။ ထိုသို့ သိထင်လာသည် ရှိသော် ထိုအာရုံ အတိုင်း မလွှတ်စေပဲ အမြဲရှုသည်ရှိသော် ဘယဉာဏ်အစရှိသောအထက် ဉာဏ်တို့သည် အစဉ်အတိုင်း ရောက်၍ မီးလုံးစင်းကျဘိသကဲ့သို့ ရုပ်နာမ် ခန္ဓာကိုစွန့်လွှတ်သော စွန့်ခဲ့သော ရုပ်နာမ် ခန္ဓာ ဖြစ်ခြင်း ပျက်ခြင်း မရှိရာ အသင်္ခတဓာတ်ကို အာရုံပြုသော မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်သည် ဖြစ်ပေါ်လာသည်ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ဟောတော်မူသည်။

ထိုအခိုက်အတန့်၌ ဥဒယဗ္ဗယ ဉာဏ်အစ မုစ္စိတုကမျတာဉာဏ်စသည်တို့ကြောင့် လွန်မင်းစွာ ဆင်းရဲ ပင်ပန်းသော ဒုက္ခ ဒဏ်ချက် ဒုက္ခသစ္စာ

ရုပ်နာမ် ခန္ဓာတို့သည် နှလုံး၌ ပတ္တမြားတုံးကြီးများ ထိလိုက်တိုင်း သကဲ့သို့ သီတိသန္တိ အလွန်အေးမြ ချမ်းသာ၍ ရုပ်နာမ်ဖြစ်ခြင်း ပျက်ခြင်းမရှိရာ အသင်္ခတဓာတ်ကို စိတ်ကအာရုံပြု၍ အာရုံပြု၍ နေလိမ့်မည်၊ အနုမာန မဟုတ်ပဲမှုချဆတ်ဆတ် အာရုံပြုမိခဲ့လျှင် အလွန်သန့်ရှင်းခြားနား သိနိုင်ရန်

## အထူးသိရန်အချက်

အသင်္ခတဓာတ်ကို အာရုံပြုသော အခိုက်အတန့် စိတ္တုပ္ပါဒ်သည် ၄-ကြိမ် ၅-ကြိမ်သာရှိ၏။ ဥပမာ ရန်သူလိုက်၍ ရှေ့ကပြေးသွားသော သူသည် ချောင်းမြောင်းကို ခုန်လွှား၍ တဘက်ကမ်းသို့ ရောက်သကဲ့သို့ တည်း။ ဝိပဿနာဉာဏ် ကိုးပါးက ရုပ်နာမ်ဖြစ်ခြင်း ပျက်ခြင်းကိုစပ်၍ အာရုံပြုသည်။ မဂ်စိတ္တုပ္ပါဒ်က ရုပ်နာမ် သုဉ်းဆိတ်ရာ အသင်္ခတဓာတ်ကို အာရုံပြုလိုက်သည်ဟု မြတ်စွာဘုရား ဒေသနာတော်၌ လာသည်။

ဤကား ရွှေဥဒေါင်းတောင် တောရ ကိုယ်တော်ကြီး၏ စာဖြင့်ရေး ပေးသော မိန့်ခွန်းတော်တည်း။ ကိုယ်တိုင် ကျင့်ကြံ၍ သိတော်မူသည့် အတိုင်း ရေး၍ပေးတော်မူတာ ဖြစ်ပါသည်။ ဤကဲ့သို့ သိချင်လျှင် အားထုတ်၍ကြည့်ကြပါ။ ဤကိုယ်တော်ကြီးသည် ဒုက္ခပဋိပဒါ ဖြစ်ပါ သည်။ ဒန္ဓာဘိညနှင့် လက္ခဏာတူပါသည်။ အပဏိဟိတ ဝိမောက္ခ ခေါ်ပါသည်။

ဤကိုယ်တော်ကြီးသည် ဤစာအုပ်ကို ရေးစဉ်အခါက မအားလပ် သောကြောင့် အရင်စလို ရေးရခြင်းဖြစ်ပါသည်။ သို့အတွက် စာ၌တစုံ တရာ ပိုလိုတာရှိလျှင် ပြင်၍ဖတ်ကြစေလိုပါသည်။

တရားအားထုတ်သော ပုဂ္ဂိုလ်များသည် မိမိတို့ တွေ့ရသည့်အတိုင်း ကား မှတ်မိ သလောက်တော့ ပြောတတ်ကြပါ၏။ ပြောတတ်ပေမယ့် ကျမ်းဂန် မနှံ့စပ်သော ပုဂ္ဂိုလ်များမှာမူ ကျမ်းဂန်နှင့် ကိုက်ညီအောင် တလုံးပြီးမှ တလုံး ဒေသနာအစီအစဉ် အတိုင်း မကျော် မလွှားရ အောင်ကား မပြောတတ်ကြပေ။ ကျမ်းဂန်တတ်သောသူ များမှာလည်း

အနုလောမဉာဏ်မှစ၍ မဂ်ဉာဏ်အထိ တခုစီခွဲခြား၍မပြောပြနိုင်ကြပေ။ အဘယ့်ကြောင့်ဆိုသော် အနုလောမဉာဏ်မှစ၍မဂ်ဉာဏ်အထိ စိတ္တုပ္ပါဒ်ခြောက်ခုသာရှိ၏။ ခြောက်ခုမှာ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ မဂ်ဟူ၍ဖြစ်၏။ ဤစိတ္တုပ္ပါဒ်ခြောက်ခုသည် ဘုရားသခင်မှသာ ခွဲခြား၍သိနိုင်၏။ အဘယ့်ကြောင့်ဆိုသော် မျက်စိတမှိတ်အတွင်း၌ နာမ်စိတ်ကလေးတွေ ကုဋေတသိန်းကျော် ပျက်သည်ဆိုရာ၌ ထိုစိတ္တုပ္ပါဒ်ခြောက်ခုသည် မျက်စိတမှိတ်ခန့်ကာလအတွင်းကုဋေပေါင်းများစွာ ပျက်ရသော စိတ္တုပ္ပါဒ်တို့တွင် ရှေးဦးစွာသော စိတ္တုပ္ပါဒ်ခြောက်ခုဖြစ်၍ လူဘို့ ဘယ့်နှယ်သိနိုင်ပါမည်နည်း။

ဥပမာ ပါးလှစွာသော စက္ကူချပ်ကလေးတွေ ကုဋေပေါင်းများစွာ ထပ်၍ထား။ ဤစက္ကူထပ်ကို ဖောက်ထွင်းနိုင်သော စို့ကိုတင်။ ကြီးစွာသောတူနှင့် အားရှိသောသူက တချက်တည်း ပေါက်အောင် အားကုန်ထု၍ ဖောက်။ ထောက်ကနဲ ပေါက်လတ္တံ့။ ပေါက်သွားသောအခါ တချက်တည်း ထောက်ကနဲဆို ကုဋေပေါင်းများစွာသော စက္ကူချပ်တွေ ပေါက်သွားသည့်အနက် ပဌမစက္ကူကို စို့က ဘယ်လို ဖောက်သွားတယ်။ စက္ကူကဘယ်လိုဖြစ်သွားတယ်။ ဘယ်လိုမြည်သွားတယ်။ ဒုတိယစက္ကူကျတော့ ဘယ်လိုနေတယ်။ တတိယ စတုတ္ထ ပဥ္စမ ဆဋ္ဌမ စက္ကူများလည်း တချပ်စီ တချပ်စီ ဘယ်လိုဖြစ်တယ်လို့ ပြောပြနိုင်ကြပါမည်လား။ သိကော သိမတဲ့လား။ အားလုံး ဖောက်သွားတာတောင်မှ ထောက်ကနဲလို့သာ တချက်တည်း သိလိုက်ရတာကလား။ တချပ်စီခွဲ၍ ဘယ်မှာ သိနိုင် ပြောပြနိုင်ပါမည်နည်း။

ကျမ်းဂန်၌ကား စိတ္တုပ္ပါဒ်တခုစီအကြောင်း ခွဲခြား၍ ရေး၏။ ရေးသည်မှာလည်း တရားသဘော အစဉ်ကို သိစေလို၍သာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သနားကရုဏာတော်ဖြင့် ဟောဖော်ပြတော် မူသွားသောကြောင့်သာ ကျမ်းဂန်၌ ရှိခြင်းဖြစ်ပါသည်။ စိတ္တုပ္ပါဒ် တခုစီကို သိဖို့ကိုကား ဘုရားသခင် ရှေ့ဉာဏ်တော် အရာသာတည်း။

မဂ်ပဲဟူ၍ကား မဂ်အာခြင်းကို မကြားဖူးသော ယောဂီမသိပါ။ မဂ်ဟု အမည်မမှည့်တတ်ပါ။ ဖြစ်ပျက်တာ သိတဲ့စိတ် ချုပ်သွားသည်၊ တွေ့နေရတဲ့ ဖြစ်ပျက်တွေ ပျောက်သွားသည်။ စိတ်ရောကိုယ်ပါ ပျောက်သွားသည်ဟူ၍ကား သိကြပါ၏။ ဒါတောင်မှ မဂ်နောင် ဖိုလ်စိတ်တွေ များများဆက်ကြတဲ့ သူမှသာပြီး ထင်ရှားပေတော့၏။

ဥပမာမှာ တောကလူရိုးတယောက်ကို ရန်ကုန်မြို့ မုန့်တိုက်ကြီးက အလွန်ကောင်းသော ချိုဆိမ့်လှစွာသော မုန့်ကိုကျွေးလျှင် ချိုမှုန်း ဆိမ့်မှန်း ကောင်းမှန်းကိုကား သိ၏။ မုန့်၏အမည်ကိုကား ပြောတတ်မည် မဟုတ်ပေ။ ဤကဲ့သို့ပင် ယောဂီပုဂ္ဂိုလ်မှာ တရား၏ အရသာကိုကား ဘယ်လိုနေသည်ဟု တပ်အပ် ဒိဋ္ဌ ပြောတတ်၏။ အမည်ကိုကား ကြားဖူး နားဝမရှိလျှင် မပြောတတ်ပါ။

ဤကား ပဋိပတ္တိပုဂ္ဂိုလ်များ၏ ကိုယ်တိုင်ကျင့်ကြံ၍ သိရသော ပဋိပတ္တိက္ကမနည်းတည်း။ ပရိယတ္တိပုဂ္ဂိုလ်များ၏ ဒေသနာက္ကမ နည်းမှာမူကား—

ဝိသုဒ္ဓိမဂ်။ ။ဝေတတာ၊ ထို့အတူ။ အယံ ယောဂါဝစရောပိ၊ ဤယောဂီသည်လည်း။ ဘဝယောနိဂတိဋ္ဌိတိနိဝါသာနံ၊ ၃-ပါးသော ဘဝ၊ ၄-ပါးသောယောနိ၊ ၅-ပါးသော ဂတိ၊ ၇-ပါးသောဋ္ဌိတိ၊ ၉-ပါးသော နိဝါသတို့၏။ ပရတီရဘူတေ။ ကမ်းတဘက်သဖွယ်ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ပတိဋ္ဌာတုကာမော၊ တည်လိုသည်ဖြစ်၍။ ဥဒယဗ္ဗယာနုပဿ နာဒိနာ၊ ဥဒယဗ္ဗယာနုပဿနာ အစရှိသော။ ဝေဂေန၊ လျင်သော ဉာဏ်အဟုန်ဖြင့်။ ဓာဝိတွာ၊ ပြေးသွား၍။ အတ္တဘာဝ ရုက္ခသာခါယ၊ အတ္တဘောတည်းဟူသော သစ်ကိုင်း၌။ ဗန္ဓိတွာ၊ ဖွဲ့ချည်၍။ ဩလမ္ဗိတံ၊ တွဲရရွဲ ဆွဲသော။ ရူပရဇ္ဇုံဝါ၊ ရုပ်ကြိုးကို လည်းကောင်း။ ဝေဒနာဒီသု၊ ဝေဒနာစသည်တို့တွင်။ အညတြ ဒဏ္ဍံဝါ၊ တပါးပါးသော တုတ်ကိုလည်းကောင်း။ အနိစ္စံ၊ မမြဲ။ ဣတိဝါ၊ ဤသို့ လည်းကောင်း။ ဒုက္ခံ၊ ဆင်းရဲ။ ဣတိဝါ၊ ဤသို့လည်းကောင်း။ အနတ္တာ၊

အစိုးမရ။ ဣတိဝါ၊ ဤသို့လည်းကောင်း။ အနုလောမာ ဝဇ္ဇနေန၊
အနုလုံ အာဝဇ္ဇန်းဖြင့်။ ဂဟေတွာ၊ ကိုင်စွဲ၍။ တံ၊ ထိုကြိုးတုတ်ကို။
အမုဉ္စမာနောဝ၊ မလွှတ်ပဲသာလျှင်။ ပဌမေန အနုလောမ စိတ္တေန၊ ပဌမ
အနုလုံစိတ်ဖြင့်။ ဥလ္လင်္ဃိတွာ၊ ခုန်၍။ ဒုတိယေန အနုလောမ စိတ္တေန၊
ဒုတိယအနုလုံစိတ်ဖြင့်။ ပါရတီရ နိန္နပေါဏပဗ္ဘာရကာယော ဝိယ၊ ကမ်း
တဘက်သို့ညွတ်သော ကိုင်းသော ရှိုင်းသော ကိုယ်ရှိသကဲ့ကို။ နိဗ္ဗာန နိန္န
ပေါဏ ပဗ္ဘာရ မာနသော၊ နိဗ္ဗာန်သို့ညွတ်သော ကိုင်းသော ရှိုင်းသော
စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ တတိယေန အနုလောမ စိတ္တေန၊ တတိယ
အနုလုံစိတ်ဖြင့်။ ပရတီရဿ၊ ကမ်းတဘက်၏။ ဥပရိဘာဂံ၊ အထက်အဖို့
သို့။ ပတ္တောဝိယ၊ ရောက်သကဲ့သို့။ ဣဒါနိ၊ ယခု။ ပတ္တဗ္ဗဿ၊ ရောက်
အပ်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အာသန္နော၊ အနီးသည်။ ဟုတွာ၊
ဖြစ်၍။ တဿ စိတ္တဿ၊ ထိုတတိယ အနုလုံစိတ်၏။ နိရောဓေန၊ ချုပ်
ခြင်းကြောင့်။ တံ သင်္ခါရာရမ္မဏံ၊ ထိုကြိုးတုတ် သင်္ခါရအာရုံကို။ မုဉ္စိတွာ၊
လွှတ်၍။ ဂေါတြဘု စိတ္တေန၊ ဂေါတြဘုစိတ်ဖြင့်။ ဝိသင်္ခါရေ၊ ဥပါဒ်
ဌီဘင် သင်္ခါရကင်းသော။ ပရတီရဘူတေ၊ ဘဝ၏ ကမ်းတဘက်သဖွယ်ဖြစ်
သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌၊ ပတတိ၊ ကျ၏။ ကောရမ္မဏော ပဲန၊ နိဗ္ဗာန်
အာရုံပြု တကြိမ်တည်း၌ကား။ အလဒ္ဓါသေဝနတာယ၊ အာသေဝနပစ္စည်း
မရသည်၏ အဖြစ်ကြောင့်။ ဝေဓမာနော၊ တုန်လှုပ်သော။ သော ပုရိ
သော ဝိယ၊ ထိုယောကျ်ားကဲ့သို့။ သုပ္ပတိဋ္ဌိတော၊ ကောင်းစွာတည်သည်။
န ဟောတိ၊ မဖြစ်နိုင်သေး။ တတော၊ ထို့နောက်မှ။ မဂ္ဂဉာဏေန၊ မဂ်
ဉာဏ်ဖြင့်။ ပတိဋ္ဌာတိ၊ တည်၏။ ဣတိအယံ၊ ဤသည်ကား။ ဥပမာ၊
ဥပမာတည်း။ [ဤကား စာနည်းအတိုင်း အနုလောမဉာဏ်ကစ၍ မဂ္ဂ
ဝီထိကျအောင် ဥပမာနှင့် ပြပုံတည်း။]

တတ္ထ၊ ထိုအနုလုံ ဂေါတြဘု နှစ်ပါးတို့တွင်။ အနုလောမံ၊ အနုလုံသည်။
သစ္စပဋိစ္ဆာဒကံ၊ နိရောဓသစ္စာကို ဖုံးအုပ်သော။ ကိလေသတမံ၊ ကိလေ
သာ အဝိဇ္ဇာအမိုက်တိုက်ကို။ ဝိနောဒေတုံ၊ ပယ်ဖျောက်ခြင်းငှာ။ သက္ကော

တိ၊ စွမ်းနိုင်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံ ကာတုံ၊ အာရုံပြုခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။

ဂေါတြဘု၊ ဂေါတြဘူသည်။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံ ကာတုံ၊ အာရုံပြုခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ သစ္စပဋိစ္ဆာဒကံ၊ နိရောဓသစ္စာကို ဖုံးအုပ်သော။ တမံ၊ ကိလေသာ အဝိဇ္ဇာအမိုက်တိုက်ကို။ ဝိနောဒေတုံ၊ ပယ်ဖျောက်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။

ယသ္မာ၊ အကြင်သူအား။ ဆနုလောမာနိ စိတ္တာနိ၊ အနုလုံစိတ်တို့သည်။ တီဏိ၊ သုံးကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဿ၊ ထိုသူအား။ စတုတ္ထံ၊ လေးကြိမ်မြောက်။ ဂေါတြဘု စိတ္တံ၊ ဂေါတြဘူစိတ်သည်။ ဟောတိ၊ ဖြစ်၏။ ပဉ္စမံ၊ ငါးကြိမ်မြောက်။ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ ဖြစ်၏၊ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့သည်။ ဒွေ၊ နှစ်ကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကား ဝိသုဒ္ဓိမဂ်အတိုင်းပင်။ ဒေသနာက္ကမနည်းကား အစီအစဉ်အတိုင်း သဘောကို တလုံးမကျန် ဘုရားဟောအတိုင်း ရေးရ၍ကျယ်၏။ ပဋိပတ္တိက္ကမနည်းကား ယောဂီပုဂ္ဂိုလ် သိရတဲ့အတိုင်း ရေးရ၍ တို၏။ အဓိပ္ပာယ်ကား အတူတူပင်တည်း။

## ဓမ္မဒေသနာ တရားသတင်းစာ

ဓမ္မဒေသနာ တရား သတင်းစာနံပါတ် ၅၅–အုပ်တွင် ပါသော ရန်ကုန်မြို့ သရက်တောကျောင်းတိုက် မြို့မကျောင်း ဦးဇေယျာသေန အရှင်သူမြတ်၏ မိန့်ခွန်းသည် ကျန်းဂန်မှထုတ်နုတ်၍ လူပြိန်း နားလည်လောက်အောင် ရေးထားရာ ကျမ်းဂန်အတိုင်း ယထာဘူတ ကျနလှသည့်အပြင် ဝိပဿနာယောဂီများနှင့် အလွန်တရာသင့်လျော်သည် ဖြစ်သောကြောင့် ဗဟုသုတအလို့ငှာ ရေးထည့်လိုက်ပါသည်။

ကိုယ့်ကိုယ်မှာ (ဖြင်ပျက် ဖြစ်ပျက်) နေသော[ဖြစ်ပျက်] အစဉ်ကို အဆုံးမြင်အောင်ရှု။ ဖြစ်ပျက်၏ အဆုံး၌ရှိသော (မဖြစ်နိဗ္ဗာန်ကို)ဂေါတြဘူဉာဏ်ဖြင့် မြင်လတ္တံ့။ ကိုယ့်ကိုယ်မှာရှိသော အဆင်း အသံအနံ့

အရသာ အထိ အစရှိသော ရုပ်တရားတို့ဖြစ်ပျက်နေသည်ကို အာရုံပြု၍ ကြည့်ရှု ဆင်ခြင်သည်ရှိသော် ဖြစ်ပျက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံဟူ၍ ဉာဏသမ္ပယုတ်ဇောဖြစ်၏။ ဤအနုလုံတွင် ဖြစ်ပျက်ဆုံးသည်။ အနုလုံနောက် ဖြစ်ပျက်အဆုံးရှိသော မဖြစ်နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့၊ အဇာတံ၊ မဖြစ်တရားသည်။ အတ္ထိ၊ ရှိ၏။ ဇ သ္မာ၊ ထိုသို့ မဖြစ် တရားရှိသောကြောင့်။ ဇာတဿ၊ ဖြစ်တရား၏။ နိဿရဏံ၊ လွတ်ကင်းရာ မဖြစ်တရားသည်။ ပညာယတိ၊ ထင်ရှား၏။ [ဉဒါနပါဠိတော်-၁၀၂]

ဖြစ်တရား၏ လွတ်ကင်းရာ မဖြစ်တရားကို နိဗ္ဗာန် ဆိုသည်။

ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။
(ပဋိသမ္ဘိဒါ မဂ်ပါဠိတော် ၁၃-၅၃)

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဥပ္ပါဒေါ၊ ဖြစ်တရားတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အနုပ္ပါဒေါ၊ မဖြစ်တရားတည်း။

အမတံ၊ သေခြင်းမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပါရံ၊ တဘက်ကမ်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပါရံ၊ နိဗ္ဗာန် တည်းဟူသော သံသရာ တဘက်ကမ်းသို့။ ဂတော၊ ရောက်တော်မူ၏။ ပါရပတ္တော၊ နိဗ္ဗာန်သို့ရောက်တော်မူ၏။ အန္တဂတော အန္တပတ္တော၊ ဖြစ်ပျက်အဆုံးသို့ ရောက်တော်မူ၏။ ကောဋိဂတော ကောဋိပတ္တော ပရိယန္တဂတော ပရိယန္တပတ္တော၊ သံသရာ၏ နောက်ဆုံးအစွန်းအဖျားသို့ ရောက်တော်မူ၏။ အစ္စုတဂတော အစ္စုတပတ္တော အမတဂတော အမတ ပတ္တော၊ မသေရာအရပ်သို့ ရောက်တော်မူ၏။ နိဗ္ဗာနဂတော နိဗ္ဗာန ပတ္တော၊ မဖြစ်အေး မဖြစ်ငြိမ်း အေးငြိမ်းရာသို့ရောက်တော်မူ၏။ သော၊ ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ ခန္ဓပရိယန္တေ၊ ခန္ဓာ၏အဆုံးဖြစ်သော နိဗ္ဗာန်၌။ ဌိတော၊ တည်နေ၏။ လ။ သံသာရပရိယန္တေ၊ ဖြစ်ပျက်အစဉ်၏ အဆုံး

ဖြစ်သော နိဗ္ဗာန်၌။ ဌိတော၊ တည်နေ၏။ [နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံး၌ ရှိကြောင်းကို ဤမဟာနိဒ္ဒေသပါဠိတော်ကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားလှ၏။

အနုပါဒါပရိနိဗ္ဗာန် ဆိုသည်ကား အကြောင်း၏ အစွမ်းအားဖြင့် မဖြစ်သော အသင်္ခတဓာတ်ကိုသာလျှင် အနုပါဒါ ပရိနိဗ္ဗာန်ဟူ၍ ဆိုကုန်၏။ ဤနိဗ္ဗာန်သည် အဆုံးတည်း။ ဤနိဗ္ဗာန်သည် အစွန်ဆုံးတည်း။ ဤနိဗ္ဗာန်သည် ဖြစ်ပျက်၏အဆုံးစွန်တည်း။ [ပဏ္ဏာသ အဋ္ဌကထာအနက်]

"ခယဝယသင်္ခါတံ အန္တံ အတိက္ကန္တံ အစ္စန္တံ" ပျက်ခြင်းကိုလွန်သောကြောင့် နိဗ္ဗာန်သည် အစ္စန္တမည်၏။ ခယနိရောဓော၊ အစ္စန္တ နိရောဓော ရုပ်နာမ်သင်္ခါရတို့၏ ပျက်ခြင်းဘင်္ဂက္ခဏကို ခယနိရောဓဆိုသည်။ နိဗ္ဗာန်ကို အစ္စန္တ နိရောဓဆိုသည်။ [သံယုတ္တာဂုတ္တရပါဠိတော် ၃၉၀၊ မူလပဏ္ဏာသ ဋီကာဋ္ဌသင်္ဂယသုတ် ၂၉၃၊ သဂ္ဂာဂုတ္တရ အဋ္ဌကထာ ၁၆၆။]

ဤပါဠိတော် အဋ္ဌကထာ အာဂုံ ယုတ္တိတို့ဖြင့် ဖြစ်ပျက်၏ အဆုံး ရှိသော မဖြစ်နိုင်နိဗ္ဗာန်သည် ဝေါဟာရဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ပေတည်း။ ထိုနိဗ္ဗာန်ကို မြင်လိုပါလျှင် ကိုယ့်ကိုယ်မှာ ရှိသော ဖြစ်ပျက်ကို မြင်အောင်ရှုရမည်။ ကိုယ့်ကိုယ်မှာ ဖြစ်ပျက် ဖြစ်ပျက်နေသော အဆင်း အသံ အနံ့ အရသာ အထိ ရုပ်တို့၏ ဖြစ်ပျက်ကို အဆုံးမြင်အောင် ရှုပါလျှင် ဖြစ်ပျက်၏ အဆုံး၌ ရှိသော မဖြစ်နိဗ္ဗာန်ကို မြင်နိုင်သည်။ ထိုမဖြစ်နိဗ္ဗာန်ကို ကိုယ့်ကိုယ်၌ တွေ့နိုင်ကြောင်း ဤသို့ဆိုတော်မူ၏။

> ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒါတိ။

စတုက္ကင်္ဂုတ္တရပါဠိတော်၊ ၂၉၆၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဒေဝပုတ္တသံယုတ်၊ ၃၇-ပါဠိတော်။

အနက်မှာ— စိတ်ပညာရှိသော တလံမျှလောက်သော ဤကိုယ်၌ပင် လျှင် ဖြစ်ပျက်ကိုလည်းကောင်း၊ ဖြစ်ခြင်း၏ အကြောင်းကို လည်းကောင်း၊ မဖြစ်နိဗ္ဗာန်ကိုလည်းကောင်း မဖြစ်နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း ငါဘုရား ဟောကြားသိစေတော်မူ၏။

(ဖြစ် မဖြစ်) ပရမတ် အစစ် (ဖြစ်) သဘော (မဖြစ်) သဘော ဟူ၍ အဟုတ် အမှန်ရှိသော ပရမတ် သဘောသည်ကား နှစ်မျိုးသာ လျှင် ရှိ၏။ ဖြစ်သဘောသည် တည်ရာ မှီရာ ရှိမှသာလျှင် ဖြစ်သည်။ တည်ရာ မှီရာမရှိပဲ ဖြစ်သည်မဟုတ်။ ရုပ်တရားသည် နာမ်တရား၌တည်၍ မှီ၍ဖြစ်သည်။ နာမ်တရားသည် ရုပ်တရား၌တည်၍ မှီ၍ဖြစ်သည်။ ရုပ်တရားသည် အချင်းချင်း တပါးသည် တပါးကိုမှီ၍ ဖြစ်သည်။ နာမ်တရားသည်လည်း အချင်းချင်း တပါးသည် တပါးကိုမှီ၍ ဖြစ်သည်။ (သဟဇာတ နိဿယ ပုရေဇာတ နိဿယ ပစ္ဆာဇာတ နိဿယ) အတူ တကွ မရှေးမနှောင်း တပြိုင်တည်းဖြစ်၍ မှီခြင်း၊ ရှေးဖြစ်၍ မှီခြင်း၊ နောက်ဖြစ်၍ မှီခြင်း၊ ဤသို့ စသည်ဖြင့် ရုပ် နာမ်တရားဟူသော ဖြစ် သဘောတို့သည် အချင်းချင်းမှီ၍ ဖြစ်ကြကုန်၏။ မှီရာ တည်ရာ မရှိပဲ ဖြစ်ကြသည် မဟုတ်ကုန်။

မဖြစ်အေး မဖြစ်ငြိမ်း အေးငြိမ်းချမ်းသာ သန္တိ လက္ခဏာရှိသောနိဗ္ဗာန် (မဖြစ်) သဘောသည်ကား တည်ရာ မှီရာ ရှိသည်မဟုတ်။ အဘယ့် ကြောင့် တည်ရာ မှီရာ မရှိသနည်း။ (မဖြစ်)သဘောမို့ တည်ရာမရှိ။ ထိုစကားမှန်၏။ မဖြစ်သဘောသည် ဘယ်နေရာ၌တည်၍ နေသည်ဟု မဆိုနိုင်။ မဖြစ်သဘော၏ တည်ရာဌာနကို ညွှန်ပြခြင်းငှာ မတတ်နိုင်၊ ညွှန်ပြစရာမရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထိုဂေါတြဘုဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံ အကြောင်းဖြစ်သော (မဖြစ်) သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမဖြစ်သဘောသည်။ အပတိဋ္ဌံဝေ၊ တည်ရာ မှီရာ မရှိသည်သာတည်း။ အပဝတ္တံဝေ၊ ဖြစ်ခြင်း မရှိသည်သာလျှင်တည်း။

အနာ၁ရမ္မဏမေဝ၊ တစုံတခုသော အာရုံကို အာရုံပြုခြင်း မရှိသည်သာ လျှင်တည်း။ သေဝ-ဓေသောဝေ၊ ဤ(မဖြစ်) သဘောသည်သာလျှင်။ ဒုက္ခဿ၊ ဖြစ်ပျက်၏။အန္တော၊ အဆုံးတည်း။[ဥဒါန်းပါဠိတော်-၁၀၂]

ဝေါဒြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံအကြောင်းဖြစ်သော (မဖြစ်)သဘော နိဗ္ဗာန်သည် တည်ရာ မှီရာ မရှိ၊ ဖြစ်ခြင်းလည်း မရှိ၊ အာရုံကို အာရုံပြုခြင်းလည်း မရှိ။ ထို(မဖြစ်) သဘော နိဗ္ဗာန်သည် ဖြစ်ပျက်၏ အဆုံးတည်း။ ဖြစ်ပျက်၏ အဆုံး၌ရှိသော နိဗ္ဗာန်သည် တည်ရာ မှီရာမရှိ။ အဘယ့်ကြောင့် တည်ရာ မှီရာ မရှိသနည်း။ ဖြစ်ခြင်း မရှိလို့ တည်ရာ မှီရာမရှိ။ အဘယ့်ကြောင့် တည်ရာ မှီရာ မရှိသနည်း။ တည်ရာ မှီရာမရှိလို့ ဖြစ်ခြင်းမရှိ။

တည်ရာ မှီရာ ရှိလျှင် ဖြစ်ခြင်းရှိမြဲ။ ဖြစ်ခြင်းရှိလျှင်လည်း တည်ရာ မှီရာ ရှိမြဲ။ တည်ရာ မှီရာရှိသော ဖြစ်မြဲသဘောသည် ပျက်မြဲ။ ဖြစ်ခြင်း သဘောရှိသော တည်ရာ မှီရာသည်လည်း ပျက်မြဲ။ မပျက်ပဲ တည်ရာ မှီရာရှိသော ဖြစ်ခြင်းဟူ၍ တစုံတရာမျှမရှိ။ ဖြစ်လျှင်ပျက်မြဲ မလွဲဘာသာ ဓမ္မတာ။

(မဖြစ်) နိဗ္ဗာန်သည်လည်း တည်ရာ မှီရာရှိ၍ ဖြစ်စရာမရှိ။ ဖြစ်စရာ မရှိ၍ ပျက်စရာမရှိ။အဘယ့်ကြောင့် ပျက်စရာ မရှိသနည်း။ မဖြစ်လို့ ပျက်စရာမရှိ။ ဖြစ်လျှင် ပျက်မှာပေါ့။ မပျက်ပဲ တည်နေမြဲမဟုတ်။ ဖြစ်လျှင်ပျက်မြဲ မရှောင်လွှဲနိုင်။ (ဖြစ်)(မဖြစ်)ကိုသဘောပိုင်အောင်ကြံ။ ဤနှစ်မျိုးသာလျှင် အမှန်ရှိသည်။

ဝေါဒြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံ အကြောင်းဖြစ် သော မဖြစ်နိဗ္ဗာန်ကို မြင်လိုလျှင် (ဖြစ်ပျက်)ကို မြင်အောင်ကြည့်။ ဖြစ်ပျက်ကို ကြည့်ရှု၍ ကောင်းစွာထင်ထင် သိမြင်သောအခါ (မဖြစ်) မဖြစ်နိဗ္ဗာန်ကို အလိုလို မြင်၍ လာ၏။ ဖြစ်ပျက်ကို မမြင်ပဲနှင့် မဖြစ် နိဗ္ဗာန်ကို မြင်ရိုးထုံး မရှိ။ (ဖြစ်ပျက်)ကို ရှေးဦးစွာ မြင်အောင် မကြည့်

ရှုပဲ (မဖြစ်)နိဗ္ဗာန်ကို ဘယ်လိုပင်ကြည့်ရှုသော်လည်း မြင်တာမျိုးမဟုတ်ဘူး။ (မဖြစ်) နိဗ္ဗာန်ကို မြင်အောင်ကြည့်မည်ဟု သဘောမထားသော်လည်း(ဖြစ်ပျက်)ကို ကြည့်ရှု၍ကောင်းစွာ ထင်မြင်သည်ရှိသော်(မဖြစ်) နိဗ္ဗာန်ကို အလိုလို မြင်၍ လာတာမျိုး၊

တဒဓိဂမေဟိ သဗ္ဗဒုက္ခာ ဘာဝတော ဒုက္ခဿ အန္တောဘိ
အယမေဝ ဘာဿ သဘာဝေါတိ ဒဿေတိ။

(ဥဒါန်းအဋ္ဌကထာ ၄၆-၄၅။)

အနက်မှာ—တဒဓိဂမေဟိ တံ အဓိဂမေဟိ၊ ထို (မဖြစ်) နိဗ္ဗာန်ကို မြင်ရသောသူတို့သည်။ သဗ္ဗဒုက္ခာ ဘာဝတော သဗ္ဗဒုက္ခအဘာဝတော၊ အလုံးစုံသော (ဖြစ်ပျက်) ဒုက္ခမရှိလေသောကြောင့်။ ဒုက္ခဿ၊ ဖြစ်ပျက်ဒုက္ခ၏။ အန္တော၊ အဆုံးတည်း။ ဣတိအယမေဝ၊ ဤဖြစ်ပျက် ဒုက္ခဆုံးခြင်းသည်သာလျှင်။ တဿ၊ ထိုမဖြစ်နိဗ္ဗာန်၏။ သဘာဝေါ၊ သဘောတည်း။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ဒေသေဝန္တော ဒုက္ခဿဟူသော ပါဠိတော်ဖြင့် ဟောပြတော်မူ၏။

ဤမြို့မိ ကိုယ်တော်ကြီး၏ မိန့်ခွန်းစာ၌ "နိဗ္ဗာန်ကို မြင်လိုလျှင် ဖြစ်ပျက်ကို မြင်အောင်ကြည့်။ ဖြစ်ပျက်ကို ကောင်းစွာ မြင်သောအခါ၌ မဖြစ်နိဗ္ဗာန်ကို အလိုလို မြင်၍လာလိမ့်မည်။ ဖြစ်ပျက်ကို ရှေးဦးစွာ မြင်အောင် မကြည့်ရှုပဲ မဖြစ်နိဗ္ဗာန်ကို မြင်ရိုးထုံးမရှိ။ ဖြစ်ပျက်ကို ရှေးဦးစွာ မြင်အောင်မကြည့်ရှုပဲ မဖြစ်နိဗ္ဗာန်ကို ဘယ်လိုပင် ကြည့်ရှုသော်လည်း မြင်တာမျိုး မဟုတ်ဘူး။ မဖြစ်နိဗ္ဗာန်ကို မြင်အောင်ကြည့်မည်ဟု သဘောမထားသော်လည်း ဖြစ်ပျက်ကို ကြည့်ရှု၍ ကောင်းစွာ ထင်မြင်သည်ရှိသော် မဖြစ်နိဗ္ဗာန်ကို အလိုလို မြင်တာမျိုး" ဟူ၍ ရေးသားတော်မူခြင်းမှာ အလွန်တရာ ယထာဘူတ ကျပါ၏။ အလွန် ကောင်းမြတ်လှပါ၏။ တရားအားထုတ် ပေါက်မြောက်ဖူးသော သူများမှာ မိမိတို့ အားထုတ်သောတရား သိရသော တရားအတိုင်း ကျနေ၍ ညာဏ်ရှင်းကြပေမည်။

အားထုတ် ကြပေမည်မှာ မလွဲပင်။ သို့ရာတွင် လူပြိန်းတို့ နားလည် သဘောကျလောက်အောင် ဥပမာဖြင့်ပြမှ သင့်လျော်မည်ထင်၍ ဥပမာ ပြအံ့။

ဥပမာမှာ— အိမ်တဆောင်ကို မီးလောင်၍ အလျှံ ပြောင်ပြောင် တောက်လောင်၍ နေသတတ်။ လူတို့သည် မီးလောင်တာကို ကြား၍ ကြည့်ရှုရန် လာ၍ကြည့်နေကြသတတ်။ ထိုသို့ ကြည့်ကြည့်နေယင်း မီးလျှံတို့၏အမျိုးမျိုး လောင်မြိုက်ပုံတို့ကိုကြည့်၍ကောင်းတာနှင့် ကြည့် ယင်း ကြည့်ယင်း မီးငြိမ်းသွားလတ္တံ့။ ထိုသူတို့သည် ပထမ၌ အိမ် တည်းဟူသောလောင်စာကိုလည်း မြင်လတ္တံ့။ မီးတောက်မီးလျှံကိုလည်း မြင်လတ္တံ့။ မီးငြိမ်းသွားသည်ကိုလည်း မြင်လတ္တံ့။ အကယ်၍ မီးလောင် တာကိုသွား၍မကြည့်လျှင် မီးတောက်မီးလျှံကိုလည်း မြင်ရမည်မဟုတ်။ မီးတောက် မီးလျှံကို မမြင်ရသောကြောင့်လည်း မီးငြိမ်းတာကိုလည်း မြင်ရမည် မဟုတ်။ မီးငြိမ်းတာကို မြင်ချင်လျှင်လည်း မူလကတည်းကိုက မီးလောင်တာကို အရင်သွားကြည့်မှ ဖြစ်မည်။ မီးလောင်တာကို မြင်ခြင်း နှင့်ကင်း၍ မီးငြိမ်းတာကို မမြင်နိုင်ကြပေ။ ဤဥပမာအတိုင်းပင်တည်း။

## ရဲ၀ံ့စွာ အာမခံချက်

ဘုရားသခင်လက်ထက်က ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်များသည် တရားကို တပုဒ် တဂါထာကြားနာရရုံနှင့် အရဟတ္တဖိုလ်ကိုရကြသည်။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များသည် တရားကို အကျယ် ဝိတ္ထာရဟောမှ အရဟတ္တဖိုလ် တည် ကြသည်။ ယခုခေတ် နေယျပုဂ္ဂိုလ်များသည် တရားနာရုံနှင့် အရဟတ္တ ဖိုလ်ကို မရနိုင်။ အားထုတ်မှ ရနိုင်မည်ဟု ဟောတော်မူပါသည်။ အား ထုတ်လျှင်လဲ "ကျကျနန အားထုတ်က ၇-ရက်အတွင်း အရဟတ္တဖိုလ်ကို ရနိုင်သည်"ဟု မူလပဏ္ဏာသ သတိပဋ္ဌာနသုတ် ပါဠိတော်၌—

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ၊ သတ္တာဟံ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ"—

ဟူ၍ ဟောတော်မူပါသည်။

အနက်မှာ—ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိ ကောစိ၊ ရဟန်းရှင်လူ ခပ်သိမ်းသူသည်။ သတ္တာဟံ၊ ၇ ရက်တို့ပတ်လုံး။ ဣမေစတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်တရား လေးပါးတို့ကို။ ဧဝံ၊ ဤသို့ ငါဘုရား ဟောတော်မူတိုင်း၊ ဘာဝေယျ၊ နေ့ညမနား ပွားများ အားထုတ်အံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ ယခု မျက်မှောက်သော ဘဝ၌ပင်။ အညာဝါ၊ အရဟတ္တဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ခန္ဓာကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမိဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ ဖလာနံ၊ ဖိုလ်နှစ်ပါးတို့တွင်။ အညတရံဖလံ၊ ဖိုလ်တပါးပါးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဝါ-ရအပ်၏ဟူ၍ ဟောတော်မူပါသည်။

# ဝိပဿနာလက်စွဲ

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

၁။ ဝေနေယျအား၊ မြင်လုံးထွားအောင်၊ ဝိပဿနာ တရား၊ ဟောကြားနိုင်သော၊ စောထွတ်-ရတနာ၊ မြတ်ဗုဒ္ဓါကို၊ သဒ္ဓါညွတ်ကျိုး၊ လက်စုံမိုးရှိ၊ ရှိလျှင်းခိုးသည်၊ ဤတွင်အစ၊ ပဏာမတည်း။

၂။ ပထဝီ-အာပေါ၊ တေဇော-ဝါယော၊ ဓာတ်သဘောမှာ၊ ခက်မာ-ဖွဲ့စေး၊ ပူးအေး-ထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊ လေးဝဓာတ်ရင်း၊ သဘောတည်း။

၃။ ဓာတ်ကြီးလေးပါ၊ ဖြစ်လေငြားက၊ ဝဏ္ဏ-ဂန္ဓ၊ ရသ-ဩဇာ၊ ဤလေးဖြာ၊ မြဲစွာ ပါမြဲတည်း။

၄။ ထိုဓာတ်ရှစ်ပါး၊ မပြားမကွဲ၊ တသားထဲမှတ်၊ အဋ္ဌကလာပ်၊ ဓာတ်ခဲတခု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ၊ သေးငယ်လှသော၊ သဘောမျှသာတည်း။

၅။ အဋ္ဌကလာပ်၊ ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာ-အပျော့၊ အပေါ့-အလေး၊ အသေးအကြီး၊ အနည်းနည်း-အထွေထွေ၊ ပွေပွေ လီလီ၊ အရည်အဖတ်၊ ဒြပ်သဏ္ဌာန်၊ ပေါ်လာပြန်သည်၊ မှားရန်အကြောင်း နိမိတ်တည်း။

၆။ သဏ္ဌာန်ဒြပ်၊ ဖြစ်ပေါ်လတ်က၊ ဓာတ်လေးပါးအနက်၊ ပထဝီထက်လျှင်၊ မာမြဲပင်၊ နှံ့လျှင် ပျော့လေ၏။ အာပေါထက်လျှင်၊ အရည်ပင်၊ နှံ့လျှင်ခဲလေ၏၊ တေဇောထက်လျှင်၊ ပူအေးပင်၊ နှံ့လျှင်မျှတ၏။ ဝါယောနှံ့က၊ ငြိမ်ပြိပ်စွ၊ လွန်ကလှုပ်ရှား၊ ပြေးလွင့်သွားသည်၊ လေးပါး ဓာတ်ရင်း သဘောတည်း။

၇။ ကံ-စိတ်-ဥတု၊ အာဟာရဟု၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်က ပျက်ပြန်၊ မီးလျှံအသွင်၊ ရေအလျဉ် ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း။

၈။ မြေ-ရေ သစ်ပင်၊ မြင်မြဲသမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝဥဿုံ၊ အကုန် ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတု-တေဇောအကြောင်းတည်း။

၉။ သမူဟ-ဥပါဒါန်၊ သဏ္ဍာန်-သန္တတိ၊ စသည့်အပြား၊ လူအများ သည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ် ထားသတည်း။

၁၀။ ပညတ်-ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက် စခန်းတည်း။

ရုပ်အခန်း ပြီး၏။

၁၁။ စက္ခု-သောတ၊ ဃာန-ဇိဝှါ၊ ကာယငါးလီ၊ ရုပ်အကြည်တည့်၊ တလီမှတ်လော၊ မနောအကြည်၊ ဘဝင်စိတ်ပေတည်း။

၁၂။ အဆင်း-ရူပ၊ သဒ္ဒ-အသံ၊ အနံ့ ဂန္ဓ၊ ရသ-အရသာ၊ အတွေ့- ဖောဋ္ဌဗ္ဗာ၊ ငါးပြာအစုံ၊ ရုပ်အာရုံပင်၊မနောဝိညာဉ်၊ ဆင်ခြင်တုန်းက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း။

၁၃။ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက် ပါးဝိညာဉ်၊ အစဉ်မပြတ်၊လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာ အသီး သီး၊ ဖြစ်ပျက်ကြသတည်း။

၁၄။ စက္ခု-ရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၅။ သောတ-သဒ္ဒါရှိ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၆။ ဃာန၊ ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာန ဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၇။ ဇိဝှါ-ရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှါ-ဝိညာဉ်၊ ပေါ်မြဲပင်၊ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၈။ ကာယ-ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၉။ မနော-ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မမြဲ၊ ချုပ်ပျက်မြဲတည်း။

၂၀။ ဝိညာဏ်ငါးစု၊ ကြွင်းသမျှကို၊ မနောဝိညာဏ် ဆို၏။ ထိုစိတ်ခြောက်ပါး၊ တခြားစီသာ၊ ဖြစ်ကြရသတည်း။

နာမ်အခန်း ပြီး၏။

၂၁။ နာမ်-ရုပ်မှတပါး၊ ယောကျ်ား-မိန်းမ၊ အတ္တ ဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့် ကြည့်သော်၊ ခေတ်အတိသာ၊ ရှိချေ၏တကား။

၂၂။ နာမ်ရုပ်နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ-ငါထိုင်၊ ငါကိုင်-ငါသွား၊ ငါကြား-ငါကြည့်၊ ငါသိ-ငါမြင်၊ ခေတ်ဖြစ်အင်ကို၊ ငါပင်မှချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိ စွဲလမ်းမှုကြီးပါတကား။

၂၃။ ဒိဋ္ဌိသက္ကာယ၊ မကွာသမျှ၊ လေးဝအပါယ်၊ ရောက်ဦးမယ်၊ နင်ဝယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝမှာလှံစူး၊ ထိပ်ဦး မီးလောင်၊ မှရှောင်အဖုတ်၊ နောက်မဆုတ်ပဲ၊ အားထုတ်ရန်

သဘောကို "သတ္တိယာ ဝိယ ဩမဋ္ဌော"ဟု ဟောကြားတော်မူခဲ့ပြီး တကား။

၂၄။ နာမ်-ရုပ်-နှစ်ခု၊ နှစ်ဖို့ပြု၍၊ ရုပ်စု-နာမ်စု၊ တခုခု၌၊ ကြံဖန်စေ့ငု၊ စိုက်၍ရှုမှ၊ ခေတ်ရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌမသေ့၊ မြင်နိုင်ချေမည်တကား။

၂၅။ သဏ္ဌာန်-အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသေ့၊ မြင်နိုင်ချေမည်တကား။

၂၆။ အကြည်-ခြောက်စုံ၊ အာရုံ-ဆိုက်က၊ ခြောက်ဝ ဝိညာဉ်၊ အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသေ့၊ မြင်နိုင်ချေမည်တကား။

၂၇။ ရုပ်-နာမ်-ဓမ္မ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်-ရုပ်နှစ်ခု၊ ခေတ်ဇမ္ဗူသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စဉ်ရှာလေ၏တကား။

၂၈။ ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မူက၊ စူဠသောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ အပါယ်လေးပါး၊ တံခါးပိတ်၍၊ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရချေ၏တကား။

၂၉။ မကွေ့ မထောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများရွှေးတိုင်း၊ နင်မရွေးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါပွားမှ၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နင်သာသတိထား။

၃၀။ သဲဖြူလယ်တီ၊ တောရမှီသည့်၊ မထေရ်ပါသည်၊ စီရင်အပ်သော၊ ဝိပဿနာ၊ ကဗျာ သုံးဆယ်၊ ဝါလယ်-တော်သလင်း၊ လဆုတ်တွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင်ရွှေ့လျှင်၊ ပြီးအောင်မြင်၏တကား။

(ဆောင်ပုဒ်) ဤပိုဒ်ပေါင်း သုံးဆယ်ကို အရကျက်၍ အပြော်အတွက်ကို အကွက်ကျမှတ်လေ။

ဝိပဿနာလက်စွဲ ဆောင်ပုဒ်ပြီးပြီ။

## ပိုဒ်ပေါင်း သုံးဆယ် အဓိပ္ပါယ်ကို နားလည်အောင် ဖြေဆိုခန်း

မေး။ ။ဓာတ်ကြီးလေးပါးကို ပြောပြပါ။

ဖြေ။ ။ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဟူ၍ လေးပါးရှိပါသည်။

မေး။ ။ဓာတ်ကြီးလေးပါး၏ သဘောကို ပြောပြပါ။

ဖြေ။ ။ပထဝီဓာတ်သည် မာခြင်းသဘော အမူအရာမျှသာ ရှိပါသည်၊ အာပေါဓာတ်သည် ဖွဲ့စေးခြင်းသဘော အမူအရာမျှသာ ရှိပါသည်။ တေဇောဓာတ်သည် ပူခြင်း အေးခြင်းသဘော အမူအရာမျှသာ ရှိပါသည်။ ဝါယောဓာတ်သည် ထောက်ကန်ခြင်းသဘော အမူအရာမျှသာ ရှိပါသည်။ ထို့ကြောင့် "ပထဝီ အာပေါ တေဇော ဝါယော၊ ဓာတ်သဘောမှာ၊ ခက်မာဖွဲ့စေးပူအေးထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောပါးပြသည်။ လေးဝဓာတ်ရင်း သဘောတည်း"ဟု ဆိုပါသည်။

(မှတ်ချက်) သဘောကား၊ ဓာတ်၏ အစွမ်းတည်း။ အမူအရာကား—သဘော၏ ဖြစ်ပျက်မှုတည်း။

မေး။ ။ဓာတ်ကြီးလေးပါး ဖြစ်ပေါ်လျှင် အစဉ်ပါသော ရုပ်ကို ထုတ်၍ပြပါ။

ဖြေ။ ။မီးတောက်ဖြစ်ပေါ်လျှင် မီးရောင် ဖြစ်ပေါ်လာသကဲ့သို့ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ်လေးပါးသည် ဓာတ်ကြီးလေးပါး ဖြစ်ပေါ်လာလျှင် အစဉ်ပါပါသည်။ ထို့ကြောင့် "ဓာတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ ဝဏ္ဏ ဂန္ဓ၊ ရသ ဩဇာ၊ ဤလေးဖြာ၊ မြဲစွာ ပါမြဲတည်း"ဟု ဆိုပါသည်။

(မှတ်ချက်)။ ဝဏ္ဏကား-အဆင်း။ ဂန္ဓကား-အနံ့။ ရသကား အရသာ။ ဩဇာကား—ဓာတ်ဆီ။

မေး။ ။ဘယ်ရုပ်များကို အဋ္ဌကလာပ်ရုပ် ခေါ်ပါသနည်း။

ဖြေ။ ။ဟင်းရည်၌ ငါးပိ၊ ဆီ၊ ဆား၊ ငါးအရသာတို့ကို ခွဲခြမ်း ဝေဖန်၍ ရသကဲ့သို့ တလုံးတဝတည်း ရောနှော၍တည်ကြသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ်ရှစ်ပါးကို ခေါ်ပါသည်။

မေး။ ။အဋ္ဌကလာပ်ရုပ်၏ အကြီးပမာဏကို ပြပါ။

ဖြေ။ ။အလွန်တရာသေးငယ်လှသော သဘောအမှုအရာခဲကလေး ဖြစ်လေသောကြောင့် အကြီးပမာဏကို မပြနိုင်ပါ။ ထို့ကြောင့် ထိုခေတ်ရှစ်ပါး၊ မပြားမကွဲ၊ တသားတဲမှတ်၊ အဋ္ဌကလာပ်၊ ခေတ်ခဲ တခု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ၊ သေးငယ်လှသော၊ သဘော မျှသာတည်း"ဟု ဆိုပါသည်။

(မှတ်ချက်)။ ။ရုပ်ကလာပ် ခေတ်ခဲတစုတည်း ဖြစ်ခဲ့လျှင်သော် အလွန်တရာသေးငယ်လှသောကြောင့် မမြင်နိုင်၊ မတွေ့နိုင်သည်။ များစွာပေါင်းစုမိလျှင် အဆင်းကိုမြင်ရပြန်သည်။ မာခြင်း၊ ပူခြင်း၊ အေးခြင်း၊ ထောက်ကန်ခြင်း သဘောတွေကို တွေ့ရပြန်သည်။ သို့ပင် မြင်ရသော်လည်း အာကာသခြား၍ ပေါင်းစုကာနေကြသော ရုပ်ကလာပ်တွေကို တခုစီခွဲခြမ်းစိတ်ဖြာ၍ မြင်နိုင်သည်မဟုတ်။ ဥပမာကား– သဲပုံကြီးကို အဝေးကမြင်သကဲ့သို့တည်း။ သဲပုံကြီးကို အဝေးကမြင်ရာမှာ သု့သဲမှုန် နှင့် သု့အဆင်းကို ရှင်းလင်းအောင် မြင်နိုင်သည် မဟုတ်။ အဆင်းတွေ ပေါင်းစုနေသော အဆင်းလုံးကြီးကိုသာ ဖြူဖြူဖွေးဖွေးကြီးဟု မြင်ရသည့် စက္ခုဝိညာဏ်သည် တခုစီခွဲခြမ်းစိတ်ဖြာ၍ မမြင်နိုင်။ မြင်နိုင်ခဲ့လျှင် ဖြစ်ပျက်ခဲ့မှုကိုလည်း မြင်နိုင်ရာ၏။ ဤသို့ကား မမြင်နိုင်။ မမြင်နိုင်သောကြောင့် ဝိပဿနာယောဂီပုဂ္ဂိုလ်တို့မှာ စက္ခုဝိညာဏ်မြင်လုံးကြီး ခုံ၍ နေကြလေသတည်း။

မေး။ ။အဋ္ဌကလာပ် ခေတ်ခဲအပေါင်း ထောင်သောင်းမက ပေါင်းစုမိလျှင် ဘယ်လိုဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။အမာအပျော့၊ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေလီလီ၊ အရည်အဖတ်၊ ဒြပ်သဏ္ဍာန် အမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့် "အဋ္ဌကလာပ်၊ ခေတ်ခဲအပေါင်း၊ ထောင်သောင်းမကဲ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာအပျော့ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေလီလီ၊ အရည်အဖတ်၊ ဒြပ်သဏ္ဍာန်၊ ပေါ်လာပြန်သည်၊ မှားရန် အကြောင်းနိမိတ်တည်း"ဟု ဆိုပါသည်။

မေး။ ။အဘယ်ဝတ္ထု အစုစုတို့မှာ မာမှုသည် ဘယ်ခေတ်၏ အစွမ်းဖြစ်ပါသနည်း။

ဖြေ။ ။ပထဝီခေတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။ပထဝီ ခေတ်၏ အစွမ်းဟု အဘယ့်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။ပထဝီခေတ်သည် မာခြင်းသဘောရှိသည်ဟု ဆိုသောကြောင့် အမာတွေကို တွေ့ရသဖြင့် ပထဝီခေတ်၏ အစွမ်းဟု သိရပါသည်၊

မေး။ ။အရည်အမျိုးမျိုး ယိုစီး၍နေမှုသည် ဘယ်ခေတ်၏ အစွမ်း ဖြစ်ပါသနည်း။

ဖြေ။ ။အာပေါခေတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။အာပေါခေတ်၏ အစွမ်းဟု အဘယ့်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။အာပေါခေတ်သည် ဖွဲ့စေးခြင်း သဘောရှိသည်ဟု ဆိုသောကြောင့် အရည်အစေးတွေ ယိုစီး၍ နေသည်ကို တွေ့ရသဖြင့် အာပေါခေတ်၏ အစွမ်းဟု သိရပါသည်။

(မှတ်ချက်)။ ။စင်စစ်ကား။ အာပေါခါတ်ကို မတွေ့ရ။ ပထဝီခါတ်ကို တွေ့ရသည်။ အာပေါခါတ်ဖွဲ့စေးသော်လည်း ပထဝီခါတ်-နှံ့မှ အရည်အစေး ဖြစ်နိုင်သည်။

မေး။ ။အဘယ်ဝတ္ထု အစုစုတို့မှာ ပူအေး၍ နေမှုသည် ဘယ်ခါတ်၏ အစွမ်း ဖြစ်ပါသနည်း။

ဖြေ။ ။တေဇောခါတ်၏ အစွမ်း ဖြစ်ပါသည်။

မေး။ ။တေဇောခါတ်၏ အစွမ်းဟု အဘယ့်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။တေဇောခါတ်သည် ပူခြင်း အေးခြင်း သဘောရှိသည်ဟု ဆိုသောကြောင့်။ အပူ အအေးတွေကို တွေ့ရသဖြင့် တေဇောခါတ်၏ အစွမ်းဟု သိရပါသည်။

မေး။ ။အဘယ် ဝတ္ထု အစုစုတို့မှာ ယိမ်းယိုင် လှုပ်ရှား၍နေမှုသည် အဘယ်ခါတ်၏ အစွမ်း ဖြစ်ပါသနည်း။

ဖြေ။ ။ဝါယောခါတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။ဝါယောခါတ်၏ အစွမ်းဟု အဘယ့်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။ဝါယောခါတ်သည် ထောက်ကန်ခြင်း သဘောရှိသည်ဟု ဆိုသောကြောင့် ဝါယောအဆင့်ဆင့်ကန်၍ ယိမ်းယိုင် လှုပ်ရှား၍ နေသည်ကို တွေ့ရသဖြင့် ဝါယောခါတ်၏ အစွမ်းဟု သိရပါသည်။

ထို့ကြောင့်- "သဏ္ဍာန်ဒြပ်၊ ဖြစ်ပေါ်လတ်က၊ ခါတ်လေးပါး အနက်၊ ပထဝီထက်လျှင်၊ မာမြဲပင်၊ နှံ့လျှင်ပျော့လေ၏။ အာပေါ ထက်လျှင်၊ အရည်ပင်၊ နှံ့လျှင်ခဲလေ၏။ တေဇောထက်လျှင်၊ ပူအေး ပင်၊ နှံ့လျှင်မျှတ၏။ ဝါယောနှံ့က၊ ငြိမ်ဝပ်စွ၊ လွန်ကလှုပ်ရှား၊ ပြေး လွင့်သွားသည်၊ လေးပါး ခါတ်ရင်း သဘောတည်း" ဟု ဆိုပါသည်။

(မှတ်ချက်)။ ။ယိမ်းယိုင် လှုပ်ရှားသည်ဟု ဆိုသော စကား၌ စင်စစ်ကား ယိမ်းယိုင် လှုပ်ရှားသည် မဟုတ်။ နေရာပြောင်းလဲ၍ ရုပ်ကလာပ် အဆင့်ဆင့်ဖြစ်၍သွားမှုကို ယိမ်းယိုင် လှုပ်ရှားသည်ဟု ဆိုသတည်း။ မှန်၏။ နာမ်-ရုပ် မည်သည်ကား ဖြစ်ရာအရပ်၌ မချုပ်မူ၍ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်းမရှိ။ ထို့ကြောင့်–"န ဟိ ရူပါရူပ ဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတွာ ဒေသန္တရသင်္ကမနံ နာမ အတ္ထိ"ဟု မိန့်ဆိုတော်မူ၏။ ။ဟိ၊ မှန်၏။ ရူပါရူပဓမ္မာနံ၊ ရုပ်နာမ် တရားသို့၏။ ဥပ္ပါဒဒေသေ၊ ဖြစ်ရာအရပ်၌။ အနိရုဇ္ဈိတွာ၊ မချုပ်မူ၍။ ဒေသန္တရသင်္ကမနံ နာမ၊ ဒေသန္တရသင်္ကမနံနာမ၊ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်းမည်သည်။ အတ္ထိ၊ မရှိ။

မေး။ ။ရုပ်ကို ဖြစ်စေတတ်သော အကြောင်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ။ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်း လေးပါး ရှိပါသည်။

မေး။ ။လေးပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်တို့သည် လူ၏ကိုယ်မှာ ဘယ်လိုများ ဖြစ်၍ နေပါသနည်း။

ဖြေ။ ။အဖြစ်အပျက်မြန်သောကြောင့် ပျက်သည်ဟုမထင်၊ မီးလျှံ အသွင် ရေအယဉ် များကဲ့သို့ အစဉ်မပြတ် ဖြစ်ပျက်၍ နေပါသည်။ ထို့ကြောင့်–ကံ-စိတ်-ဥတု-အာဟာရဟု၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအယဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲသည်း" ဟု ဆိုပါသည်။ ကမ္မဇရုပ်ကို ထုတ်ဖော်၍ ပြပါအံ့။ ထို့ကြောင့်ဖြစ်သော ရုပ်ကလာပ်ကား ၉-ပါးရှိ၏။ ဆိုခဲ့ပြီးသော အဋ္ဌကလာပ်မှာ ဇီဝိတ ရုပ်ကိုထည့်၊ ဇီဝိတ နဝက ကလာပ်-၁။ ထိုဇီဝိတ နဝက ကလာပ်ကို မ-တယ်ပြု၍ ဇီဝိတနဝက ကလာပ်မှာ စက္ခုပသာဒ ရုပ်ကိုထည့်၊ စက္ခုဒသက ကလာပ်-၁။ သောတ ပသာဒရုပ်ကိုထည့်၊ သောတဒသက ကလာပ်

၁။ ဃာန ပသာဒရုပ်ကိုသည့်၊ ဃာနဒသက ကလာပ်-၁။ ဇိဝှါပသာဒ ရုပ်ကိုထည့်၊ ဇိဝှါဒသက ကလာပ်-၁။ ကာယပသာဒရုပ်ကိုထည့်၊ ကာယ ဒသက ကလာပ်-၁။ ဣတ္ထိဘာဝ ရုပ်ကိုထည့်၊ ဣတ္ထိဘာဝ ဒသက ကလာပ်-၁။ ပုမ္ဘာဝရုပ်ကိုထည့်၊ ပုမ္ဘာဝ ဒသက ကလာပ်-၁။ ဟဒယ ဝတ္ထုရုပ်ကိုထည့်၊ ဝတ္ထုဒသက ကလာပ်-၁။ ကမ္မဇ ကလာပ်ပေါင်း-၉ ပါးဖြစ်၏။ ထို ၉-ပါးတို့တွင် ဇီဝိတနဝက ကလာပ်သည် ပါစကတေဇာတ်မီး ဥသ္မာဓာတ်မီးတို့၌ တည်နေ၏။ ထို့ကြောင့်—

"အာယုတိ တေသု ဒွိသု အဂ္ဂိသု ပတိဋ္ဌိတံ ဇီဝိတဘေမဝ ဝုစ္စတိ"— ဟု မိန့်ဆိုတော်မူ၏။

အာယူတိ၊ အာယု ဟူသည်ကား။ တေသု ဒွိသု အဂ္ဂိသု၊ ထိုနှစ်ပါး ကုန်သော ပါစကဓာတ်မီး ဥသ္မာဓာတ်မီးတို့၌။ ပတိဋ္ဌိတံ၊ တည်သော။ ဇီဝိတမေဝ၊ ဇီဝိတရုပ်ကိုသာလျှင်၊ ဝုစ္စတိ၊ ဆိုအပ်၏။

စားသော အစာစသည်ကို ကျိုချက်တတ်သော ဝမ်းမီးကို ပါစက ဓာတ်မီး ခေါ်၏။ ထိုပါစကဓာတ်မီး၏ အစီးအပွားဖြစ်သော တကိုယ် လုံး ပျံ့နှံ့၍ နေသော ကိုယ်စောင့်ဓာတ်မီးကို ဥသ္မာဓာတ်မီး ခေါ်၏။ စက္ခု ဒသက ကလာပ်သည် မျက်နက်ဝန်းအလယ် သန်းဦးခေါင်း ပမာ ဏ ရှိသောအကွက် အရပ်မှာ တည်နေ၏။ ထိုစက္ခု ဒသက ကလာပ်ကို စက္ခုအကြည်ဟူ၍လည်း ခေါ်၏။ သောတဒသက ကလာပ်သည် နား ခေါင်းတွင်း၌ လက်စွပ်ကွင်းသဏ္ဍာန် ရှိသော အမွေးနီပေါက် ရှိသော အရပ်မှာတည်နေ၏။ ထိုသောတ ဒသက ကလာပ်ကို သောတ အကြည် ဟူ၍လည်း ခေါ်၏။ ဃာန ဒသက ကလာပ်သည် နှာခေါင်း တွင်း၌ ဆိတ်ခွာသဏ္ဍာန်ရှိသောအရပ်မှာ တည်နေ၏။ ထိုဃာန ဒသက ကလာပ် ကို ဃာနအကြည် ဟူ၍လည်း ခေါ်၏။ ဇိဝှါဒသက ကလာပ်သည် လျှာ၏အလယ် ကြာရွက်ဖျား သဏ္ဍာန် ရှိသောအရပ်မှာ တည်နေ၏။ ထိုဇိဝှါဒသက ကလာပ်ကို ဇိဝှါအကြည်ဟူ၍လည်း ခေါ်၏။ ကာယ ဒသက ကလာပ်သည် ရင့်မာသော အရိုး ဆံ အမွေး ခြေသည်း လက်

သည်း ခြောက်သွေ့သောအရေတို့မှ ကြွင်းသော အတွင်းအပြင် တကိုယ်လုံးမှ ဝွမ်းပုံ၌လောင်းသော ဆီကဲ့သို့ နှံ့၍တည်နေ၏။ ထိုကာယ ဒသက ကလာပ်ကို ကာယအကြည်ဟူ၍လည်း ခေါ်၏။

ထိုစက္ခုအကြည်စသော အကြည်တို့သည် အလွန်စင်ကြယ်သော မှန်အကြည်နှင့်တူကြကုန်၏။ထို့ကြောင့်–"သုပရိသုဒ္ဓ အာဒါသ မဏ္ဍ သဒိသာ ကမ္မဇမဏ္ဍာ"ဟု မိန့်ဆိုတော်မူ၏။ ပသာဒါ၊ စက္ခုအကြည်စသော အကြည်တို့သည်။ သုပရိသုဒ္ဓ အာဒါသ မဏ္ဍသဒိသာ၊ အလွန် စင်ကြယ်သော မှန်အကြည်နှင့် တူကုန်သော။ ကမ္မဇမဏ္ဍာ၊ ကံကြောင့် ဖြစ်သော အကြည်တို့ ပေတည်း။ မှန် အကြည်မှာ အရိပ် ထင်သကဲ့သို့ စက္ခု အကြည်စသည်တို့မှာ ရူပါရုံစသည်တို့ အသီးသီးထင်ကြကုန်၏။ ဇီဝိတနဝက ဒသက ကလာပ်သည် မိန်းမသန္တာန်မှာ၊ အတွင်းအပြင် တကိုယ်လုံး၌ တည်နေ၏။ မိန်းမသည် ယောကျ်ားနှင့် အသွင်မတူ အမူအရာကွဲပြားမှုသည် ဣတ္ထိဘာဝရုပ်၏ အစွမ်းပေတည်း။ ပုမ္ဘာဝဒသက ကလာပ်သည် ယောကျ်ားသန္တာန်မှာ အတွင်းအပြင် တကိုယ်လုံး၌ တည်နေ၏။ ယောကျ်ားသည် မိန်းမနှင့် အသွင်မတူ အမူအရာကွဲပြားမှုသည် ပုမ္ဘာဝရုပ်၏ အစွမ်းပေတည်း။ ဝတ္ထုဒသက ကလာပ်သည် နှလုံးသား၏ အတွင်းမှာ တလက်ဖက်ခွဲမျှလောက်သော နှလုံးသွေးနှင့် ရောနှော၍ တည်နေ၏။ထို့ကြောင့်–"တံပန ဟဒယကောသဗ္ဘန္တရေ အဍ္ဍပသတမတ္တံ လောဟိတံ ဗျာပေတွာ တိဋ္ဌတိ"ဟု မိန့်ဆိုတော်မူ၏။ တံပန၊ ထိုဟဒယဝတ္ထုရုပ်သည်ကား။ ဟဒယ ကောသဗ္ဘန္တရေ၊ နှလုံးသားအတွင်း၌။ အဍ္ဍပသတမတ္တံ၊ တလက်ဖက်ခွဲမျှလောက်သော။ လောဟိတံ၊ သွေးကို။ဗျာပေတွာ၊ နှံ့၍။ တိဋ္ဌတိ၊ တည်၏။

ကမ္မဇရုပ်ကို ပြဆိုသောစကားတရပ်

အပြီးသတ်သတည်း။

စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်ကား၊ ၈-ပါးရှိ၏။ ဆိုခဲ့ပြီးသော အဋ္ဌကလာပ်ကို သုဒ္ဓဋ္ဌကကလာပ်ခေါ်သည်။ သုဒ္ဓဋ္ဌကကလာပ်-၁။ သုဒ္ဓဋ္ဌက ကလာပ်မှာ သဒ္ဒရုပ်ကိုထည့်၊ သဒ္ဒနဝက ကလာပ် ၂၊ ကာယဝိညတ္တိရုပ်ကိုထည့်၊ ကာယဝိညတ္တိ နဝက ကလာပ် ၃။ ဝစီဝိညတ်ရုပ်နှင့် သဒ္ဒရုပ်ကိုထည့် ဝစီဝိညတ္တိသဒ္ဒ ဒသက ကလာပ် ၄။ ထိုလေးပါးသော ရုပ်ကလာပ်တို့မှာ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ် ၃-ခုကို အစဉ်အတိုင်း လိုက်၍ထည့်၊ လဟုတာဒိ ဧကာဒသက ကလာပ် ၁။ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် ၂။ ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ် ၃။ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ် ၄။ စိတ္တဇ ကလာပ် ၈-ပါးဖြစ်၏။ ထိုရှစ်ပါးတွင် စကားပြောဆိုလိုက်မည်ဟု အားထုတ်လိုက်သောအခါ လှုပ်ရှားမှုသည် သုဒ္ဓဋ္ဌက ကလာပ်အစွမ်းပေတည်း။

"ဣဒံ ဝက္ခာမိ တေ ဝက္ခာမိတိ ဥပ္ပဇ္ဇမာနံ စိတ္တံ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ"

(အဋ္ဌကထာ)

ဣဒံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုလိုက်အံ့။ တေ၊ ထိုစကားကို။ ဝက္ခာမိ၊ ဆိုလိုက်အံ့။ ဣတိ၊ ဤသို့။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ အဋ္ဌရူပါနိ၊ ရှစ်ပါးသော ရုပ်တို့ကို၊ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

အသက်ရှူသောအသံ။ တရံတခါ ချောင်းဆိုးသံ၊ ချေသံ၊ ပျို့သံ၊ အန်သံစသော အသံများသည် သဒ္ဒနဝက ကလာပ်အစွမ်းပေတည်း။

"တသ္မာ ဝိသုဒ္ဓိ မဂ္ဂေ ဝုတ္တနယေန အဿာသ ပဿာသေဝ ါ အဝစီဃောသေသု ကဒါစိ စိတ္တ သဟိတေသု ဥက္ကာသိတခိပိတ ဝမိတ ဆဍ္ဍိတ သဒ္ဒါဒိသုပိဝ ါ တေ သဒ္ဒနဝကံ ဝေဒိတဗ္ဗံ"

တသ္မာ၊ ထို့ကြောင့်။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ အဿာသပဿာသေဝ ါ၊ ထွက်သက် ဝင်သက်၌လည်း

ကောင်း။ အဝစီဃောသသော၊ ဝစီဃောသ မဟုတ်ကုန်သော။ ကဒါစိ၊ ရံခါ။ စိတ္တသဟိတေသု၊ စိတ်နှင့် တကွဖြစ်ကုန်သော။ ဥက္ကာသိတ ခိပိတ ဝမိတ ဆဋ္ဍိတသဒ္ဒါဒီသု ပိ ဝါ၊ ချောင်းဆိုးသံ ချေသံ ပျို့သံ အန်သံစသည်တို့၌လည်း။ တေ သဒ္ဒန ကာ၊ ထိုသဒ္ဒနဝက ကလာပ်ကို။ ဝေဒိတဗ္ဗ၊ သိအပ်၏။ ဦးခေါင်း၊ ခြေ၊ လက်၊ ပေါင်နှစ်ဘက် စသော ကိုယ်အင်္ဂါ လှုပ်ရှားမှုသည်။ ကာယဝိညတ္တိနဝက ကလာပ်၏အစွမ်း ပေတည်း။

ထို့ကြောင့်—

> သသမ္ဘာရေ အင်္ဂပစ္စင်္ဂဘူတေ ကာယေ ပဝတ္တာ ဝိညတ္တိ ကာယ ဝိညတ္တိ"—

ဟု မိန့်တော်မူ၏။

သသမ္ဘာရေ၊ သသမ္ဘာရကိုယ်နှင့် တကွဖြစ်သော။ အင်္ဂပစ္စင်္ဂဘူတေ၊ အင်္ဂါကြီးငယ်ဖြစ်၍ ဖြစ်သော။ ကာယေ၊ လှုပ်သောအခါ ကိုယ်ကာယ၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်သည်။ ကာယဝိညတ္တိ၊ ကာယဝိညတ် မည်၏။ စကားပြောဆိုမှုသည် ဝစီဝိညတ္တိသဒ္ဒ ဒသက ကလာပ်၏ အစွမ်း ပေတည်း။

ထို့ကြောင့်—

> "စိတ္တဇသဒ္ဒသင်္ခါတာယ ဝါစာယ ပဝတ္တာ ဝိညတ္တိ ဝစီ ဝိညတ္တိ"—

ဟု မိန့်ဆိုတော်မူ၏။

စိတ္တဇသဒ္ဒသင်္ခါတာယ၊ စိတ္တဇအသံဟုဆိုအပ်သော။ ဝါစာယ၊ စကား ပြောဆိုမှု၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်သည်။ ဝစီဝိညတ္တိ၊

ဝစိဝိညတ်မည်၏။ နောက်ကလာပ် လေးပါးတို့ကို ထိုနည်းအတူ၊ ပေါ့ခြင်း နူးညံ့ခြင်းအမှု၌ ခံ့ခြင်းအခါမှာ ဖြစ်သည်ဟုမှတ်လေ။

စိတ္တဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

ဥတုကြောင့် ဖြစ်သော ရုပ်ကလာပ်ကား လေးပါးရှိ၏။ စိတ္တဇ ကလာပ် ၈-ပါးတို့တွင် ကာယဝိညတ် ဝစီဝိညတ်မပါသော ကလာပ် လေးပါးကို ဥတုဇ ကလာပ်ဟုမှတ်။ သတ္တဝါသန္တာန်မှာ ဆံအမွေး စသော ရုပ်စု ရုပ်ခဲ များသည် သုဒ္ဓဋ္ဌက ကလာပ် အစုအခဲတွေ ပေ တည်း။ လက်ဖျောက်တီးသံ၊ ဗိုက်မြည်သံ၊ လေလယ်သံ စသော အသံ များသည် သဒ္ဒနဝက ကလာပ်-အမှုတွေပေတည်း။ လဟုတာဒိ ဧကာ ဒသကကလာပ်၊ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်တို့ကို။ ထိုနည်းအတူ ပေါ့ခြင်း-နူးညံ့ခြင်း-အမှု၌ ခံ့ခြင်းအခါ၌၊ ဖြစ်သည်ဟု မှတ်လေ။ ဗဟိဒ္ဓ သန္တာန်မှာ၊ အဆင်း-အနံ့-အရသာ-အတွေ့-အထိ-အမျိုးမျိုး တို့သည် သုဒ္ဓဋ္ဌက ကလာပ် အစုအခဲတို့သာတည်း။ အသံအမျိုးမျိုး တို့သည်။ သဒ္ဒနဝက ကလာပ် အစုအခဲတို့သာတည်း။

ဥတုဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ်ကား ၂-ပါးရှိ၏။ ဥတုဇ ကလာပ်လေးပါးတို့တွင် သဒ္ဒမပါသော ကလာပ် ၂-ပါးကို အာဟာ ရဇ ကလာပ်ဟုမှတ်။ အာဟာရဇရုပ် ကလာပ်ဖြစ်ပုံကား-ထင်ရှား၏။

အာဟာရ ဇရုပ်ကို ပြဆိုသောစကားတရပ်
အပြီးသတ်သတည်း။

မေး။ ။အဘယ် အကြောင်းကြောင့် ဗဟိဒ္ဓ သန္တာန်မှာ ရုပ်တွေ ဖြစ်၍ နေပါသနည်း။

ဖြေ။ ။ဥတုကြောင့်ဖြစ်၍ နေပါသည်။

မေး။ ။ဘယ်ဟာကို ဥတုခေါ်ပါသနည်း။

ဖြေ။ ။တေဇောဓာတ်ကို ခေါ်ပါသည်။

ထို့ကြောင့်— "မြေ-ရေ-သစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝ ဥဿုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတု တေဇောအကြောင်းတည်း" ဟု ဆိုပါသည်။

မေး။ ။ဘယ်ဟာကို ပညတ်ခေါ်ပါသနည်း။

ဖြေ။ ။လူအများတို့ ပညတ်ကြသော အမည်နာမတွေကို ပညတ် ခေါ်ပါသည်။

မေး။ ။ပညတ်များကို ထုတ်ဖော်၍ပြပါ။

ဖြေ။ ။တခုတည်းဟု မှတ်ထင်အပ်သော ပညတ်မျိုးကို သမူဟ ပညတ်ခေါ်ပါသည်။ ပရမတ္ထဓမ္မတို့ကိုစွဲ၍ ယောကျ်ား-မိန်းမ- သစ်ပင် ချုံနွယ် စသော ပညတ်မျိုးကို ဥပါဒါပညတ်ခေါ်ပါသည်။ အရှေ့- အတို- အလုံး- အပြား စသည်ဖြင့် ထင်မြင်အပ်သော ပညတ်မျိုးကို သဏ္ဌာနပညတ်ခေါ်ပါသည်။ ဤဝတ္ထုပင်ဟု ထင်မြင်အပ်သော ပညတ် မျိုးကို သန္တတိပညတ် ခေါ်ပါသည်။ ဤသို့စသော အားဖြင့် များ စွာရှိပါသည်။ ထို့ကြောင့်—

"သမူဟ-ဥပါဒါန်၊ သဏ္ဌာန်-သန္တတိ၊ စသည့်အပြား၊ လူအ များသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ်ထားသတည်း"—

ဟု ဆိုပါသည်။

မေး။ ။ပညတ်ကိုသိမှုသည် ဘယ်လိုသိမှုဖြစ်ပါသနည်း။

ဖြေ။ ။လူကိုမြင်သည့်အခါ ခေါင်းတလုံးတည်း၊ ကိုယ်တခုတည်းဟု သိမှုသည် သမူဟပညတ်ကို သိမှုဖြစ်ပါသည်။ ယောကျ်ားပဲ-မိန်းမပဲဟု သိမှုသည် ဥပါဒါ ပညတ်ကို သိမှုဖြစ်ပါသည်။ မနေ့ကလူပဲ-နံနက်ကလူပဲဟု သိမှုသည် သန္တတိပညတ်ကို သိမှုဖြစ်ပါသည်။

မေး။ ။ပရမတ်ကို သိမှုသည် ဘယ်လိုသိမှုဖြစ်ပါသနည်း။

ဖြေ။ ။လူကိုမြင်သည့်အခါ ခေါင်းတလုံး ကိုယ်တခု-လူပု-လူရှည် ယောကျ်ား မိန်းမ-မရှိ။ မနေ့ကလူ နံနက်ကလူမဟုတ်၊ ယခုအသစ် ဖြစ်ပေါ်လာသော နာမ်-ရုပ်-နှစ်ခု ဓာတ်စု-ဓာတ်ခဲကြီးသာ ဖြစ်သည်ဟု သိမှုသည် ပရမတ်ကို သိမှုဖြစ်ပါသည်။

မေး။ ။ရုပ်၏ အနိစ္စကို ဘယ်လိုကြည့်မှ မြင်နိုင်ပါသနည်း။

ဖြေ။ ။ပညတ် ပရမတ်ကို အတပ် မြင်သိ၍ ဉာဏ်နှင့်ကြည့်မှ မြင်နိုင်ပါသည်။ ထို့ကြောင့် "ပညတ်-ပရမတ်၊ အတပ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက်စခန်းတည်း" ဟု ဆိုပါသည်။

ရုပ်ကို ပြဆိုခန်း ပြီး၏။

မေး။ ။အဘယ် အကြည်များကို အကြည်ခြောက်ပါး ခေါ်ပါသနည်း။

ဖြေ။ ။စက္ခုအကြည်၊ သောတအကြည်၊ ဃာနအကြည်၊ ဇိဝှါအကြည်၊ ကာယအကြည်၊ မနောအကြည်များကို အကြည် ခြောက်ပါး ခေါ်ပါသည်။

မေး။ ။ဘယ်ဟာကို မနောအကြည်ခေါ်ပါသနည်း။

ဖြေ။ ။နှလုံးသွေးအစု ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်၍ နေသော ဘဝင်စိတ်ကို မနောအကြည်ခေါ်ပါသည်။

မေး။ ။ဘယ်အကြည်ကို ရုပ်အကြည် နာမ်အကြည် ခေါ်ပါသနည်း။

ဖြေ။ ။မနောအကြည်ကို နာမ်အကြည်ခေါ်ပါသည်။ ကြွင်းသော အကြည်ငါးပါးကို ရုပ်အကြည်ခေါ်ပါသည်။ ထို့ကြောင့်—

"စက္ခုသောဘ၊ ဃာနဇိဝှါ၊ ကာယ ငါးလီ၊ ရုပ်အကြည် တည့်၊ တလီမှတ်လော၊ မနောအကြည် ဘဝင်စိတ်ပေတည်း။"

ဟု ဆိုပါသည်။

(မှတ်ချက်)။ ။ရုပ်အကြည်ငါးပါးတို့၏ တည်နေရာ အရပ်ဌာနကို ရုပ်အခန်းက ပြဆိုခဲ့ပြီ။

မေး။ ။အာရုံဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ။အာရုံခြောက်ပါးရှိပါသည်။

မေး။ ။အာရုံခြောက်ပါးကို ဖော်ပြပါ။

ဖြေ။ ။အဆင်းအမျိုးမျိုးကို ရူပါရုံခေါ်ပါသည်။ အသံ အမျိုးမျိုးကို သဒ္ဒါရုံခေါ်ပါသည်။ အနံ့အမျိုးမျိုးကို ဂန္ဓာရုံ ခေါ်ပါသည်။ အရသာအမျိုးမျိုးကို ရသာရုံ ခေါ်ပါသည်။ အတွေ့အထိ အမျိုးမျိုးကို ဖောဋ္ဌဗ္ဗာရုံ ခေါ်ပါသည်။ မနောဝိညာဏ်နှင့် သိသမျှ အာရုံကို ဓမ္မာရုံ ခေါ်ပါတည်။

မေး။ ။မနောဝိညာဏ်သည် ဘယ်ဘာချားကို သိနိုင်ပါသနည်း။

ဖြေ။ ။ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော ပညတ် ရုပ် နာမ် နိဗ္ဗာနအကုန် အလုံးစုံကို သိနိုင်ပါသည်။ ထို့ကြောင့်—

အဆင်းရူပ၊ သဒ္ဒအသံ၊ အနံ့ဂန္ဓ၊ ရသအရသာ၊ အတွေ့ဖောဋ္ဌဗ္ဗာ၊ ငါးဖြာအစုံ၊ မျှပ်အာရုံပင်၊ မနောဝိညာဉ်၊ ဆင်ခြင်တုံက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း”ဟု ဆိုပါသည်။

မေး။ ။အကြည်ခြောက်စုံမှာ၊ အာရုံခြောက်ပါးသည် အဘယ့်ကြောင့် အသီးသီးထင်လာပါသနည်း။

ဖြေ။ ။ဓမ္မနိယာမအားဖြင့် အကြည်ခြောက်စုံမှာ အာရုံခြောက်ပါး ထင်လာရပါသည်။

ထို့ကြောင့်—

“တွေစ အယံပိ ဧကော ဓမ္မနိယာမောယေဝ”—

ဟု မိန့်ဆိုတော်မူပါသည်။

တွေစ၊ ဤစကားရပ်၌လည်း။ အယံပိ၊ ဤအာရုံ ထင်လာမှုသည်လည်း။ ဧကော၊ တခုသော။ ဓမ္မနိယာမောယေဝ၊ ဓမ္မနိယာမသည်သာလျှင်တည်း။

မေး။ ။အကြည်ခြောက်စုံမှာ အာရုံခြောက်ပါး ထင်လာသည့်အခါ ဘယ်တရားများ ဖြစ်လာပါသနည်း။

ဖြေ။ ။ဝိညာဏ်ခြောက်ဖြာသည် လျှပ်ရောင်ပမာ ဆိုင်ရာအသီးသီး ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်—

“အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး၊ ဖြစ်ပျက်ကြသတည်း”—

ဟု ဆိုပါသည်။

မေး။ ။စက္ခုဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။မှန်နှင့် မျက်နှာကိုစွဲ၍ မှန်အကြည်မှာ မျက်နှာရိပ်ထင်လာသကဲ့သို့။ စက္ခု ရူပါရုံနှစ်ပါးစုံကိုစွဲ၍ စက္ခုအကြည်မှာ စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွား၏။

ထို့ကြောင့်—

"စက္ခုရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ ပေါ်မြဲပင်၊
ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း"—

ဟု ဆိုပါသည်။ ထိုစကားအရ သာဓကပါဠိကား—

"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"
(သံယုတ်ပါဠိတော်)

စက္ခုဉ္စ၊ စက္ခုအကြည်ကိုလည်းကောင်း။ ရူပေစ၊ ရူပါရုံတို့ကို လည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မေး။ ။သောတဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။မှန်နှင့် မျက်နှာကိုစွဲ၍ မှန်အကြည်မှာ မျက်နှာရိပ်ထင်လာသကဲ့သို့ သောတသဒ္ဒါရုံ နှစ်ပါးစုံကို စွဲ၍ သောတအကြည်မှာ သောတဝိညာဏ် ဖြစ်ပေါ်လာပါသည်။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွားပါသည်။

ထို့ကြောင့်—

သောတသဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်၊ ပေါ်မြဲပင်။
ပေါ်လျှင်မလွဲ၊ ချုပ်ပျောက်မြဲတည်း"—

ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

"သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ"
(သံယုတ်ပါဠိတော်)

သောတဉ္စ၊ သောတအကြည်ကိုလည်းကောင်း။ သဒ္ဒေစ၊ သဒ္ဒါရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ သောတဝိညာဏံ၊ သောတဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ရေအကြည်မှာ ထင်ကြသောအရိပ်များသည် ရေနှင့်ထိလျှင်မထင်နိုင်။ ရေနှင့်မထိမှ ထင်သကဲ့သို့ စက္ခုအကြည် သောတအကြည်တို့မှာ ထိခိုက်လာကုန်သော ရူပါရုံ၊ သဒ္ဒါရုံတို့သည် မထင်နိုင်ကုန်။ မထိခိုက်ကုန်သော ရူပါရုံ သဒ္ဒါရုံတို့သည်သာလျှင် ထင်နိုင်ကုန်သည်။

ထို့ကြောင့်—

"ပုရိမာနိ ဟိ ဒွေ နိမိတ္တဝသေနေဝ ဃဋ္ဋေန္တိ၊ န ဝတ္ထုဝသေန—ဟု မိန့်ဆိုတော်မူ၏။

ဟိ၊ ချဲ့အံ့။ ပုရိမာနိ၊ ရှေ့ဖြစ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော ရူပါရုံ သဒ္ဒါရုံတို့သည်။ နိမိတ္တဝသေနေဝ၊ အရိပ်နိမိတ်၏ အစွမ်းဖြင့်သာလျှင်။ ဃဋ္ဋေန္တိ၊ ထိခိုက်ကြကုန်၏။ ဝတ္ထုဝသေန၊ ဝတ္ထု၏အစွမ်းဖြင့်။ န ဃဋ္ဋေန္တိ၊ မထိခိုက်ကုန်။

မေး။ ။ဃာန ဝိညာဏ် အဘယ် ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။ဗုံနှင့်လက်ကိုစွဲ၍ ဗုံသံဖြစ်ပေါ်လာသကဲ့သို့ ဃာနနှင့် ဂန္ဓာရုံ နှစ်ပါးစုံကိုစွဲ၍ ဃာနအကြည်မှာ ဃာန ဝိညာဏ် ဖြစ်ပေါ်လာ၏။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွား၏။

ထို့ကြောင့်—

"ဃာန ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာနဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း"—

ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

"ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ"။

(သံယုတ်ပါဠိတော်)

ဃာနဉ္စ၊ ဃာနအကြည်ကိုသည်းကောင်း။ ဂန္ဓေစ၊ ဂန္ဓာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍၊ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မေး။ ။ဇိဝှာဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။ဗုံနှင့်လက်ကိုစွဲ၍ ဗုံသံဖြစ်ပေါ်လာသကဲ့သို့ ဇိဝှာ ရသာရုံ နှစ်ပါင်းစုံကိုစွဲ၍ ဇိဝှာအကြည်မှာ ဇိဝှာဉာဏ် ဖြစ်ပေါ်လာပါသည်။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွားပါသည်။

ထို့ကြောင့်—

"ဇိဝှာရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှာဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း"—

ဟု ဆိုပါသည်။

ထိုစကားအရ သာဓက ပါဠိကား—

"ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ"။

(သံယုတ်ပါဠိတော်)

(ဇိဝှဉ္စ၊ ဇိဝှာအကြည်ကိုလည်းကောင်း။ ရသေစ၊ ရသာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ဇိဝှာဝိညာဏ၊ ဇိဝှာဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မေး။ ။ကာယ ဝိညာဏ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။ဘုံနှင့် လက်ကိုစွဲ၍ ဗုံသံဖြစ်ပေါ်လာသကဲ့သို့ ကာယ ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးစုံကိုစွဲ၍ ကာယ အကြည်မှာ ကာယဝိညာဏ် ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်—

"ကာယ ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ်၊
ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း"—

ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

"ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ"။
(သံယုတ်ပါဠိတော်)

"ကာယဉ္စ၊ ကာယအကြည်ကိုလည်းကောင်း။ ဖောဋ္ဌဗ္ဗေစ၊ ဖောဋ္ဌဗ္ဗတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

(မှတ်ချက်)။ ။ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တို့သည် ဃာန အကြည် ဇိဝှာအကြည် ကာယအကြည်တို့မှာ ထိခိုက်မှသာ ထင်နိုင်ကြကုန်၏။ မထိခိုက်လျှင် မထင်နိုင်ကုန်။

ထို့ကြောင့်—

"ပစ္စိမာနိ ပန ဝဏ္ဏဝတ္ထုဝသေန ဃဋ္ဋေန္တိ၊ န နိမိတ္တမတ္တဝသေန"

ဟု မိန့်ဆိုတော်မူ၏။

ပစ္စိမာနိပန၊ နောက်ဖြစ်ကုန်သော။ ဝဏ္ဏ၊ သုံးပါးကုန်သော ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့သည်။ ဝတ္ထုဝသေန၊ ဝတ္ထု၏အစွမ်းဖြင့်။ ဃဋ္ဋေန္တိ၊ ထိခိုက်ကြကုန်၏။ နိမိတ္တမတ္တဝသေန၊ အရိပ်နိမိတ်မျှ အစွမ်းဖြင့်။ န ဃဋ္ဋေန္တိ၊ မထိခိုက်ကုန်။ ။ထန်းရွက်မှာ တံဆိပ်ရိုက်၍- အက္ခရာ ထင်သကဲ့သို့ စက္ခု အကြည်စသည်တို့မှာ ရူပါရုံစသော အာရုံတို့သည် ဆိုင်ရာ ဆိုင်ရာ အသီးသီး ထင်ကြကုန်၏။

ကို့ကြောင့်—

"ပဟာရဏာ ကာလေ လဋ္ဌန ခန္ဓသ တာလ ပဏ္ဏေ အာဗာ ဓေတွာ အက္ခရူပဋ္ဌာနံဝိယ ဒဋ္ဌဗ္ဗံ"—

ဟု မိန့်ဆိုတော်မူ၏။

ပဟာရဏကာလေ၊ ရိုက်ခတ်သော ကာလ၌။ လဋ္ဌန ခန္ဓသ၊ တံဆိပ်တုံး၏။ တာလပဏ္ဏေ၊ ထန်းရွက်၌။ အာဗာဓေတွာ၊ လှန်စွာခိုက်၍။ အက္ခရူပဋ္ဌာနံဝိယ၊ အက္ခရာကိုထင်စေခြင်းကဲ့သို့၊ အာပါထာဂမန်၊ အာရုံ ထင်ခြင်းသို့ ရောက်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ရူပါရုံစသည်တို့ ထင်မှုသည် မိုးကြိုးကျတိ သကဲ့သို့ ပသာဒတို့၌ တိုးဝှေ့သည်ဟု ကျမ်းဂန်၌ ဆိုသည်။

မေး။ ။မနောဝိညာဏ် စိတ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။ရေကန်အပြင်ကောင်းပေါ်၌ ပျံ့ဝဲ၍နေသော ငှက်ရိပ်သည် ရေနှင့်ငှက်ကိုစွဲ၍ ရေအပြင်မှာ ထင်လာသကဲ့သို့ မနောအကြည်မှာ မြွ

ရှိထင်လာသည့်အခါ မနော ဓမ္မာရုံ နှစ်ပါးစုံကိုစွဲ၍ နှလုံးသွေး အစုံ ဟဒယ ဝတ္ထုရုပ်ပေါ်မှာ ဖြစ်ပေါ်လာပါသည်။ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွားပါသည်။

ထို့ကြောင့်—

"မနော ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ်၊ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲဘည်း"—

ဟု ဆိုပါသည်။

ထိုစကားအရ—သာဓက ပါဠိစကား—

"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"။

(သံယုတ်ပါဠိတော်။)

မနဥ္စ၊ မနောအကြည်ကိုလည်းကောင်း။ ဓမ္မေစ၊ ဓမ္မာရုံ တို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ မနောဝိညာဏံ၊ မနော ဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

(မှတ်ချက်)။ ။ဝိညာဏ် ခြောက်ပါးတို့သည် တခုသော တခဏ၌ တပြိုင်နက် မဖြစ်နိုင်ကြကုန်။ သူ့အာရုံနှင့် သူ့ဝိညာဏ် တခြားစီ ဖြစ်ကုန်၏။

ထို့ကြောင့်—

"အာရမ္မဏာဓိမတ္တာဒိဝသေန ဧကေကသ္မိံ အာရမ္မဏေ ဧဝ ပဝတ္တန္တိ"—

ဟု မိန့်ဆိုတော်မူ၏။

ဝိထိစိတ္တာနိ၊ ဝီထိစိတ်တို့သည်။ အာရမ္မဏာဓိမတ္တာဒိဝသေန၊ အာရုံ လွန်ကဲခြင်း စသည်၏အစွမ်းဖြင့်။ ဧကေကသ္မိံ၊ တခုတခုသော။ အာရမ္မဏေဝ၊ အာရုံ၌သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏။

အတ္တပြိုင်၍မဖြစ်သော်လည်း အလွန်တရာ မြန်သောကြောင့် အတူပြိုင်၍ ဖြစ်သည်ဟု စိတ်ဖြစ်မှုတို့ကို မှတ်ထင်ကြရသည်။

မေး။ ။အဘယ်စိတ်ကို မနော ဝိညာဏ်စိတ် ခေါ်ပါသနည်း။

ဖြေ။ ။စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာန ဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တို့မှကြွင်းသော ကုသိုလ်စိတ် အကုသိုလ် စိတ် အဗျာကတ စိတ်တို့ကို ခေါ်ပါသည်။

မေး။ ။ထိုဝိညာဏ်ခြောက်ပါးသည် အတူပြိုင်၍ ဖြစ်ပါသလား။

ဖြေ။ ။အတူပြိုင်၍မဖြစ်၊ တခြားစီ ဖြစ်ပါသည်။

ထို့ကြောင့်—

"ဝိညာဏ်ငါး၀၊ ကြွင်းသမျှကို၊ မနောဝိညာဏ်ဆို၏။ ထို
စိတ်ခြောက်ပါး၊ တခြားစီသာ၊ ဖြစ်ကြရသတည်း"—

ဟု ဆိုပါသည်။

မှတ်ချက်။ ။စိတ်တခုယုတ် ကိုးဆယ် ဆိုသော်လည်း အကုန်လုံး ရကြသည်မဟုတ်။ ပုဂ္ဂိုလ်အားလျော်စွာ ဆိုင်ရာအသီးသီး ရကြလေ၏။ ယခုလောကမှာ ဒွိဟိတ်ပုဂ္ဂိုလ်သာများ၏။ တိဟိတ်ပုဂ္ဂိုလ်ကားနည်း၏။

၁။ အကုသိုလ်စိတ်၊ အဟိတ်ဆယ့်ရှစ်၊ ဟသိပစ်၍၊ ရှစ်ခု ကုသိုလ်၊ ဝိပါက်ကိုထည့်၊ ပေါင်းရှိအပြား၊ လေးဆယ့်ငါးကို၊ မှတ်သားလို၊ တိဟိတ် ပုဂ္ဂိုလ်စိတ်။

၂။ ဝိပါက်ဉာဏ်မယှဉ်ယုတ်၊ နုတ်၍ပစ်က၊ လေးဆယ့်တစ်ကို၊ မှတ်သားလို၊ ဒွိဟိတ်ပုဂ္ဂိုလ်စိတ်။

၃။ တိဟိတ်ပုဂ္ဂိုလ်မှာ အကုသိုလ်စိတ် ၁၂။ ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်စိတ်-၁၇၊ မဟာ ကုသိုလ်စိတ်-၈။ မဟာ ဝိပါက်-၈။ ပေါင်း(၄၅)ပါး ရ၏။

၄။ ဒိဋ္ဌိပိတ်ပုဂ္ဂိုလ်မှာ ယင်း-၄၅ ပါးတွင် ဝိပါက်သမ္ပယုတ် ၄-ပါးကို နုတ်၍ပစ်။ ကျန်(၄၁)ပါး ရ၏။

နာမ်ကို ပြဆိုခန်း ပြီး၏။

မေး။ ။သတ္တဝါသန္တာန်မှာ နာမ်-ရုပ်-မှ တပါး တခြား သောတရားများ ရှိပါသေးသလား။

ဖြေ။ ။မရှိပါ၊ နာမ်ရုပ်နှစ်ပါးသာ ရှိပါသည်။

မေး။ ။အဘယ့်ကြောင့် ယောကျ်ား-မိန်းမ၊ အတ္တ-ဇီဝဟု ပြောဆို၍နေကြပါသနည်း။

ဖြေ။ ။လောက ဝေါဟာရ အားဖြင့်သာ ပြောဆို၍ နေကြပါသည်။ စင်စစ်ကား ယောကျ်ား-မိန်းမ၊ အတ္တ-ဇီဝ-ဟူ၍မရှိ၊ ငါ သူမဟုတ်သော ခတ်ရုပ်ကြီးထွေသာ ဖြစ်ပါသည်။

ထို့ကြောင့်–

"နာမ်ရုပ် တပါး၊ ယောကျ်ား-မိန်းမ၊ အတ္တ-ဇီဝ၊ ဘာမျှ မရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ ခတ်အတိုသာရှိချေ၏ဘကား"–

ဟု ဆိုပါသည်။

မေး။ ။သက္ကာယဒိဋ္ဌိသည် ဘယ်လိုစွဲလမ်းပါသနည်း။

ဖြေ။ ။သတ္တဝါ ဟူသော ရုပ်ခဲကြီးကို ငါ့ကိုယ်ပဲ၊ ငါ့လက်ပဲ၊ ငါ့ခြေပဲ စသည်ဖြင့် စွဲလမ်းပါသည်။ နာမ်၏အမှုကို ကိုယ်အမှုပြုလုပ်၍ ငါမြင်သည်၊ ငါကြားသည်၊ ငါသိသည်၊ ငါမှတ်သည်စသည်ဖြင့် စွဲလမ်းပါသည်။

မေး။ ။အဘယ့်ကြောင့် စွဲလမ်းပါသနည်း။

ဖြေ။ ။နာမ်ရုပ်၏ ဖြစ်ဟန်အမှန်ကို မသိသောကြောင့် စွဲလမ်းပါသည်။

ထို့ကြောင့်—

"နာမ် ရုပ် နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ-ငါထိုင်၊ ငါကိုင်-ငါသွား၊ ငါကြား-ငါကြည့်၊ ငါသိ ငါမြင်၊ ခတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်ထင်ကြသည်၊သက္ကာယဒိဋ္ဌိ စွဲလှမ်းမှုကြီးပါတကား"—

ဟု ဆိုပါသည်။

မေး။ ။သက္ကာယဒိဋ္ဌိ စွဲလမ်းသည့် သူများသည် အပါယ်သွား လွတ်ပါမည်လား။

ဖြေ။ ။အပါယ်ရောက်ခြင်းအကြောင်း၏ အရင်းမူလ ဖြစ်သော ကြောင့် အပါယ်သွား မလွတ်နိုင်ပါ။

မေး။ ။အပါယ်တံခါး ပိတ်အောင် ဘယ်တရားကို အားထုတ်ရ ပါမည်နည်း။

ဖြေ။ ။ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်သော သူများသည် လှံနုတ်မှု၊ မီးသတ်မှုကိုသာ ရေးကြီးသုတ်ပျာ ပြုရသကဲ့သို့ သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို အလျင်အမြန် ခွာဖျက်၍ ပစ်ပယ်ရပါသည်။

မေး။ ။အဘယ့်ကြောင့် အလျင်အမြန် ခွာဖျက် ရပါသနည်း။

ဖြေ။ ။ယနေ့သေမည်၊ နက်ဖြန် သေမည်ဟု မသိနိုင်သောကြောင့် အလျင်အမြန် ခွာဖျက်ရပါသည်။

ထို့ကြောင့်—

ဒိဋ္ဌိသက္ကာယ၊ မကွာသမျှ၊ လေးဝအပါယ်၊ ရောက်ဦးမယ်၊ နင်ဝယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ပဲ၊ အားထုတ်ရန် သဘောကို၊ သတ္တိယာ ဝိယ ဩမဋ္ဌောဟု ဟောကြားတော်မူခဲ့ပြီ တကား"—

ဟု ဆိုပါသည်။

**ထိုစကားအရ သာဓက ပါဠိကား—**

"သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ"
(သံယုတ်ပါဠိတော်)

သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက်သော လှံကြီးသည်။ ဩမဋ္ဌော ဝိယ၊ ရေမျှိုရင်ဝ စူးရှ၍ နေသော ယောကျ်ားကဲ့သို့ လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းတခုလုံး၌၊ ဍယှမာနောဝ၊ မီးတောက်လောင်၍ နေသော ယောကျ်ားကဲ့သို့ လည်းကောင်း။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ဖြုတ်ခြင်းငှာ။ ဘိက္ခု၊ သံသရာဘေး အပါယ်ဘေးကို မြော်တွေးမြင်သူ ရှင်လူရဟန်းသည်။ သတော၊ မမေ့မလျော့ မပေါ့သာပဲ မြဲသောသတိ ရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဝိပဿနာအလုပ်ကို နောက်မဆုတ်ပဲ အမြဲအားထုတ်ရာသတည်း။

**မေး။** ။သက္ကာယအစွဲပြုတ်အောင် အဘယ်လိုဖြုတ်ရပါသနည်း။

**ဖြေ။** ။နာမ်ရုပ်၏ အနိစ္စကို ဒိဋ္ဌမြင်လျှင် သက္ကာယအစွဲ ပြုတ်၍ သွားသောကြောင့် နာမ်ရုပ်၏ အနိစ္စကို ဒိဋ္ဌမြင်အောင် အားထုတ်ရပါသည်။

**မေး။** ။ဒိဋ္ဌမြင်အောင် အဘယ်ကဲ့သို့ အားထုတ်ရပါသနည်း။

**ဖြေ။** ။နာမ်ရုပ်နှစ်ခု နှစ်ဖို့ပြု၍ တခုခု၌ ကြံဖန်စေ့ငု စိုက်၍ကြည့် ရှုရပါသည်။

**မေး။** ။ဘယ်လိုကြံ၍ ကြည့်ရှုရပါသနည်း။

**ဖြေ။** ။ဉာဏ်ရှိသလိုကြံ၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်—

"နာမ်ရုပ်နှစ်ခု၊ နှစ်ဖို့ပြု၍၊ ရုပ်စုနာမ်စု၊ တခုခုကို၊ ကြံဖန်စေ့ငု၊ စိုက်၍ရှုမှ၊ ခေတ်ရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌိမသေ့၊ မြင်နိုင်ချေမည်တကား"—

ဟု ဆိုပါသည်။ ရှုကြည့်ပုံနိသျကို သိလိုသူတို့မှတ်ရန် ကြံဖန်ရန် သဲလွန်စကား—

ကိုယ်ဟူသော ရုပ်ခဲကြီးကား ခေတ်ကြီးလေးပါး၏ အရာသာဖြစ်၏။ ခေတ်ကြီးလေးပါးကား— မာခြင်း၊ ဖွဲ့စေးခြင်း၊ ပူခြင်း၊ အေးခြင်း၊ ထောက်ကန်ခြင်းသဘော အမူအရာမျှသာရှိ၏။ သို့ဖြစ်၍ ကိုယ်ဟူသော ရုပ်ခဲကြီးကား— အမာအခဲကြီးမဟုတ်၊ အမှန်ကိုထုတ်သော် ခေတ်ရုပ်ကြီးသာဖြစ်၏။ ထိုခေတ်ကြီးကား— မပြားမကွဲ တသားတည်း တည်၍နေသည်မဟုတ်။ သဲပုံ၏အလားကဲ့သို့ အာကာသခြား၍ ခြား၍ ဖြစ်ပျက်ကာ နေကြသော ရုပ်ကလာပ်ခေတ်ခဲ အစုတွေသာဖြစ်သည်ဟု ကြံဖန်ကာ ဉာဏ်နှင့်စိုက်၍ ကိုယ်ကိုရှုကြည့်လေ၊ အာကာသခြား၍ ခြား၍နေသော ရုပ်ကလာပ်တွေကို မြင်လိမ့်မည်။

ထိုရုပ်ကလာပ်တွေကား— ခေတ်လေးပါးအနက် ပထဝီထက်၍ နေသောကြောင့် ပထဝီခေတ်သဘောအတိုင်း မာ၍နေ၏။ မာ၍နေသော်လည်း အခဲမဟုတ်။ မာခြင်းသဘောအမူအရာတွေသာ ဖြစ်သည်ဟု ကြံဖန်ကာ ခန္ဓာကိုယ်မှာ ကြည့်လေ၊ ပထဝီခေတ်၏ သဘောတွေကို မြင်ရလိမ့်မည်။

ထိုပထဝီခေတ် သဘောတွေကား— အမြဲတည်၍ နေသည်မဟုတ်။ ခဏမစဲ ဖြစ်ပျက်၍နေသည်ဟု ကြံဖန်ကာ ခန္ဓာကိုယ်မှာကြည့်လေ။ မမြဲသည့်အခြင်းအရာ အနိစ္စတွေကို မြင်လိမ့်မည်။ မမြင် မြင်အောင် ကြံ၍ကြည့်လေ။ ဤကား ရုပ်၌ကြံဖန်၍ ရှုကြည့်ရန် သဲလွန်စတည်း။

မေး။ ။အဆင်းသဏ္ဌာန် ခုခံ၍နေခဲ့လျှင် ဘယ်လို ကြည့်ရှုရပါသနည်း။

ဖြေ။ ။ဉာဏ်နှင့်ရှင်း၍ ရှုကြည့်ရပါသည်။

မေး။ ။ဘယ်လိုဉာဏ်နှင့်ရှင်း၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ။ရှင်းတတ်သလိုရှင်း၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်—

"သဏ္ဌာန်အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား"—

ဟု ဆိုပါသည်။

ဉာဏ်နှင့်ရှင်းရန် သဲလွန်စပြပါအံ့။ ရုပ်ကလာပ်တွေ ပေါင်းစု၍နေသော ဓာတ်သဘောတွေကို သဏ္ဌာန်ကြီးဟု မှတ်ထင်ရ၏။ စင်စစ်ကား သဏ္ဌာန်မရှိ။ ဓာတ်သဘောအမှုအရာတွေသာ ဖြစ်သည်ဟု ကြံဖန်ကာ ဉာဏ်နှင့်ရှင်း၍ ရှုကြည့်လေ။

အဆင်းကား— ဓာတ်ကြီးလေးပါးကို စွဲ၍ဖြစ်သော ဝဏ္ဏရုပ်သာဖြစ်၏။ ညဉ့်အခါ မီးစကိုရမ်းလှည့်ရာ မီးစက်ကွင်းကြီး ထင်ရသကဲ့သို့ ရှေ့နောက်စဉ်ဆက် ဖြစ်ပျက်နေသည်ကို 'စက္ခုဝိညာဏ်ကားမမြင်၊ အဆင်းလုံးကြီးကိုသာ မြင်၍နေ၏။ စင်စစ်ကား— အဆင်းလုံးကြီး မဟုတ်။ ဖြစ်ပျက်၍နေသော ဝဏ္ဏရုပ်အစုတွေသာ ဖြစ်သည်ဟု ကြံဖန်ကာ ဉာဏ်နှင့် ရှင်း၍ ရှုကြည့်လေ။

ဤကား ဉာဏ်နှင့် ရှင်း၍ ရှုကြည့်ရန် သဲလွန်စတည်း။

ရုပ်ကို ရှုကြည့်ရန် ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

မေး။ ။အကြည်ခြောက်စုံ အာရုံစိုက်က ခြောက်ဝ ဝိညာဏ်ကို အနိစ္စထင်မြင်အောင် အဘယ်ကဲ့သို့ ရှုကြည့်ရပါသနည်း။

ဖြေ။ ။အကြည်ခြောက်စုံမှာ အာရုံဆိုက်၍ဖြစ်လာသော ဝိညာဏ်ကို မိအောင်ဖမ်း၍ ရှုကြည့်ရပါသည်။

မေး။ ။အဘယ်ကဲ့သို့မိအောင်ဖမ်း၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ။ဖမ်းတတ်သလိုဖမ်း၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်—

'အကြည်ခြောက်စုံ၊ အာရုံစိုက်က၊ ခြောက်ဝဝိညာဏ်၊ အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား"=

ဟု ဆိုပါသည်။

ဖမ်းရန်နိသျှ သဲလွန်စပြအံ့။ ။အဆင်းကို မြင်သည့်အခါ မျက်စိက မြင်သည်မဟုတ်။ စက္ခုဝိညာဏ်ကသာ မြင်၏။ ဤစက္ခုဝိညာဏ်ကား အမြဲတည်နေ၍ နေသည်မဟုတ်။ စက္ခု ရူပါရုံ နှစ်ပါးစုံစွဲ၍ ဖြစ်ပေါ်လာသော အနိစ္စတရားသာ ဖြစ်သည်ဟု စက္ခု အကြည်မှာ ဉာဏ်နှင့်စိုက်၍ဖမ်း။ မမိလျှင် မိအောင်ဖမ်း၍ ရှုကြည့်လေ။ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယ ဝိညာဏ်တို့ကို ထို့နည်းအတူ မိအောင်ဖမ်း၍ရှုလေ။ ကုသိုလ်စိတ် အကုသိုလ်စိတ် ဖြစ်ပေါ်လာသည့်အခါ ဤကုသိုလ်စိတ်ကား အမြဲတည်၍ နေသည်မဟုတ်။ ဤအကုသိုလ်စိတ်ကား အမြဲတည်၍ နေသည်မဟုတ်။ မနော ဓမ္မာရုံ နှစ်ပါးစုံကိုစွဲ၍ ဖြစ်ပေါ်လာသော အနိစ္စတရားသာ ဖြစ်သည်ဟု နှလုံးသွေးအစုံဟဒယ ဝတ္ထုမှာ ဉာဏ်နှင့်စိုက်၍ဖမ်း။ မမိလျှင် မိအောင်ဖမ်း၍ ရှုကြည့်လေ။

ဝိညာဏ် ခြောက်ပါးတို့ ဖြစ်ပုံကို နာမ်အခန်းမှာ ပြဆိုခဲ့သော ဥပမာ ဥပမေယျနှင့်တကွ ကြံဖန်၍ဖမ်း။ မမိလျှင်မိအောင်ဖမ်း၍ ရှုကြည့်လေ။ မိသည် မမိသည်ကို အဘယ်လို သိရပါသနည်းဟူမူ မိသည့်အခါ ဉာဏ်

ထဲမှာ ရှင်းလင်း၍ သွားလိမ့်မည်။ ငါမြင်သည် ငါကြားသည် စသော စွဲလမ်းမှုကြီးကွာရှင်း၍ သွားလိမ့်မည်။ ရှုကြည့်သည့်အခါ မကွာမရှင်း ခဲ့လျှင် မမိသေးလို့မှတ်၊ နေရာမကျသေးလို့မှတ်၊ မပြစ်သေးလို့မှတ်။ လွယ်သည်မထင်နှင့်၊ အခက်ကြီး။ မြင်သာမြင်၍ မမိနိုင်သော ရေကြည် ငါးနှင့်တူ၏။ ရုပ်နာမ်တို့၏ သဘာဝတို့ကိုသာ သိ၍ မြင်နိုင်ခဲ့သည်။ ရှုကြည့်သည့်အခါ မိအောင် ဖမ်းတတ်ခဲ့သည်။ မယုံလျှင် ရှုကြည့်၍ စမ်းလေ။ ကိုယ်တိုင်တွေ့လိမ့်မည်။

ဤကား ဝိညာဏ်ခြောက်ဝကို ဖမ်း၍ရှုရန် သဲလွန်စ ပြချက်တည်း။

မေး။ ။အနိစ္စကိုမြင်လျှင် အနတ္တကိုမြင်၍ သက္ကာယ ပြုတ်နိုင်ပါ မည်လား။

ဖြေ။ ။အနိစ္စကိုမြင်လျှင် အနတ္တကိုမြင်၍ သက္ကာယ ပြုတ်နိုင် ပါ သည်။

ထို့ကြောင့်=

နာမ်ရုပ်ဓမ္မ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါ ပင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ဓာတ်အမှုသာ၊ ဖြစ်ပါတကား၊ မြင်လုံး ထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စင်ရှားလေ၏ တကား"—

ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

"အနိစ္စသညီနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာန သမုဂ္ဃါတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ"

(နဝင်္ဂုတ္တရ ပါဠိတော်)

မေဿယ၊ ချစ်သားမေဿယ၊ အနိစ္စသညိနော၊ အနိစ္စဟုမှတ်ထင်သောသူ အား။ အနတ္တသညာ၊ အနတ္တဟု မှတ်ထင်မှုသည်။ သဏ္ဌာတိ၊ အလိုလိုတည် လာ၏။ အနတ္တသညီ၊ အနတ္တဟု မှတ်ထင်သောသူသည်။ အသ္မိမာန သမုဂ္ဃါတံ၊ ငါဟူသောမာန်မာန ကင်းပြတ်ခြင်းသို့။ ပါပုဏာတိ၊ ရောက် လေတော့၏။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌။ နိဗ္ဗာနံ၊ သဉပါဒိ သေသ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်လေတော့၏။

မေး။ ။သက္ကာယ ဒိဋ္ဌိ တဒင်္ဂ ပဟာန် ကွာပြုတ်၍ နေသောသူ ကို အဘယ်ပုဂ္ဂိုလ်ခေါ်ပါသနည်း။

ဖြေ။ ။စူဠသောတာပန်ပုဂ္ဂိုလ် ခေါ်ပါသည်။

မေး။ ။သက္ကာယဒိဋ္ဌိ သမုစ္ဆေဒပဟာန် ကွာပြုတ်ခဲ့လျှင် အဘယ် ကဲ့သို့ ဖြစ်သွားပါသနည်း။

ဖြေ။ ။အပါယ်တံခါးပိတ်၍ နိဗ္ဗာန်ဝင်ပုဂ္ဂိုလ်အစစ် အရိယာဖြစ်၍ သွားပါသည်။ ထို့ကြောင့်— "ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာ ပြန်မူက၊ စူဠသောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ အပါယ် လေးပါး၊ တံခါးပိတ်၍၊ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရချေ၏ တကား" ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

> "ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာ သနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသော တာပန္နောနာမ ဟောတိ" (ဝိသုဒ္ဓိမဂ်)

ဣမိနာ ပန ဉာဏေန၊ ဤဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့် စုံသော၊ ဝိပဿကော၊ ဝိပဿနာယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာ ရာ ရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်ရာ တည်ရာရှိသည်

ဖြစ်၍။ နိယတဂတိကော၊ အပါယ်မလား သုဂတိဘ၀ကိုသာ တဖြောင့် တည်းသွားသော ဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠ သောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

စူဠသောတာပန်ဆိုသည်ကား— သောတာပန်အငယ်၊ သောတာပန် လောင်း၊ သောတာပန်အကြီး ဖြစ်လုဖြစ်ခါနီးကို ဆိုလိုသည်။

ဝိပဿနာတရားကို မြင်လုံးထွားအောင် ပွားများ မှုသည်ကား— နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်းအမျိုးမျိုးတွင် လမ်းတိုလမ်းဖြောင့် ဖြစ်သတည်း။ သို့ပင် ဖြစ်သော်လည်း ဉာဏ်၏အလုပ်ဖြစ်သောကြောင့် လူတိုင်းနားမလည်ပြီ။ နားလည်သော်လည်း နိဗ္ဗိန္ဒအလုပ်ဖြစ်သော ကြောင့် လူတိုင်းမလုပ်နိုင်ပြီ။ သို့ဖြစ်၍ မျောက်အုံးသီးရသကဲ့သို့ခွဲ၍လည်း မစားတတ်၊ အရသာကိုလည်း မသိ၊ အကြံကလည်း မထိ၊ ဉာဏ်ကလည်း တုံးတိ၊ ဗာလာနံ အကန်းအတိဖြစ်ကြ၍ ဓမ္မနှင့်ဝေး၊ သံသရာဈေး ကြောင်းပေါက်၊ ရွှေမထောက် နောက်မမြော်၊ အဓော်တွေ တရှန်းရှန်း နှင့် တပြုံးပြုံးပျော်မြူး၍ မူးမေ့ကာ နေကြလေသတည်း။ အများပင် မူး ကြသော်လည်း ကိုယ်ကရော၍ မရူးလေနှင့် ဆိုလိုသည်။

ထို့ကြောင့်—

လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများမူးတိုင်း၊ နင်မ ရူးနှင့်၊ ထူးသည်အခါ၊ ဝိပဿနာကို၊ ခါခါပွားမှ၊ သွားမည့် သံသရာ၊ အစဉ်ပါမည်၊ နင်သာသတိထား"—

ဟု ဆိုပါသည်။

နာမ်ရုပ်ဓမ္မ သဘာ၀ကို ဒိဋ္ဌမြင်ရန် ကြံဖန်စေ့ငု စိုက်၍ရှုသော ဝိပဿနာအလုပ်ကား နိဗ္ဗာန်ရောက်ကြောင်းတရားတွင် မဂ်တံခါးအဖွင့် အကျင့်တွင်အချုပ်၊ အလုပ်တွင် အသာ၊ ပါရမီတွင် အပြတ်ဆုံး၊ ဤကဲ့သို့ နှလုံးထားထောင်မှု၍—

> "ပညဝါဟိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ အရိယ မဂ္ဂဒွါရံ ဝိဝရိတွာ အမတနိဗ္ဗာနံ ပဝိသိဿတိ။ သာဝကပါရမိမ္ပိ ပစ္စေက ဗောဓိမ္ပိ သမ္မာသမ္ဗောဓိမ္ပိ ပဋိဝိဇ္ဈိဿတိ။ အမတ မဟာနိဗ္ဗာန သမ္ပာပကေသု ဟိ ဓမ္မေသု ပညာဝ သေဋ္ဌာ၊ အဝသေသာ တဿ ဟောန္တိ"—

ဟု သုတ္တနိပါတ် အဋ္ဌကထာ၌ မိန့်တော်မူသတည်း။

ဟိ၊ ထင်စွာပြဦးအံ့။ ပညဝါ၊ ပညာရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ဝိပဿနံ၊ ဝိပဿနာတရားကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ အရိယမဂ္ဂဒွါရံ၊ အရိယမဂ်တည်းဟူသော တံခါးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်သို့။ ပဝိသိဿတိ၊ ဝင်ရလတ္တံ့။ သာဝကပါရမိမ္ပိ၊ သာဝကပါရမီဉာဏ်ကိုလည်းကောင်း။ ပစ္စေကဗောဓိမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း။ သမ္မာသမ္ဗောဓိမ္ပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းကောင်း။ ပဋိဝိဇ္ဈိဿတိ၊ ထိုးထွင်း၍ သိရလတ္တံ့။ ဟိသစ္စံ၊ မှန်၏။ အမတ မဟာနိဗ္ဗာနသမ္ပာပကေသု၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာဝ၊ ဝိပဿနာ ပညာပါရမီသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေတည်း။ အဝသေသာ၊ ကြွင်းသောပါရမီတို့သည်။ တဿ၊ ထိုဝိပဿနာ ပညာပါရမီ၏။ ပရိဝါရာ၊ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စာကြည့်၍သော်လည်းကောင်း၊ သူတပါးပြောဟော၍ သော်လည်းကောင်း သိသောဉာဏ်ကို သုတမယဉာဏ်ခေါ်သည်။ ကိုယ်တိုင်ကြံဖန်၍ သိသောဉာဏ်ကို စိန္တာမယဉာဏ်ခေါ်သည်။ ဝိပဿနာ ရှုကြည့်မှုတို့ကား စိန္တာမယဉာဏ် အချက်တို့သာ ဖြစ်သတည်း။ လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော စာအုပ်များမှ ဝိပဿနာ ရှုကြည့်ရန် ရေးသားသော အချို့သောတရားများသည် စိန္တာမယဉာဏ်ဖြင့် သိအပ်သော တရားတွေသာတည်း။ အချို့သော သူတို့က ပါဠိမပါသောကြောင့် ပေါ့ပျက်ပျက်ရှိသည်ဟု ဆိုကြ၏၊ ပါဠိတိုက်ရိုက်ရှိသော တရား

ကိုသိလျှင် စိန္တာမယဉာဏ်မဖြစ်၊ သုတမယဉာဏ်သာဖြစ်၏။ စိန္တာမယဉာဏ်မဖြစ်က ဝိပဿနာဉာဏ်အစစ်သို့ မဆိုက်။ ဝိပဿနာဉာဏ်အစစ်သို့ မဆိုက်က အမြိုက်နိဗ္ဗာန်နှင့်အဝေးကြီး၊ သက္ကာယဖိစီး၍ အချည်းနှီးအလကား တုစ္ဆနယ်သား မဖြစ်ရအောင် အားသစ်ရမည် ဆိုလိုသည်။ ကိုယ့်စိန္တာမယဉာဏ်နှင့်လည်း မသိ။ သုတပါးစိန္တာမယဉာဏ်နှင့် သိအပ်သော တရားစာကိုလည်း မကြည့်ချင်၊ စိတ်ကြီးဝင်၍ နေသောသူများသည် မဟာအမှားကြီးပေတည်း။

ပညာရှိသူ သတိမူရန်အချက်

ဤတွင် စကားတရပ် အပြီးသတ်သတည်း။

သဲဖြူချောင်းကိုအမှီပြု၍ သဲဖြူ၊ မုံရွာ လယ်တီဂိုဏ်း၏ အဆက်အနွယ်ဖြစ်၍ လယ်တီ။ တောကျောင်းဖြစ်၍ တောရ၊ ပေါင်းသော် သဲဖြူလယ်တီတောရကျောင်း။ သဲဖြူလယ်တီတောရ ကျောင်း၌ သီတင်းသုံးနေထိုင်သော ငါသည် စီရင်အပ်သော ဝိပဿနာ လက်စွဲကျမ်းကို ၁၂၇၀-ပြည့်၊ တော်သလင်းလဆုတ် ၅-ရက်နေ့တွင် စီရင်ပြုအပ် အပြီးသတ်သတည်း။

ထို့ကြောင့်— "သဲဖြူလယ်တီ၊ တောရမှီသည့်၊ မထေရ်ငါသည်၊ စီရင်အပ်သော၊ ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ် တော်သလင်း၊ လအတွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင်ရွှေ့လျှင်၊ ပြီးအောင်မြင်၏တကား"ဟု ဆိုသတည်း။

ဝိပဿနာလက်စွဲ ပြီးပြီ။

# အလှူရှင်များစာရင်း

| | | |
|---|---|---|
| ၁။ ဦးမျိုးမြင့်-ဒေါ်ညွန့်တင် | ရန်ကုန် | ၁၀၀၀ |
| ၂။ ဦးစိန်သောင်း-ဒေါ်အေးအေးမြင့် | ။ | ၅၀၀ |
| ၃။ ဒေါ်အေးကြည်၊ဒေါ်ထားခင်၊ ဦးညွန့်အောင်-ဒေါ်ကျင်ညွန့် | ။ | ၅၀၀ |
| ၄။ ဦးအောင်သိမ်း၊-ဒေါ်ညွန့်မေ | ။ | ၃၀၀ |
| ၅။ ဒေါ်သန်း-ဒေါ်အေးကျင် | ။ | ၃၀၀ |
| ၆။ ဒေါ်ဆေးသန်း | ။ | ၅၀၀ |
| ၇။ ဦးဖေညွန့်-ဒေါ်ခင်ခင် | ။ | ၃၀၀ |
| ၈။ ဦးညွန့်မောင်-ဒေါ်သန်းတင် | ။ | ၃၀၀ |
| ၉။ ဦးမောင်ခန့်-ဒေါ်လှဇင် | ။ | ၂၀၀ |
| ၁၀။ ဦးသန်းစိန် | ။ | ၃၀၀ |
| ၁၁။ ဦးချမ်းသာ-ဒေါ်တင်မေ | ။ | ၁၀၀ |
| ၁၂။ ဦးခင်မောင်ရီ | ။ | ၁၀၀ |
| ၁၃။ ဒေါက်တာရွှေဗန်း-ဒေါ်မြလေး | ။ | ၃၆ |
| ၁၄။ ဦးခင်လှိုင်-ဒေါ်နုနု | ။ | ၃၀ |
| ၁၅။ ဦးသန်းနွဲ့-ဒေါ်မြကြည်ါ | ။ | ၃၀ |
| ၁၆။ ဒေါ်လှသိန်း | ။ | ၃၀၀ |
| ၁၇။ ဦးမင်းလွင်-ဒေါ်အေးအေး | ။ | ၃၀ |
| ၁၈။ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်သန်း | ။ | ၅၀ |
| ၁၉။ ဦးဝင်းအောင်-ဒေါ်သီတာကျော် | ။ | ၅၀ |
| ၂၀။ ဒေါ်ခင်မြကြွယ်၊ဦးပြေသောင်း-ဒေါ်ခင်တိုးမြင့် | | ၃၀ |
| ၂၁။ ဒေါ်တင်လှ | ။ | ၃၀ |
| ၂၂။ ဦးကျော်မြထွန်း-ဒေါ်ချိုချိုမြင့် | ။ | ၃၀ |
| ၂၃။ ဦးမောင်မောင်-ဒေါ်ထားထားမြင့် | ။ | ၃၀ |
| ၂၄။ ကိုတင်ဝေလွင် | ။ | ၃၀ |

# အလှူရှင်များစာရင်း

| | | | |
|---|---|---|---|
| ၂၅။ | ဦးသန်းကျော်-ဒေါ်သောင်းတင် | ရန်ကုန် | ၃၀ |
| ၂၆။ | ဦးလှမြင့်-ဒေါ်ကြည်ကြည်ဝင်း | ။ | ၃၀ |
| ၂၇။ | ဦးစိန်ဖေ-ဒေါ်ကျင်စိန် | ။ | ၁၅၀ |
| ၂၈။ | ဒေါ်ခင်နု | ။ | ၃၀ |
| ၂၉။ | ဦးမောင်မောင်-ဒေါ်ခင်ဌေး | ဒလမြို့ | ၁၀၀ |
| ၃၀။ | ဦးမောင်မောင်-ဒေါ်တင် | ။ | ၁၀၀ |
| ၃၁။ | ဦးချစ်လှိုင်-ဒေါ်လှမြင့် | ။ | ၅၀ |
| ၃၂။ | ဦးဝင်းကြည်-ဒေါ်လှမြင့် | ။ | ၃၀ |
| ၃၃။ | ဦးကံညွန့်-ဒေါ်တင်စိန် | ။ | ၃၀ |
| ၃၄။ | ဦးထွန်းရီ၊ဦးစံမြင့်-ဒေါ်အေးမြင့် | ။ | ၃၀ |
| ၃၅။ | ဦးငြိမ်းမောင်-ဒေါ်သန့် | ။ | ၃၀ |
| ၃၆။ | ဒေါ်အုန်းမြ၊ဒေါ်ခင်နု၊ဒေါ်သန်းနု | ။ | ၃၀ |
| ၃၇။ | ဦးချစ်စိန် | ။ | ၃၀ |
| ၃၈။ | ဦးအေးမောင် | ။ | ၃၀ |
| ၃၉။ | ဦးညာဏ်ကြီး-ဒေါ်လှစိန် | ။ | ၃၀ |
| ၄၀။ | ဦးဘိုးစိန်-ဒေါ်စန်းစန်း | ။ | ၆၀ |
| ၄၁။ | ဦးအောင်မြင့်-ဦးသန်းရွှေ | ။ | ၃၀ |
| ၄၂။ | ဒေါ်နှင်းအိ၊ သမီးဒေါ်မြတင်၊ဒေါ်အုန်းကြည်-သား ဦးမောင်အေး၊ သမီး ဒေါ်တင်မြင့်- | ပျော်ဘွယ်ကြီးရွာ | ၁၀၀၀ |
| ၄၃။ | ဦးငွေပေါ-ဒေါ်ငွေဇင် | ။ | ၃၀၀ |
| ၄၄။ | ဒေါ်ခင်အေး | ။ | ၄၀၀ |
| ၄၅။ | ဒေါ်သန်းရီ | ။ | ၃၀၀ |
| ၄၆။ | ဒေါ်လှသန်း | ။ | ၁၀၀ |
| ၄၇။ | ဦးအေးမောင်-ဒေါ်ခင်ယု | ။ | ၁၀၀ |
| ၄၈။ | ဦးလှမောင်-တူမ မငြိမ်းသင် | ။ | ၁၀၀ |

## အလှူရှင်များစာရင်း

| | | |
|---|---|---|
| ၄၉။ ဦးဘတင် | ပျော်ဘွယ်ကြီးရွာ | ၃၀ |
| ၅၀။ ဒေါ်အေးတင် | ။ | ၃၀ |
| ၅၁။ ဦးသိန်းဦး-ဒေါ်ထွေးစိန် | ။ | ၃၀ |
| ၅၂။ ဦးတင်ဦး-ဒေါ်ခင်ပု | ။ | ၃၀ |
| ၅၃။ ဦးထွန်းရင်-ဒေါ်လှရင် | ။ | ၃၀ |
| ၅၄။ ဦးစာကြီး-ဒေါ်မြတင် | ။ | ၃၀ |
| ၅၅။ ဦးထွန်းရီ ဒေါ်တစ်တင် | ။ | ၃၀ |
| ၅၆။ ဒေါ်ညွန့်ခင် | ။ | ၃၀ |
| ၅၇။ ဒေါ်ကျင်ယုံ | ။ | ၃၀ |
| ၅၈။ ဦးဗိုလ်ဝ-ဒေါ်ဝိုင်း | ။ | ၃၀ |
| ၅၉။ ဦးကေလာသ | ။ | ၃၀ |
| ၆၀။ ဦးလှမောင်-ဒေါ်သန်းညွန့် | ။ | ၃၀ |
| ၆၁။ သခင်ဘသောင်း-ဒေါ်လှနု | ။ | ၃၀ |
| ၆၂။ ဒေါ်ခင်မိ | ။ | ၃၀ |
| ၆၃။ ဦးကျော်ရှိန်-ဒေါ်အေးမှိ | ။ | ၃၀ |
| ၆၄။ ဦးအောင်မြင့်-ဒေါ်ချိုချို | ရွှေလှေချောင်းရွာ | ၅၀ |
| ၆၅။ ဦးခင်အောင်—ဒေါ်စောတင် | ။ | ၇၀ |
| ၆၆။ ဦးမောင်ထွန်း-ဒေါ်ခင်စန်း | ။ | ၁၀၀ |
| ၆၇။ ဦးမောင်ဦး-ဒေါ်ဆင့် | ။ | ၃၀ |
| ၆၈။ ဦးစောလှင်-ဒေါ်တင်နု | ။ | ၃၀ |
| ၆၉။ ကိုမျိုးမြင့် | ။ | ၃၀ |
| ၇၀။ ဦးစံရှင်-ဒေါ်တင်မေ | ဝဲကြီးရွာ | ၃၀ |
| ၇၁။ ဒေါ်တင်မြ | ပြည်မြို့ | ၃၀ |
| ၇၂။ ဦးကောင်းပွ-ဒေါ်သန်းကြည် | ကွမ်းခြံကုန်းမြို့ | ၃၀ |
| ၇၃။ ဦးမောင်ညို-ဒေါ်ရင်ရွှေ | ။ | ၃၀ |

## အလှူရှင်များစာရင်း

| | | | |
|---|---|---|---|
| ၇၄။ | ဦးစိုးနိုင်-ဒေါ်စောညွန့် | သံလျင်မြို့ | ၃၀ |
| ၇၅။ | ဦးလှမောင်—ဒေါ်ကြည် | ။ | ၃၀ |
| ၇၆။ | ဦးစံထွန်းအောင်-ဒေါ်ခင်လှိုင် | ဖျော်ဘွယ်ကြီးရွာ | ၃၀ |
| ၇၇။ | ဦးတက်ပု | ဒလမြို့ | ၃၀ |
| ၇၈။ | ဦးတင်ဦး-ဒေါ်ခင်အေးသိမ်သားစု | မရမ်းကုန်း-ရန်ကုန် | ၅၀ |